
# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၃၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် ၊ ကြာသပတေး၊ (အောက်တိုဘာ ၂၀ ၊ ၂၀၁၀)


## ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်း မုန်တိုင်းအဖြစ် ကူးပြောင်းနိုင်



လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေစဉ်

အားမာန်၊ အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ - ၁၇

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အောက်တိုဘာ၁၇ရက်က လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး မကြာမီမုန်တိုင်းတစ်ခုဖြစ်လာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ၎င်း၏ဝက်ဘ်ဆိုက်တွင် ယနေ့ညနေပိုင်းက သတင်းထုတ်ပြန်သည်။

စာ(၁၂)သို့

## ၂၀၁၁ ခုနှစ်အတွက် အမေရိကန်နိုင်ငံတွင် အခြေချနေထိုင်ခွင့်ဗီဇာ မြန်မာ ၂၁၉ဦးရရှိ

အေးမြကျော်

ရန်ကုန်၊ အောက်တိုဘာ - ၁၆

အမေရိကန်နိုင်ငံတွင် အခြေချနေထိုင်ခွင့်ဗီဇာ (Diversity Visa-DV) ကို ၂၀၁၁ခုနှစ်အတွက် ကမ္ဘာတစ်ဝန်းမှ လူပေါင်းငါးသောင်းကို ပေးခဲ့ရာ မြန်မာနိုင်ငံမှ ၂၁၉ဦး နေထိုင်ခွင့်ရရှိခဲ့ကြောင်း ရန်ကုန် အခြေစိုက် အမေရိကန်သံရုံးမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

၂၀၁၃ ခုနှစ်အတွက် အခြေချနေထိုင်ခွင့်ဗီဇာ လျှောက်ထားခြင်းကိုလည်း ပြီးခဲ့သော အောက်တိုဘာ၄ရက်နေ့က စတင်ခဲ့ပြီး နိုဝင်ဘာ ၅ ရက်နေ့ နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။ လျှောက်ထားလိုသူများအနေဖြင့် www.dvlottery.state.gov တွင် ဝင်ရောက်ကာ အခမဲ့ လျှောက်ထားနိုင်ကြောင်း ၎င်းကပြောကြားသည်။

စာ(၂၉)သို့

မြဝတီချစ်ကြည်ရေးတံတား မကြာမီ ပြန်လည်ဖွင့်လှစ်မည်ဟု သတင်းထွက်ပေါ် 3



နိုင်ငံကူးလက်မှတ်ထုတ်ပေးသောရုံးရှေ့တွင် နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူများကို တွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အိန္ဒိယက မြန်မာသို့ ချေးငွေဒေါ်လာ သန်း၅၀၀ပေးမည်

အားမာန်

ရန်ကုန်၊ အောက်တိုဘာ - ၁၇

အိန္ဒိယအစိုးရက မြန်မာနိုင်ငံအတွက် သက်သာသောချေးငွေ အမေရိကန်ဒေါ်လာသန်း ၅၀၀ ပေးအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးခရီးစဉ်တွင် အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက ပြောကြားခဲ့သည်။

၂၀၁၀ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ ချေးငွေဒေါ်လာသန်း ၃၀၀ပေးအပ်ခဲ့သည်။ ထို့ကြောင့်ယခင်နှစ်က ပေးအပ်ခဲ့သောချေးငွေနှင့် ယခုပေးအပ်မည့် ချေးငွေနှစ်ခုပေါင်းပါက ဒေါ်လာသန်း ၈၀၀ရှိမည်ဖြစ်သည်။

စာ(၁၂)သို့

## ပြည်ပသို့ အမျိုးသမီးများ တရားဝင်အလုပ်လုပ်ခွင့် သက်ဆိုင်ရာသို့ တင်ပြမည်

အောင်သူရ


ရန်ကုန်၊ အောက်တိုဘာ - ၁၇

ပြည်ပနိုင်ငံများသို့ အမျိုးသမီးများ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်ခွင့်အား သက်ဆိုင်ရာသို့ပြန်လည်တင်ပြပေးရန် အစီအစဉ်ရှိကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ကပြောကြားသည်။

"ဥပမာ-တစ်နေရာမှာ သုံး၊ လေးယောက်လောက်လုပ်ရမယ့် အလုပ်မျိုးကိုတော့မလိုလားဘူး။ တစ်နေရာတည်းမှာ စုပြီးလုပ်ရမယ့်အလုပ်မျိုး၊ လျှပ်စစ်ပစ္စည်းစက်ရုံတို့လို အလုပ်သမားလေး၊ငါးရာလိုတယ်ဆိုရင် စဉ်းစားပေးပါတယ်" ဟု ဦးချစ်ရှိန်က သတင်းထောက်များအား ပြောကြားသည်။

စာ(၁၂)သို့

## တောင်သမန်အင်းဝန်းကျင်ရှိ ရေမြုပ်လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးရန် ဒေသခံတောင်သူများ လိုလား



ညီညီဇော်

မန္တလေး၊ အောက်တိုဘာ-၁၆

အမရပူရမြို့နယ် တောင်သမန် အင်းဝန်းကျင်ရှိ ရေမြုပ်နေသော လယ်ယာမြေများကို ပြန်လည်ဖော်ထုတ်ပေးစေလိုပါကြောင်း အမရပူရမြို့နယ်ရှိဒေသခံတောင်သူလယ်သမားများကပြောသည်။

စာ(၂၈)သို့





CNC
men's wear
Cotton N Cotton®
Environment Friendly
MORE AND MORE SMART
CNC MEN'S WEAR . . .
www.cncmenwear.com


Nino
NINO


K.M
The most popular Dress

7 DAY NEWS JOURNAL
Vol.10, No.31 · OCTOBER 20, 2011

# မြဝတီ – မဲဆောက် ချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်တော့မည်ဟု သတင်းထွက်ပေါ်

**အောင်သူရ၊ အားမာန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၇**

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျပြီး ယာယီပိတ်ထားသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော မြဝတီချစ်ကြည်ရေးတံတားကို မကြာမီပြန်လည်ဖွင့်လှစ်တော့မည်ဟု သတင်းများထွက်ပေါ်နေသည်။

မြန်မာနိုင်ငံဘက်မှ မြဝတီမြို့နှင့်ထိုင်းနိုင်ငံဘက်မှမဲဆောက်မြို့တို့ကို ဆက်သွယ်ပေးထားသောမြဝတီချစ်ကြည်ရေးတံတားကို ၂၀၁၀ပြည့်နှစ်ဇူလိုင်လ ၁၈ရက်မှစတင်၍ ယာယီပိတ်ထားခြင်းဖြစ်သည်။ တံတားပိတ်ထားခြင်းကြောင့်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှာလည်း ထိုအချိန်ကတည်းက ရပ်နားခဲ့သည်။

အဆိုပါတံတားကို မကြာမီရက်ပိုင်းအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။ ထို့အပြင်မြဝတီ-မဲဆောက်ချစ်ကြည်ရေးတံတားမှာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း မြဝတီမြို့တွင်သတင်းများထွက်ပေါ်နေပြီး တံတားပြန်ဖွင့်လျှင် ထိုင်းကုန်စည်များ ဈေးသက်သာမည်ဖြစ်သောကြောင့် ကုန်ပစ္စည်းဝယ်ယူမှုများကို ခေတ္တရပ်နားထား



**မဲဆောက်မြို့မှ မြင်တွေ့ရသော နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်**

ကြောင်း မြဝတီမြို့မှကုန်သည်တစ်ဦးက အောက်တိုဘာ ၁၇ရက်တွင်ပြောကြားသည်။

သမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ်အဖြစ် အောက်တိုဘာ ၅ ရက်၌ မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ထိုင်းဝန်ကြီးချုပ်မစ္စရင်လပ်ရှင်နာဝပ်၏ခရီးစဉ်တွင် အဆိုပါချစ်ကြည်ရေးတံတားကိုပြန်လည်ဖွင့်လှစ်ပေးရန် ထိုင်းဝန်ကြီးချုပ်က မေတ္တာရပ်ခံခဲ့သည်။ အဆိုပါချစ်ကြည်ရေးတံတားမှာ ၂၀၁၀ဇူလိုင် ၁၈ ရက်မှစတင်၍ မြန်မာနိုင်ငံဘက်မှပိတ်ထားခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားကို ၁၉၉၇ ခုနှစ်တွင် သောင်းရင်းမြစ်ကိုဖြတ်ကျော်၍ မြဝတီနှင့် မဲဆောက်မြို့ကို ဆက်သွယ်ဖောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်၏ မေတ္တာရပ်ခံမှုတွင် မြန်မာအစိုးရက အဆိုပါတံတားအောက်ခြေပြင်ဆင်မှုလုပ်ငန်းများကို ဦးစွာဆောင်ရွက်မည်ဖြစ်ပြီး ပြင်ဆင်မှုလုပ်ငန်းများပြီးသည်နှင့်တံတားကိုပြန်လည် ဖွင့်လှစ်မည်ဟုပြောကြားခဲ့ကြောင်း ထိုင်းနယူးစ်အေဂျင်စီနှင့် အေပီသတင်းဌာနတို့က သတင်းဖော်ပြသည်။

ထိုင်းဝန်ကြီးချုပ်၏ ခရီးစဉ်တွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများအပါအဝင် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်ဆွေးနွေးခဲ့သည်။ ထို့အပြင် ဒေါနတောင်ခြေ(သက်နှင်းညီနောင်)မှကော့ကရိတ်အထိလမ်းဖောက်လုပ်ရန် နှစ်နိုင်ငံ သဘောတူခဲ့သည်။ထိုင်းနိုင်ငံသည်မြန်မာနိုင်ငံ၏ ဒုတိယအများဆုံးကုန်သွယ်ဘက်နိုင်ငံဖြစ်သည်။

# ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုးကျ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၇**

ငွေလဲကောင်တာများဖွင့်လှစ်ပြီး နှစ်ပတ်ခန့်အကြာ အောက်တိုဘာ ၄ရက်မှစ၍ အမေရိကန်ဒေါ်လာ နှင့် အက်ဖ်အီးစီဈေးနှုန်းများ စတင်ကျဆင်းလာခဲ့ကြောင်းသတင်းရရှိသည်။

ကောင်တာ စဖွင့်သည့် အောက်တိုဘာ၁ရက်မှစ၍ အမေရိကန်တစ်ဒေါ်လာလျှင် ၈၃၀ကျပ်ဖြင့် ဝယ်ယူခဲ့သော်လည်း အောက်တိုဘာ ၄ရက်ညနေမှစ၍ ၈၂၀ကျပ်သို့ကျဆင်းခဲ့ပြီး၊ အောက်တိုဘာ ၁၇ရက်နံနက်တွင် ငွေလဲကောင်တာဝယ်ဈေးမှာ ၈၁၀ ကျပ်နှင့် ရောင်းဈေးမှာ ၈၁၄ကျပ်သို့ရောက်ရှိလာခဲ့သည်။

စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများ အလုပ်မကောင်းခြင်းနှင့် ပြင်ပငွေအရောင်းအဝယ်ဈေးကွက်တွင် ဒေါ်လာဈေးကျဆင်းလာခြင်းကြောင့် ယခုကဲ့သို့ဈေးကျလာခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများကသုံးသပ်သည်။

ပြင်ပငွေအရောင်းအဝယ်ဈေးကွက်တွင် ပို့ကုန်ရငွေ တစ်ယူနစ်လျှင် ၈၂၀ကျပ်နှင့် အမေရိကန်တစ်ဒေါ်လာလျှင် ၇၉၅ ကျပ် ဈေးသာရှိကြောင်း စုံစမ်းသိရှိရသည်။

တစ်ဒေါ်လာလျှင်ကျပ်၈၀၀ အောက်ရောက်ရှိသွားခဲ့သော အမေရိကန်ဒေါ်လာတန်ဖိုးမှာ ကားဟောင်းများ ဖျက်သိမ်း၍ ကားသစ်တင်သွင်းခွင့်ပြုသည့်အစီအစဉ်စသည့်ရက်မှစ၍ တစ်ဒေါ်လာလျှင် ကျပ် ၈၀၀အထက်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ငွေလဲကောင်တာများတွင်လည်း လာရောက်ရောင်းချသူများသဖြင့် အောက်တိုဘာ ၁၁ရက်မှ စ၍ အချက်သုံးချက်ထုတ်ပြန်ပြီး ထိုအချက်များနှင့်ပြည့်စုံသူများကိုသာ ဝယ်ယူခွင့်ပေးခဲ့ပြီး မှတ်ပုံတင်ရှိသူများကိုဒေါ်လာ ၅၀၀ မှ ၁,၀၀၀ ကြားသာဝယ်ခွင့်ပေးခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

CRIME CORNER

## ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုသူများထံမှ ပစ္စည်းခိုးသူကို ဖမ်းမိ

အိဖြူလွင်

ရန်ကုန်၊ အောက်တိုဘာ-၁၃

မန္တလေးမြို့ရှိ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုသူများထံမှ ရွှေထည်ပစ္စည်းများ ခိုးယူနေသူတစ်ဦးကို မန္တလေးရဲတပ်ဖွဲ့မှ စက်တင်ဘာလကဖမ်းဆီးမိခဲ့ပြီး ခိုးမှုလေးမှုကို သက်သေခံပစ္စည်းများနှင့်အတူ စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူသည် ယခင်က ခိုးမှုဖြင့် ပြစ်ဒဏ်အကြိမ်ကြိမ် ထောင်ကျဖူးသူဖြစ်ပြီး မန္တလေးမြို့ ဘုန်းကြီးကျောင်းများတွင် တည်းခိုသူများထံမှသာ ပစ္စည်းများခိုးယူခဲ့ခြင်းဖြစ်သည်။

မဟာအောင်မြေမြို့နယ်ရှိပင်လည်ဘူးဘုန်းကြီးကျောင်း၊ ချမ်းမြသာစည်မြို့နယ်မှ ခေမာရံသီဘုန်းကြီးကျောင်း၊ ဘုံကျော်ဘုန်းကြီးကျောင်းများတွင် တည်းခိုသူများထံမှ ပစ္စည်းများခိုးယူခဲ့ခြင်းဖြစ်ပြီး အမှတ်(၉)ရဲစခန်းနှင့် အမှတ်(၁၁)ရဲစခန်းတို့တွင် အမှုလေးမှုဖွင့်လှစ်ခဲ့ကာ ခိုးရာပါပစ္စည်းများအား ထုခွဲရောင်းချပေးသူကိုပါ ဖမ်းဆီးခဲ့သည်ဟုသိရသည်။

ခိုးမှုကျူးလွန်သူမှာ အသက် ၃၅နှစ်ရှိသူဖြစ်၍ ရန်ကုန်မြို့တွင်နေထိုင်သူဖြစ်ပြီး ပစ္စည်းရောင်းပေးသူမှာ အသက် ၄၈နှစ်ရှိကာ မန္တလေးမြို့တွင်နေထိုင်သူ အမျိုးသားဖြစ်ကြောင်းသိရ၍ ခိုးယူထားသော ရွှေထည်ပစ္စည်းများကို လိုက်လံသိမ်းဆည်းပြီး ၎င်းတို့ကို ထိရောက်သည့် ပြစ်ဒဏ်များရရှိရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## လီဒိုလမ်းမကြီး ပြန်ဖွင့်ရန် ဆွေးနွေး

အေးမြကျော်

ရန်ကုန်၊ အောက်တိုဘာ - ၁၅


ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သော သမိုင်းဝင် လီဒိုလမ်းမကြီးကို ပြန်လည်ဖွင့်လှစ်ရန် မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့များက အဆိုပြုပြောကြားခဲ့ကြောင်း အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီး မစ္စတာ ပဆန်ရှင်ဂါတိုဝါ၏ ပြောကြားချက်ကို ကိုးကား၍ အိန္ဒိယသတင်းဌာနများတွင် ရေးသားထားသည်။

မြန်မာနိုင်ငံမှ သမ္မတဦးသိန်းစိန်နှင့်အတူ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ဝန်ကြီးမစ္စ တာပဆန်ရှင်ဂါအိုဝါနှင့်တွေ့ဆုံစဉ်က ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းက တစ်နာရီကြာတွေ့ဆုံ ဆွေးနွေးမှုအပြီး သတင်းထောက်များကို ပြောကြားခဲ့သည်။


"အိန္ဒိယအစိုးရအနေနဲ့ ဒီကိစ္စ၊ လီဒိုလမ်းပြန်ဖွင့်မည့်ကိစ္စကိုတရားဝင်ပြောဆိုပြီးရင် လက်ခံစဉ်းစားသွားမှာပါ"ဟုအိန္ဒိယဝန်ကြီး ပဆန်ရှင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

လီဒိုလမ်းမကြီး ပြန်လည် ဖွင့်လှစ်ရန် ဆွေးနွေးသည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက "လီဒိုလမ်းမကြီးပြန်ဖွင့်လိုက်ခြင်းအားဖြင့် မြန်မာ၊ အိန္ဒိယ၊ တရုတ် သုံးနိုင်ငံစလုံးအကျိုးရှိသွားမယ့်ကိစ္စပါ။ မြန်မာနိုင်ငံအတွက်က တစ်ဆင့်ခံကုန်သွယ်ရေးအတွက် ဝင်ငွေအများကြီးရနိုင်ပါတယ်။ တော်တော်လေး အဆင်ပြေသွားမယ့် လက္ခဏာတွေရှိပါတယ်"ဟုသုံးသပ်ပြောကြားသည်။ လီဒိုလမ်းမကြီးသည် ဒုတိယကမ္ဘာစစ်အတွင်းက စတင်ဖောက်လုပ်ခဲ့ပြီး Stilwell Road ဟုလည်း အမည်တွင်သည့် အိန္ဒိယနိုင်ငံလီဒိုမြို့၌ စတင်ပြီး မြန်မာနိုင်ငံကိုဖြတ်သန်းကာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင်အဆုံးသတ်သည့် သမိုင်းဝင်လမ်းမကြီးဖြစ်သည်။

လီဒိုလမ်းမကြီးသည် မြန်မာနိုင်ငံအတွင်းတွင် ရှင်ဘွေယန်၊ မြစ်ကြီးနား၊ ဗန်းမော်နှင့် ကချင်ပြည်နယ်တို့ကို ဖြတ်သန်းသွားသည်။



ကမ္ဘာကျော်လီဒိုလမ်းမကြီးနှင့်လမ်းဖောက်လုပ်ခဲ့စဉ် မဟာမိတ်တပ်သားများကို တွေ့ရစဉ်



လီဒိုလမ်းမကြီးကို အမေရိကန်စစ်တပ်မှ ဗိုလ်ချုပ်ကြီးစတီးဝဲလ်က ၁၉၄၂တွင် ထပ်မံတာဝန်ယူကာ ဖောက်လုပ်ခဲ့ပြီး လီဒိုလမ်းမကြီး ပြီးဆုံးသည်အထိ အမေရိကန်စစ်သားဦးရေ ၁၅၀၀၀ နှင့်ဒေသခံလုပ်သားပေါင်း ၃၅၀၀၀ တို့၏ အားကိုသုံး၍ ဖောက်လုပ်ခဲ့ကာ ဖောက်လုပ်ခဲ့စဉ်ကာလအတွင်း အမေရိကန်စစ်သားပေါင်း ၁၁၀၀နှင့် ဒေသခံပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည့် လမ်းမကြီးဖြစ်သည်။ လီဒိုလမ်းမကြီးသည် မိုင်ပေါင်း ၁၀၇၉မိုင်ရှည်လျားသည်။

Ref; timeofassam

## သီတင်းကျွတ်လပြည့်ညဟာစ်ဟော့ပ်ရှိုးပွဲတွင် လူများတိုးဝှေ့သဖြင့် ပရိသတ်အချို့အနင်းခံရ

ဝေယံ

ရန်ကုန်၊ အောက်တိုဘာ ၁၄

သီတင်းကျွတ်လပြည့်နေ့က ယုဇနဂါးဒင်းဟိုတယ်တွင်ကျင်းပသည့် ရှိုးပွဲ၌ လူတိုးဝှေ့ဝင်ရောက်မှုကြောင့် အမျိုးသား၊ အမျိုးသမီး စုစုပေါင်းဆယ်ဦးခန့် လူနင်းကြိတ်မှုခံခဲ့ရသည်။

"တက်နင်းလို့ အသေ အပျောက်တော့မရှိဘူး။ ဆိုးဆိုးဝါးဝါး ထိခိုက်တာလည်းမရှိဘူး။ ကံကောင်းလို့ ရဲတပ်ဖွဲ့က လူတွေလည်းအနားရှိနေလို့တားနိုင်သွားတာ၊ ဒါမှမဟုတ်ရင် အောက်ကကောင်မလေးတွေ ကောင်လေးတွေ မလွယ်ဘူး" ဟု ရှိုးပွဲအပြီး ယုဇနဂါးဒင်းဟိုတယ်မှ လုံခြုံရေးတစ်ဦးကပြောသည်။

'သီတင်းကျွတ်ညပျော်ပွဲရွှင်ပွဲ'အမည်ဖြင့်ကျင်းပသောအဆိုပါ ရှိုးပွဲတွင် လူငယ်ပရိသတ်အကြိုက် နာမည်ကြီးအဆိုတော် အများအပြားပါဝင်သောကြောင့် ပရိသတ်များခဲ့သည်။ ပရိသတ်များမှာထောင်ချီရှိကြချိန်တွင် လက်မှတ်စစ်ဆေးသည့် ဂိတ်မှာ လက်မှတ်တုများပေါ်ထွက်နေခြင်းကြောင့် အချိန်ယူစစ်ဆေးခြင်းနှင့် လက်နက်ကိရိယာများ သယ်ဆောင်လာမှုရှိမရှိ စစ်ဆေးချိန် ကြန့်ကြာခြင်းတို့ကြောင့် ပရိသတ်များ တိုးဝှေ့ကာဝင်ရောက်သဖြင့်ယခုကဲ့သို့အနင်းခံရခြင်းဖြစ်ကြောင်း လူလဲပြိုမှုကြားမှ ပြေးထွက်လာသူတစ်ဦးက ပြောသည်။

"လက်မှတ်တုတွေ ပေါ်လို့ဆိုပြီး သေချာစစ်တယ်။ နောက်ကလူကိုမကြည့်ဘူး။ ရှိုးပွဲကစနေပြီ။ ဒီလောက်ပရိသတ်များနေတာ အထဲက ပရိသတ်နဲ့တင် အမြတ်ပေါ်နေလောက်ပြီ။ အဲလိုတိုးဝှေ့မဝင်ခင်က မနိုင်မှန်းသိရင် လွှတ်ပေးသင့်တာ"ဟု ရှိုးပွဲလာသူလူငယ်တစ်ဦးက ပြောသည်။



ပရိသတ်အချို့က တိုးဝှေ့သဖြင့် လဲကျနေသူများကို တွေ့ရစဉ် ဓာတ်ပုံ-ဝေယံ

ရန်ကုန်မြို့တွင်ကျင်းပခဲ့သော ရှိုးပွဲများတွင် နေ့ရက်ကောင်းပြီး နာမည်ကြီးအဆိုတော်များပါလျှင် လက်မှတ်အတုများထွက်ပေါ်လေ့ရှိသည်။ ထိုလက်မှတ်အတုများ၏အပေါ်၌ ပါဝင်သော ဆီးလ်တံဆိပ်များမှာ ယခင်ရှိုးပွဲလက်မှတ်များမှ ခွာယူထားသည့် ဆီးလ်တံဆိပ်များဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ လက်မှတ်အတုများ ပေါ်ပေါက်ခြင်းကြောင့် ရှိုးပွဲများတွင် ပရိသတ်နှင့် လက်မှတ်စစ်သူတို့ကြားမကြာခဏပြဿနာတက်လေ့ရှိသည်။



# အမျိုးသားနှစ်ဦး ဓာတ်လှေကားအတွင်း မိနစ်လေးဆယ်ခန့်ပိတ်မိ

**နေလင်းထွန်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊အောက်တိုဘာ - ၁၇**

ဈေးဝယ်စင်တာနှင့် ရုံးခန်းများဖွင့်လှစ်ထားသောဒဂုံမြို့နယ်ရှိ လပြည်ဝန်းပလာဇာ၌ အမျိုးသားနှစ်ဦး ယခုလ ၁၅ ရက်ကဓာတ်လှေကားအတွင်း မိနစ်လေးဆယ်ခန့် ပိတ်မိနေခဲ့ကြောင်း သတင်းရရှိသည်။

လွန်ခဲ့သည့် စက်တင်ဘာ ၆ ရက် ည ၇ နာရီ ၄၆ မိနစ်၌ ရုံးဝန်ထမ်း အမျိုးသမီးနှစ်ဦး မိနစ်သုံးဆယ်ခန့်ဓာတ်လှေကားအတွင်း ပိတ်မိနေမှုဖြစ်ပွားခဲ့ပြီး ယခုဒုတိယအကြိမ်မြောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဓာတ်လှေကားအတွင်း ပိတ်မိနေသော အမျိုးသားနှစ်ဦးသည် ပလာဇာ၏ ကိုးလွှာတွင်ရုံးဖွင့်လှစ်ထားသော အင်တာနက်ဂျာနယ်မှ သတင်းထောက်တစ်ဦးနှင့် ဒီဇိုင်နာတစ်ဦးဖြစ်ပြီး မီးသတ်ဝန်ထမ်းများ၏ ကယ်တင်မှုကြောင့် လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

"ဓာတ်လှေကား မရပ်ခင်တုန်သွားလို့ လှမ်းကြည့်လိုက်တော့ နှစ်လွှာဆိုတာ သိလိုက်တယ်။ မီးလည်း မှောင်သွားတယ်။ ပြန်လာမလားလို့ငါးမိနစ်လောက်စောင့်နေပေမယ့် ဘာမှမထူးလို့ တံခါးကိုထုရိုက်ပြီးအော်ရတယ်။ ပိတ်မိနေတဲ့အချိန်မှာဒေါသထွက်နေတယ်။ အဓိကကတော့ လုံခြုံရေးတွေကိုပေ့ါ။ အထဲမှာ အရမ်းပူတယ်။ ဒေါသထွက်တာက မီးပြတ်တဲ့အချိန် မီးစက်မနှိုးဘဲ နေတာကိုပါ" ဟု ဓာတ်လှေကားအတွင်း ပိတ်မိနေခဲ့သူ အမျိုးသားတစ်ဦးကပြောသည်။



ဓာတ်ပုံ - အောင်အောင်

ပလာဇာပထမထပ်ရှိ ဓာတ်လှေကားအတွင်း ည ၆နာရီ မိနစ် ၂၀ မှ ၇နာရီခန့်အထိ အချိန် ၄၀ မိနစ်ခန့် ပိတ်မိနေခဲ့ပြီးယင်းကဲ့သို့ အချိန်ကြာမြင့်ရခြင်းမှာ လျှပ်စစ်မီးပြတ်တောက်ချိန်၌အရေးပေါ် မီးစက်မှာလည်း ဒီဇယ်ဆီကုန်နေခဲ့ခြင်းကြောင့်ဖြစ်သည်။

အခင်းဖြစ်ပွားရာသို့မီးသတ်ဦးစီးဌာနမှ လာရောက်ကယ်တင်ရာတွင်ဓာတ်လှေကားတံခါးဖွင့်သည့် အရေးပေါ်သော့ဖြင့် တံခါးဖွင့်ရန်ကြိုးပမ်းသော်လည်း ယင်းသော့ကျိုးပဲ့နေခြင်းကြောင့်ဖွင့်မရဖြစ်ကာ ပထမထပ်ရှိ အမျိုးသမီးအကျီအရောင်းဆိုင်၏ နောက်ကျောဘေး အကာအရံ အထပ်သားများကိုခွာ၍ ထိုးဖောက်ဝင်ရောက်ကယ်တင်ခဲ့ရသည်။

အခင်းဖြစ်ပွားခဲ့သည့် ဓာတ်လှေကားသည် ပထမထပ်မှတတိယထပ်အထိ အဝင်အထွက်တံခါးနေရာတွင် ဆိုင်ခန်းဖွင့်လှစ်ထားခြင်းကြောင့် ဓာတ်လှေကားအတွင်းပိတ်မိနေချိန်၌ကယ်တင်ရန် အခက်အခဲ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။အထက်ပါကိစ္စနှင့်ပတ်သက်၍ လပြည့်ဝန်း ပလာဇာပိုင်ရှင်အား သွားရောက်မေးမြန်းရာ "အဲဒီနေ့က မီးက လာလိုက်ပြတ်လိုက်နဲ့ ငါးကြိမ်လောက်ရှိတယ်။ ပုံမှန်တော့ ဖြစ်လေ့မရှိပါဘူး။ လူသစ်တွေ မကျွမ်းကျင်တာလည်းပါတယ်။ မီးပြတ်သွားတာကြောင့်လည်းပါတယ်။ နောက်ကို ဒီလိုမဖြစ်အောင် ပြင်ဆင်သွားရမှာပေ့ါ"ဟု ဆိုသည်။

လပြည့်ဝန်းပလာဇာ ဓာတ်လှေကားအတွင်း အချိန်ကြာမြင့်စွာ လူပိတ်ဆို့မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့် ဘေးကင်းလုံခြုံစိတ်ချရမှုမရှိသဖြင့် အဆိုပါဓာတ်လှေကားအား သက်ဆိုင်ရာ ကုမ္ပဏီမှ ပြန်လည်ပြင်ဆင်ပေးမည်ဆိုသော်လည်း မီးသတ်ဦးစီးဌာန၏ စစ်ဆေးမှုခံယူပြီးမှသာ ပြန်လည် အသုံးပြုခွင့် ပေးသင့်ကြောင်း၊ အကယ်၍ မီးသတ်ဦးစီးဌာန၏ သဘောထားကို မရယူဘဲ မိမိဆန္ဒအလျောက်အသုံးပြုမည်ဆိုပါကမီးသတ်ဦးစီးဌာနအနေဖြင့် လုံးဝကန့်ကွက်ကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ယင်းဓာတ်လှေကားပိုင်ရှင်အားဘေးအန္တရာယ်လုံခြုံမှု အစီအမံပြုလုပ်ထားခြင်းမရှိသည့်အတွက် လိုအပ်သလိုအရေးယူပေးပါရန် ကျောက်တံတားမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒဂုံမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့တင်ပြထားကြောင်းလည်းသိရသည်။

# မြန်မာအလုပ်သမားများထိုင်းသို့ လေကြောင်းလိုင်းဖြင့်ပါ ပို့ဆောင်ပေးရန်သဘောတူ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၆**

မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံသို့လက်ရှိစေလွှတ်နေသော နယ်စပ်စခန်းနှစ်ခုအပြင် ရန်ကုန်မှတစ်ဆင့် လေကြောင်းလိုင်းဖြင့်ပါပို့ဆောင်ရန် ထိုင်းနှင့် မြန်မာနိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်က ပြောကြားသည်။

ထိုကဲ့သို့ စေလွှတ်နိုင်ရန်သက်ဆိုင်ရာနိုင်ငံရှိ အကောင်းဆုံးအေဂျင်စီများအားရွေးချယ်၍ အပြန်အလှန်အသိအမှတ်ပြုကာ နှစ်ဖက်ညှိနှိုင်းပြီး စေလွှတ်မည်ဖြစ်ကြောင်းသိရသည်။

"အကောင်းဆုံးအေဂျင်စီဆိုတာ နှစ်စဉ်နှစ်စဉ်လူအများဆုံးလွှတ်တဲ့ အေဂျင်စီ၊ သုံးနှစ်စာ လေးနှစ်စာပေါင်းရင်လည်း အများဆုံးဖြစ်ရမယ်။ ဝန်ကြီးဌာနက လိုင်စင်စည်းကမ်းချက်လိုက်နာတဲ့သူဖြစ်ရင် အကောင်းဆုံးအေဂျင်စီအဖြစ် အကြမ်းဖျင်းသတ်မှတ်မယ်"ဟု ဦးချစ်ရှိန်ကပြောကြားသည်။

ထိုကဲ့သို့စေလွှတ်မှုတွင် နိုင်ငံကူးလက်မှတ်၊ ယာယီနိုင်ငံကူးလက်မှတ်တို့ဖြင့် သွားရောက်နိုင်ပြီး Work Permit နှင့် Calling Visa ရရှိပါကလည်း သွားရောက်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ လေကြောင်းလိုင်းမှ စေလွှတ်ရာတွင် နယ်စပ်စခန်းများနည်းတူ အမျိုးသမီးများပါ သွားရောက်နိုင်ကြောင်းသိရသည်။ ထိုင်းအစိုးရထံ၌ မှတ်ပုံတင်ထားသော မြန်မာတစ်သန်းကျော်ရှိပြီး ၎င်းတို့ကို ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် မြန်မာ- ထိုင်းတာဝန်ရှိသူများ ဆွေးနွေးခဲ့သည်။




7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# စိုက်ပျိုးစရိတ်ချေးငွေ ကြားမှ ဖြတ်တောက်မှု နည်းပါးလာ

အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးရာတွင် အချို့သောကျေးရွာများ၌ သက်ဆိုင်ရာတာဝန်ရှိသူများက အသုံးစရိတ်အဖြစ်သိသိသာသာဖြတ်တောက်ခြင်းမပြုကြတော့ကြောင်း သတင်းရရှိသည်။

"အခု ထပ်ထုတ်ပေးတဲ့ နှစ်သောင်းမှာ အရင်လို သိသိသာသာကြီး မဖြတ်တော့ဘူး။ လမ်းစရိတ်တို့ စာရွက်စာတမ်းကြေး ကောက်တာလောက်ပဲရှိတော့တယ်"ဟု ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူတစ်ဦးကဆိုသည်။

ထို့အပြင် အချို့သောကျေးရွာများတွင် လုံးဝကောက်ခံခြင်းမရှိတော့ကြောင်းဒေသခံတောင်သူများထံမှသတင်းရရှိသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က တောင်သူလယ်သမားများအတွက် ထုတ်ပေးသော စိုက်ပျိုးစရိတ်ချေးငွေအပေါ် ကိုယ်ကျိုးရှာသူများအားထိရောက်စွာအရေးယူရန် ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထိ အဆင့်ဆင့်အကြောင်းကြားခဲ့သည်။

ထိုအကြောင်းကြားစာတွင် ထိရောက်စွာ အရေးယူရန်နှင့်ဖြတ်တောက်ထားသည့်ငွေအားလုံးတောင်သူလယ်သမားများထံသို့ ပြန်ပေးရန်၊ ပြန်မပေးပါက ထုတ်ပစ်ရန်သာမကတည်ဆဲဥပဒေအရ အရေးယူရန်အကြောင်းကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သော အစိုးရအဖွဲ့ တက်လာပြီးနောက် ယခုနှစ် မိုးစပါးအတွက် ယခင်က တစ်ဧကလျှင် ကျပ်နှစ်သောင်းချေးခဲ့ရာမှ ကျပ်လေးသောင်းထိ တိုးမြှင့်ချေးပေးခဲ့သည်။

# ဦးသန့်ကိုဂုဏ်ပြု၍ ရုပ်တု၊ စာကြည့်တိုက်နှင့် ပြခန်းတည်ဆောက်မည်

သိန်းအေး

**ပန်းတနော်၊ အောက်တိုဘာ-၁၁**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့သား ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း၊ ပန်းတနော်အမျိုးသား ကျောင်းအုပ်ဆရာကြီး၊ ဝဏ္ဏကျော်ထင်၊ သီရိပျံချီ၊စည်သူ၊မဟာစည်သူဒေါက်တာဦးသန့်အားဂုဏ်ပြု၍ ပန်းတနော်မြို့၊ မြို့သစ်ရပ်ကွက် ပုသိမ်ရန်ကုန်ကားလမ်းမကြီးနှင့် ဘုရင့်နောင်လမ်းထောင့်တွင် ပေ ၄၀×၁၂၀ပေရှိ မြေကွက်၌ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးသန့်ပုံတူရုပ်တု၊ စာကြည့်တိုက်နှင့် ပြခန်းတည်ဆောက်ထားရှိမည်ဖြစ်သည်။



ပန်းတနော်မြို့တွင် ဦးသန့်အားဂုဏ်ပြု၍ စာကြည့်တိုက်နှင့်ပုံတူရုပ်တုတည်ဆောက်မည့်မြေနေရာ

အဆိုပါ အစီအစဉ်တွင် ပန်းတနော်မြို့မြတောင်စာသင်တိုက် ဒုတိယနာယကဆရာတော် အရှင်ကုမာရ(စာရေးဆရာ-မြထိပ်တင်-ပန်းတနော်)နှင့် ပန်းတနော်အသင်း(ရန်ကုန်)မှ အမှုဆောင်လူကြီးများ၊ ဆရာကြီးဦးသန့်အား ကြည်ညိုလေးစားကြသော ဒေသခံများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းအောင်မြင်ရေးအတွက် ပါဝင်လှူဒါန်းလိုသူများသည် အရှင်ကုမာရ-မြတောင်စာသင်တိုက်၊ ဖုန်း- ၀၄၆-၃၀၃၄၇၊ ၀၉-၄၉၇၂၀၃၁၆၊ ဦးကြူပွင့်(နာယက) ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၀၁၅၆၊ ဦးသိန်းအောင် (ဥက္ကဋ္ဌ) ရန်ကုန် -၀၁-၃၇၈၇၄၅၊ ဦးဝင်းမောင် (အ တွင်းရေးမှူး)ရန်ကုန်-၀၁-၅၄၄၂၀၀၊ ဦးစိုးသိန်း၊ ပန်းတနော် မြို့-၀၄၆-၃၀၂၂၅၊ ဦးတင်စိုး၊ ပန်းတနော်မြို့ ၀၉၈၅-၄၃၁၈၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

# ပန်းလှိုင်မြစ်၏ ခြောက်ဆယ်ရာခိုင်နှုန်း တိမ်ကောပျက်စီးလာ

အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ-၁၀**


ပန်းလှိုင်မြစ်၏ ၆၀ ရာခိုင်နှုန်းသည် မြစ်တိမ်ကောလာပြီး၊ စီးဆင်းသော ရေမိုင် ၃၅ မိုင်မှ ယခုအခါ ၁၀မိုင်သာ ကျန်ရှိတော့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

စာ(၁၂)သို့




ပန်းလှိုင်မြစ်ကို Google Earth မှ မြင်တွေ့ရစဉ်



7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထောင်တွင်းစာကြည့်တိုက် တည်ထောင်ခဲ့သည့် ဇာဂနာ

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၁၄**

မြစ်ကြီးနားထောင်တွင် အကျဉ်းကျခံနေရစဉ်အတွင်း ထောင်တွင်း၌ ကိုယ်ပိုင်စာကြည့်တိုက်လေး တစ်ခုကို တည်ထောင်ခဲ့သည်ဟု ဟာသ သရုပ်ဆောင် ဇာဂနာကပြောသည်။

"ကျွန်တော်က အပတ်တိုင်း ဂျာနယ်တွေဝယ်တယ်။ ထောင်ထဲမှာ ဂျာနယ် ၁၃စောင်ဖတ်ခွင့်ရတယ်။ ကျွန်တော့်ညီမက ထောင်နီးနားက 'ဝင်း' စာပေကို ငွေပို့ပေးတယ်။ အဲဒီကနေတစ်ဆင့် ကျွန်တော်လိုချင်တဲ့စာအုပ်တွေမှာတယ်။ နောက် အန်တီ (ဒေါ်အောင်ဆန်းစုကြည်)ကလည်း သူလွတ်ကတည်းက ကျွန်တော့်ဆီ စာအုပ်တွေကို ပါဆယ်နဲ့ပို့ပို့ပေးတယ်။ ကျွန်တော်နေရတဲ့အဆောင်က အခန်းတစ်ခန်းမှာ စာကြည့်တိုက်လေးလုပ်ပေးတယ်။ ထူးဆန်းတာတစ်ခုက ယုံကြည်ချက်ကြောင့် အကျဉ်းသားဆိုသူတွေ တော်တော်များများက စာမဖတ်ဘူးဗျ။ တခြားအမှုနဲ့ကျတဲ့သူတွေကမှ ဖတ်သေးတယ်။ ကျွန်တော်က ကျွန်တော့်စာကြည့်တိုက်မှာ ယုံကြည်ချက်ကြောင့် ထောင်ကျတဲ့သူတွေကို စာမဖတ်မနေရလုပ်ထားလိုက်တယ်။ ဖတ်လားမဖတ်လားလည်း ကျွန်တော်က သိပ်စစ်တတ်တာ။ ကျွန်တော်တို့ကိုတစ်ပတ်နှစ်ခါအမဲသားပေးတယ်။ စာမဖတ်ထားရင် မဖတ်တဲ့သူကို အမဲသားဟင်းတစ်တုံးဖြတ်တယ်။

စာ(၁၂)သို့



ဓာတ်ပုံ - အောင်သူရ

## ရေလုပ်ငန်းနယ်ပယ်အတွက် အီးယူက ဒေါ်လာ တစ်သန်းကျော် အကူအညီပေးရန် ကမ်းလှမ်း

**သန်းဌေး**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အသင်း (အီးယူ)က မြန်မာနိုင်ငံ၏ ရေလုပ်ငန်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံငါးလုပ် ငန်းအဖွဲ့ချုပ်အတွက် ကန်ဒေါ်လာ တစ်သန်းသုံးသိန်းသုံးသောင်းကျော်နှင့်ညီမျှသော အကူအညီပေးရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ (၂)ဦးနှင်း ဦးကပြောသည်။

"လူ၊ ငွေ၊ နည်းပညာတွေပါမှာ၊ လက်ဖြန့်ရုံပါပဲ"ဟု ၎င်းက ပြောသည်။ အထက်ပါ အီးယူ၏ မြန်မာနိုင်ငံပေါ် အကူအညီပေးမှုတွင် ရက်တီလားပီးယားငါးမျိုးစိတ်၊ ရေချိုပုစွန်ထုတ်ကြီး ကဏန်းပျော့မွေးမြူထုတ်လုပ်နည်းပညာ၊ ပုစွန်၊ ရေမှော်နှင့် တီလားပီးယား ရောနှောမွေးမြူနည်းပညာ၊ ခရုခွံထုတ်လုပ်မှုနည်းပညာနှင့် စိုက်ပျိုး ရေးနှင့် မွေးမြူရေးပူးပေါင်းလုပ်ဆောင်နည်းစသည့် လုပ်ငန်းနယ်ပယ်စုံအတွက် အကူအညီပေးရန်ဖြစ်သည်။

## ကမ္ဘာ့အဆင့်မီ သီးနှံမျိုးသစ်များ တီထွင်ထုတ်လုပ်နိုင်သူကို ဆုငွေကျပ်သိန်း ၁၀၀ ချီးမြှင့်မည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ-၁၆**

ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရပညာရှင်များကဏ္ဍမှ အဓိကသီးနှံဆယ်မျိုးကို ကမ္ဘာ့အဆင့်မီ မျိုးသစ်များ တီထွင်ကာ မူပိုင်အဆင့်အဖြစ် ထုတ်လုပ်နိုင်ပြီဆိုပါက ဝန်ကြီးဌာနမှ စစ်ဆေးပြီး သီးနှံတစ်မျိုးအတွက် ကျပ်သိန်း၁၀၀ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့ကျင်းပသော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် ပြောကြားသည်။

တီထွင်မှုများအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍမှ ပညာရှင်များ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိပြီး ပထမအဆင့်အနေဖြင့် ဝန်ကြီးဌာနက အသိအမှတ်ပြုပြီးနောက် နိုင်ငံတော်အဆင့် အသိအမှတ်ပြု ဂုဏ်ပြုနိုင်ရန်အတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအစီအစဉ်ကို တစ်နိုင်ငံလုံး ပျံ့ပျံ့နှံ့နှံ့ သိရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

"မိမိတို့နိုင်ငံတော်ရဲ့ အဓိကသီးနှံများမှာ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်နေပါတယ်။ ဒါကြောင့် စပါး၊ ကြံ၊ ဝါ၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ သီးနှံများအတွက် မျိုးသစ်များ သုတေသနပြုထုတ်လုပ်ကြဖို့တိုက်တွန်းလိုပါတယ်"ဟုပြည်ထောင်စုဝန်ကြီးကပြောကြားသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၉ရက်မှ ၂၅ရက်ထိ

# မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာနိုင်ပြီး ပိုမိုအားကောင်းလာဖွယ်ရာရှိပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်မှာတိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင် လေဟာ တစ်နာရီ ၃၀ မိုင်မှ ၃၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ(၇)ရက်မှ အောက်တိုဘာလ(၁၃)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ရွာသွန်းခဲ့သော မိုးရေချိန်များမှာ မိုးရေချိန် ၀.၂လက်မအောက်လျော့သော ဒေသများမှာ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မိုးရေချိန်၀.၂လက်မမှ၀.၈လက်မအထိ ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းမြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မိုးရေချိန် ၀.၈လက်မမှ ၂လက်မအထိ ရခိုင်ပြည်နယ်တောင်ပိုင်း၊ မကွေးတိုင်းတောင်ပိုင်း၊ မန္တလေးတိုင်းတောင်ပိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းမြောက်ပိုင်း မိုးရေချိန် ၂လက်မမှ၄လက်မအထိ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ ရန်ကုန်တိုင်းအရှေ့တောင်ပိုင်း၊ မွန်ပြည်နယ်အလယ်ပိုင်း၊ တနင်္သာရီတိုင်းတောင်ပိုင်း စတဲ့ဒေသများမှာ မိုးများရွာသွန်းခဲ့ပါတယ်။

လာမယ့် ခန့်မှန်းကာလရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံဖက်ဆီကိုအရှေ့ဖက်ကရွေ့လျားလာတဲ့Banyanမုန်တိုင်း အကြွင်းအကျန်တိမ်တိုက်များ အောက်တိုဘာလ(၁၈-၂၀)အတွင်းဖြတ်သန်းသွားဖွယ်ရာရှိတဲ့အတွက်စောင့်ကြည့်ဖို့ရှိနေပါတယ်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းမှာလေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာဖွယ်ရာရှိနေတဲ့အတွက် စောင့်ကြည့်ဖို့ ရှိနေပါတယ်။

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း ချင်းပြည်နယ်မြောက်ပိုင်း၊စစ်ကိုင်းတိုင်းအထက်ပိုင်းနဲ့ကချင်ပြည်နယ်တွေမှာ သာယာပါ့မယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်းအလယ်ပိုင်း၊ မွန်ပြည်နယ်တောင်ပိုင်း၊တနင်္သာရီတိုင်းမြောက်ပိုင်းတို့မှာ(၅)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ (၃)ရက်မှ(၄)ရက်ခန့်၊ ကျန်ဒေသများမှာ(၁)ရက်မှ(၂)ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေနဲ့ကတော့ တစ်ပြည်လုံးမှာနေ့အပူချိန်များ ဖြစ်မြဲရဲ့အထက်ကို ကျော်လွန် နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံ တစ်ဝှမ်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်မြင့်တက်နေဆဲဖြစ်တဲ့အတွက် အချို့သောမြစ်များဟာ စိုးရိမ်ရေအမှတ်များဝန်းကျင်မှာပဲ ဆက်လက် ရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံတဝှမ်းရှိမြစ်ကြီးများတို့တွင်ရေများဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။ မိုးဆက်တိုက်(၂)ရက်မှ(၃)ရက်ခန့် မိုးဆက်တိုက်ရွာသွန်းပါက စစ်တောင်း၊ သံလွင်၊ ငဝန်နဲ့ ပဲခူးမြစ်တို့မှာစိုးရိမ်ရေအမှတ်များဆီကိုပြန်လည် ရောက်ရှိလာဖွယ်ရာ ရှိပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနဲ့ တောင်တရုတ်ပင်လယ်ပြင်တွင် Banyan အပူပိုင်းမုန်တိုင်းငယ် ခန့်မှန်းကာလအတွင်း ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီမုန်တိုင်းမြန်မာနိုင်ငံဘက်ဆီကို ရောက်ရှိလာနိုင်မှုကို ဆက်လက်စောင့်ကြည့်ဖို့လိုပါတယ်။

**ဒေါက်တာထွန်းလွင်**

# ရန်ကုန်တွင် မြစ်ချောင်းများမှ သဲထုတ်ယူခွင့် တားမြစ်ထားဆဲ

အိဖြူမွန်

**ယခုလဆန်းပိုင်းမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြစ်ချောင်းများတွင် သဲထုတ်ယူမှုများကို စိစစ်တားမြစ်ပြီးနောက်ပိုင်းတွင် ဈေးကွက်၌ သဲတစ်ကျင်းလျှင် မူလကျပ် ၅၀၀၀ မှ ထက်ဝက်ကျော် ၁၂၀၀၀ ကျပ်ကျော်အထိ ဈေးတက်ခဲ့သည်။ သဲထုတ်ယူခွင့် တားမြစ်ထားသော နေရာများတွင် သဲထုတ်ယူမှုပြန်လည်ခွင့်ပြု မပြုတို့နှင့်ပတ်သက်၍ လိုအပ်သော အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူတစ်ဦးနှင့် မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**လက်ရှိ သဲထုတ်ယူခွင့် တားမြစ်ထားလို့ သဲဈေးနှုန်းတွေ တက်လာတယ်လို့ ဈေးကွက်မှာသိရတယ်။ ရန်ကုန်မှာကလည်း ဆောက်လုပ်ရေးလုပ်ငန်းတွေက များတော့ပြန်ချပေးဖို့ အစီအစဉ်ရှိပါသလား။**

သက်ဆိုင်ရာက စိစစ်ဆေးအရေးယူနေတယ်။ အခုလောလောဆယ်ဆယ်တော့ ပိတ်ထားတယ်။ ဒါပေမဲ့ လုံးဝပိတ်ထားမှာတော့ မဟုတ်ဘူး။ ခွင့်ပြုမိန့်ရရင်ပြန်ချပေးတယ်။ ခွင့်ပြုမိန့်ရအောင် အဆင့်ဆင့် ပြန်လျှောက်ရမယ်။ မြစ်ထဲက ဘာပဲထုတ်ထုတ် ရေအရင်းအမြစ်ကို တင်ရတယ်။ ဥပဒေရှိပြီးသား ဒီနှစ်က မိုးလည်း အရမ်းများတော့ကမ်းစား၊ ကမ်းပါးပြိုတာလည်း များတယ်။ အဲဒါတွေကြောင့် နောက်ပိုင်းဆိုရင် စိစစ်ပြီး ခွင့်ပြုတော့မယ်။ လူတွေ ထင်တာက ရွှေပြည်သာ အထက်ဘက်ပိုင်းပဲ ပေးတယ်ဆိုပြီး နားလည်မှုလွဲနေတာ။ အပေါ်ပဲပေးတယ်ဆိုတဲ့ အသိမှားနေလို့ အပေါ်မှာ အခုလိုက်စစ်နေရတယ်။ ရွှေပြည်သာအထက်ဘက်ပိုင်းမှာ တရားဝင်ခွင့်ပြုချက်တောင်းပြီး တူးနေသူ သုံးဦးပဲရှိတယ်။ အခုဖမ်းမယ်ဆိုတာတွေက ခွင့်ပြုချက် မတောင်းထားဘူး။ ဒီလိုပဲ နားလည်မှုနဲ့လုပ်နေကြတာ။

**ခွင့်ပြုချက်ရရင် ပြန်ချပေးမယ်ဆိုတော့ လာလျှောက်ချင်တဲ့ လုပ်ငန်းရှင်က ဘယ်လိုလျှောက်ရမလဲ။**

ခွင့်ပြုမယ်ဆိုတာကလည်း ပေးသင့်သလောက်ပဲပေးမှာ။ လုံးဝမပေးဘူးဆိုရင်လည်းမြစ်အတွက် မကောင်းဘူးလေ။ ပေးသင့်သလောက်ပေးမှ သောင်ဖြစ်ထွန်းတာလျော့မှာပေါ့။ လာလျှောက်မယ့်သူက ကိုယ်ထုတ်ယူမယ့်မြေပုံကြမ်းကို ဖော်ပြရမယ်။ အဲဒီနေရာကို ရေအရင်းအမြစ်က ပညာရှင်တွေက ကွင်းဆင်းလေ့လာကြမယ်။ ဒီနေရာက ကမ်းပြို၊ ကမ်းစား ရှိ၊ မရှိ၊ သင်္ဘောကြီးတွေ သွားဖို့ လမ်းကြောင်းပိတ်ဆို့မှု ရှိ၊ မရှိ စစ်ဆေးမယ်။ မြစ်ထဲမှာ ကျတာသဲ ဘယ်လောက်ရှိလဲ၊ ဘယ်လောက်ထုတ်မှာလဲ။ ပြန်ထုတ်မယ့် ပမာဏက သဲနုန်းပို့ချတဲ့ ပမာဏထက်များနေရင် မြစ်ကြောင်းက ခွက်ပြီးပျက်နိုင်တယ်လေ။ အဲဒါမျိုးတွေ မဖြစ်ရအောင် လေ့လာပြီး ဘယ်လောက်ကိုတော့ ခွင့်ပြုနိုင်တယ်။ ဘယ်လောက်ကိုတော့ကန့်သတ်မယ်။ အဲဒါတွေကို မှတ်ချက်ပေးပြီး ပို့ဆောင်ရေးဝန်ကြီးဌာနကို တင်မယ်။ ခွင့်ပြုရင် လုပ်ငန်းရှင်အားလုံးကို ဒီစည်းကမ်းချက်အတိုင်း ထုတ်ပါမယ်ဆိုတဲ့ ဝန်ခံချက်ထိုးရမယ်။ အဲဒီဝန်ခံချက်နဲ့ တိုးမြစ် သဲကျောက်ထုတ်လုပ်ရေးကော်မတီကိုတင်မယ်။ သတ္တုအခွန်လျှောက်ရမယ်။ ခွင့်ပြုတယ်ဆိုရင် ထုတ်လုပ်ရပြီးပေါ့။ ခွင့်ပြုခဲ့မယ်ဆိုရင်တောင် တစ်နှစ်ပဲ။ တစ်နှစ်ပြီးရင် ထပ်စိစစ်မှာ တစ်နှစ်အတွင်း တရားဝင်စနစ်တကျထုတ်လား။ အခွန်ပုံမှန်ဆောင်ရင်တောင် ဝန်ခံချက်ထဲက တိုင်းမထုတ်ရင် သက်တမ်းထပ်တိုးပေးခွင့် မပြုဘူး။

**ခွင့်ပြုချက်ရအောင် အချိန်ဘယ်လောက်စောင့်ရမလဲ။**

အစမို့လို့ တစ်လလောက်တော့ ကြာနိုင်တယ်။ ရေအရင်းမြစ်ရုံးကတော့ တင်ထားတာနဲ့ စိစစ်ဆေးမှာပါ။ ဝန်ကြီးဌာနရှိတဲ့ နေပြည်တော်ကိုတော့ လုပ်ငန်းရှင်ကိုယ်သွားရမှာပေါ့။ နောက်ပိုင်းသက်တမ်းတိုးတဲ့သူဆိုရင် လွယ်သွားမှာပါ။ စလျှောက်တော့ စိစစ်တဲ့သူကလည်း ပိုစိစစ်ရမယ်ဆိုရင် ကြာနိုင်ပါတယ်။ လျှောက်တဲ့သူပေါ်မှာလည်း မူတည်ပါတယ်။ အဓိကက နေရာပေါ်မူတည်တာပေါ့။

**မြစ်ကြောင်း မထိခိုက်ဘူးဆိုရင် ပြန်ခွင့်ပြုပေးမယ်ဆိုတော့ ဘယ်လိုပုံစံမျိုးနဲ့ ချပေးမှာလဲ။**

မြစ်ကြောင်းတစ်လျှောက်ကိုတော့ တစ်ဦးတည်းမချပေးဘူး။ လူခုနစ်ဦးတည်းကပဲ နေရာပေါင်းစုံချပေးရင် အရေးယူရခက်တယ်။ အပိုင်းလိုက်ချပေးမယ်။ ဥပမာ- ဘယ်မြို့နယ်ကတော့ ဘယ်သူပေါ့။ ဒါမှလည်း မောင်ဘယ်သူ တူးတဲ့နေရာက အလွန်အကျွံဖြစ်လို့ ဘယ်လို့အရေးယူမယ်ဆိုတာ လုပ်လို့ရမှာပေါ့။ လုပ်ကွက်တစ်ကွက်ကို တစ်ဦးပဲ ချပေးမယ်။

**အခုဘယ်နေရာတွေကိုပိတ်ထားတာလဲ။**

ရွှေပြည်သာမှာ ခွင့်ပြုထားတဲ့ သုံးနေရာကလွဲရင် ပိတ်ထားတယ်။ လာလျှောက်တဲ့သူတွေ ရှိပေမယ့် မချပေးသေးဘူး။ ပိတ်တာကတော့လှိုင်မြစ်ရော၊ ရန်ကုန်မှာရှိတဲ့ ပဲခူးမြစ်ရော၊ ပုဇွန်တောင်ချောင်းရော၊ ပန်းလှိုင်မြစ်ရောပါတယ်။ ဒီလို့ကန့်သတ်ပြီး စနစ်တကျချပေးမှာပဲ မြစ်ကြောင်းတွေ မထိခိုက်မှာ။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# ဆုကြေးများက ဘောလုံးသမားအချို့ကို ပျက်စီးစေခဲ့

**ဒေါက်တာစိုင်းဆမ်ထွန်း**

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊**
**အောက်တိုဘာ-၁**




ချီးမြှင့်ခဲ့သည့် ဆုကြေးများက အကျိုးမပြုခဲ့ဘဲ ပျက်စီးခြင်းကို ဖြစ်စေခဲ့ကြောင်း ယခုနှစ်မြန်မာနေရှင်နယ်လိဂ် ဘောလုံးရာသီတွင် လက်ရှိ ချန်ပီယံအဆင့်မှ အမှတ်ပေးဇယားအောက်နားရောက်ရှိခဲ့သည့် ရတနာပုံအသင်း ပိုင်ရှင်ဒေါက်တာစိုင်းဆမ်ထွန်းက ဝေဖန်ပြောကြားခဲ့သည်။

၂၀၀၉၊ ၂၀၁၀ ခုနှစ်များတွင် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေး ချန်ပီယံဆုများအား ဆက်တိုက်ရရှိခဲ့သည့် ရတနာပုံအသင်းသည် ယခုနှစ်ပြိုင်ပွဲအပြီးတွင်မူအဆင့်၉နေရာထိရောက်ရှိခဲ့ပြီး ရလဒ်များဆိုးရွားခဲ့သည်။

“ရတနာပုံအသင်း အောင်မြင်မှုတွေ ဆက်တိုက်ရရှိခဲ့တုန်းက ဆရာတို့ပေးလိုက်တဲ့ ဆုတွေဟာ ဘောလုံးသမား၊ နည်းပြတွေအတွက် အကျိုးမပြုခဲ့ဘူး။ ဆရာမျှော်မှန်းသလို သူတို့ဘဝအဆင်ပြေပါစေဆိုတာ မဖြစ်ဘဲနဲ့ တချို့ဆို မြန်မြန်ပျက်စီးသွားတာတွေ့ရတယ်” ဟု အောက်တိုဘာ ၂ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ဒေါက်တာစိုင်းဆမ်ထွန်းက ပွင့်ပွင့်လင်းလင်း ပြောကြားသည်။

ထို့အပြင် အသင်းတွင် နည်းပြဆရာနှင့်နိုင်ငံခြားကစားသမား၊ နိုင်ငံခြားကစားသမားနှင့် ပြည်တွင်းကစားသမား၊ စီနီယာပြည်တွင်းကစားသမားနှင့် ပြည်တွင်းလူငယ်ကစားသမားစိတ်ဝမ်းကွဲမှုများဖြစ်ပေါ်ခဲ့သည်။ ထို့နောက် စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သောကြောင့် ဆိုးရွားစွာ ဆုံးရှုံးခြင်းဖြစ်ကြောင်းနှင့် အခြားအသင်းများ လေ့လာစရာအဖြစ် မျှဝေပေးခြင်း ဖြစ်ကြောင်း၎င်းကဆက်လက်ပြောသည်။ ရတနာပုံအသင်း ရလဒ်များဆိုးရွားခဲ့ခြင်းအတွက် ပရိသတ်များကို တောင်းပန်ပါကြောင်း၊ တာဝန်အရှိဆုံး ပုဂ္ဂိုလ်မှာ မိမိသာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အသင်းအပေါ်တွင် အာရုံစူးစိုက်မှု၊ အချိန်ပေးမှု အစစအရာရာ လျှော့ချလိုက်၍ ဖြစ်ပါကြောင်း ဒေါက်တာစိုင်းဆမ်ထွန်းကပြောသည်။

၂၀၁၀ အာရှဘောလုံးအဖွဲ့ချုပ် ဉက္ကဋ္ဌ ဖလားချန်ပီယံ ရတနာပုံအသင်းသည် တရုတ်(တိုင်ပေ)တွင် ကျင်းပခဲ့သည့် ယခုနှစ်အဆိုပါပြိုင်ပွဲတွင်မူ ရလဒ်များ ဆိုးရွားခဲ့သည့်အတွက် နည်းပြဖြစ်သူ ရိုဟန်အား ထုတ်ပယ်ခဲ့ပြီး ဘရာဇီးနည်းပြဆရာအား ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Life
7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြို့ပတ်ရထားပေါ်က အတွေးတစ်စ

သစ်ထူးဆက်

**တကူး** တကန့်ဖယ်ထားသော ငွေအကြွေတစ်ဆယ်ကို အိတ်ကပ်အတွင်းမှထုတ်၍ သဃ်န်းကျွန်း လက်မှတ်တစ်စောင် သူဝယ်လိုက်သည်။ သူစီးရမည့် ရထားက ရန်ကုန်ဘူတာကြီးမှ ညနေလေးနာရီဆယ့်ငါးမိနစ်တွင် တိုးကြောင်လေးဘက်သို့ထွက်ခွာမည့်ရထားဖြစ်သည်။ နေရာလွတ်တစ်ခုတွင် သူဝင်ထိုင်လိုက်ပြီး မကြာမီပင် ရထားက စထွက်သည်။

နေ့စဉ်ရထားနှင့် သွားနေကျသူ့အတွက် မျက်မှန်းတန်းမိနေသော ခရီးသည်များ၊ တွဲပေါ်သို့ တစ်ယောက်ပြီးတစ်ယောက်တက်လာကာ အော်ဟစ်ရောင်းချကြသည့်ဈေးသည်များ၊ ရထားပြတင်းမှ မြင်တွေ့ရသော မြင်ကွင်းများသည် အထူးအဆန်းမဟုတ်တော့။ သူဆင်းရမည့် သင်္ကန်းကျွန်းဘူတာရောက်တော့ ဆင်းသူနှင့် တက်သူ စုပြုံတိုးဝှေ့နေသည့်ကြားပခုံးပေါ်မှ ကျောပိုးအိတ်က တစ်ဖက်၊ ထမင်းဘူး ထည့်ထားသော ကြွပ်ကြွပ်အိတ်ကို ဆွဲရင်း ရထားပေါ်မှ ဆင်းခဲ့သည်။ သူ၏ ကျောပိုးအိတ်ထဲတွင် ထီးတစ်လက်၊ Thermo Flask ဓာတ်ဘူးလေးတစ်လုံး၊ လက်နှိပ်ဓာတ်မီးတစ်လက်၊ စာကြည့်မျက်မှန်တစ်လက်၊ ပုတီးတစ်ကုံးနှင့် ရေဒီယိုတစ်လုံးစသဖြင့် တိုလီမုတ်စပစ္စည်းလေးများပါသည်။ သဃ်န်းကျွန်းဘူတာဘေး ရပ်ကွက်လေးမှတစ်ဆင့် သူ၏အလုပ်ခွင်ရှိရာ တောင်ဥက္ကလာသို့နာရီဝက်နီးပါး သူ လမ်းလျှောက်ရဦးမည်။ တဖြည်းဖြည်း လျှောက်လာရင်း တောင်ဥက္ကလာနယ်နိမိတ်ထဲသို့ ရောက်မှန်းမသိ ရောက်လာသည်။ တစ်နေရာအရောက်မှာတော့ သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်သည်။ ဆောက်လက်စကန်ထရိုက်တိုက်ကြီးတစ်လုံးက သူ့အားငုံ့ကြည့်ကာ ခရီးဦးကြိုပြုလေသည်။ သူသည် ထိုဆောက်လက်စကန်ထရိုက်တိုက်ကြီး၏ ညစောင့်(ဝါ)လုံခြုံရေးတစ်ဦးဖြစ်လေသည်။

သူ၏ အမည်ကား ကိုတိုးမောင်။ အသက်ကငါးဆယ်နီးပါးရှိလာသည့်တိုင် လျှာထိုးဦးထုပ်ကိုဆောင်း၍ ကျောပိုးအိတ်ကိုလွယ်ကာ ခပ်သွက်သွက်သွားလေ့ရှိသည့် သူ၏ပုံစံက လူငယ်တစ်ယောက်နှင့်မခြား။ မြို့ထဲရှိ ဝန်ထမ်းအိမ်ရာတစ်ခုမှ တောင်ဥက္ကလာသို့ ကိုတိုးမောင်အလုပ်လာဆင်းခြင်း ဖြစ်သည်။ ညီမများနှင့်အတူ ကိုတိုးမောင်နေထိုင်သည်။ ညီမများက သူ့အိမ်ထောင်နှင့် သူ ပူပင်စရာမရှိသည့် အခြေအနေမျိုးမို့ကိုတိုးမောင်ပါးစပ်တစ်ပေါက်အတွက် ဘာမှ အပန်းမကြီးလှ။ ယောက်ဖများကလည်း ကိုတိုးမောင်နှင့် ပုလဲနံပသင့်၍ တစ်စုံတစ်ရာ ပြဿနာမရှိ။ တစ်လ ကိုငွေကျပ်လေးသောင်းသာ ရရှိသည့် ကိုတိုးမောင်ထံမှ နေ့စဉ်အိမ်စရိတ်မယူကြချေ။ တူ၊တူမများရှိသည့်အနက်မှ တူတစ်ယောက်၏ ကျူရှင်စရိတ်အတွက် လစဉ်ငွေကျပ်တစ်သောင်းထောက်ပံ့သည်မှလွဲ၍ ကိုတိုးမောင်၌ဘာတာဝန်မှ မရှိချေ။ တစ်ချိန်က အိမ်ထောင်ရှိခဲ့ဖူးသော်လည်း လက်ရှိတွင် ကိုတိုးမောင်တစ်ယောက်တည်း။ ဒါကြောင့်လည်းတစ်ကိုယ်ရေတကာယသမားကိုတိုးမောင်ကို ညီမများက ကျွေးမွေးထားခြင်း ဖြစ်၏။ ကိုတိုးမောင်ရောက်တော့ ဆိုက်တာဝန်ခံက ပြန်လေသည်။ ပန်းရန်နှင့်လက်သမားအုပ်စုများ အသီးသီး ပြန်သွားပြီးနောက်ကို ကိုတိုးမောင်တစ်ယောက်တည်း ဆိုက်ထဲမှာ ကျန်ရစ်ခဲ့လေသည်။

စာ(၁၁)သို့

---

ဈေးဝယ်ထွက်မယ်

## ဟင်းသီးဟင်းရွက်ကအစ ကားအထိ ပစ္စည်းစုံလက်လီလက်ကား ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**

ဒီတစ်ပတ်မှာ မဖြစ်မနေ အပြင်ထွက်ဈေးဝယ်ရမယ့် သူတွေအနေနဲ့ အပန်းလည်းပြေ၊ စိတ်လည်း


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ဆန်းသစ်စေမယ့်နေရာသစ်တစ်နေရာကိုလမ်းညွှန်ပေးချင်ပါတယ်။

ဈေးဝယ်ထွက်ဖို့ ရည်ရွယ်ချက်မရှိဘဲ အပျော်သက်သက် လျှောက်လည်ချင်သူတွေအတွက်ရော၊ မိသားစု၊ ချစ်သူ၊ သူငယ်ချင်းတွေနဲ့ စားသောက်ဖို့ ဆိုင်သစ်ကို သွားချင်သူတွေရော အားလုံးအဆင်ပြေစေမယ့်နေရာလို့ ပြောနိုင်ပါတယ်။

ဂန္ဓမာလမ်းနဲ့ ဝေဇယန္တာလမ်းထောင့်မှာရှိတဲ့ ကျယ်ဝန်းလှတဲ့ဝင်းကြီးထဲမှာ ဟင်းသီးဟင်းရွက်တွေကစပြီး ပြည်တွင်းထုတ်ကားတွေထိ ရနိုင်တဲ့ လက်လီ၊ လက်ကားရောင်းချပေးတဲ့ လက်ကားဈေးကြီးမှာ ဈေးဝယ်ထွက်ကြည့်ဖို့ပါ။ ဈေးဝယ်တာအပြင် ကော်ဖီနဲ့မုန့်ဆိုင်တွေ၊ ထမင်းဆိုင်၊ ဖျော်ယမကာစုံရနိုင်တဲ့စားသောက်ဆိုင်တွေ အစုံရှိတဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။

လက်ကားဈေးမှာဆိုရင် ဤပစ္စည်းအားလုံးကို လက်လီဈေး၊ လက်ကားဈေးနှုန်းနဲ့ခွဲခြားရောင်းပေးတာဖြစ်ပြီး လက်လီဝယ်ချင်သူတွေအတွက်လည်း ဈေးနှုန်းသက်သာသလို လက်ကားဝယ်ချင်သူတွေလည်းတစ်နေရာတည်းမှာ ရွေးချယ်စရာ ပစ္စည်းအစုံ ရှိပါတယ်။

လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည်နဲ့ မီးဖိုချောင်သုံးပစ္စည်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေ စုံစုံလင်လင်ရှိတာကြောင့် စိတ်ကြိုက်ရွေးပြီး ဝယ်နိုင်မှာပါ။

စင်တာကို လာရောက်သူတွေ အဆင်ပြေစေဖို့ ပန်းဆိုးတန်းက ရှုဘီမတ်တို့၊ ဒဂုံစင်တာတို့၊ ယုဇနပလာဇာတို့စတဲ့ နေရာတွေမှာ အခမဲ့ပို့ဆောင်ပေးတဲ့ ဘတ်စ်ကားတွေလည်း စီစဉ်ပေးထားပါသေးတယ်။

ပစ္စည်းအမျိုးအစားစုံကိုတစ်နေရာတည်းမှာ ရွေးဝယ်လို့လည်းရ စားသောက်ဆိုင်အစုံအလင်ရှိတဲ့ နေရာကတော့ Gandamr Wholesale ပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။


---



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဇီ

### ငါး ငါးပေါင်းကြော်



အရင်တစ်ပတ်ကလိုပဲ သည်တစ်ပတ်မှာလည်း အပျော်စာအကြော်လေးပဲ စီစဉ်ထားပါတယ်။ စားနေကျအကြော်ပုံစံမျိုးစုံတွေထဲကမှ ငါးကြင်းဖြူနဲ့ ကြက်သွန်နီတွဲဖက်ပြီးကြော်တဲ့ ငါး ငါးပေါင်းကြော်နည်းလေးကို ပြောပြပါရစေ။

ငါး ငါးပေါင်းကြော်အတွက် ငါးကြင်းဖြူအသားလွှာ ၁၀ ကျပ်သား၊ ချင်းနဲ့စပါးလင်၊ ကြက်သွန်နီ၊ ရွှေလိပ်ပြာအကြော်မှုန့်တို့ပဲ လိုပါတယ်။

ငါးကြင်းဖြူဝယ်တဲ့အခါ ဗိုက်သားအသားကိုပဲ လွှာပြီးဝယ်ပါ။ ဝယ်ပြီးသားအသားလွှာကို အိမ်ရောက်မှ ပါးပါးလေးတွေလှီးပြီး ဆား၊ နနွင်းနယ်ထားပေးပါ။ ချင်း၊ ကြက်သွန်ဖြူနဲ့ စပါးလင် ညက်နေအောင် ထောင်းထားတာကိုလည်း ငါးထဲကို ထည့်နယ်ပြီးနှပ်ထားပါ။ ရွှေလိပ်ပြာအကြော်မှုန့်ကို မုန့်နှစ်ဖြစ်အောင် ရေနဲ့ နယ်ပြီးထားပါမယ်။ ကြက်သွန်နီကိုလည်း ပါးပါးလှီးထားပါ။

စာ(၁၁)သို့

7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# မူလတန်းကျောင်းများတွင် နွားနို့အခမဲ့တိုက်ရန် ဖောင်ဒေးရှင်းတည်ထောင်ရေးစီစဉ်နေ


သန်းဌေး

ရန်ကုန်၊ အောက်တိုဘာ-၁၁

အခြေခံပညာမူလတန်းကျောင်းများတွင် နွားနို့အခမဲ့တိုက်ကျွေးရေးအစီအစဉ်အတွက် ဖောင်ဒေးရှင်းတည်ထောင်နိုင်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရှေ့ပြေးစမ်းသပ်ချက်အနေနဲ့ ၂နှစ်ကို စေတနာရှင်လုပ်ငန်းရှင်တွေနဲ့စပြီး ဖောင်ဒေးရှင်းလုပ်သွားမယ်" ဟု ၎င်းက ပြောသည်။ အဆိုပါ ဖောင်ဒေးရှင်းတည်ထောင်ရန် ပထမ ၂နှစ် ရှေ့ပြေးစမ်းသပ်ချက်တွင်ပါဝင်သော အလှူရှင်များ၊ အလှူငွေထည့်ဝင်မည့်လုပ်ငန်းရှင်များဖြင့် ရန်ကုန်နှင့်နေပြည်တော်ရှိ မူလတန်းကျောင်းများတွင် စတင်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် ကလေးတစ်ဦးလျှင် နွားနို့တစ်ခွက်(၂၀၀စီစီ)ပုံမှန် တိုက်ကျွေးရန် ကလေး ၂၀၀၀ကျော်ကို စတင်လှူဒါန်းကျွေးမွေးလျက်ရှိသည်။

"ကျွန်တော့်အနေနဲ့ ရန်ကုန်လှည်းကူးက ကလေး၁၀၀အတွက် ၂ နှစ်စာကူညီလှူဒါန်းဖို့ စာရင်းပေးပြီးပြီ"ဟု ဖောင်ဒေးရှင်းထူထောင်ရာတွင် ပါဝင်မည့် နွားနို့အလှူရှင်တစ်ဦးကပြောသည်။ အထက်ပါ ရှေ့ပြေးစမ်းသပ်ချက်အောင်မြင်ပြီး ဖောင်ဒေးရှင်းပေါ်ပေါက်ရေးအတွက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အကြံဉာဏ်များလည်း ရယူလျက်ရှိကြောင်း ၎င်းတို့ကပြောကြားသည်။












# ဒေါက်တာထွန်းလွင် ဟောပြောပွဲကျင်းပမည်

သန်းဌေး

ရန်ကုန်၊ အောက်တိုဘာ - ၁၁

ဒေါက်တာထွန်းလွင်(မိုး/ဇလ)(ငြိမ်း)က ‘၂၀၁၁ ခုနှစ် မိုးလွန်ရက်ကျန်ကာလအတွက် မိုးလေဝသအခြေအနေနှင့် ၂၀၁၂ ခုနှစ်အတွက်အလားအလာ’ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် အောက်တိုဘာ ၂၂ရက် (စနေနေ့)မွန်းလွဲ ၂နာရီ၌ဟောပြောမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“မိုးနှောင်းကာလ မုန်တိုင်းအခြေအနေအကြောင်းလည်း ထည့်ပြောပေးမယ်”ဟုဂင်းကပြောသည်။

အဆိုပါဟောပြောပွဲအား အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိမြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊သီရိအဏ္ဏဝါခန်းမတွင်ကျင်းပမည်ဖြစ်သောကြောင့် မည်သူမဆို အခမဲ့တက်ရောက်နားထောင်ကာ မေးမြန်းနိုင်ကြောင်း သတင်းရရှိ သည်။

## တရားအားထုတ်ဖို့ အသင့်တော်ဆုံးဘဝ ● ● ●

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

တရားကျင့်နိုင်တဲ့အခွင့်အရေး၊တရားရနိုင်တဲ့ အခွင့်အရေးဆိုတာ အဘက်ဘက်က အခြေအနေတွေပေးမှဖြစ်တာပါ။ ကိုယ့်ဘဝသက်တမ်းမှာတောင် ကောင်းတဲ့အလုပ်၊ တရားအလုပ်ကိုလုပ်ချင်တယ်ဆိုတဲ့စိတ် ကူးမျိုးပေါ်ဖို့ခက်ပါတယ်။ စိတ်ကူးရှိပေမယ့် လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ခက်ခဲပါတယ်။ ကိုယ်အားထုတ်နေချိန်မှာ နောက်ပိုင်းအတွက် စားဝတ်နေရေးတွေပြေလည်ပါမှ ကိုယ်တိုင်က စွန့်ခဲ့နိုင်ထားခဲ့နိုင်မှ တရားကျင့်ခွင့်ရတာပါ။ အခွင့်အရေးပေးချိန်မှာ ခန္ဓာကိုယ်ကို မငဲ့ညှာဘဲ မတွယ်တာဘဲကျင့်မယ်၊ ပင်ပန်းဆင်းရဲမှုတွေရှိတဲ့အထဲက ပျက်စီးမယ့် ခန္ဓာ၊ အိုလာနေတဲ့ခန္ဓာကို တရားနဲ့ လဲယူမယ်လို့ စိတ်ထားပြီး ကျင့်ဖို့လိုအပ်ပါတယ်။

အဲဒီလို ကျင့်ကြံအားထုတ်ဖို့အတွက် လက်ရှိ ရထားကြတဲ့လူ့ဘဝဟာ အသင့်တော်ဆုံးဘဝဖြစ်ပါတယ်။ အခြေအနေအပေးဆုံးဘဝလည်းဖြစ်ပါတယ်။ တကယ်လို့သာ တိရစ္ဆာန်ဘဝရောက်နေမယ်၊ အသိဉာဏ်နည်းပါးရှာတဲ့ တိရစ္ဆာန်လေးတစ်ကောင်ဖြစ်နေမယ်ဆိုရင် ဒီလိုတရားအားထုတ်ရကောင်းမှန်းတောင်သိမှာမဟုတ်ဘူး။ နာကြားကျင့်ကြံအားထုတ်နိုင်တဲ့အခွင့်အရေးလည်းမရဘူး။ ငရဲဘဝ၊ ပြိတ္တာဘဝကိုရောက်သွားရင်လည်း အတူတူပါပဲ။ ဒုက္ခဆင်းရဲတွေများလွန်းလို့ကုသိုလ်ဆိုတာကိုစိတ်ကူးထဲထည့်ဖို့တောင်ခဲယဉ်းပါတယ်။ တရားအားထုတ်ကျင့်ကြံခွင့်တွေလည်းဆုံးရှုံးတယ်။ ဘဝသံသရာတွေရှည်ပြီး၊ ဘဝခန္ဓာတွေရချင်တိုင်းရခဲ့ပြီးပါပြီ။ ဘဝတိုင်းဘဝတိုင်းမှာ အိုခြင်း၊ နာခြင်း၊ သေခြင်း ဒုက္ခတွေနဲ့ ဒုက္ခမျိုးစုံတွေ့ကြုံခံစားကြရတယ်။ ဒါကြောင့် ဘဝခန္ဓာတွေကို အဆုံးသတ်စေမယ့်တရား၊ ဒုက္ခမျိုးစုံကို ချုပ်ငြိမ်းစေမယ့်တရားကို လက်ရှိဘဝမှာ ရှာဖွေအားထုတ်ဖို့ လိုအပ်ပါတယ်။

ရည်ညွှန်း-‘ဓမ္မလမ်းပေါ်မှာ’ ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ



# ထီဆိုင်အချို့ မူရင်းဈေးဖြင့်ဝယ်နိုင်ကြောင်းကြော်ငြာရောင်းချလာ

မေဝင်းမွန်

ရန်ကုန်၊ အောက်တိုဘာ - ၁၄

အပိုဂုဏ်ပြုဆုငွေပေးခွင့် မပြုတော့သော်လည်း အောင်ဘာလေထီဈေးမှာအရောင်းဆိုင်အချို့တွင် ဈေးမကျသေးဘဲ၊ အချို့ထီအရောင်းဆိုင်များမှာမူ မူရင်းဈေး ၂၀၀ ကျပ်ဖြင့်ဝယ်ယူနိုင်သည်ဟူ၍ ဆိုင်းဘုတ်တင်ရောင်းချမှုများရှိသည်ဟု သိရသည်ဟု သိရသည်။

အပိုဂုဏ်ပြုဆုမပါတော့သည့် ယခုလအတွင်းထီဈေးကွက်တွင် အရောင်းပုံမှန်သာရှိပြီး ထီတစ်စောင် ၂၅၀ကျပ်မှ ၃၀၀ကျပ်အထိ ဈေးအမျိုးမျိုးရောင်းနေကြောင်း ထီလုပ်ငန်းရှင်အချို့ကပြောသည်။

အောင်ဘာလေသိန်းဆု၃၁နခွဲက ဈေးကွက်အနေအထားအရ ထီအက္ခရာတိုးမြှင့်ရောင်းချရန်စီစဉ်လျက်ရှိပြီးလက်ရှိတွင် ကမှဘအထိ အက္ခရာ ၂၄လုံးဖြင့်ရောင်းချလျက်ရှိသည်။

“လက်ရှိမှာအရောင်းကပုံမှန်ရှိနေသလို အက္ခရာတိုးထုတ်ရင်လည်း ထီအရောင်းကပုံမှန်ပဲသွားလိမ့်မယ်လို့ထင်ပါတယ်။ အခု လက်ရှိမှာတော့ ၂၀၀ ကျပ်နဲ့ဝယ်လို့ရတယ်ဆိုပြီးတော့ ဆိုင်းဘုတ်တင်ပြီးစရောင်းနေပါတယ်”ဟု ထီလုပ်ငန်းရှင်တစ်ဦးကပြောသည်။

## စာ-၉၊ မြို့ပတ်ရထားပေါ်က အတွေးတစ်စ မှ

ညနေခြောက်နာရီသာသာလောက်တွင်တော့ ခတ်ဘူးလေးကိုလက်မှကိုင်ရင်း လက်ဖက်ရည်ဆိုင်သို့ ကိုတိုးမောင် ထွက်ခဲ့သည်။ ကျစိမ့်တစ်ခွက်ကိုမှာရင်း လမင်းဆေးပေ့ါလိပ်လေး ရှိုက်ဖွာကာ လမ်းမဘက်သို့ ကိုတိုးမောင် တွေတွေကြီးငေးကြည့်မည်။ တစ်နာရီလောက် ထိုင်ပြီးသွားသောအခါ ခတ်ဘူးလေးထဲရေနွေးအပြည့်ဖြည့်ပြီး ကိုတိုးမောင်လက်ဖက်ရည်ဆိုင်မှပြန်ခဲ့သည်။

ပြန်ရောက်တော့ ကျောပိုးအိတ်ထဲမှ တရုတ်နိုင်ငံလုပ် ဒစ်ဂျစ်တယ်ရေဒီယိုလေးကို ထုတ်ကာပက်လက်ကုလားထိုင်တွင် ထိုင်၍ နားထောင်သည်။ နေ့လယ်နှစ်နာရီလောက်က စားလာသောကြောင့် ညကိုးနာရီကျော်ကျော်လောက်တွင် ဝမ်းဗိုက်ကဟာလာပြီမို့ကိုတိုးမောင် ထမင်းစားသည်။ ပြီးတော့ ရေနွေးနှစ်ခွက်၊ သုံး ခွက်ဆင့်သောက်ကာ ရေဒီယိုနားထောင်ပြန်သည်။ အခန်းထဲတွင် ထွန်းထားသော ဝါကျင့်ကျင့် မီးသီးရဲ့က အလင်းရောင် အားကောင်းလာပြီး အခန်းက လင်းလင်းကျင်းကျင်းဖြစ်လာသောအခါ ရေဒီယိုကိုပိတ်၍ ကိုတိုးမောင်ထိုင်ရာမှ ထလိုက်သည်။ ညဆယ့်တစ်နာရီကျော်ကျော်ရှိပြီမို့ ပတ်ဝန်းကျင်မှ အသံဗလံများလည်း တိတ်ဆိတ်သွားလေပြီ။ ရေလှောင်ကန်အတွင်းသို့ ရေစက်မောင်း၍ ရေထည့်သည်။ ရေပြည့်တော့ တရားစာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ ကိုတိုးမောင်ဖတ်သည်။ ဘုရားရှိခိုးပြီး အရဟံဂုဏ်တော်ကိုပုတီးကိုးပတ်စိတ်ကာ မေတ္တာပို့အမျှဝေသည်။ ပြီးတော့ အညောင်းအညာဆန့်ကာ အပေ့ါအပါးသွားသည်။ တိုက်ကြီး၏ဘေးဘီဝဲယာတွင်းပြင်ကို လက်နှိပ်ဓာတ်မီးနှင့် လိုက်ပတ်ကြည့်သည်။ ထူးခြားမှုမရှိတော့မှ ပက်လက်ကုလားထိုင်တွင် ပြန်ထိုင်သည်။ ထလိုက်၊ ထိုင်လိုက်၊ မှေးခနဲ ပျော်သွားလိုက်နှင့် တစ်ညတာသည်ကုန်လွန်ခဲ့လေပြီ။

မနက်ရှစ်နာရီလောက်တွင် ဆိုက်တာဝန်ခံရောက်လာပြီမို့ ကိုတိုးမောင် ပြန်ရန် အဆင်သင့်ဖြစ်နေလေပြီ။ သဃ်န်းကျွန်းဘူတာကို ရောက်တော့ မနက်ရှစ်ခွဲ။ မုန့်ဟင်းခါးတစ်ပွဲစား၍ လက်ဖက်ရည်တစ်ခွက်သောက်လိုက်မှဗိုက်ကနေသာထိုင်သာ ရှိသွားသည်။ ထုံးစံအတိုင်း ငွေအကြွေတစ်ဆယ်ကို ထုတ်၍ ရန်ကုန်ဘူတာကြီးသို့ လက်မှတ်တစ်စောင်ဝယ်သည်။ ထိုနောက် ဆိုက်ရောက်လာသည့် ရထားပေါ် ကိုတိုးမောင်တက်လိုက်၏။ အိမ်ပြန်ရောက်တော့ မနက်ဆယ်နာရီထိုးလုပြီ။ ကိုတိုးမောင်အိပ်ရာပေါ်လှဲရင်း အိပ်ပျော်သွားတော့သည်။ နေ့လယ်နှစ်နာရီလောက်တွင် ကိုတိုးမောင် အိပ်ရာက နိုးလာပြီး ရေမိုးချိုးကာ ထမင်းစားသည်။ ပြီးတော့ ညီမဖြစ်သူပြင်ပေးထားသော ထမင်းဘူးကို လက်ကကိုင်၍ ကျောပိုးအိတ်ကို ကောက်လွယ်ကာ ကိုတိုးမောင်အိမ်မှ ထွက်ခဲ့သည်။ ညနေသုံးနာရီခွဲတွင် ရန်ကုန်ဘူတာကြီးအတွင်းသို့ ကိုတိုးမောင် ရောက်နေလေပြီ။ ထိုနောက် သဃ်န်းကျွန်းလက်မှတ်တစ်စောင်ဝယ်ကာ ကိုတိုးမောင် အလုပ်ကိုလာသည်။ ဒါက ကိုတိုးမောင်၏ တစ်နေ့တာ အချိန်ဇယားဖြစ်သည်။ နေ့စဉ် အလုပ်သွားအလုပ်ပြန်အတွက် လမ်းစရိတ်အဖြစ်ငွေကျပ်နှစ်ဆယ်သာကိုတိုးမောင်ကုန်ကျသည်။ တစ်လလုံးအတွက် လမ်းစရိတ်အဖြစ် ငွေကျပ်ခြောက်ရာသာကုန်သည်။ အကယ်၍ လိုင်းကားစီးမည်ဆိုပါက အလုပ်သွားအလုပ်ပြန်အတွက် ငွေကျပ်လေးရာ အနည်းဆုံးကုန်လိမ့်မည်ဖြစ်ရာ တစ်လအတွက် လမ်းစရိတ်အဖြစ် ငွေကျပ်တစ်သောင်းနှစ်ထောင် ကိုတိုးမောင်ကုန်ပေမည်။ တူတစ်ယောက်၏ ကျူရှင်စရိတ်အတွက် အိမ်ကိုမည်ကာမတ္တငွေကျပ်တစ်သောင်းပေးပြီး ကိုတိုးမောင်အတွက်လစဉ်ကျပ် ငွေသုံးသောင်းပိုလေသည်။ ထိုငွေနှင့် ကိုတိုးမောင်တစ်လလုံးလည်ပတ်လေသည်။ ညလက်ဖက်ရည်တစ်ခွက်၊ မနက်လက်ဖက်ရည်တစ်ခွက်နှင့် အဆာပြေမုန့်ဟင်းခါး၊ ထမင်းကြော်တစ်မျိုးမျိုး ကိုတိုးမောင် စားနိုင်သေးသည်။ တစ်ခါတစ်ရံ ပုဆိုးလေး၊ အင်္ကျီလေးပင် ဝယ်ဝတ်နိုင်သေး၏။ ကျပ်ငွေသုံးသောင်းနှင့် တစ်လလုံး ကိုတိုးမောင်ဟန်ချက်ညီညီနေနိုင်ခြင်းမှာ ရထားစီး၍သွားခြင်းကြောင့်ပင်။ သိပ်မဝေးလှသောအချိန်တစ်ချိန်ကို ရောက်လာပါက ကိုတိုးမောင်တစ်ယောက် အခုလိုဟန်ချက်ညီညီနေနိုင်ဖို့ မလွယ်ကူတော့ချေ။ အကြောင်းမှာ မြန်မာ့မီးရထားမှ ကိုတိုးမောင်တို့လို နေ့စဉ်ရထားစီးပြီး သွားလာနေသည့် ခရီးသွားပြည်သူများအတွက် လစဉ်ငွေကျပ်သန်းနှစ်ရာကျော် အရှုံးခံ၍ ပို့ဆောင်ပေးနေရာနှစ်စဉ် ငွေကျပ်သန်းနှစ်ထောင်ကျော် အရှုံးပေါ်နေသည်။ ထိုကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြို့ပတ်ရထားများ ပြေးဆွဲလုပ်ကိုင်ခွင့်ပြု၍ လွှဲပြောင်းပေးတော့မည်ဖြစ်သည်။ များမကြာမီ ထိုစီမံကိန်း အကောင်အထည်ပေါ် လာတော့မည်ဖြစ်ရာ အသွား ငွေကျပ်တစ်ဆယ်၊ အပြန်ငွေကျပ်တစ်ဆယ်နှင့်တော့ ကိုတိုးမောင်လိုရာခရီးမရောက်နိုင်တော့ပြီ။ နိုင်ငံတကာမှာကဲ့သို့ မြို့ပတ်ရထားလုပ်ငန်း ပုဂ္ဂလိကမှ လုပ်ကိုင်၍ ယခုထက် ပိုမိုခေတ်မီ၊ ဝန်ဆောင်မှုကောင်းလာမည်မှာ သေချာသည်။ သို့သော် ခက်သည်က ကိုတိုးမောင်တို့လို အခြေခံလူတန်းစားများ၏ ဝင်ငွေတိုးမလာခြင်းပင်။ အဲဒီအချိန်ကျရင် ကိုတိုးမောင်တစ်ယောက် သူရသော လစာငွေလေးနှင့်လောက်ငှအောင် မနည်းကြိုးစားရတော့မည်။ မနက် အဆာပြေမုန့်ဖိုး၊ ည၊ မနက် လက်ဖက်ရည်နှစ်ခွက်အနက်မှ တစ်ခုခုကိုတော့ ကိုတိုးမောင် ကျိန်းသေလျှော့ရပေလိမ့်မည်။ ကိုတိုးမောင်တစ်ယောက် ညဘက် လက်ဖက်ရည်မသောက်ဘဲ မနက်ကျမှ လက်ဖက်ရည် တစ်ခွက်သောက်မည်လား၊ ဒါမှမဟုတ် မနက်ပိုင်း အဆာပြေမုန့်ပဲစားပြီး ညဘက်ကျမှ လက်ဖက်ရည်သောက်မည်လား၊ ညမနက် လက်ဖက်ရည်သောက်ပြီး အဆာပြေ မုန့်မစားဘဲ နေမည်လားဆိုတာကိုတော့ ။

## စာ-၉၊ ငါး ငါးပေါင်းကြော် မှ

စကြော်တော့မယ်ဆိုရင်တော့ နယ်ထားတဲ့ ငါးအသားပြားသေးသေးလေးတွေရယ်၊ကြက်သွန်နီရယ်ကိုမုန့်နှစ်ထဲရောနယ်လိုက်ပြီးမှ ဆီပူပူထဲကို အရွယ်တော်အပြားလေးတွေ ဝိုင်းပြီးထည့်ကြော်ပါမယ်။ မုန့်နှစ်အဝိုင်းလေးတွေလုပ်တဲ့အခါ တစ်ခုချင်းစီမှာ ငါးနဲ့ကြက်သွန်နီကို မျှမျှတတပါအောင်ထည့်ပေးဖို့လိုပါတယ်။

ငါးငါးပေါင်းကြော်လေးတွေရပြီဆိုရင်တော့ အကြော်ပူပူလေးနဲ့အလိုက်ဖက်ဆုံးဖြစ်မယ့် မန်ကျည်းချဉ်ရည်လေးနဲ့တွဲဖက်စားသုံးမယ်ဆိုရင် ကြက်သွန်အချိုနဲ့ လတ်ဆတ်တဲ့ငါးကြွင်းအရသာချိုချိုက တကယ်ကိုခံတွင်းတွေ့စေမှာပါပဲ။

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## မျက်နှာဖုံး-ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်း မုန်တိုင်းအဖြစ် ကူးပြောင်းလာနိုင် မှ



ဒေါက်တာထွန်းလွင်၏ ကိုယ်ပိုင်ဝက်ဘ်ဆိုက်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေပုံကို အသေးစိတ်တွက်ချက်ပြထားပြီး ယခုအကြိမ်တွင် မုန်တိုင်းဖြစ်ရန် အလွန်အားကောင်းနေကာ အထူးဂရုစိုက်ရန်လိုကြောင်း သတိပေးထားသည်။ သို့သော် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ရာနေရာမှာမြန်မာနိုင်ငံနှင့်ဝေးသေးသည့်အတွက် များစွာစိုးရိမ်ရန် မလိုကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သောဦးချစ်ကျော်ကလည်း လွန်ခဲ့သည့် ၂ရက်ကတည်းက စတင်စောင့်ကြည့်ခဲ့သောဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အောက်တိုဘာ ၁၇ ရက်ညနေ၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေပြီဖြစ်ကြောင်း ပြောသည်။ သို့သော် အဆိုပါလေဖိအားနည်းရပ်ဝန်းမှာ အားမကောင်းသေးပေ။ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီးနောက် အောက်တိုဘာ ၁၇ ရက်ညပိုင်းသို့ရောက်ရှိသွားသည့် အတွက်ညပိုင်းတွင်ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ကျဆင်းသွားသောကြောင့် အားကောင်းမလာနိုင်ဘဲ၊ မုန်တိုင်းငယ်အဖြစ်သို့ကူးပြောင်း၊ မကူးပြောင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် စောင့်ကြည့်ရမည်ဖြစ်ကြောင်းဦးချစ်ကျော်က ပြောသည်။

"မနက်ဖြန်(အောက်တိုဘာ ၁၈)လောက်ဆိုရင်တော့အဖြေသိမှာပါ။ မနက် ၆ နာရီခွဲ၊ ၇ နာရီကနေ ၉ နာရီကြား အားပြန်ပြုလာနိုင်တာကိုစောင့်ကြည့်ရမယ်"ဟုၚင်းကပြောသည်။ ထိုလေဖိအားနည်းရပ်ဝန်းမှာ အားကောင်းလာပြီးမုန်တိုင်းငယ်အဖြစ်သို့ကူးပြောင်းလာလျှင်ပင် မိုးဇလ၏တွက်ချက်မှုများအရ မုန်တိုင်းငယ်မှာ မြန်မာနိုင်ငံဘက်သို့မလာနိုင်ဘဲ ဘင်္ဂလားပင်လယ်အော်၏ အနောက်နှင့် အနောက်မြောက်ဘက်သို့သာ သွားနိုင်ကြောင်း ဦးချစ်ကျော်ကပြောသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းမှာ ယခုနှစ်အတွင်း ငါးကြိမ်မြောက်လေဖိအားနည်းရပ်ဝန်းဖြစ်သည်။ ရှေ့တွင်ဖြစ်ပွားခဲ့သောလေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်တွင် မုန်တိုင်းငယ်ဖြစ်ခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် တစ်နှစ်လျှင် မုန်တိုင်း ၆လုံး၊ ၇လုံး အကြမ်းဖျင်းဖြစ်ပွားလေ့ရှိ၍ လက်ကျန်ကာလအတွင်း မုန်တိုင်း ၄ လုံးခန့်ဖြစ်ပွားနိုင်ကြောင်း မိုးဇလမှ တာဝန်ရှိသူက ခန့်မှန်းပြောကြားသည်။

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေသောအောက်တိုဘာ ၁၇ ရက်ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးရှိ ဒေသအချို့၌ တိမ်ထူထပ်လာပြီး မိုးရွာနေသည့်အတွက် ဒေသခံအချို့ စိုးရိမ်နေကြသည်။

အောက်တိုဘာလတွင် ဖြစ်ပွားသောမုန်တိုင်းများမှာ မြန်မာနိုင်ငံသို့ ဝင်နိုင်ဖွယ်မရှိဘဲ နိုဝင်ဘာလတွင်ဘင်္ဂလားပင်လယ်အော်၌မုန်တိုင်းဖြစ်ပေါ်ပါက သတိထားရန်လိုကြောင်း ဦးချစ်ကျော်က ဆက်လက်ပြောသည်။

ဒေါက်တာထွန်းလွင်ကလည်း ဘင်္ဂလားပင်လယ်အော်တွင် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများ၌ မုန်တိုင်း ၄ လုံး ဖြစ်ပေါ်နိုင်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာတွင်ဖြစ်ပွားသော မုန်တိုင်းများကို သတိထားရန်လိုကြောင်း သတိပေးထားသည်။

## မျက်နှာဖုံး-အိန္ဒိယက မြန်မာသို့ ချေးငွေ ဒေါ်လာသန်း ၅၀၀ပေးမည် မှ

ဒေါ်လာသန်း ၃၀၀ ချေးငွေပေးအပ်ခဲ့စဉ်က မြန်မာနိုင်ငံ၏ ရထားကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ ရေနံချက်စက်ရုံ၊ Optic Fiber ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ထပ်မံပေးအပ်မည့် ချေးငွေ သန်း ၅၀၀ မှာ ဆည်မြောင်းဖောက်လုပ်ရေးစီမံကိန်းများ အပါအဝင် သီးခြားစီမံကိန်းများအတွက်ဖြစ်ကြောင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါပူးတွဲကြေညာချက်တွင် ချေးငွေဒေါ်လာသန်း ၃၀၀ ခန့် ထောက်ပံ့ပေးခဲ့မှုနှင့် ယခုကဲ့သို့ ချေးငွေအသစ်ပေးအပ်သည့်အတွက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းကို ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်ကိုလည်းဖော်ပြထားသည်။

အစိုးရသစ်တက်လာပြီးနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ်အောက်တိုဘာလ ၁၂မှ ၁၅ ရက်အထိ သွားရောက်ခဲ့သောခရီးစဉ်တွင် နှစ်နိုင်ငံခေါင်းဆောင်များ ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတို့အပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်သွားရန် သဘောတူခဲ့သည်။

ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရောက်ရှိရန် ရည်ရွယ်ထားသည်။


နှစ်နိုင်ငံပူးတွဲကြေညာချက်အရနှစ်နိုင်ငံကြားတွင်နယ်စပ်ကုန်သွယ်ရေးစခန်းသစ်များဖွင့်လှစ်ရေးကို စဉ်းစားသွားရန်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများတွင် အိန္ဒိယအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၌ ပိုမိုရင်းနှီးမြှုပ်နှံရေးအတွက် တွန်းအားပေးသွားရန်၊ အိန္ဒိယနိုင်ငံဘက်မှ နည်းပညာနှင့် ငွေကြေးအကူအညီများဖြင့် ရေဆင်းတွင် အဆင့်မြင့်စိုက်ပျိုးရေး၊ သုတေသနနှင့်ပညာရေးဌာန တည်ထောင်ရန်၊ နေပြည်တော်ရှိပေါင်းစည်းလယ်ယာစံပြစီမံကိန်း၌ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ ဘေးထွက်ပစ္စည်းများပြန်လည်အသုံးချမှုနည်းပညာဆိုင်ရာ Rice Bio Park တည်ထောင်ရန်၊ အိန္ဒိယနိုင်ငံအကူအညီဖြင့် မန္တလေးမြို့တွင် Information Technology Institute တစ်ခုတည်ထောင်ရန်စသည်တို့သဘောတူခဲ့ကြောင်း အောက်တိုဘာ ၁၆ ရက်နေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။


ထို့အပြင် နှစ်နိုင်ငံကြားရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် ဘတ်စ်ကားလိုင်းဆက်သွယ်ထူထောင်နိုင်ရေးဖြစ်နိုင်ခြေအလားအလာများကို လေ့လာဖော်ထုတ်ရန်နှင့် ကိုးလ်ကတ္တား-ရန်ကုန်၊ ချင်းနိုင်း-ရန်ကုန်တို့အကြား ခရီးသည်တင်ရေယာဉ်များ စတင်ပြေးဆွဲရေးကို လေ့လာသုံးသပ်သွားရန်ကိုလည်းသဘောတူခဲ့သည်။

"ကျွန်တော်တို့နဲ့ မြန်မာဆက်ဆံရေးက အရေးကြီးပါတယ်။ ပြီးတော့ ကျွန်တော်တို့နဲ့ တရုတ်ဆက်ဆံရေးကလည်း အရေးကြီးပါတယ်။ ဒါက ပြိုင်ဆိုင်တာမဟုတ်ပါဘူး"ဟု အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Vishnu Prakash က သတင်းထောက် များကိုပြောခဲ့သည်။

အိန္ဒိယနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့ကိုလည်း နှစ်ဖက်အဆင်ပြေမည့်အချိန်တွင်မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် ဦးသိန်းစိန်က ဖိတ်ကြားခဲ့သည်။

ကိုးကား။ ။ မြန်မာ့အလင်း၊ ကြေးမုံ၊ World Street Journal၊ HindustanTimes.






## မျက်နှာဖုံး-ပြည်ပသို့ အမျိုးသမီးများ တရားဝင်အလုပ်လုပ်ခွင့် သက်ဆိုင်ရာသို့ တင်ပြမည် မှ

ကျန်းမာရေးဝန်ကြီးဌာနမှ အမျိုးသမီးသူနာပြုများ စေလွှတ်ခြင်းနှင့် အချို့သောအမျိုးသမီးများမှာ အလည်အပတ်ဗီဇာဖြင့်သွားရောက်အလုပ်လုပ်ကိုင်သူများရှိကြောင်း ဦးချစ်ရှိန်ကပြောကြားသည်။ ပြည်ပသို့ အမျိုးသမီးများကို တရားဝင်သွားရောက်ခွင့်မပြုသော်လည်း ပုံစံမျိုးစုံဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်နေသူများစွာရှိသည်။

ထိုင်းနိုင်ငံသို့ အမျိုးသမီးများအား တရားဝင်စေလွှတ်နေကြောင်းသိရပြီး အလုပ်သမားခြောက်သိန်းနီးပါး နိုင်ငံကူးလက်မှတ်ထုတ်ပေးထားကြောင်း၊ ထိုင်းနိုင်ငံတွင် စုစုပေါင်း မြန်မာလုပ်သားတစ်သန်းခွဲခန့်ရှိကြောင်း ဦးချစ်ရှိန်ကဆိုသည်။

## စာ-၇၊ ထောင်တွင်းစာကြည့်တိုက် တည်ထောင်ခဲ့သော ဇာဂနာမှ

ခု ကျွန်တော်ထွက်လာတော့ စာအုပ်တွေ ဒီတိုင်းထားခဲ့တယ်။ ခုနောက်ဆုံးဖတ်ထားတဲ့ ကစ်ဆင်းဂျားရဲ့ On China စာအုပ်လည်းထားခဲ့တယ်" ဟု ဇာဂနာက ၎င်း၏ ထောင်တွင်းစာကြည့်တိုက် အကြောင်းပြောကြားသည်။

အကျဉ်းထောင်ထဲတွင် ၎င်းထွက်မလာခင်နောက်ဆုံးအချိန်ထိ လူဖတ်အများဆုံးဂျာနယ်မှာ ၎င်း၏ မှတ်တမ်းအရပြည်သူ့ခေတ်ဂျာနယ်ဖြစ်နေပြီး ရုံဖန်ရံခါတွင် မင်းသား မင်းသမီးပုံပါသော မဂ္ဂဇင်းဂျာနယ်များမှာ ဆုတ်ဖြဲခံထားရခြင်းများရှိတတ်သည်ဟု ဖြေကြားခဲ့သည်။ "တခြားဝန်ထမ်းမိသားစုတွေလည်းယူယူဖတ်ကြတယ်။ တချို့က ဗျာ မင်းသား၊မင်းသမီးပုံလှတပတလေး မတွေ့လိုက်နဲ့ အကွင်းလိုက်အချပ်လိုက်ကြီး လှီးဖြတ်ယူထားကြရော။ ကျန်တဲ့သူကဖတ်မယ်လုပ်ရော ဖတ်မရတော့ဘူး။ ဒီလိုမျိုးတွေလည်း ရှိတတ်သေးတယ်" ဟု ဇာဂနာက ဆက်လက်ပြောကြားသည်။

## စာ-၆၊ ပန်းလှိုင်မြစ်၏ ခြောက်ဆယ်ရာခိုင်နှုန်း တိမ်ကောပျက်စီးလာ မှ

"တချို့နေရာတွေဆိုရင် ကုန်းခေါင်ခေါင်ကြီးနေတယ်။ သုတေသနလုပ်တာ သုံးနှစ်လောက်တော့ရှိပြီ။ ပန်းလှိုင်မြစ်ကြီးဖော်ရင် ဘာအကျိုးကျေးဇူးရမလဲဆိုတော့ ရန်ကုန်မြို့ မြောက်ဥက္ကလာတို့နဲ့ နီးစပ်တဲ့မြို့နယ်တွေ ရေစီးရေလာကောင်းပြီး ရေလျှံတာတွေမဖြစ်တော့ဘူး"ဟု ရေအရင်းအမြစ်နှင့်မြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီးဆင်းနေသော ရေမိုင် ၁၀မိုင်၏ အချို့နေရာများတွင် မြစ်ကြမ်းပြင်ထုထည်မြင့်တက်လာကြောင်း၊ အချို့နေရာများ၌ ရေအနက်တစ်ပေခန့်ရှိကြောင်း၊ နွေရာသီတွင် နုန်းမြေလတာပြင်ရှိသောနေရာများကိုလည်း တွေ့ရှိရကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုကဲ့သို့မြစ်ကောလာခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် မြို့အတွင်းမှ စီးဆင်းသောရေလမ်းကြောင်းများ ရေစီးရေလာ မကောင်းခြင်းကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နိုင်ကြောင်း၊ ယခင်ရေလမ်းကြောင်းဖြင့် သွားသောလမ်းများ ပျောက်သွားနိုင်ကြောင်း၊ ယင်းမြစ်ဘေးတွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများအတွက် လယ်ရေရရှိမှု အခက်ခဲရှိနိုင်ကြောင်း သုတေသနပြုချက်များကို ကိုးကား၍ပြောပြသည်။

ရရှိသော အသုံးစရိတ်အရ တစ်နှစ်လျှင် မြစ်ကိုအပိုင်းလိုက်ခွဲ၍ သုတေသနပြုလုပ်ခဲ့ရာ ယခုအခါ သုံးနှစ်ရှိပြီဖြစ်သည်။ အသုံးစရိတ်လိုအပ်ချက်ကြောင့်မြစ်ကြောင်း၏ အရေးကြီးသောနေရာများကိုသာ အပိုင်းဖြင့် လုပ်ကိုင်နိုင်ကြောင်း၊ မြစ်စမှ မြစ်ဆုံးအထိ တစ်နှစ်အတွင်းပြုလုပ်ပါက ကျပ် ၁၀သိန်းခန့် ကုန်ကျနိုင်ကြောင်း၊ တစ်နှစ်အတွင်းသုတေသနလုပ်ငန်းကို အပြီးသတ်လုပ်ဆောင်ပြီး ရေလမ်းဖော်ဆောင်ထိန်းသိမ်းရေးများကို ပြုလုပ်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က အကြံပြုပြောကြားသည်။

ယခုတစ်ပတ်စာမျက်နှာ(၄၇)တွင်ဖော်ပြခဲ့သော အော်နီဆိုင်း၏ မှတ်မှတ်ရရဖြစ်သောပန်းချီကားများအကြောင်းတွင် အောက်ပါစကားစုအား ဖြည့်စွက်ဖတ်ရှုပါရန်-

**"အော်နီဆိုင်းချစ်တဲ့ အန်တီတစ်ယောက်ကလည်း ပန်းချီကားလက်ဆောင်ပေးဖူးတယ်။ ကိုယ်ချစ်တဲ့သူ ပေးတယ်ဆိုတော့ တန်ဖိုးထားတယ်။ အမှတ်တရလည်း ဖြစ်တယ်"**

Health
7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## ပြင်သစ်သို့ ကျန်းမာရေးပညာတော်သင်စေလွှတ်ရေး အစိုးရတာဝန်ရှိသူများ ဆွေးနွေး

သီဟ

ရန်ကုန်၊အောက်တိုဘာ-၁၂

အရိုးရောဂါ ခွဲစိတ်ကုသရေးလုပ်ငန်းများနှင့် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်ခြင်းနှင့် ပညာသင်စေလွှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များအား ပြင်သစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် ပြင်သစ်နိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံစဉ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့ တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလေးပေးဆောင်ရွက်မည့် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများလည်း ဆွေးနွေးခဲ့သည်ဟု ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။

ကျန်းမာရေး အသုံးစရိတ် တိုးမြှင့်ရေးကိစ္စရပ်များ၊ကျန်းမာရေး ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရာတွင် လိုအပ်သောအရည်အသွေးနှင့် အရေအတွက်ပြည့်မီရေးကိစ္စရပ်များနှင့်ခေတ်မီ ရောဂါရှာဖွေရေး စက်ကိရိယာများ၊ ခွဲစိတ်ခွဲခန်းသုံးကိရိယာများဖြည့်တင်းရေးကိစ္စများလည်းဆွေးနွေးခဲ့သည်ဟုသိရသည်။



# ဗီတာမင်ဆေးဝါးများ ကျန်းမာရေးအတွက် အမှန်တကယ် အထောက်အကူဖြစ်သလား

ရဲမင်း

**ယခုရက်သတ္တပတ်အတွင်းထွက်ရှိလာခဲ့သော သုတေသနနှစ်ရပ်က ဖြည့်စွက်ဗီတာမင်များ စားသုံးမှု၏ ဘေးကင်းလုံခြုံမှုနှင့် အခြားမေးခွန်းပေါင်းများစွာကိုပေါ် ထွက်လာစေခဲ့ပါသည်။ မည်သူမဆို ဗီတာမင်ဆေးလုံးများ သောက်သုံးသင့်သလား။ မည့်သည့်ဆေးဝါးများမှာ အန္တရာယ်အများဆုံးဖြစ်သနည်း။ ဗီတာမင်သောက်သုံးမည်ဆိုပါက ဘေးအကင်းဆုံးဆေးဝါးကိုမည်သို့ရွေးချယ်မည်နည်း စသည့်မေးခွန်းများဖြစ်သည်။**

ဗီတာမင်ဆေးဝါးများသောက်သုံးခြင်းသည် နှစ်ပေါင်းများစွာကပင် ခေတ်စားခဲ့သည်။ ဗီတာမင်ဆေးဝါးများသည် ကျန်းမာရေးအထောက်အကူဖြစ်သည်ဟု လူအများအပြားက ယူဆကြပြီး ဗီတာမင်သုံးစွဲရန် မလိုအပ်ပါဟု အချို့ကယူဆသည်။ ဆေးဝါးနှင့်ကျန်းမာရေးကဏ္ဍမှ လူများကမူ ဗီတာမင်များမှာ မတော်မတည့် စားသောက်မှုအတွက် အာမခံထားခြင်းဟုဆိုသည်။

သို့သော် ကျွန်တော်တို့ နေ့စဉ်စားသုံးနေသော အစားအစာများတွင် ဗီတာမင်များဖြည့်စွက်ထားပြီးဖြစ်သည်။ အလွယ်တကူဝယ်ယူစားသုံးနိုင်သော Junk Food (အမေရိကနှင့် ဥရောပမှ Junk Food)များနှင့် အအေးဘူးများကိုပင်ကျန်းမာရေးတန်ဖိုးရှိစေရန် အာဟာရဓာတ်များ ဖြည့်စွက်ထားကြသည်။ ထပ်မံ၍ ဗီတာမင်ဖြည့်စွက်စားသုံးပါက လိုအပ်သောအတိုင်းအတာ ကျော်လွန်သွားရုံသာ ရှိတော့သည်။

"ကျန်းမာရေးနဲ့ ဆေးဝါးလုပ်ငန်းက လူတွေပြောသလောက် ဥပါဒ်မကင်းဘူးဆိုတာကို ကျွန်တော်တို့ တွေ့လာရတယ်" ဟု ပြည်သူ့အကျိုးစီးပွားသိပ္ပံစင်တာမှအာဟာရပညာရှင် ဒေးဗစ်ရှက်ကပြောပါသည်။

ယခုရက်သတ္တပတ်အတွင်း ထွက်ရှိခဲ့သည့် သက်လတ်ပိုင်း အမျိုးသမီးကြီး ၄၀,၀၀၀ အားလေ့လာထားသော သုတေသနတစ်ရပ်အရ ကိုယ်အလေးချိန်ထိန်းထားရေးဖြည့်စွက်ဗီတာမင်များ စားသုံးသူများသည် သာမန်လူများထက် အသက်ဆုံးရှုံးနိုင်ခြေပိုမိုမြင့်မားနေသည်ကို တွေ့ရှိခဲ့သည်။ ၎င်းတို့စားသုံးခဲ့သည့် ဗီတာမင်များတွင် ဗီတာမင်စုံဆေးဝါးများ၊ ဖော်လစ်အက်ဆစ်၊ သံဓာတ်၊ ဇင့်ဓာတ်၊ မဂ္ဂနီဆီယမ်ဓာတ်ပါဆေးလုံးများ ပါဝင်ခဲ့သည်။

စာ(၃၀)သို့

## အနံ့ဆိုးကင်းသည့် ခြေထောက်များဖြစ်စေဖို့

မေဝင်းမွန်

ခန္ဓာကိုယ်ကျန်းမာရေးကိုများသောအားဖြင့် ဂရုစိုက်ကြသော်လည်း ခန္ဓာကိုယ်တစ်ခုလုံးကိုသယ်ပိုးထားရသော အောက်ခြေအကျဆုံးအစိတ်အပိုင်း ခြေထောက်ကျန်းမာရေးကို ဂရုစိုက်ရန် မေ့လျော့နေလေ့ရှိကြသည်။

လူအများစုမှာ ခြေထောက်နှင့်သက်ဆိုင်သည့် အခြေခံတစ်ကိုယ်ရေသန့်ရှင်းမှုဖြစ်သည့် ခြေသည်းများ ပုံမှန်လှီးဖြတ်ခြင်းနှင့် ခြေသည်းများ သန့်ရှင်းမှုပုံမှန်ပြုလုပ်မှုနည်းပါးနေသေးသည်ဟုသိရသည်။

ခြေထောက်မှ အနံ့အသက်ဆိုးဝါးစွာထွက်မှုကြောင့်စိတ်အနှောင့်အယှက်ဖြစ်ဖူးကောင်း ဖြစ်ဖူးကြမည်ဖြစ်ပြီး ခြေထောက်ကျန်းမာရေးကိုအလေးမထားမှုကြောင့် ခြေထောက်မှိုရောဂါ(Athlete's Foot) များ ကူးစက်ခံရမှုများရှိလာသည်။

အားကစားခြေထောက်ခေါ် ခြေထောက်မှိုရောဂါသည် စိုထိုင်းသည့်ခြေထောက်အခြေအနေတွင် ဘက်တီးရီးယားများပေါက်ပွားကာ ဖြစ်ပွားတတ်သည့် မှိုရောဂါတစ်မျိုး ဖြစ်သဖြင့် ဖိနပ်အမြဲတမ်းစီးကာ လေ့ကျင့်ခန်းယူသည့် အားကစားသမားများသာမက ခြေထောက်ချွေးထွက်များသူများလည်း ဖြစ်ပွားတတ်သည်ဟုသိရသည်။

အဆိုပါမှိုရောဂါမှာ စိုထိုင်းသည့်နေရာများတွင် ခြေဗလာဖြင့် သွားလာခြင်း၊ ခြေထောက်မှိုရောဂါရှိနေသူ၏ဖိနပ်ကို စီးရာမှကူးစက်ခြင်းများဖြစ်ပွားတတ်ကာ ခြေထောက်မှတစ်ဆင့်ခန္ဓာကိုယ်၏အခြားနေရာများသို့လည်းကူးစက်တတ်သည်။ ခြေထောက်တွင် အရည်ကြည်ဖုနှင့် အက်ကွဲကြောင်းများရှိနေသူများမှာလည်း ဖြစ်ပွားလွယ်သည်ဟုသိရသည်။

ရောဂါဖြစ်သည့် ခြေချောင်းများ တစ်ဝိုက်အသားမာတက်ခြင်း၊ အရေခွံများကွာခြင်း၊ အသားများ နီရဲကာယားယံခြင်းများဖြစ်ပွားတတ်သည်။

စာ(၁၄)သို့





7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## ငှက်ဖျားရောဂါဖြစ်ပွားမှု မြင့်မားနေသော ရွှေကျင်မြို့နယ် ရွှေတူးဖော်ရေးလုပ်ငန်းများတွင် ရောဂါဖြစ်ပွားနှုန်း လျှော့ချရေး ဆောင်ရွက်မည်



မြတ်စုမွန်

ရန်ကုန်၊ အောက်တိုဘာ-၁၀

ရွှေကျင်မြို့နယ်အတွင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည့် ပြောင်းရွှေ့လုပ်သားများ ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း လျှော့ချရေးလုပ်ငန်းများကို ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရွှေစက်လမ်းတွေမှာရှိတဲ့ အလုပ်သမားတွေက ၁၀ ယောက်မှာ ၈ ယောက်လောက် ငှက်ဖျားရောဂါဖြစ်တယ်။ ဒီလထဲမှာ စက်လလမ်းသုံးခုမှာသွားပြီး ကျန်းမာရေးအသိပညာပေးတွေ လုပ်မယ်။ သွေးစစ်ပေးမယ်။ လိုအပ်တဲ့လူတွေကို ငှက်ဖျားဆေးတွေပေးသွားမယ်" ဟု မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၊ ရွှေကျင်မြို့နယ် ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်မှ ဦးနေလင်းက 7 Day News သို့ ပြောသည်။

ရွှေကျင်မြို့နယ်ရှိ ကန့်နီ၊ ခလိမ်နှင့်ကျားသစ်မြောက်စသည့် ရွှေထုတ်လုပ်ရေး လုပ်ငန်းများရှိသည့်ကျေးရွာများတွင် ပြောင်းရွှေ့လုပ်သား သုံးထောင်ဝန်းကျင်ရှိပြီး အခြားမည်သည့် ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများမှ သွားရောက်ခြင်းမရှိသေးသည့် ဒေသများဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ကျွန်မတို့က တစ်နေ့လုံးရေထဲမှာ စိမ်နေရတာဆိုတော့ အရမ်းပင်ပန်းပြီး ဖျားတယ်။ စက်လမ်းမှာရှိတဲ့ လူအားလုံးဖျားတာပဲ။ ငှက်ဖျားဖြစ်လို့ သေတဲ့လူတွေလည်းရှိတယ်။ ငှက်ဖျားနဲ့ပတ်သက်ပြီး သူဌေးက ကြိုတင်ပြင်ဆင်ပေးတာမျိုး၊ ဆေးစိမ်ခြင်ထောင်ဝေပေးတာမျိုး မရှိပါဘူး" ဟု ရွှေကျင်မြို့နယ်၊ အင်္ဂနီကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ ကျန်းမာရေးအသင်းက ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၂ ရွာတွင် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ရွှေတူးဖော်ရေးလုပ်ငန်းများရှိသည့် ကျေးရွာများက စီမံချက်နယ်မြေစာရင်းပါဝင်မှုမရှိသော်လည်း ငှက်ဖျားဖြစ်ပွားမှုနှုန်းများ ပြားသည့်အတွက် ယခုကဲ့သို့ ထပ်တိုးလုပ်ဆောင်ခြင်းဖြစ်ကြောင်း အဆိုပါ အသင်းမှသိရသည်။

## အိန္ဒိယနိုင်ငံတွင် လိင်ပညာပေးအစီအစဉ်ကြောင့် အိတ်ချ်အိုင်ဗီကူးစက်မှု လျော့နည်းခဲ့

ပါရီ၊ အောက်တိုဘာ - ၁၁

လူ့အဖွဲ့အစည်းအတွင်းမှ အချို့လူအုပ်စုများကို ရွေးချယ်ပညာပေးခဲ့ခြင်းကြောင့် ငါးနှစ်အတွင်းအိန္ဒိယနိုင်ငံတွင် အိတ်ချ်အိုင်ဗီ ပိုးကူးစက်မှု တစ်သိန်းခန့်ကို တားဆီးနိုင်ခဲ့ကြောင်းThe Lencetဆေးပညာဂျာနယ်တွင်ဖော်ပြသည်။

ဘီလ်ဂိတ်နှင့် မလင်ဒါဂိတ်ဖောင်ဒေးရှင်းမှ ထောက်ပံ့ငွေများနှင့် အန်ဒါပရာဒက်ရှ်၊ ခါနာတာကာ၊ မဟာရက်ရှ်ထရ၊ တမီးလ်နာဒူးနှင့် မဏိပူရ၊ နာဂလန်းပြည်နယ်များတွင် ၂၀၀၃ ခုနှစ်မှစ၍ ယင်းစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းပြည်နယ်များ၌ လူဦးရေသန်း ၃၀၀ ခန့်နေထိုင်ပြီး ထိုအချိန်က အိန္ဒိယနိုင်ငံတွင် အိတ်ချ်အိုင်ဗီ ကူးစက်မှု အများ ဆုံးပြည်နယ်များဖြစ်သည်။ အဗာ ဟန်ဟုခေါ် သော စီမံချက်၏ ရည်မှန်းချက်မှာ လိင်လုပ်သားများ နှင့် ၎င်းတို့၏ ဖောက်သည်များ၊ မိန်းမစိတ်ပေါက်နေသူ ယောကျ်ားများ၊ မူးယစ်ဆေးထိုးသွင်းသုံးစွဲသူများ၊ ကုန်တင်ယာဉ်မောင်းများအား လိင်ပညာပေးရေးလုပ်ငန်းဆောင်ရွက်၍ ၎င်းတို့ထံမှ တစ်ဆင့် အများပြည်သူများထံသို့ အိတ်ချ်အိုင်ဗီရောဂါ မကူးစက်ရေးဖြစ်သည်။

ပညာပေးနည်းများတွင် တစ်ဦးချင်းတွေ့ဆုံဆွေးနွေးခြင်း၊ ကွန်ဒုံးများအခမဲ့ ဖြန့်ဝေခြင်း၊ သုံးပြီးသားအပ်များအား သန့်စင်ပြီးအပ်များနှင့် လဲလှယ်ပေးခြင်း၊ လိင်မှတစ်ဆင့်ကူးစက်သောရောဂါများ ကုသရန် ဆေးခန်းဖွင့်လှစ်ခြင်းနှင့်ပြည်သူလူထု ပညာပေးရေး လုပ်ငန်းများပါဝင်ခဲ့သည်။ ယင်းစီမံချက်ကြောင့် ၂၀၀၃ မှ ၂၀၀၈ခုနှစ်အတွင်း ပြည်သူလူထုအကြား အိတ်ချ်အိုင်ဗီ ကူးစက်မှု ၁၀၀,၁၇၈ မှုအား တားဆီးနိုင်ခဲ့ ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

—Ref: AFP

## စာ-၁၃၊ အနံ့ဆိုးကင်းသည့်ခြေထောက်များဖြစ်စေဖို့ မှ

ဘက်တီးရီးယားကြောင့် ဖြစ်သော ခြေထောက်မှိုရောဂါဖြစ်သဖြင့် ဆေးထိုး၊ ဆေးလိမ်းခြင်း၊ ဆေးစိမ်ခြင်းစသည့်ဖြစ်ပွားသည့် အနေအထားအလိုက်ကုထုံးမျိုးစုံဖြင့် ကုသနိုင်သည်ဟုဆိုသည်။

"ရာသီဥတုပူနေတုန်း ရှူးဖိနပ်စီးတဲ့အခါခြေထောက်တွေ အလုံ ပိတ်ပြီး ခြေထောက်အနံ့တွေ ထွက်တာအမြဲဖြစ်တယ်။ အိုက်နေတာတောင်လူကြားထဲဖိနပ်မချွတ်ရဲဘူး။ အဲလိုသွားပြီးရင် အိမ်ရောက်တာနဲ့ခြေထောက်ကို ရေခပ်နွေးနွေးလေးခဏစိမ်ပေးပြီး ခြောက်အောင်သုတ်လိုက်တယ်။ ပြီးတော့ ပေါင်ဒါမှုန့်ဖြူးတယ်။ ပူတဲ့အချိန်မှာလေဝင်လေထွက် ကောင်းတဲ့ဖိနပ်စီးတာအကောင်းဆုံးပဲ" ဟုရှူးဖိနပ်ပုံမှန်စီးသည့်အမျိုးသမီးငယ်တစ်ဦးကပြောသည်။

ခြေထောက်မှိုရောဂါကုသခြင်းမှာ အချိန်တိုအတွင်းပျောက်ကင်းနိုင်သကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်းမှုအရပြန်လည်ဖြစ်တတ်သည့် ရောဂါတစ်မျိုးဖြစ်သည်။ ခြေထောက်မှိုရောဂါမှာတိုက်ရိုက်သော်လည်းကောင်း၊ အသုံးအဆောင် ပစ္စည်းများဖြစ်သည့် ဖိနပ်၊ ခြေအိတ်၊ ခြေသုတ်ဝတ်စသည်တို့မှလည်း ကူးစက်နိုင်ကာ ခြေသည်းရောဂါဖြစ်ပွားသူများလည်း ခြေထောက်မှိုရောဂါဖြစ်ပွားတတ်သည်ဟုသိရသည်။

ခြေထောက်မှိုရောဂါမဖြစ်ပွားရအောင် ခြေသည်းများပုံမှန်ညှပ်ပေးခြင်း၊ သန့်ရှင်းအောင်ဆေးကြောခြင်း၊ ရေချိုးပြီး၊ ရေကူးပြီးချိန်များတွင် ခြေထောက်ခြောက်သွေ့အောင်သုတ်ခြင်း၊ အများသုံးရေချိုးကန်၊ ရေကူးကန်သွားရာတွင် ဖိနပ်စီးပြီးသွားလာခြင်း၊ ခြေအိတ်များကို နေ့စဉ်လဲလှယ်ကာသေချာစွာ လျှော်ဖွတ်ခြင်း၊ ခြေထောက်အနံ့ဆိုးကင်းပေါင်ဒါမှုန့်ဖြူးခြင်း၊ ခြေထောက်အတွက် သက်သောင့်သက်သာရှိစေမည့် ဖိနပ်အမျိုးအစားကိုရွေးချယ်စီးနင်းခြင်းစသည်တို့ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

"ဖိနပ်တစ်ခုလုံးရေမြုပ်အောင်ရေထဲက လမ်းလျှောက်တဲ့နေ့က တော့ဒုက္ခကိုရောက်ရော။ ဖိနပ်ကိုရေကစို၊ ခြေချောင်းတွေက ရေနူးပြီး ခြေထောက်နံ့က ထွက်လာတော့တာပဲ။ ခြေအိတ်တွေနှစ်ရက်လောက်ဆက်သုံးမိရင်လည်း အဲလိုမျိုးဖြစ်တတ်တော့ သတိထားပြီးတော့ စီးရတယ်" ဟုရှူးဖိနပ်အမြဲစီးသည့် အမျိုးသားတစ်ဦးကဆိုသည်။

ခြေထောက်များကို ပိုးသတ်ဆပ်ပြာ(Antibacteiral Soap) ဖြင့်နေ့စဉ်သေချာစွာဆေးကြောကာ ခြောက်သွေ့အောင်သုတ်ခြင်း၊ ရေများများသောက်ပေးခြင်း၊ ခြေထောက်ကို လှောင်ပိတ်စေသော ခြေအိတ်များကိုရှောင်ရှားပြီး ချွေးစုပ်နိုင်သည့်ချည်သား ခြေအိတ်များသုံးစွဲခြင်း၊ ခြေထောက်ကို ချွေးတိတ်ဆေးဖျန်းပေးခြင်း (သို့မဟုတ်) ဖိနပ်အတွင်း အနံ့ပျောက်ဆေးမှုန့်ဖြူးပေးခြင်း၊ ဖိနပ်တစ်ရန်ထဲကို ရက်ဆက်စီးခြင်းကို ရှောင်ကြဉ်ခြင်း၊ အပိုဖိနပ်တစ်ရန်ဆောင်ထားခြင်း၊ ခြေညှပ်ဖိနပ်စီးခြင်း၊ လက်ဖက်စိမ်းဖြင့်လည်းကောင်း၊ မုန့်ဖုတ်ဆိုဒါနှင့်ရှာလကာရည်အနည်းငယ်ဖျော်စပ်ထားသည့် အနှစ်ဖြင့်လည်းကောင်း၊ မုန်လာဥသို့မဟုတ် တရုတ်မုန်လာဖျော်ရည်၊ ချင်းရည်၊ ချင်းဖတ်တို့ဖြင့်ပွတ်တိုက်မှုပြုလုပ်ခြင်း၊ ပြောင်းဖူးမှုန့် (သို့မဟုတ်) ပေါင်ဒါမှုန့်ဖြူးပေးခြင်း၊ ရေနံမှထုတ်လုပ်သည့် ဖယောင်းဖြင့်ကုသခြင်းများကို ပြုလုပ်နိုင်ကြောင်းခြေထောက်အနံ့ဆိုးထွက်တတ်သူများအား ဆရာဝန်များက အကြံပြုလမ်းညွှန်ထားသည်။ အသက်အန္တရာယ်ပေးနိုင်သည့်ရောဂါအခြေအနေမဟုတ်သော်လည်း မှိုရောဂါများကင်းဝေးကာ ကျန်းမာသန့်ရှင်း၊ အနံ့ဆိုးကင်းရန်အတွက် တစ်ကိုယ်ရေ ခြေထောက်ကျန်းမာရေးကိုလည်း အလေးထားသင့်ပေသည်။

TRADEMARK CAUTIONARY NOTICE

Notice is hereby given that Eveready Battery Company, Inc. a Company organized and existing under the laws of State of Delaware at 533 Maryville University Drive, St. Louis, Missouri 63141, USA, is the proprietor of the following Trademark in several countries of the world including Myanmar:

EVEREADY

(Myanmar Registration No.4/7534/2004)

The aforesaid trademark is being used by the above party in respect of "Flashlights" in International class 11.

Any fraudulent imitation or unauthorized use or any other infigement whatsoever of the said Trademarks will be dealt with according to the laws prevailing in Myanmar.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myintadvocate@mptmail.net.mm

www.mipadvocate.com

Ph : 371 990    20th Oct.2011

၁၄-၁၀-၂၀၁၁

သို့

အမေကြီးရေ

ဆိုင်(၃) - Gandamar Whole Sale,

မှန်ပြတ်ဆေးခန်း

# Regional

7DAY NEWS JOURNAL

Vol.10, No.31 • OCTOBER 20, 2011


## နေပြည်တော်တွင် ဖော်တော်ယာဉ်ပြစ်မှုဟောင်းများကို တရားရုံးမှ ဝရမ်းထုတ်မည်

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ-၁၃**

နေပြည်တော်ကောင်စီ ဥပဒေစတင်သက်ရောက်ခဲ့သောယခုနှစ် ဇူလိုင်လမတိုင်ခင်ကာလများက ပြစ်မှုဖြေရှင်းရန် ကျန်ရှိခဲ့သည့် မော်တော်ယာဉ်ပြစ်မှုကျူးလွန်သူများအား နေပြည်တော် ခရိုင်တရားရုံးမှ သမ္မန်စာထုတ်ခြင်း၊ ဝရမ်းထုတ်ခြင်းများ ဆောင်ရွက်အရေးယူသွားမည်ဖြစ်ကြောင်း ယနေ့ကျင်းပပြုလုပ်သည့် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ အစည်းဝေးမှ သိရသည်။

ယခင် စနစ်ဟောင်းဖြင့် စီမံခန့်ခွဲခဲ့သည့်ကာလအတွင်း ထိုကဲ့သို့သော ပြစ်မှုကြွေးကျန်များ အမြောက်အမြားရှိနေခဲ့ပြီး နေပြည်တော် တပ်ကုန်းမြို့နယ်တစ်ခုတည်းတွင်ပင် အမှုကျန် ၅၀၀ ခန့်ရှိနေကြောင်း၊ ထိုအမှုများအား ကျူးလွန်သူ၏ နေရပ်လိပ်စာကို ပြန်လည်စိစစ်ကာ သမ္မန်စာထုတ်ဆင့်ခြင်း၊ မလာရောက်ပါက ဝရမ်းထုတ်ခြင်းများဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်အတွင်း မသိနားမလည်၍သော်လည်းကောင်း၊ ယာဉ်တစ်ခုခုခွတ်ယွင်း၍သော်လည်းကောင်း၊ စည်းကမ်းဖောက်ဖျက်၍သော်လည်းကောင်း၊ အရေးယူခံထားရမှု အများအပြားရှိနေစဉ်မှာ အမှုရင်ဆိုင်ဖြေရှင်းရန် အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်နေသူများရှိနေကြောင်းလည်း သိရသည်။ "တပ်ကုန်းကနည်းနည်းချောင်တော့ ဗိုးတက်မရှိလည်း သွားလို့ လာလို့ ဖြစ်သေးတယ်။ အဲဒါကြောင့် ငွေကုန်ခံပြီး လာမရွေးတာ။ ပျဉ်းမနားနဲ့ သီရိငါးမြို့ကတော့ မချောင်ဘူး။ အဲဒါကြောင့် ဒီမှာတော့ အမှုကျန်သိပ်မရှိနိုင်ဘူး။ အဖမ်းခံရရင်တော့ မရှိလည်း ချေး၊ ငှားပြီး ရွေးရတာပဲ" ပျဉ်းမနားမြို့မှ ဆိုင်ကယ်သမားကိုမျိုးက ပြောကြားသည်။

## ပုသိမ်တွင် မီးလောင်၍ လူ ၂၀ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရယက (၆) ရပ်ကွက် မြို့ပတ်လမ်းတွင် အောက်တိုဘာ ၁၀ ရက် နေ့လယ်၁ နာရီ ၃၅ မိနစ်အချိန်က မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ရယက (၆) ရပ်ကွက်ရှိ အမှတ် (၆၂/က) ကြက်သားရောင်းဝယ်ရေးဆိုင်မှစတင်လောင်ကျွမ်းရာ၎င်းစတင်လောင်ကျွမ်းသော (၁၈×၈) ပေသွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ၄ ခန်းတွဲ နှစ်ထပ်နေအိမ်တစ်လုံးနှင့် (၁၂×၁၂) ပေသွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အိမ်တစ်လုံး စုစုပေါင်း နှစ်အိမ် မီးလောင်ခံခဲ့ရကြောင်း သိရသည်။

မီးလောင်မှုကြောင့် အမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၁၁ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ မီးလောင်မှုသို့ မီးသတ်ယာဉ် ၄ စီး၊ အုပ်ချုပ်ရေးမှုယာဉ် ၁ စီး၊ ရေသယ်ယာဉ် ၁ စီး၊ စည်ပင်သာယာမှ ရေသည်ယာဉ် ၁ စီး၊ မြို့မရေသန့်မှ ရေသယ်ယာဉ် ၁ စီး၊ စုစုပေါင်း ၈ စီးဖြင့် မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦးနှင့်အရန် ၅၀ ဦး စုစုပေါင်း ၂၀ ဦး သွားရောက်ငြှိမ်းသတ်ခဲ့သည်။

၎င်းမီးလောင်မှုကို မီးသတ်ဦးစီးဌာနမှ ခန့်မှန်းဆုံးရှုံးမှုတန်ဖိုး ကျပ် ၃၂သိန်းခန့်ရှိကြောင်း သိရသည်။

## မုံရွာ-အရာတော်ကားလမ်းမကြီးဘေး ကျောက်ကုန်းမြေများတွင် ရင်းနှီးမြှုပ်နှံလိုသူပိုများလာ

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ-၁၃**

မုံရွာ-အရာတော်ကားလမ်းမကြီးဝဲယာကျောက်ကုန်းမြေများအား စီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံသူပိုများလာကြောင်း အရာတော်မြို့နယ်ဒေသခံတောင်သူများက ပြောကြားသည်။

"မုံရွာ-အရာတော်ကားလမ်းမှာ အရင်တုန်းကကျောက်ကုန်းမြေဆိုဝယ်သူမရှိဘူး။ ဒီနှစ်ကျောက်ကုန်းမြေတွေကို စိုက်ပျိုးရေးလုပ်ငန်းအတွက် စီးပွားရေးလုပ်ငန်းရှင်တွေရင်းနှီးမြှုပ်နှံသူတွေပိုများလာတယ်။လမ်းမကြီးဘေးဝဲယာလယ်ယာမြေတွေအရင်နှစ်တွေတုန်းကမြို့နဲ့ဝေးရင်ဝယ်သူမရှိဘူး။ ရွာနဲ့နီးရင်တောင်အဝေးဒေသကလာဝယ်ပြီး ရင်းနှီးမြှုပ်နှံတာ မရှိခဲ့ဘူး။အရာတော်မြို့အဝင် ကျောက်ကုန်းမြေထင်းတောတွေကို စီးပွားရေးလုပ်ငန်းရှင်တွေက သနပ်ခါးစိုက်ခင်းတွေအဖြစ် လုပ်ကိုင်သူပိုများလာတာနဲ့အညီ မြေဈေးတွေလည်းတက်သွားတယ်" ဟု အရာတော်မြို့နယ်၊ ကမ်းဖြူကျေးရွာဒေသခံတောင်သူတစ်ဦးကပြောသည်။



*မုံရွာ-အရာတော်လမ်းဘေးမြေနေရာများကို တွေ့ရစဉ်*

ဓာတ်ပုံ-မျိုးမင်းဦး

အရာတော်မြို့နယ်အတွင်း မုံရွာ-အရာတော်လမ်းမကြီးဝဲယာကျောက်ကုန်းမြေများအား သနပ်ခါးစိုက်ပျိုးရန်မြေတစ်ကေလျှင် ကျပ်သိန်း(၂၀)မှကျပ်သိန်း(၂၅၀) ကျော်အထိကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ပိုဖြစ်ခဲ့ပြီး ယခင်အရောင်းအဝယ်ဖြစ်ခဲ့သောယာမြေများအား ဝယ်လိုအားနည်းခဲ့သည်။ယခင်နှစ်များအတွင်း ယာမြေတစ်ကေကျပ်သိန်း(၂၀) ဝန်းကျင် အရောင်းအဝယ်ဖြစ်ချိန်က ကျောက်ကုန်းမြေတစ်ဧ ကျပ်ငါးသိန်းဝန်းကျင်သာ ရှိခဲ့ရာမှယခုနှစ်တွင် ကျောက်ကုန်းမြေဈေးမှာ မြေလွတ်တစ်ကေလျှင် ကျပ်သိန်း (၂၀)မှသိန်း(၅၀) အထိရှိပြီး လယ်ယာမြေတစ်ကေလျှင် ကျပ်သိန်း (၂၀)မှကျပ် (၃၅)သိန်းအထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ လမ်းမကြီးဘေးဝဲယာနေရာ ကောင်းသည့် ကျောက်ကုန်းမြေလွတ်တစ်ကေလျှင် ကျပ်သိန်း(၂၀)မှ (၅၀)အထိ ဈေးကောင်းပေးဝယ်ပြီး သနပ်ခါးသက်တမ်းပေါ်မူတည်၍ ကျပ်သိန်း(၃၀)မှ(၂၅၀) အထိဈေးကောင်းရသည့်အတွက် ကောက်ပဲသီးနှံစိုက်သည့် ယာမြေထက်ကျောက်ကုန်းမြေအား စီးပွားရေးလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံသူ ပိုများလာသည်။

## လမ်းမကြီးများပေါ်ဖြောက်အိုးများ ပစ်ဖောက်ရာမှ ယာဉ်တိုက်မှုကြုံတွေ့

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၁၃**

မုံရွာမြို့တွင် နှစ်စဉ်ကျင်းပလေ့ရှိသော သီတင်းကျွတ်ဘုရားကြီး ဈေးပွဲတော် (ဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော်)ကာလနှင့် အဝေးသင်တက္ကသိုလ်စာသင်ချိန်ကာလအတွင်း မုံရွာမြို့ပေါ် လမ်းမကြီးများ၌ ပုံမှန်ထက်ယာဉ်အစီးရေ(၃)ဆခန့်များပြားချိန်တွင် အများပြည်သူများ ထိတ်လန့်မှုအများဆုံးဖြစ်စေသောဖြောက်အိုးများကို ယာဉ်ထူထပ်သည့် လမ်းမကြီးများပေါ် ပစ်ဖောက်ခြင်းကြောင့် ယာဉ်တိုက်မှုများ မကြာခဏကြုံတွေ့ခဲ့ရကြောင်း မုံရွာမြို့ဒေသခံ ယာဉ်မောင်းများက ပြောသည်။

"မုံရွာမြို့မှာ သီတင်းကျွတ်ဘုရားကြီးဈေးပွဲတော်ကာလအတွင်း နယ်ဒေသစုံက အဝေးသင်တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ကျောင်းတက်ဖို့ရောက်တဲ့အချိန်ဆိုတော့ဆိုင်ကယ်တွေတော်တော်များလာတယ်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်ကာလတွေမှာ အရင်နှစ်တွေက ဖြောက်အိုးတွေ မြည်သံနဲ့ ပိုမြည်တဲ့ဖြောက်အိုးတွေကြောင့် ယာဉ်မောင်းတွေ အထိတ်တလန့်ဖြစ်ပြီး ယာဉ်တိုက်မှုတွေ ပိုများလာတယ်"ဟုမုံရွာတက္ကသိုလ်လမ်းမကြီးတွင်ပြေးဆွဲလျက်ရှိသော သုံးဘီးယာဉ်မောင်းတစ်ဦးက ပြောသည်။

"သီတင်းကျွတ်လပြည့်နေ့ညပိုင်းမှာ အဝေးသင်ကျောင်းသားကျောင်းသူတွေဘုရားသွားကျောင်းတက်ကြတာရော၊ နယ်ကဘုရားဖူးယာဉ်တွေရောက်နေတာရောကြောင့် မုံရွာမြို့ပေါ်မှာယာဉ်တွေထပ်ပြီး လမ်းတွေကျပ်တဲ့အထိကြုံခဲ့ရတယ်။ *စာ(၁၈) သို့*




7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# မီးဘေးသင့်ချင်းတွင်းရတနာဈေးဆိုင်ခန်းပိုင်ရှင်များ ချေးငွေကိုအားထား

ရန်နိုင်ကျော်

**မုံရွာ၊ အောက်တိုဘာ- ၁၂**

မီးဘေးသင့်ချင်းတွင်းရတနာဈေးဆိုင်ခန်းပိုင်ရှင်များကိုစည်ပင်သာယာရေးဘဏ်မှ ချေးငွေထုတ်ပေးသည့်အစီအစဉ်တွင် ငွေချေးရန် လျှောက်လွှာလျှောက်ထားသူများကြောင်း သတင်းရရှိသည်။

အခန်းပိုင်ရှင်များမှာ ဆိုင်ခန်းအသစ်အတွက် ကြိုတင်ငွေကျပ်ငါးသိန်းပေးသွင်းပြီး ဈေးဆိုင်ခန်းတန်ဖိုး၏(၅၀)ရာခိုင်နှုန်းအားစည်ပင်သာယာရေးဘဏ်မှ ချေးငွေထုတ်ယူနိုင်မည့်လျှောက်လွှာများကိုအောက်တိုဘာလဆန်းပိုင်းမှစ၍ လက်ခံယူခဲ့ရာ မီးသင့်ချင်းတွင်းရတနာဈေးဆိုင်ခန်းပိုင်ရှင်အားလုံးနီးပါး လျှောက်လွှာတင်ကြောင်း ချင်းတွင်းရတနာဈေးမီးသင့်ဈေးဆိုင်ခန်းပိုင်ရှင်များကပြောသည်။

"အတိုးနည်းနည်းနဲ့ချေးငွေရတော့ မီးသင့်လို့ပြန်လည် ထူထောင်နေရတဲ့ ဈေးဆိုင်ပိုင်ရှင်တွေအားလုံးအဆင်ပြေသွားတယ်" ဟုမီးသင့်ချင်းတွင်းရတနာဈေးမှ ဈေးဆိုင်ခန်းပိုင်ရှင် တစ်ဦးက ပြောသည်။

ဈေးသစ်တွင် ဆိုင်ခန်းအမျိုးအစားသုံးမျိုးရှိပြီး ကျပ် ၃၆ သိန်း၊ ၁၁၄ သိန်းနှင့် ၁၅၀ သိန်း တန်ဖိုးရှိဆိုင်ခန်းများဖြစ်သည်။ ချေးငွေရရှိပါကဆိုင်ခန်း၏ထက်ဝက်တန်ဖိုးကို ဗဟိုဘဏ်အတိုးနှုန်းအတိုင်း ရရှိမည်ဟု ဆိုင်ခန်းရှင်များက ဆိုသည်။

မုံရွာမြို့၊ ချင်းတွင်းရတနာဈေးကြီး မီးလောင်မှုမှာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လ(၃)ရက် နံနက်(၃)နာရီခွဲ အချိန်ခန့်တွင် ချင်းတွင်းရတနာဈေးရုံအမှတ် (၁၆)၊ ဆိုင်ခန်းတစ်ခန်းမှ ပေါ့ဆမှုကြောင့် မီးစတင်လောင်ကျွမ်းခဲ့ သည်။ မီးလောင်ကျွမ်းခဲ့သော ချင်းတွင်းရတနာဈေးအရှေ့ဘက်ခြမ်းမှာဆိုင်ခန်းပေါင်း(၅၁၁) ခန်းရှိသော နှစ်ထပ်ဈေးအမျိုးအစားဖြစ်သည်။ စုစုပေါင်းဆိုင်ခန်း (၄၀၆) ခန်း မီးလောင်ပြီး ကာလတန်ဖိုးကျပ်သိန်းပေါင်း(၁,၆၅၆)သိန်း ဆုံးရှုံးခဲ့သည်။ မီးဘေးသင့် ချင်းတွင်းရတနာဈေးကြီး ဖျက်သိမ်းရှင်းလင်းရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအားရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ထားဝယ်တွင် အတုအယောင်အလှူခံများ ပိုများလာ

တင့်စိုးဝေ(ထားဝယ်)

**ထားဝယ်၊ အောက်တိုဘာ-၅**

ထားဝယ်မြို့ပေါ်တွင် မျက်နှာစိမ်းအလှူခံများမှာ မပြတ်တွေ့မြင်နေရပြီး သင်္ကန်းဝတ်များ၊ မယ်သီလရှင်များ၊ ပရဟိတရန်ပုံငွေအတွက်ဟုပြောကာ နယ်တကာလှည့်လည် အလှူခံနေကြကြောင်း သိရသည်။

"ဘုန်းကြီးဆိုတော့ ဆိုင်ကယ်ငှားခကိုမယူတော့ဘူး။ တစ်လမ်းလုံးသာသနာပြုတဲ့အကြောင်းတွေ ပြောလာတော့ ကျွန်တော် ကြည်ညိုမိတာလည်းပါတယ်။ ဆိုင်ကယ်ရပ်ခိုင်းပြီး သူဆင်းသွားတော့ လူတစ်ယောက်က ကျွန်တော့်ကို ပြောတယ်ဗျ။ အဲဒါသင်္ကန်းဝတ်ပြီး လျှောက်အလှူခံနေတဲ့ လူညာဗျ။ နေ့တိုင်းဆေးအတွက်ဆိုပြီး ထန်းရည်လာပြီးဝယ်နေကျဗျ။ နောက်ကိုမလှူပါနဲ့တဲ့။ ဇလွန်ဘူတာကြီးမှာ တည်းခိုနေထိုင်ကြပြီး လုပ်စားနေကြတာ။ မယ်သီလရှင်အယောင်ဆောင်တွေလည်းပါသေးတယ်။ သူတောင်းစားတွေလည်းရှိတယ်" ဟု ဆိုင်ကယ်တက္ကစီသမားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ဒေသက အလှူဒါနပိုင်းမှာ ရက်ရောကြပါသည်။ အလှူခံမဝင်ရ ဆိုင်းဘုတ်ဆို မတွေ့ရဘူး။ ဒါကိုအခွင့်ကောင်းယူပြီး အချောင်သမား သာသနာ့ဝန်ထမ်းအတုအယောင်တွေ လာရောက်စားကျက်ရှာကြတယ်။ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှာ အဲဒီလို အတုအယောင်တွေ ငါးထောင်ကျော်ကို နိုင်ငံတော်မှ ဖမ်းဆီးစစ်ဆေးအရေးယူလိုက်တာ ဂျာနယ်ထဲမှာဖတ်ရပါတယ်။ ထားဝယ်ဒေသမှာ လည်း ရန်ကုန်တိုင်းဒေသကြီးနည်းတူစစ်ဆေးအရေးယူသင့်ပါတယ်" ဟု ထားဝယ်ဒေသခံတစ်ဦးကပြောသည်။

## ဘင်္ဂလားဒေ့ရှ်အဝယ်ရှိ မီးသွေးဈေးမြောက်

ပိုင်စိုး

**သံတွဲ၊ အောက်တိုဘာ-၁၅**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ထွက်မီးသွေးများကို ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရန်ဝယ်ယူနေကြ၍ သံတွဲမြို့နယ်တွင် မီးသွေးရှားပါးကာ ဈေးနှုန်းမြင့်တက်နေကြောင်း သိရသည်။

တောင်ကုတ်မြို့မှ ကုန်သည်များလာရောက်ပြီး မြို့နယ်အတွင်းမှ မီးသွေးများအား ဈေးကောင်းပေးကာ ရသလောက်ဝယ်ယူနေ၍ မီးသွေးပြတ်လပ်နေကြောင်း သံတွဲမြို့ ဒေသခံများကပြောသည်။ "ဘင်္ဂလားကိုပို့မယ်လို့ပြောတယ်။ အဲဒီကတစ်ဆင့်တခြားနိုင်ငံတွေကို ထပ်ပို့မယ်ထင်တယ်။ လမ်းကြိုလမ်းကြားက ဆိုင်လေးတွေပါမကျန်လိုက်ဝယ်နေတာ" ဟု ဒေသခံတစ်ဦးကပြောသည်။

ယခင်က တစ်ပိဿာလျှင် ၁၅၀ ကျပ်ခန့်သာ ရှိခဲ့သော မီးသွေးများကိုယင်းကုန်သည်များက ၂၅၀ ကျပ်ခန့်ထိပေးကာဝယ်ယူခဲ့သဖြင့် မီးသွေးအားလုံးကို ရောင်းချခဲ့ပြီး ယခုပြန်ဝယ်၍မရနိုင်သေးကြောင်း သံတွဲမြို့၊ အမှတ် (၂)ရပ်ကွက်မှ မီးသွေးရောင်းသူအမျိုးသမီးကပြောသည်။ "ပျဉ်းကတိုးမီးသွေးဆိုရင် ၅၀၀ အထိပေးမယ်ပြောတယ်" ဟု ၎င်းကပြောသည်။

"ရွာတွေပါမကျန်တစ်မြို့နယ်လုံးကို လိုက်ပြီး ဝယ်နေတယ်။ ကျွန်တော့်ဆီကလည်း အကုန်ယူမယ်လို့ပြောတာ။ ဖောက်သည်တွေပြတ်မသွားအောင် အိတ် ၁၀၀ ချန်ထားရတယ်။ ကိုးပိဿာခွဲတစ်အိတ်ကို နှစ်ထောင့်နှစ်ရာရတယ်" ဟု အိတ် ၃၀၀ ရောင်းချခဲ့သူတစ်ဦးက ပြောကြားသည်။

သံတွဲမြို့နယ်တွင် တစ်ပိုင်တစ်နိုင် မီးသွေးဖုတ်သူများသာရှိပြီး မီးသွေးများကို သံတွဲ-ဂွကားလမ်းတစ်လျှောက်ရွာများမှ ရန်ကုန်မြို့သို့တင်ပို့လျက်ရှိကြောင်း သိရသည်။

ပုံမှန်အားဖြင့် သီတင်းကျွတ်လတွင် မီးသွေးလုပ်ငန်းများစတင်လေ့ရှိသော်လည်း ယခုနှစ်တွင် နောက်ကျနိုင်ကြောင်း သံတွဲမြို့မှ မီးသွေးကုန်သည်တစ်ဦးကပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# မုံရွာ – မန္တလေးလမ်းတွင် တန်ပိုယာဉ်များအား ဒဏ်ကြေး၁၀ ဆကောက်ခံသဖြင့် ကုန်တင်ယာဉ်အချို့လုပ်ငန်းရပ်နား

ရန်နိုင်ကျော်

**မုံရွာ၊ အောက်တိုဘာ- ၁၂**




မုံရွာ-မန္တလေးအဝေးပြေးလမ်းမကြီးပေါ်တွင်ပြေးဆွဲလျက်ရှိသည့် ယာဉ်များအား ယာဉ်၏သတ်မှတ်တင်ဆောင်ခွင့်ထက် ပိုမိုတင်ဆောင်သောတန်ပိုယာဉ်များအား ယခုနှစ်အောက်တိုဘာလ(၉)ရက်မှစ၍ လမ်းကြေး၊တံတားကြေး သတ်မှတ်နှုန်းထား၏ (၁၀) ဆအားဒဏ်ကြေးအဖြစ် ကောက်ခံခဲ့သည့်နောက်ပိုင်း မုံရွာ-မန္တလေးကုန်တင်ယာဉ်အချို့လုပ်ငန်း ရပ်နားခဲ့ရကြောင်း မုံရွာ-မန္တလေးကုန်တင်ယာဉ်မောင်းများ ပြောပြချက်အရ သိရှိရသည်။

မုံရွာ-မန္တလေး၊မုံရွာ-ရန်ကုန် ကုန်တင်ယာဉ်များတွင်(၁၆)တန်အထက်ယာဉ်ကြီးများသာပြေးဆွဲလျက်ရှိပြီး ယာဉ်အလေးချိန်လျှော့ချသည့်အနေဖြင့်ယာဉ်ကိုယ်ထည်အစိတ်အပိုင်းများပြောင်းလဲပြုပြင်ပြေးဆွဲသူပိုမိုများပြားလာသည်။ မုံရွာ-မန္တလေးကုန်တင်ယာဉ်များတွင်ကောက်ပဲသီးနှံတစ်တင်းခွဲ တစ်အိတ်လျှင် ယခင်(၂၅၀) မှ ယခု (၃၅၀) ကျပ်အထိ ဈေးတက်သွားပြီးမုံရွာဒေသထွက်ကြာဆံငါးပိသာဝင်တစ်ထုတ် ယခင်(၁၅၀)မှ(၂၅၀)ကျပ်အထိ ပျမ်းမျှ ယခင်ဈေးထက် ကျပ်တစ်ရာနှုန်း မြင့်တက်သွားကြောင်း သိရသည်။

မုံရွာ-ရန်ကုန်ကုန်တင်ယာဉ်များတွင်လည်း ဈေးနှုန်းများ မြင့်တက်သွားသည်။ မုံရွာဒေသထွက်ကုန်သီးနှံများ လှိုင်လှိုင်ပေါ်ထွက်ချိန်တွင် ကုန်တင်ယာဉ် ငှားရမ်းမှု မြင့်တက်လေ့ရှိပြီး ယခင်နှစ်များအတွင်း ကောက်ပဲသီးနှံသယ်ယူရန် ယာဉ်ငှားရမ်းမှုမြင့်တက်မှုကြောင့် မုံရွာ-မန္တလေးကောက်ပဲသီးနှံတစ်အိတ်လျှင်(တစ်တင်းခွဲ) ၄၅၀ မှ ၆၀၀ ကျပ်အထိရှိသည်။ လမ်းတံတား အခွန်အခများကြောင့်ကုန်တင်ယာဉ်တန်ဆာခမြင့်တက်မှုတွင်(၁၆)တန်အထက်ကုန်တင်ယာဉ်များ အခက်မကြုံတွေ့ရဘဲ ၂တန်မှ ၅တန်အတွင်း ကုန်တင်ယာဉ်များသာ ထိခိုက်မှုရှိကြောင်း သိရှိရသည်။

"ခရီးသည်တင်ယာဉ်တွေမှာ တန်ပိုကြောင့်ယာဉ်ငယ်တွေ မထိခိုက်ပါဘူး။ ရန်ကုန်-မုံရွာခရီးသည်တင်ယာဉ်တွေသာ ဒဏ်ကြေး(၁၀)ဆပေးဆောင်နေရတာများတယ်။ မုံရွာ-ရန်ကုန်ခရီးသည်တင်ကားတွေလည်း ယာဉ်စီးခနဲ့တန်ဆာခတွေတိုးတောင်းဖို့တော့ပြင်နေရတယ်။ လမ်းကြေးတံတားကြေးက သတ်မှတ်နှုန်း အတိုင်းမောင်းဖို့က ယာဉ်အလေးချိန်ကိုက(၁၄)တန်ကနေ(၁၆)တန်အထိရှိတော့ အချို့ကားတွေက (၁၆)တန်ကျော် ဒဏ်ထိတော့ ကားအားလုံးနီးပါး ဒဏ်ကြေးဆောင်နေရတယ်။ အရင်တစ်ခါကတရားရုံးတက်ပြီး ဒဏ်ဆောင်ရတာထက်တော့ အခုတိုးဂိတ်မှာ ဒဏ်ကြေးတစ်ခါတည်းဆောင်ဆိုတော့ယာဉ်မောင်းတွေအတွက်တော့အဆင်ပြေတယ်"ဟု မုံရွာ-ရန်ကုန် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ကုန်တင်ယာဉ်များနှင့်ခရီးသည်တင်ယာဉ်များကြောင့်လမ်းများပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေးအတွက်သတ်မှတ်တန်ချိန်ထက်ပိုမိုတင်ဆောင်ပြေးဆွဲသောယာဉ်များအား ယခုနှစ်ဖေဖော်ဝါရီလအတွင်း မုံရွာ-မန္တလေး အဝေးပြေးလမ်းပိုင်းရှိ စစ်ကိုင်းမြို့အဝင်(အုန်းတော)တိုးပလာဇာမှ တန်ပိုယာဉ်များအား ဥပဒေအရတရားစွဲဆိုမှုအား ပထမဆုံး အကြိမ်အဖြစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

# ကယ်ရီယောင်ဆောင် ပြေးဆွဲပါက ထောင် ၃ လအထိ ကျနိုင်

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ-၁၃**

နေပြည်တော်ကောင်စီနယ်မြေအတွင်း အခြေအနေအရ ယာယီခွင့်ပြုထားသော ဆိုင်ကယ်ကယ်ရီပြေးဆွဲမောင်းနှင်သူများကဲ့သို့ဝတ်စားဆင်ယင်ကာ အယောင်ဆောင်ပြေးဆွဲသူများအား စစ်ဆေးတွေ့ရှိပါက ထောင်ဒဏ် ၃ လအထိပြစ်ဒဏ်ချမှတ်နိုင်ကြောင်း နေပြည်တော်ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးကပြောကြားသည်။

"အယောင်ဆောင်ကယ်ရီ တုပပြေးဆွဲတဲ့ ကယ်ရီတွေအတွက် ဥပဒေက ရှိပြီးသားပါ။ ထောင်ချလို့ရတယ်။ ပြစ်မှုကြီးရင် သုံးလအထိ ချမှတ်နိုင်တယ်" ဟူ၍ အဆိုပါ ကော်မတီဝင်က ပြောကြားခဲ့ပြီး လောလောဆယ်တွင် ထိုကဲ့သို့ အယောင်ဆောင်သူများအား မတွေ့ရသေးသော်လည်း နောင်တွင်ရှိလာနိုင်သည့်အတွက် ကြိုတင်စီမံထားခြင်းဖြစ်ကြောင်း သိရသည်။

ဒေသတွင်း ခရီးသွားလာမှုအစဉ်ပြေရေးအတွက် ဆိုင်ကယ်ကယ်ရီအစီးရေ ၂၀၀၀ ခန့်ကို ယခုလဆန်းမှ စတင်စိစစ်ခွင့်ပြုပေးထားသော်လည်း တုပပြေးဆွဲမှုရှိလာသောကြောင့် မြို့နယ် ယာဉ်စည်းကမ်းဥက္ကဋ္ဌများ၏ လက်မှတ်ပါကတ်ပြားများ စီစဉ်ထားကြောင်း၊ ထပ်မံစာရင်းတင်လာသူများအား လောလောဆယ်ခွင့်ပြုရန် မရှိသေးကြောင်းလည်း တာဝန်ရှိသူက ပြောကြားသည်။

ကယ်ရီဆိုင်ကယ်ပြေးဆွဲသူများအား အင်္ကျီအရောင်များ သတ်မှတ်ထားသကဲ့သို့ ဘောင်းဘီရှည် ဝတ်ဆင်ရန်လည်း သတ်မှတ်ထားကြောင်း ၎င်းအပြင် ဂိတ်မှူးများအသီးသီးထားရှိကာ နှစ်ဦးနှစ်ဖက် လုံခြုံရေးအတွက် စီမံခန့်ခွဲပေးစေမည်ဖြစ်ကြောင်း အခြားသူတစ်ဦးသို့ အင်္ကျီနှင့် ကတ်ပြား လက်လွှဲပြောင်းငှားရမ်းသူများကိုလည်း ပြေးဆွဲခွင့်ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ဝန်ထမ်းများ၏ ပျောက်ဆုံးဆိုင်ကယ် ၁၇ စီးအနက် ပြန်လည်ဖမ်းဆီးရမိခဲ့သော ဆိုင်ကယ်ဆယ်စီးကို မူလပိုင်ရှင်များထံပြန်လည်ပေးအပ်ပွဲကို နေပြည်တော်ကောင်စီရုံး၌ ယနေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)



# ယာဉ်သက်သေခံလက်မှတ် ပြန်လည်လျှောက်ထားရာတွင် ယာဉ်ထိန်းတပ်ဖွဲ့ ထောက်ခံချက်လို

ထူးသန့်

**နေပြည်တော်၊ အောက်တိုဘာ-၁၃**

ဝိုးတက်ခေါ် ယာဉ်သက်သေခံလက်မှတ်ပျောက်ဆုံး၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မိတ္တူပြန်လည်လျှောက်ထားရာတွင် ယခင်ကဲ့သို့ရဲစခန်းမှ ပျောက်ဆုံးကြောင်း ထောက်ခံချက်ပါရုံနှင့်မလုံလောက်တော့ဘဲ ယာဉ်ထိန်းတပ်ဖွဲ့ထံမှ ပြစ်မှုကင်းရှင်းခြင်းရှိ၊ မရှိပြန်ကြားချက်ပါရှိရန်လိုအပ်ကြောင်း ယနေ့ကျင်းပသော နေပြည်တော်ယာဉ်စည်းကမ်းအစည်းအဝေးမှ သိရသည်။

ပြစ်မှုရင်ဆိုင်ဖြေရှင်းရန် ရှောင်လွှဲလိုသူများကိုသိရှိဖော်ထုတ်နိုင်ရန် အဆိုပါ အကြောင်းအရာကို ယခင်အပတ်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး အထက်ပါ အထောက်အထားပါရှိမှသာ လျှင်ယာဉ်သက်သေခံလက်မှတ်မိတ္တူထုတ်ပေးသွားမည်ဖြစ်ကြောင်းလည်း ကညနမှ တာဝန်ရှိသူက ပြောကြားသည်။

နေပြည်တော်တွင် သတ်မှတ်စည်းကမ်းဖောက်ဖျက်၍ စစ်ဆေးတွေ့ရှိသူများအား ယာဉ်ထိန်းတပ်ဖွဲ့မှ ဝိုးတက်၊ ယာဉ်မောင်းလိုင်စင်များကို ယာယီထိန်းသိမ်းထားပြီး ပြစ်မှုရင်ဆိုင်ဖြေရှင်းမှသာ ပြန်လည်ထုတ်ပေးလျက်ရှိရာ ပြစ်မှုရှောင်လွှဲလိုသူများအနေဖြင့် ရဲစခန်းမှ ပျောက်ဆုံးကြောင်း ထောက်ခံစာရယူကာ မိတ္တူလျှောက်ထားရယူမှုများရှိခဲ့ကြောင်းလည်း ယင်းအစည်းအဝေးမှပင် သိရှိရသည်။

"အပြစ်မှုရင်ဆိုင်ပြီး ဒဏ်ငွေသွားဆောင်ရင် ပိုက်ဆံပိုကုန်တာပေါ့။ အဲဒါကြောင့် အချို့က ရဲစခန်းထောက်ခံချက်နဲ့ပျောက်တယ်ဆိုပြီး မိတ္တူလျှောက်ကြတယ်။ အခုတော့မရတော့ဘူး" ဟူ၍ နေပြည်တော် ယာဉ်စည်းကမ်းကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ရှင်းလင်းပြောကြားသည်။

၎င်းအပြင် နေပြည်တော်ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်အပ်နှံထားသော သက်တမ်းရင့် ယာဉ်အိုယာဉ်ဟောင်း ၁၉၉ စီးရှိပြီး ၅၈ စီးကို ပြန်လည်အသုံးပြုခွင့်ပေးထားကြောင်းလည်း သိရသည်။

# လိုင်စင်မဲ့ဆိုင်ကယ်များ ကောလင်းတွင် ရောင်းချ

ဇင်မာသင်း

**ကောလင်း၊အောက်တိုဘာ-၁၃**

စစ်ကိုင်းတိုင်းဒေသကြီးကောလင်းမြို့တွင် တရားမဝင် လိုင်စင်မဲ့ ဆိုင်ကယ်များကို ပြောင်ပြောင်တင်းတင်း ရောင်းချနေပြီးစီးနင်းကြသူများကလည်းလူစည်ကားရာ ဈေးအထွက်မှာပင် စည်းမဲ့ကမ်းမဲ့ မောင်းနှင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိကာ တိုက်သူနှင့် အတိုက်ခံရသူကြား နားလည်မှုဖြင့်ညှိနှိုင်း၍ သက်ဆိုင်ရာနှင့်ပြေလည်အောင်ဆောင်ရွက်လိုက်ကြသဖြင့် ယာဉ်တိုက်မှုပြစ်မှုမမြောက်ဘဲ ပြီးဆုံးလိုက်ကြသည်ကများသည်ဟု ဆိုသည်။

လိုင်စင်မဲ့ဆိုင်ကယ်များကိုဥပေက္ခာပြုထားမည့် အစားထိရောက်စွာအရေးယူပြီးစည်ပင်ဈေး(၈)လမ်း၊ (၉) လမ်းတွင် လူစည်ကားချိန် နံနက် ၆ နာရီမှ နံနက် ၁၁ နာရီကြားဆိုင်ကယ်များ ဝင်ရောက်ခြင်း၊ ဈေးအတွင်းကုန်ပစ္စည်းများ တင်ချခြင်း၊ စည်းကမ်းမဲ့ဆိုင်ကယ်စက်ဘီးထားရှိခြင်းများကို တားမြစ်သင့်ကြောင်း ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးသူဈေးသားများက လိုလားလျက်ရှိကြကြောင်း သိရသည်။




Uni-Smart Co.,ltd
Job Vacancy (URGENT)

7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011


# ကိုရီးယားဘာသာစကား အရည်အချင်းစစ် စာမေးပွဲ အောင်ရုံဖြင့်အလုပ်မရနိုင်

အောက်တိုဘာလကုန်ပိုင်းတွင် ကျင်းပမည့် KLT စာမေးပွဲဖြေဆိုမည့်သူ ၁၂၀၀၀ ကျော်ရှိပြီး ထိုအထဲမှ ၃၅၀၀ ဦးသာ ကိုရီးယားနိုင်ငံတွင် အလုပ်အကိုင်ရရှိမည်ဖြစ်သည်။



*အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်ကို တွေ့ရစဉ်*

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ(KLT)အောင်ရုံဖြင့် ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်နိုင်မည် မဟုတ်ကြောင်း အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က သတင်းထောက်များအား ပြောသည်။

"စာမေးပွဲတစ်ကြိမ် ဖြေထားပြီးရင် ၂ နှစ်သက်တမ်းရှိပါတယ်။ Roster စီတာက တစ်နှစ်သက်တမ်း ရှိပါတယ်။ နောက်တစ်နှစ်ကျရင် Roster (အလှည့်ကျတန်းစီစနစ်) တစ်ခါ ပြန်စီရမယ်။ အလုပ်ရှင်ခေါ်မှ သွားလို့ရမှာပါ"ဟု ဦးချစ်ရှိန်က ပြောကြားသည်။

လူငါးထောင် Roster စီထားသော်လည်း ယခုနှစ်တွင် လူသုံးထောင်ခေါ်သွားပါက ကျန်သည့်နှစ်ထောင်အား Roster ပြန်စီပေးပြီး စာမေးပွဲအောင်ထားသူများနှင့်ထပ်၍ Roster စီပေးမည်ဖြစ်သည်။

နှစ်ကြိမ်စီပြီးပါက စာမေးပွဲပြန်ဖြေရမည်ဖြစ်သည်။ အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ အစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တတိယအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲကိုအောက်တိုဘာ ၂၉ ရက် မှ ၃၀ ရက်အထိ ကျင်းပရန်ရှိပြီး ၁၂၄၉၁ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

ထိုအထဲမှ ၃၅၀၀ ဦးအား ကိုရီးယားနိုင်ငံမှ ခေါ်ယူမည်ဖြစ်ကြောင်း အစိုးရပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှတာဝန်ရှိသူ ဦးမျိုးအောင်က ပြောကြားသည်။

ပထမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများမှ လျှောက်လွှာပြန်တင်သူ ၁၇၇၁ ဦး၊ အလုပ်ခေါ်စာရရှိသူ ၁၇၁၅ ဦး ရှိပြီး ၁၅၄၆ ဦး စေလွှတ်ခဲ့ပြီးဖြစ်သည်။

ဒုတိယအကြိမ် စာမေးပွဲအောင်မြင်သူများမှ အလုပ်ခေါ်စာရရှိသူ ၄၁၃ ဦးရှိပြီး ၂၅၀ ဦးစေလွှတ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီ ခြောက်ခုအား အရေးယူ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၁၆**

ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီခြောက်ခုအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခြင်းမရှိသောကြောင့်ယခုနှစ်အတွင်း အရေးယူခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်က အောက်တိုဘာ ၁၆ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ထိုကုမ္ပဏီခြောက်ခုမှာ ဂရင်းဝေး၊ ကောင်းဆက်၊ မြန်မာ့အေး၊ Royal Myanmar, Golden Cambel, ဘားတက်ပ်ပဲလေ့စ်တို့ဖြစ်သည်ဟု ဦးချစ်ရှိန်က ပြောသည်။

"ခွင့်ပြုချက်မယူဘဲ လွှတ်တာရယ်၊ မိန်းကလေးတွေ ပို့လို့ အတိုင်ခံရလို့ပြောတဲ့အလုပ်ကတစ်မျိုး၊ ရတဲ့အလုပ်က တစ်မျိုး အဲဒါတွေအဖြစ်များတာပါ"ဟု ဦးချစ်ရှိန်က ပြောသည်။

ပြီးခဲ့သည့်နှစ်ကလည်း တိုင်ကြားမှုများနှင့် စည်းကမ်းဖောက်ဖျက်မှုများရှိသဖြင့် ကုမ္ပဏီအချို့အားအရေးယူခဲ့ရသည်။ ယခုနှစ်အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ ၁၁၃ ခု တို့အား လိုင်စင်ထုတ်ပေးခဲ့သည်။

## Free Classified ဝန်ထမ်းအလိုရှိသည် အခမဲ့ကြော်ငြာကဏ္ဍ

ဂျပန်စကားတတ်ကျွမ်းသော စာရင်းကိုင်-မ(၁)ဦးအလိုရှိသည်။
**ဖုန်း-၆၅၀၉၅၉၊ ၆၅၀၉၃၃**
(ext-126)

--------------------------

(1)Shop Manager (Taung Gyi Shop) - M/F(1)Post
(2)Sales Supervisor - M/F
(3) Junior Accountant - F(1) Post
(4) အရောင်းဝန်ထမ်း-ကျား/မ
GIORDANO
**ဖုန်း-၂၉၉၇၈၉၊ ၂၉၁၈၂၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ဆံပင်(ဖြောင့်၊ကောက်၊ညှပ်)ကျွမ်းကျင်သူ - မ(၃)ဦး
၂။ (လက်သည်း/ခြေသည်း) ပုံဖော်ကျွမ်းကျင်သူ - မ(၁)ဦး
**ဖုန်း-၅၄၀၆၀၅**

--------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
1. Marketing - Male (5)Posts
2. Superviosr, Operator - Male (5) Posts
**ဖုန်း-၀၉-၇၃၁၅၃၆၀၅**

--------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
ဆိုင်အကူဝန်ထမ်း-(၂)ဦး(ကျား)
Marketing Type -(၂)ဦး(မ)
**ဖုန်း-၀၉-၇၃၀၁၀၁၄၄**

--------------------------

1. Sales & Marketing Manager - ကျား/မ(၁)ဦး
2. Graphic Designer - ကျား/မ(၁)ဦး
3. Sales Staff - ကျား/မ(၂)ဦး
4. Driver - ကျား(၁)ဦး
Rising White Tiger Manufacturing Co.,Ltd
email: risingwhitetiger.mm@gmail.com

--------------------------

**ဝန်ထမ်းအလိုရှိသည်**
စာစီစာရိုက်နှင့်ဒီဇိုင်းကျွမ်းကျင်သူ မ(၂)ဦး
Min Thurein Publishing Services၊ **ဖုန်း-၀၉-၅၁၄၈၅၂၄**

--------------------------

**အမြန်အလိုရှိသည်**
Japanese Language Instructor (2)- Post
Better Life Education & Carrer Supporting Centre
**ဖုန်း-၃၈၂၅၂၉**

--------------------------

**အလိုရှိသည်**
ယာဉ်မောင်း-(၁)ဦး
**ဖုန်း-၆၅၂၂၈၆**

--------------------------

**အမြန်အလိုရှိသည်**
ရုံးလုပ်ငန်း၊ ငွေစာရင်းကျွမ်းကျင်ဝန်ထမ်း-မ(၁)ဦး
**ဖုန်း-၀၉-၇၃၀၉၆၆၇၇**

--------------------------

**အလိုရှိသည်**
၁။ Production Manager -(၁)ဦး၊ ၂။ Fashion Designer - မ(၂)ဦး၊ ၃။ Graphic Designer - ကျား/မ (၁)ဦး၊ ၄။ Pattern ကျွမ်းကျင်-ကျား/မ(၁)ဦး
**ဖုန်း-၆၈၉၃၈၅၊ ၆၈၇၀၃၇**

--------------------------

- Agriculture Expert
Solidarite's International
email: hr.solidarites.mm@gmail.com

--------------------------

**အမြန်အလိုရှိသည်**
Quality Controller - M/F (2) Post
English (သို့) Japan စကားပြောနိုင်သူနှင့် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
e-mail: ken2myanmar@gmail.com

--------------------------

**ဝန်ထမ်းအလိုရှိသည်**
မ-(၁)ဦး
**ဖုန်း-၀၉-၇၃၁၄၃၇၂၂**

--------------------------

Ever Air-con Service မှ Halper - (4)Posts အလိုရှိသည်။
**ဖုန်း-၅၄၂၉၈၅၊၀၉-၅၀၂၃၀၆၉**

--------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
ဆံပင်ညှပ်ကျွမ်းကျင် -မ(၂)ဦး၊
ခေါင်းလျှော်ကျွမ်းကျင် -မ(၂)ဦး၊
**ဖုန်း-၅၁၀၀၆၉၊ ၀၉-၅၁၃၃၃၉၃၆**

--------------------------

-Sales and Marketing Manager/ Assist/ - M/F (2)Posts
-ယာဉ်မောင်း-ကျား(၂)ဦး
Myanmar Kowa International Co., Ltd (၂ပတ်အတွင်း)
**ဖုန်း-၂၄၅၉၂၅၊၂၄၆၃၀၄**
(၂ပတ်အတွင်း)

**ဝန်ထမ်းအလိုရှိသည်**
(၁) Store ဝန်ထမ်း-မ(၁)ဦး၊
(၂) Marketing Staff -မ(၂)ဦး၊
(၃) Sales Promotors -မ(၆)ဦး
THAR KI NWE CO., LTD
**ဖုန်း-၅၅၂၈၂၀၊ ၅၅၂၈၈၅**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ A+, Hardware ကျွမ်းကျင်စွာသင်ကြားနိုင်သူ-ကျား/မ(၂)ဦး၊ ၂။ AutoCAD 2D, 3D Max ကျွမ်းကျင်စွာသင်ကြားနိုင်သူ-ကျား/မ(၂)ဦး၊ ၃။ Reception -မ(၂)ဦး၊ ၄။ အင်တာနက်ကျွမ်းကျင်-ကျား/မ(၆)ဦး၊ ၄။ Basic, DTP, Design ကျွမ်းကျင်စွာသင်ကြားနိုင်သူ-ကျား/မ(၃)ဦး
**ဖုန်း-၂၉၅၆၇၉၊ ၃၇၇၂၃၆**

--------------------------

**ဝန်ထမ်းအလိုရှိသည်**
(အိမ်၊ခြံ၊မြေ)ကျွမ်းကျင်-ကျား/မ(၅)ဦး၊
(အိမ်၊ ခြံ၊ မြေ) Marketing -ကျား/မ(၁၀)ဦး
**ဖုန်း-၅၁၀၆၀၀၊ ၅၁၀၉၅၀**

--------------------------

Sales Manager - F (2) Posts
Exotic Myanmar Travels & Tours
**ဖုန်း-၃၉၂၈၈၆၊ ၃၈၁၉၄၅**

--------------------------

1. Marketing - F(5)Posts
2. Office Staff - F(5) Posts
SPECIAL TRIP TRAVELS & TOURS CO., LTD
**ဖုန်း-၂၀၆၅၆၊၀၉-၇၃၁၁၂၀၇၉**

--------------------------

Accountant - F(1) Post
Sky View Restaurant
**ဖုန်း-၃၉၂၈၈၆၊ ၃၈၁၉၄၅**

--------------------------

Pac. Link Trading Ltd အတွက် Promotion Girl မ(၁၀)ဦး၊ ၁၀ တန်းအောင်။ အမှတ်(၂၉၉)A ၊ မြဓာလာလမ်း၊ သာကေတစက်မှုဇုန်၊ ကျောက်တိုက်မှတ်တိုင်။
**ဖုန်း-၀၉ ၇၃၀၇၈၂၂၆၊ ၀၉ ၈၆၄၁၁၆၃**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Stallion
Lubricants
စတာလီယံ
နေကာမျက်မှန်တပ်ပါ
ကံစမ်းမဲ နှင့် လက်ဆောင် ပေးနေသော
စတာလီယံ နေကာမျက်မှန်များ
အမြန်ရယူလိုက်ပါ...
Sunglasses Lucky Draw
0.7 (or) 1 Litre
4 (or) 5 Litres
25 Litres
Sunglasses Free Gift
Quality You Can Trust

# Education

7DAY NEWS JOURNAL

Vol.10, No.31 · OCTOBER 20, 2011


**ပညာရေးသတင်းတိုများ**

## ကာဗွန်လျှော့ချရေးအာဆီယံစာစီစာကုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန်၊ အောက်တိုဘာ – ၁၃**

မလေးရှားအခြေစိုက် အာဆီယံ အင်ဂျင်နီယာနှင့် နည်းပညာ အကယ်ဒမီ (AAET) အဖွဲ့မှ Working Towards A Low Carbon Society For ASEAN ဟူသောခေါင်းစဉ်ဖြင့် အင်္ဂလိပ်ဘာသာ စာစီစာကုံးပြိုင်ပွဲအား အသက် ၃၀ နှစ်အောက်ဘွဲ့ကြို၊ ဘွဲ့လွန် လူငယ်အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ နည်းပညာရှင် များ၊ စက်မှုလုပ်ငန်းရှင်များ တစ်ဦးချင်းစီပါဝင် ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းမှသိရသည်။

စာလုံးရေ ၂၀၀၀ ထက်မနည်း၍ ၅၀၀၀ ထက်မကျော်သော ရေးသားမှုဖြစ်ရန် လိုအပ်ပြီး အီးမေးလ်၊ ဖက်စ်၊ စာတိုက်တစ်ခုခုမှ ကွန်ပျူတာစာစီဖြင့် ဒီဇင်ဘာလ ၁၀ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ ပေးပို့ရမည်ဖြစ်သည်။

## အင်္ဂလိပ်ဆရာ၊ဆရာမများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ – ၁၃**

အင်္ဂလိပ်ဘာသာစကားသင်ကြားနေသော ဆရာ၊ ဆရာမများ၏ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာလ ၃၀ရက်တွင် တာမွေမြို့နယ်၊ လေးဒေါင့်ကန်လမ်းရှိ ILBC ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲသို့စိတ်ဝင်စားသူဆရာ၊ ဆရာမများအနေဖြင့် ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း ဗြိတိသျှကောင်စီမှသိရသည်။

## အင်္ဂလိပ်စာလေ့လာနေသော ကလေးများအတွက် ဉာဏ်စမ်းပြိုင်ပွဲ

**ရန်ကုန်၊ အောက်တိုဘာ – ၁၄**

အင်္ဂလိပ်ဘာသာ စကားလေ့လာသင်ယူနေသော ကလေးလူငယ်အများအတွက် JETSET Quiz Competition 2011 ကိုအောက်တိုဘာလ ၂၉ ရက်တွင် မြန်မာ အင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအား ဗြိတိသျှကောင်စီ၊ အယ်စီစီအိုင်အီးဒီအိုင်နှင့် JETSETသင်တန်းကျောင်းများ စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကလေးများ အတွက် ဉာဏ်စမ်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ပါဝင်မည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သိရသည်။

## IELTS စာမေးပွဲကြေး ဒေါ်လာအစား ကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံမည်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

အင်္ဂလိပ်ဘာသာ အရည်အချင်းစစ် IELTS စာမေးပွဲကြေးများကို အမေရိကန်ဒေါ်လာဖြင့် ကောက်ခံနေရာမှ မြန်မာကျပ်ငွေဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သတင်းရရှိသည်။

လက်ရှိ စာမေးပွဲကြေးကို အမေရိကန်ဒေါ်လာ ၁၄၇ ပေးသွင်းဖြေဆိုနေကြလျက်ရှိပြီး ၂၀၁၂ ခုနှစ်မှ စတင်၍ စာမေးပွဲကြေးကို ၁၃၀,၀၀၀ ကျပ်ပေးသွင်းဖြေဆိုရမည်ဖြစ်သည်။

လစဉ်ကျင်းပလျက်ရှိသော အဆိုပါစာမေးပွဲအား လစဉ် ဝင်ရောက်ဖြေဆိုသူ ၃၀၀ နီးပါးရှိကြောင်းသိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ) မှ စစ်ဆေးလျက်ရှိသော စာမေးပွဲအား ပြည်ပတွင်သွားရောက်ပညာသင်ယူရန် ရည်ရွယ်ချက်ဖြင့် မြန်မာကျောင်းသား အများစုဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး ရွှေ့ပြောင်းလုပ်သားဗီဇာလိုအပ်ချက်ဖြင့် ဖြေဆိုနေသူများလည်း ရှိသည်။

ပြည်တွင်း၌ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်မှုဈေးနှုန်း အပြောင်းအလဲဖြစ်ပေါ်ပြီးနောက် ဗြိတိသျှကောင်စီသည် ၎င်းတို့ဝန်ဆောင်မှုပေးနေသော သင်တန်းများ၏ သင်တန်းကြေးများကို ယခုလမှ စတင်၍ ကျပ်ငွေဖြင့်ပြောင်းလဲကောက်ခံခဲ့ပြီး ယခုအခါ IELTS စာမေးပွဲကြေးကိုကျပ်ငွေဖြင့် ကောက်ခံရန်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

# အမေရိကန်အဝေးသင်ပညာရေးအစီအစဉ် လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ – ၁၄**

အဝေးသင်ပညာရေးအစီအစဉ်ဖြစ်သည့် လူမှုအဖွဲ့အစည်း အခြေခံဖွံ့ဖြိုးတိုးတက်မှုဘာသာရပ် လေ့လာသင်ယူလိုသူများ အနေဖြင့် နိုဝင်ဘာလ ၁၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းသိရသည်။

အမေရိကန်စင်တာမှ ဆောင်ရွက်နေသည့် အဆိုပါ အဝေးသင်ပညာရေးသည် ခြောက်လကြာမြင့်မည်ဖြစ်ပြီး ၂၀၁၂ခုနှစ် ဇန်နဝါရီလမှဇွန်လအထိလေ့လာသင်ယူရမည်ဖြစ်သည်။

အဝေးသင်ပညာရေးအစီအစဉ်အတွက် TOEFL အမှတ်လိုအပ်မည်မဟုတ်ကြောင်း၊လျှောက်လွှာတွင်အက်ဆေးနှင့် လိုအပ်ချက်များဖြည့်စွက်၍ သတ်မှတ်ရက်အမီ အမေရိကန်စင်တာ သင်တန်းဌာနသို့ တင်သွင်းလျှောက်ထားရမည်ဖြစ်ကြောင်း၎င်းဌာနမှ ထုတ်ပြန်ထားသည်။

သင်တန်းသားများအနေဖြင့် ကိုလိုလာဒိုတက္ကသိုလ်၏ International Institute for Sustainable Development မှ သင်ခန်းစာများကို အွန်လိုင်းမှတစ်ဆင့် လေ့လာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူများ လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှလူမှုဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်နေသူများ အနေဖြင့် အဆိုပါ အဝေးသင်ပညာရေးအစီအစဉ်သို့လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များအတွက် အမေရိကန်စင်တာသင်တန်းဌာန၊ ဖုန်း-၂၂၃၁၄၀ (လိုင်းခွဲ) ၂၆၀ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။



# နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများဖြေဆိုသော မြန်မာကျောင်းသားဦးရေမြင့်တက်

**နေလင်းထွန်း**

**ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်နှင့်ပညာသင်အခွင့်အလမ်းများအတွက် ယခုနှစ်ပိုင်းများတွင် မြန်မာကျောင်းသားများ နိုင်ငံတကာ အသိအမှတ်ပြုစာမေးပွဲများ၌ ဝင်ရောက်ဖြေဆိုမှု မြင့်တက်လာခဲ့သည်။ ထို့ကြောင့်ယူကေပညာရေး အဖွဲ့အစည်းများ၏ အသိအမှတ်ပြုစာမေးပွဲများကို ကျောင်းသားများအတွက် စာစစ်ဌာနတစ်ခုအနေဖြင့် ဝန်ဆောင်မှု ဆောင်ရွက်လျက်ရှိသော ဗြိတိသျှကောင်စီ(မြန်မာ)၏ စာမေးပွဲဝန်ဆောင်မှုဌာနမှမန်နေဂျာဖြစ်သူ ဒေါ်တင်ဝင်းကြည်နှင့် ယူကေစာမေးပွဲများအကြောင်း တွေ့ဆုံမေးမြန်းထားခြင်းကိုဖော်ပြလိုက်ပါသည်။**

**အန်တီတို့ စာမေးပွဲဝန်ဆောင်မှုဌာနရဲ့ လက်ရှိဆောင်ရွက်နေတဲ့ စာမေးပွဲတွေအကြောင်း သိချင်ပါတယ်။**

ဗြိတိသျှကောင်စီရဲ့ စာမေးပွဲဝန်ဆောင်ဌာနမှာ ယူကေစာမေးပွဲတွေကိုသီးသန့်စစ်ဆေးနေပါတယ်။ အခုအန်တီတို့ဆီမှာ ယူကေစာမေးပွဲအနေနဲ့ ဝန်ဆောင်မှု ငါးခုရှိတယ်။အဲ့ဒါတွေကတော့ ESOL ဆိုတဲ့ အင်္ဂလိပ်စာမေးပွဲတွေနဲ့ ပတ်သက်တာ၊ကလေးလူငယ်တွေဖြေဆိုနိုင်တဲ့ စာမေးပွဲတွေရှိပါတယ်။ နောက်တစ်ခုက IELTS Exam ပေါ့။ နောက်ပြီး School Exams (ကျောင်းဝင်ခွင့်စာမေးပွဲ) ဆိုတာIGCSE စာမေးပွဲတွေနဲ့ ပတ်သက်တာပါတယ်။ ပြီးတော့ University Exams (တက္ကသိုလ်စာမေးပွဲ) ဆိုတာက တက္ကသိုလ်အဝေးသင် စာမေးပွဲတွေပေါ့။ University of London တို့၊ Open University တို့က ယူကေစာမေးပွဲတွေကိုစစ်တာလည်းပါတယ်။နောက်ဆုံးတစ်ခုကတော့ Professional Exams (အသက်မွေးဝမ်းကျောင်းဘာသာရပ်စာမေးပွဲ)ပေါ့။ အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရေးအဖွဲ့အစည်းတွေဖြစ်တဲ့ ACCA၊ ABE၊ City & Guild၊ CIM၊ LCCI၊ NCC တို့ရဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာစာမေးပွဲတွေကို စစ်ဆေးနေပါတယ်။

**မြန်မာကျောင်းသားတွေက ဘယ်လိုစာမေးပွဲတွေကို အများစု ဖြေဆိုကြပါသလဲ။**

မြန်မာနိုင်ငံမှာ အများဆုံးဖြေဆိုကြတဲ့စာမေးပွဲတွေကတော့ Professional Exams ပေါ့။ အဲဒီမှာမှ LCCI က အများဆုံးပေါ့။ ဘာလို့လဲဆိုတော့ LCCI က စာမေးပွဲကြေးအားဖြင့် ဈေးသက်သာတော့ လူတိုင်းတတ်နိုင်တဲ့ အနေအထားမှာရှိတယ်။ အလုပ်အကိုင်အားဖြင့်လည်း LCCI Level-3 အောင်မြင်ထားတယ်ဆိုရင် စာရင်းကိုင်တစ်ယောက်ဖြစ်နိုင်တာပေါ့။ Leve-3 ပြီးရင် စီမံခန့်ခွဲမှုပိုင်း စိတ်ဝင်စားတဲ့သူတွေက ABE ဆက်တက်တယ်။ စာရင်းစစ်ပိုင်း စိတ်ဝင်စားတဲ့သူတွေက ACCA ဆက်တက်ကြတာလည်းရှိတယ်။

**စာမေးပွဲအကြောင်းကို ရှင်းပြစေချင်ပါတယ်။**

IELTSက International English Language Testing System ပေါ့။ အဲ့ဒါကများသောအားဖြင့် ပြည်ပမှာကျောင်းသွားတက်ချင်တဲ့ကျောင်းသား ကျောင်းသူတွေ ဖြေကြတယ်။ ပြည်ပမှာကျောင်းသွားတက်ရင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအဆင့်တစ်ခုလိုအပ်တဲ့အတွက်ဖြေဆိုကြတာပါ။ နောက်ဆရာဝန်တွေလည်းဖြေကြတာများတယ်။ ဒီဘက်မှာ Royal College တို့၊ MRCP တို့ ဖြေပြီးရင် ယူကေဘက်မှာ ပညာဆက်သင်ကြတယ်ပေါ့။ အလုပ်အတွက်သော်လည်းကောင်း၊ ပညာသင်အခွင့်အလမ်းအတွက်သော်လည်းကောင်း နိုင်ငံခြားသွားမယ်ဆိုရင် IELTS ကိုဖြေဆိုကြတယ်။

**လွန်ခဲ့တဲ့ ငါးနှစ်တာကာလနဲ့ နှိုင်းယှဉ်ရင် ယူကေစာမေးပွဲဖြေဆိုတဲ့ကျောင်းသားတွေ ဘယ်လိုအပြောင်းအလဲရှိနေပါသလဲ။**

တဖြည်းဖြည်းနဲ့ ဖြေဆိုတဲ့ကျောင်းသားတွေများလာတယ်။ စာမေးပွဲစစ်ဆေးရတဲ့ အရေအတွက်တက်လာတယ်။ အခုနောက်ပိုင်းဖြေကြတဲ့ကျောင်းသားတွေက ပိုပြီးလေးလေးနက်နက်ဖြစ်လာတယ်။ အန်တီ့အမြင်ပြောရရင် အရင်တုန်းကတော့ ကလေးတွေက မိဘတွေလုပ်ခိုင်းလို့သာလုပ်ကြရတယ်။ အဲ့တော့တချို့ ကလေးတွေကသိပ်ပြီး အလေးအနက်မဖြစ်ကြဘူး။ အခုကလေးတွေက အမြင်ပိုကျယ်လာတယ်။ အတွေ့အကြုံပိုရှိလာတာလည်းပါတယ်။ တကယ်ကို သူတို့ဘာလုပ်ရမယ်ဆိုတာ စိတ်ဝင်စားလာကြတယ်။ ပညာရေးပွဲတွေလုပ်တဲ့အခါမှာလည်း သူတို့မေးလာတဲ့ မေးခွန်းတွေကိုကြည့်ပြီး ကလေးတွေက ဘယ်လောက်ထိ သိထားလဲ၊ အင်တာနက်သုံးထားလဲ၊ **စာ(၂၂)သို့**

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## စာ-၂၁၊ နိုင်ငံတကာအသိအမှတ်ပြုစာမေးပွဲများ ဖြေဆိုသော မြန်မာကျောင်းသားဦးရေမြင့်တက် မှ

နိုင်ငံတကာ အမြင်ဘယ်လောက်ရှိထားလဲဆိုတာသိနိုင်တာပေါ့။ ကလေးတွေ အမြင်ကျယ်လာမှုပေါ့။

**ယူကေစာမေးပွဲတွေကို ဒီမှာ ဖြေဆိုနေကြတဲ့ကျောင်းသားအရေအတွက်ကိုပြောပြပေးပါ။**

တစ်နှစ်ကို စာမေးပွဲပေါင်း ငါးသောင်းကျော်မယ်။ လူဦးရေအနေနဲ့ပြောမယ်ဆိုရင် သုံးသောင်းဝန်းကျင်ဖြေဆိုနေကြတယ်။ အဲ့ဒီမှာ LCCI ဖြေဆိုတဲ့ ကျောင်းသားဦးရေက တစ်သောင်းကျော်ရှိတယ်။

**ယူကေစာမေးပွဲတွေကို ဖြေဆိုသူကျောင်းသားအရေအတွက် မြင့်တက်နေတဲ့ အကြောင်းရင်းကို သုံးသပ်ပေးပါ။**

ဘာလို့လဲဆိုတော့ LCCI လိုမျိုးဆိုရင် အလုပ်အကိုင်အခွင့်အလမ်းကောင်းတယ်။ နိုင်ငံခြားမှာကျောင်းသွားတက်တဲ့အခါမှာလည်း ယူကေပညာရေးလက်မှတ်က ဘယ်မှာဖြစ်ဖြစ် လက်ခံတယ်။ ဒီလက်မှတ်တွေကို အသုံးပြုပြီး ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ပညာရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းတွေရကြတယ်ပေါ့။

**ဘယ်လိုစာမေးပွဲဝန်ဆောင်မှုအစီအစဉ်တွေ တိုးချဲ့ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

မကြာခင်မှာ LCCI Level-4 လာမယ်။ နောက်ပြီးတော့ IFA ဆိုတာ Institute of Financial Accontant စာမေးပွဲလာမယ်။ Institute of Commercial Management ဆိုတဲ့စာမေးပွဲရှိမယ်။ အများကြီးတော့မဟုတ်သေးဘူး။ ဒါပေမဲ့ အစီအစဉ် အသစ်တွေတော့ရှိတယ်။

**ယူကေစာမေးပွဲတွေဖြေဆိုဖို့ပြင်ဆင်နေကြတဲ့ ကျောင်းသားတွေကိုအကြံပြုလိုတာရှိရင် သိချင်ပါတယ်။**

အန်တီ့အနေနဲ့ သူတို့ကိုပြောလိုတာက ရည်ရွယ်ချက်တစ်ခုကိုလုပ်ပြီဆိုရင် အောင်မြင်အောင်လုပ်ဖို့၊ ဖြစ်မြောက်အောင်လုပ်ဖို့ပြောချင်ပါတယ်။ မိဘတွေအနေနဲ့လည်း ကိုယ်ဖြစ်စေချင်တာမဟုတ်ဘဲ သားသမီးတွေဖြစ်ချင်တာကို မြေတောင်မြှောက်ပေးဖို့၊ သူတို့ ဝါသနာပါတာကို ပံ့ပိုးပေးဖို့ ပြောလိုပါတယ်။

# ဗြိတိန်တက္ကသိုလ်တစ်ခုတွင် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာသင်ဆုနှင့် ထောက်ပံ့ကြေး လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊**
**အောက်တိုဘာ-၁၁**

ဗြိတိန်နိုင်ငံ၌ ပညာသင်ယူလိုသော ကျောင်းသားများအတွက် Sheffield Hallam University တွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဘွဲ့ကြိုနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအတွက် ပမာဏအမျိုးမျိုးရှိသော ပညာသင်ဆုနှင့်ထောက်ပံ့ကြေးများကို www.shu.ac.uk/international/scholarships-bursaries တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

စာရင်းကိုင် (Accounting)၊ အနုပညာနှင့် ဒီဇိုင်း(Arts and Design)၊ ဗိသုကာ (Architecture)၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး (Banking and Finance)၊ ဇီဝသိပ္ပံပညာရပ်များ (Biosciences)၊ ဖန်တီးတည်ဆောက်ထားသော သဘာဝပတ်ဝန်းကျင်(Built Environment)၊ စီးပွားရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေး(Business and Management)၊ ကွန်ပျူတာ (Computing)၊ အင်ဂျင်နီယာပညာ (Engineering)၊ အစားအစာနှင့် အာဟာရပြည့်ဝမှု (Food and Nutrition)၊ မှုခင်းပညာ(Forensics)၊ ဥပဒေ(Law)၊ မီဒီယာနှင့် ဆက်သွယ်ရေး(Media and Communication)၊ ဇီဝကမ္မကုထုံး (Physiotherapy)၊ လူမှုရေးသိပ္ပံပညာရပ်များ (Social Sciences)၊ အားကစား (Sport)၊ ဆရာအတတ်သင်ပညာ(Teacher Training)၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနှင့် ပွဲလမ်းအခမ်းအနားကျင်းပခြင်း လုပ်ငန်း (Tourism, Hospitality and Events) စသည့် ဘာသာရပ်များကို အဆိုပါ တက္ကသိုလ်တွင် လေ့လာသင်ယူနိုင်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံရှိ ရှက်ဖီးမြို့တွင် တည်ရှိသော တက္ကသိုလ်သည် ကျောင်းသားဦးရေ သုံးသောင်းခွဲခန့်အား ပညာသင် ကြားလျက်ရှိပြီး အသေးစိတ်အချက်အလက်များအား ias@shu.ac.uk သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

# အင်္ဂလန်တက္ကသိုလ်အတုတစ်ခု၏ ဝက်ဘ်ဆိုက်အား ဖယ်ရှား

**သီဟ**

**ရန်ကုန်၊အောက်တိုဘာ – ၁၁**

ပစိဖိတ် အနောက်ဘက်ကမ်းခြေဒေသတွင်းရှိနိုင်ငံများကို ပစ်မှတ်ထားဟန်ရှိသည့် အင်္ဂလန်တက္ကသိုလ်အတုတစ်ခု၏ ဝက်ဘ်ဆိုက်အားအင်္ဂလန်နိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းတစ်ခုက ဖယ်ရှားခဲ့ရကြောင်း အင်္ဂလန်လူဝင်မှုကြီးကြပ်ရေး UKBA မှသတင်းထုတ်ပြန်ချက်ကို ကိုးကား၍ မြန်မာနိုင်ငံမှ ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် Crown Education က ပြောကြားသည်။

အဆိုပါတက္ကသိုလ်အတုမှာ Glastonbury University အမည်ဖြင့် Web Site လွှင့်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို အိုင်တီ အရမ်းတိုးတက်လာနေတဲ့ အချိန်မှာ ဒီလိုအဖြစ်မျိုးတွေကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံက ကျောင်းသူကျောင်းသားတွေ သတိထားဖို့လိုပါတယ်။ မိမိဆက်သွယ်လိုတဲ့ တက္ကသိုလ်ကို သံသယရှိတယ်ဆိုရင် http://en.wikipedia.org/wiki/list_of_schools_in_England ဆိုတဲ့နေရာမှာ ရှာကြည့်နိုင်ပါတယ်" Crown Education မှပညာရေး အတိုင်ပင်ခံ ကိုအောင်ကျော်ဆန်းက ပြောသည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အဆောက်အအုံမှာ အင်္ဂလန်ရှိ University of Leicester မှ ပိုင်ဆိုင်သည့်စာကြည့်တိုက်၏ပုံဖြစ်ပြီး ဖော်ပြထားသည့် လိပ်စာမှာလည်း အင်္ဂလန်ရှိ အခန်းလွတ်တစ်ခု၏ လိပ်စာဖြစ်သည်ဟုသိရသည်။




Yangon Airport Group Company Limited invites applications for the position of a Flight Operations Officer/ Supervisor.
Particulars as follows:

1. Job scope - Supervision of operational handling of international flights.
2. Age - Between 21-35 years.
3. Gender - Male or Female.
4. Qualifications - Holder of Flight Dispatcher Licence.
- Fluency in both spoken and written English.
- Computer literacy.
- Supervisory skills.
5. Experience - At least (3) years experience in flight operations work.

Applications must be sent to No.(186), Airport Road, Mayangone Township in person, or by registered letter not later than 31 October 2011.

For more information, applicants may contact No.(186), Airport Road, Mayangone Township in person or by phone (01-651531, 656678, 656679)






## iPhone 4S

## မော်ဒယ်ကို ကြိုတင်မှာယူမှု လုံးရေတစ်သန်းဖြင့်စံချိန်တင်

**ဆန်ဖရန်စစ္စကို၊ အောက်တိုဘာ - ၁၁**

Apple ကုမ္ပဏီက မကြာမီက ပြသခဲ့သော iPhone 4S မော် ဒယ်သစ်ဖုန်းကို ကြိုတင်မှာယူ မှုများမှာ တစ်နေ့တည်း၌ပင် လုံးရေတစ်သန်းရှိခဲ့သဖြင့် ယခင်က ကုမ္ပဏီမှရဖူးသည် တစ်နေ့တည်း ကြိုတင်အမှာစာ ရရှိမှုစံချိန်ထက်ကျော်လွန်ကာ စံချိန်တင်ခဲ့သည်။ Apple ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ယခင်က (၂၄ နာရီ) တစ်ရက်တာအတွင်း စံချိန်တင်သည့် ကြိုတင်အမှာရခဲ့သည့် ဖုန်းမှာ iPhone 4 ဖြစ်ပြီး ထိုစဉ်က လုံးရေခြောက်သိန်းမှာယူခဲ့ကြကြောင်း ဆိုသည်။

Apple ၏ကမ္ဘာလုံးဆိုင်ရာ ထုတ်ကုန်ဈေးကွက်မြှင့်တင်ရေးဌာန ဒုတိယဥက္ကဋ္ဌ ဖိလစ်ရှီးလားက "ကျွန်တော်တို့ဟာ iPhone 4S ဖုန်းသစ်ကို သုံးမယ့်သူတွေက မယုံကြည်နိုင်လောက်အောင် တုံ့ပြန်ခဲ့ကြလို့ အံ့ဩမိပါတယ်။ iPhone 4S ရဲ့တစ်နေ့တည်းရခဲ့ တဲ့ကြိုတင်အမှာစာတွေဟာ ကုမ္ပဏီသမိုင်းမှာ အများဆုံးပါပဲ။ iPhone 4S ကို ကျွန်တော်တို့ ဖန်တီးခဲ့သလို အသုံးပြုသူတွေကလည်း ချစ်ကြလို့ သိပ်ဝမ်းသာမိပါတယ်" ဟုပြောသည်။

Apple ကုမ္ပဏီသည်ပြီးခဲ့ သည့်အပတ်က ကုမ္ပဏီပူးတွဲ တည်ထောင်သူ စတိဗ်ဂျော့ဘ်ကွယ်လွန်ခဲ့၍ ဝမ်းနည်းနေရချိန်တွင် ကုမ္ပဏီအတွက် သတင်းကောင်းအဖြစ် ယခုကဲ့သို့ ကြိုတင်အမှာစာများ စံချိန်တင် ရရှိခဲ့ခြင်းဖြစ်သည်။

—Ref: AP

## စင်ကာပူတွင်နေထိုင်မည့် မြန်မာများအတွက် အခမဲ့ အိမ်ခြံမြေဝက်ဘ်ဆိုက်လွှင့်တင်

**ရန်ကုန်၊အောက်တိုဘာ-၁၁**

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် အိမ်ခန်းများငှားရမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဝက်ဘ်ဆိုက်တစ်ခုကို လွှင့်တင်လိုက်ပြီဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ခေတ္တဖြစ်စေ၊ ရေရှည်ဖြစ်စေနေထိုင်မည့် မြန်မာနိုင်ငံသားများအနေဖြင့် အဆိုပါ ဝက်ဘ်ဆိုက်ပေါ်တွင် ကြိုက်နှစ်သက်ရာအိမ်ခန်းများကို အခမဲ့ရွေးချယ်ငှားရမ်းနိုင်မည်ဖြစ်သည်။

အခမဲ့ ဝန်ဆောင်မှုဖြင့် အိမ်ခန်းများရှာဖွေနိုင်မည့် အဆိုပါ ဝက်ဘ်ဆိုက်၏လိပ်စာမှာ myblk.com ဖြစ်သည်။ အိမ်ခန်းများကို တစ်နေရာတည်းတွင် အခမဲ့ရှာဖွေငှားရမ်းနိုင်စေမည့် အဆိုပါ ဝက်ဘ်ဆိုက်သည် စင်ကာပူနိုင်ငံတွင် နေထိုင်ကြမည့် မြန်မာနိုင်ငံသားများအတွက်သာရည်ရွယ်ပြီး သီးသန့်ဝန်ဆောင်မှုပေးခြင်းဖြစ်သည်ဟု myblk.com ကိုရေးဆွဲဖန်တီးထားသူဖြစ်သည့် တာဝန်ရှိသူတစ်ဦးဖြစ်သော ကိုမျိုးမြင့်ကျော်က ပြောသည်။

"ကျွန်တော်တို့ရဲ့ ဒီဝက်ဘ်ဆိုက်မတိုင်ခင်မှာ ဒီလိုအလားတူ တခြားနှစ်ခုရှိပါတယ်။ ကျွန်တော်တို့ ဝန်ဆောင်မှုပေးတဲ့ ဒီဝက်ဘ်ဆိုက်ကတော့ သုံးစွဲသူတွေကို ဦးစားပေးတဲ့ဆိုက်တစ်ခုပါ။ စီးပွားရေးကြော်ငြာတွေကိုဦးစားမပေးဘဲ User တွေအတွက်ပဲ အဓိကလုပ်သွားမှာပါ"ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။

ထို့အပြင် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်ရှာဖွေနိုင်မည့် Job Section တစ်ခုကိုပါ ထည့်သွင်းပေးသွားရန် အစီအစဉ်ရှိကြောင်းသိရသည်။

myblk.comဝက်ဘ်ဆိုက်ကို iPad, iPhone အစရှိသည့်နည်းပညာပစ္စည်းများပေါ်တွင်သာမက အခြားသောမိုဘိုင်းဖုန်းများပေါ်တွင်ပါအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဝက်ဘ်ဆိုက်ကို အသုံးပြုရာတွင် Internet Browser များအနေဖြင့် Mozilla Firefox တွင် အသုံးပြုပါက ပိုမိုမြန်ဆန်စွာအသုံးပြုနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

စင်ကာပူနိုင်ငံတွင် အိမ်ခန်းများ ရှာဖွေငှားရမ်းခြင်းကို အခမဲ့ဆောင်ရွက်နိုင်မည့် ထိုဝက်ဘ်ဆိုက်ကို ယခုလဆန်းပိုင်းမှစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။



## EVDOစနစ်ကိုပုဂ္ဂလိကဆိုင်များတွင်ဝယ်ယူနိုင်ခြင်းမရှိသေး

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၁၁**

**ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို ပုဂ္ဂလိကကုမ္ပဏီများတွင်သာ ဝယ်ယူနိုင်နေပြီဖြစ်သော်လည်း အဆိုပါဖုန်းများပေါ်တွင် အသုံးပြုနိုင်သည့် EVDO အင်တာနက်စနစ်ကိုမူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့သာ သွားရောက်လျှောက်ထားရမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။**

ယင်းစီဒီအမ်အေဖုန်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများပြည်သူသို့ ပုဂ္ဂလိက မိုဘိုင်းဖုန်းကုမ္ပဏီများမှတစ်ဆင့် ပြန်လည်ရောင်းချခြင်းပြုလုပ်ခွင့်ချထားပေးသော်လည်း EVDO စနစ်အတွက်ကိုမူ ၎င်းတို့ဆက်သွယ်ရေးရုံးများကသာ ချထားပေးမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်း၏တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပုဂ္ဂလိကဆိုင်တွေမှာ အီးဗီဒီအိုစနစ်ကိုရောင်းချခွင့်မပေးထားပါဘူး။ အပြင်ဆိုင်တွေမှာ ဖုန်းလိုင်းကိုလျှောက်ပြီးမှ ဆက်သွယ်ရေးရုံးကို အင်တာနက်လျှောက်ဖို့အတွက် သီးသန့်သွားရမှာပါ။ နောက်ပိုင်းတော့ အီးဗွီဒီအိုစနစ်ကို ပုဂ္ဂလိကကိုပဲ ရောင်းချခွင့်ချပေးလာမယ်လို့ ထင်ပါတယ်" ဟု ရန်ကုန်မြို့လယ်ဖြစ်သည့် လသာမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်ကြီးတစ်ဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

သုံးစွဲသူများအနေဖြင့် မူ ယခုကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြင်ပဈေးကွက်အတွင်း နေ့ချင်းပြီးရောင်းချပေးနေပြီဖြစ်သည့် အဆိုပါစီဒီအမ်အေဖုန်းများ၏ အင်တာနက်အသုံးပြုနိုင်သည့် EVDO စနစ်ကိုလည်း ယင်းပုဂ္ဂလိကအရောင်းဆိုင်များကသာ တစ်ပြိုင်တည်းပူးတွဲရောင်းချပေးစေလိုကြောင်းသိရသည်။

"အီးဗီဒီအိုစနစ်ကိုပါ အပြင်ဆိုင်တွေ ကုမ္ပဏီတွေကပဲ ရောင်းပေးရင် ပိုပြီးတော့အဆင်ပြေပါလိမ့်မယ်။ အစိုးရရုံးတွေမှာ စာရွက်စာတမ်းအဆင့်ဆင့်နဲ့လျှောက်လို့ရခဲ့ပြီး အခုလိုပုဂ္ဂလိက ဆိုင်တွေမှာ စာရွက်တစ်ရွက်တည်းနဲ့ နေ့ချင်းလျှောက်လို့ရလာနိုင်နေတာမို့ဒီအင်တာနက်စနစ်ကိုလည်း ပုဂ္ဂလိကကပဲ ရောင်းပေးမယ်ဆို သုံးစွဲသူတွေအတွက် အရမ်းအဆင်ပြေပါလိမ့်မယ်" ရန်ကုန်မြို့တွင်းဖွင့်လှစ်ထားသည့် မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်း ဝန်ဆောင်မှုဆိုင်တစ်ဆိုင်မှမန်နေဂျာတစ်ဦးက သုံးသပ်ပြောကြားသည်။

အဆိုပါ CDMA 800 MHz ဖုန်းများ၏ EVDO စနစ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် လျှောက်ထားပါက နောက်ထပ် ကျပ်သုံးသောင်းကျသင့်မည်ဖြစ်သည်။

ယင်း EVDO စနစ်၏ အင်တာနက်မြန်နှုန်းများသည် စတင်ချထားပေးစဉ်ကာလမှ တစ်လတာကာလအတွင်းက မြန်နှုန်းများအထူးကောင်းမွန်ခဲ့သော်လည်း နောက်ပိုင်းကာလများမှ ယခုလက်ရှိအချိန်အထိ ပုံမှန်အတိုင်းသာဖြစ်နေသဖြင့် ထပ်မံလျှောက်ထားသူများမှာ အနည်းငယ်သာရှိတော့ကြောင်း သိရသည်။

ယင်းဖုန်းလိုင်းများရောင်းချခြင်းကိုလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြီးခဲ့သည့်လအနည်းငယ်အတွင်းက ရပ်ဆိုင်းခဲ့ပြီးနောက် ပုဂ္ဂလိကကုမ္ပဏီများသို့ တစ်ဆင့်ပြန်လည်ရောင်းချစေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယခုလက်ရှိ အဆိုပါဖုန်းလိုင်းများကို ပုဂ္ဂလိက ကုမ္ပဏီများနှင့် အရောင်းဆိုင်များတွင် ရောင်းချရာတွင် မူလဈေးနှုန်းဖြစ်သည့် ကနဦးတပ်ဆင်ခကျပ်ငါးသိန်းအပြင် ကျပ်တစ်ထောင့်ငါးရာမှ ကျပ်ခုနှစ်ထောင်အထိ ထပ်ဆောင်းကျသင့်နေကြောင်း သိရသည်။

# Tech




## ဘွန်လိုင်းဟက်ကာအဖွဲ့တစ်ဖွဲ့တိုက်ခိုက်မှုများရပ်နား

**နေလင်းအောင်**

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

ပြည်တွင်းရှိ ဌာနဆိုင်ရာဝက်ဘ်ဆိုက်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝက်ဘ်ဆိုက် ရာနှင့်ချီ၍ အနှောင့်အယှက်ပြုခဲ့သော Online Hacker တစ်ခုဖြစ်သည့် BHG အဖွဲ့မှ ၎င်းတို့အဖွဲ့၏ တိုက်ခိုက်မှုလုပ်ငန်းများအား ရပ်ဆိုင်းလိုက်ပြီးဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အားပြီးခဲ့သည့် လအတွင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယခုလတွင် ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများအား ဖော်ပြလျက်ရှိသည့် ဝက်ဘ်ဆိုက်ကိုပါ ပိတ်ပစ်လိုက်ပြီဖြစ်သည်။

BHG အဖွဲ့သည် ယခုနှစ်များအတွင်း ဌာနဆိုင်ရာဝက်ဘ်ဆိုက်များ၊ အစိုးရဆက်စပ်ဝက်ဘ်ဆိုက်များ၊ ဟိုတယ်များ၊ ဖျော်ဖြေရေးဆိုက်များနှင့် ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက် အစရှိသည်တို့ကို ဖောက်ထွင်းဝင်ရောက်၍ အချက်အလက်များ ထိန်းချုပ်ခြင်း၊ဝက်ဘ်ဆိုဒ်ပိတ်ပင်ခြင်းနှင့် Deface ပြုလုပ်ခြင်းများကို ဆက်တိုက်လုပ်ကိုင်ခဲ့သည်။

ပြည်ပမှ Hacking ဝါသနာတူများစုစည်း ဖိတ်ခေါ်၍ တိုက်ခိုက်ခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် ပြည်တွင်းရှိ နိုင်ငံရေးအခြေအနေအပြောင်းအလဲအချို့ကြောင့် ၎င်းတို့၏ လုပ်ငန်းများအား ရပ်ဆိုင်းခြင်းဖြစ်ကြောင်း ၎င်းတို့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

## ငါးသိန်းတန်စီဒီအမ်အေဖုန်းများ အရေအတွက်ကန့်သတ်ထားခြင်းမရှိ

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၁၁**

ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများဖြစ်ကြသည့် 800 MHz နှင့် 450 MHz ဖုန်းများထပ်မံချထားပေးနေခြင်းကို အရေအတွက်မကန့်သတ်ထားကြောင်းနှင့် လိုအပ်သလောက်ချထားပေးမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ယခင်အင်ဂျင်နီယာချုပ်က ပြီးခဲ့သည့် လအနည်းငယ်အတွင်းက ရန်ကုန်မီဒီယာများသို့ပြောကြားခဲ့ရာတွင် CDMA 800 MHzကို အလုံးရေကိုးသောင်းနှင့် CDMA 450 MHz ဖုန်းလိုင်းကိုမူ အလုံးရေကိုးသောင်းစီ အသီးသီးထပ်မံ ချထားပေးမည်ဟု ပြောခဲ့သည်။

သို့သော် ယခုလက်ရှိမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနကို တာဝန်ယူနေသည့် အင်ဂျင်နီယာချုပ်က ယခုလဆန်းပိုင်းမှစတင်ကာ ပြန်လည်ချထားပေးနေသည့် ထိုဖုန်းများကိုရောင်းချပေးနေရာတွင် အရေအတွက် အတိအကျ ကန့်သတ်သတ် မှတ်ထားခြင်းမရှိကြောင်း ယခုလဒုတိယပတ်အတွင်းက 7 Day Newsသို့ပြောကြားသည်။

“အခု စီဒီအမ်အေ ၈၀၀နက်ဝ့ါခ်တွေကို နောက်ထပ်အများကြီးတိုးချဲ့ထားပါတယ်။ အခုပြန်ပြီးချထားပေးနေတာကိုလည်း ဘယ်လောက်အထိချထားပေးမယ်ဆိုပြီးမကန့်သတ်ထားပါဘူး။ သုံး စွဲသူတွေလျှောက်ထားနေသလောက် လိုအပ်နေသလောက် ချထားပေးနေဦးမှာပါ” ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုလ ၁ ရက်မှစတင်ကာပုဂ္ဂလိကကုမ္ပဏီများတွင်ပြန်လည်လျှောက်ထားသုံးစွဲနိုင်နေပြီဖြစ်သည့် အဆိုပါစီဒီအမ်အေဖုန်းများသည် ထိုပုဂ္ဂလိကမိုဘိုင်းကုမ္ပဏီများ၊ အရောင်းဆိုင်များတွင် ဝယ်ယူသည့်အခါ ကျပ်ငါးသိန်းအပြင် နောက်ထပ်ကျပ်တစ်ထောင့်ငါးရာမှ ကျပ်ခုနှစ်ထောင်အထိ အပိုထပ်မံပေးဆောင်နေရကြောင်း လျှောက်ထားသူများထံမှ သိရသည်။






# စာပေထဲက ဆည်အကြောင်း မြစ်အကြောင်း

အောင်စည်ဟိန်း

ယခုတစ်လောမြစ်ဆုံဆည်ကိစ္စနှင့်ပတ်သက်၍ သဘောထားအမြင်အမျိုးမျိုးကိုကြားရဖတ်ရသဖြင့် စိတ်ဝင်တစား ဖြစ်မိပါသည်။ ဒီမိုကရေစီနိုင်ငံကြီးများတွင်လည်း ဆည်ကြီးများ(Super-dams) တည်ဆောက်တော့မည်ဆိုလျှင် ငြင်းကြခုံကြသည်မှာ နှစ်နှင့်ချီ၍ပင် ကြာတတ်ပါသည်။ အမေရိကန်ပြည်ထောင်စုမှာတော့ အချို့ကိစ္စများတွင် တရားရုံးချုပ်(Supreme Court)၏ နောက်ဆုံးအတည်ပြုချက်ကိုနာခံကြကြောင်း တွေ့ရပါသည်။ ယခုခေတ်လူငယ်မျိုးဆက်များအနေနှင့် အထက်ပါအငြင်းပွားမှုမျိုး မကြုံခဲ့ဖူးသဖြင့် အထူးတလည် စိတ်ပါဝင်စားမှုများရှိနေကြောင်းတွေ့ရသည်။ ထို့ကြောင့် ဆည်တွေမြစ်တွေအကြောင်းစိတ်ဝင်စားသူတိုင်း အလွယ်တကူ ကျယ်ကျယ်ပြန့်ပြန့် ထဲထဲဝင်ဝင် လေ့လာနိုင်အောင် စာအုပ်စာတမ်းအညွှန်းအချို့ကမ်းပေးချင်သည့်အတွက် ဤဆောင်းပါးကိုရေးရခြင်းဖြစ်ပါသည်။

ယခုဆောက်မည့် မြစ်ဆုံဆည်မှာ ဧရာဝတီမြစ်၏ အချက်အချာနေရာပေါ်တွင် ရေတိုက်စားမှုအမြန်ဆုံးမြစ်တစ်မြစ်ဖြစ်ပြီး အမြဲတမ်းစီးဆင်းနေသောမြန်မာနိုင်ငံအတွင်းစတင်ကာမည်သည့်နိုင်ငံမှမဖြတ်ဘဲ ပင်လယ်ထဲသို့ တိုက်ရိုက်စီးဆင်းသွားသော နိုင်ငံပိုင်မြစ်ဖြစ်ပါသည်။ စရိတ်သက်သာစွာဖြင့် သစ်၊ ဝါးနှင့် ကုန်စည်များစီးဆင်းရာ သဘာဝရေလမ်းမကြီးဖြစ်ခြင်း၊ ရာသီမရွေး မြေပေါ်မြေအောက် ရေချိုထောက်ပံ့ရာအသက်သခင်ဖြစ်ခြင်း၊ စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်ပေါကြွယ်မှုအတွက် ရေသြဇာ၊မြေသြဇာကောင်းများဖြည့်ဆည်းပေးရာ ကျေးဇူးရှင်ဖြစ်ခြင်း၊ မြစ်ဝှမ်းတစ်ခုလုံး စိမ်းလန်းစိုပြည်အောင် စောင့်ရှောက်ပေးသည့် ဥယျာဉ်မှူးဖြစ်ခြင်း၊ မြန်မာ့လူနေမှုယဉ်ကျေးမှုသမိုင်းကြောင်း အခြေခံရာကျောရိုးဖြစ်ခြင်း စသည် စသည်တို့ကြောင့် မြန်မာတို့က ဧရာဝတီမြစ်ကိုဘက်ပေါင်းစုံအမြင်ဖြင့် တန်ဖိုးထားကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၅ တွင် ဧရာဝတီမြစ်အကြောင်းကို ဦးစွာဖတ်ကြည့်ဖို့လိုပါမည်။

ဒုတိယအနေနှင့် ဘူမိရုပ်သွင်ပညာ (Geomorphology) ကိုလေ့လာကြည့်ဖို့လိုပါသည်။ ပထဝီဝင် ပညာထဲတွင် ပါဝင်သောပညာရပ်တစ်ခုဖြစ်ပါသည်။ ထိုပညာရပ်ထဲတွင်မြစ်၏ အရေးကြီးဆုံးလုပ်ငန်းတစ်ရပ်မှာ မြစ်ကြောင်းတစ်လျှောက် မြေသားများကို ပင်လယ်ပြင်သို့ရောက်အောင် ရေစီးအရှိန်အဟုန်ဖြင့် ပို့ပေးခြင်းနှင့် မြစ်အောက်ကြမ်းခင်းနှင့် မြစ်ဝဲယာကွင်းပြန့်များသို့ မြေသြဇာနုန်းမြေများ အစားထိုးချထားပေးခြင်းဖြစ်သည်။ ပင်လယ်ပြင်နိမ့်ကျခြင်းဖြင့် မြစ်များ ရေစီးအားကောင်းပြီး ပြန်လည်နုပျိုစေကြောင်း၊ မြစ်၏ ရေစီးကိုနှောင့်နှေးစေသော အတားအဆီးများကို ဖယ်ရှားပေးရန်လိုကြောင်း၊ မိုးကာလ လျှံကျလာသည့်မြစ်ရေကို မြစ်ကြောင်းဖြောင့်ပေးခြင်း၊ ရေလှောင်ကန်များတွင် သိုလှောင်ခြင်း၊ မြစ်ကမ်းဘေး ရေကာတာများထားရှိခြင်းဖြင့် ရေလွှမ်းမိုးမှုကို ကာကွယ်ရန်လိုသည်။ ထို့အပြင် မြစ်ဝပင်လယ်ပြင်အနည်ထိုင်မှုလွန်ကဲမြင့်တက်နေပါက မိုးရေ မြစ်ရေများ အိုင်နေပြီး ကွင်းပြင်များ ရေလွှမ်းခံရလေ့ရှိကြောင်း စသည့် မြစ်ဗဟုသုတများစွာကို ရရှိနိုင်မည်ဖြစ်ပါသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

တတိယအနေနှင့်တက္ကသိုလ်အဆင့် ပြဋ္ဌာန်းသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာ (Environment Science)ကိုလေ့လာသင့်ပါသည်။ ထိုပညာရပ်ထဲတွင် ရေ၏ ဖြစ်တည်မှုဘဝဖြစ်စဉ်နှင့် လည်ပတ်မှုစနစ်(Hydrological System)အကြောင်းနှင့် ဆည်ကြီးများအကြောင်း တစ်ကဏ္ဍရေးထားပါသည်။ ဆည်ကြီးများတည်ဆောက်ခြင်းဖြင့် ရေလွှမ်းမိုးခံရမှုဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ခြင်း၊ သောက်သုံးရေပေးဝေနိုင်ခြင်း၊ ခြောက်သွေ့ရာသီတွင် စိုက်ပျိုးမြေများသို့ရေပေးနိုင်ခြင်း၊ ဆည်အောက်ပိုင်း ရေစီးညင်သာစေခြင်း၊ ရေလွှာအားကစား၊ လှေအပျော်စီးနှင့် ကျန်းမာရေး အပန်းဖြေစခန်းတည်ဆောက်နိုင်ခြင်း၊ ငါးဖမ်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများဖော်ပြထားသည်။ နောက်ဆက်တွဲပြဿနာများစွာလည်းရှိသည်။ ယင်းတို့မှာ ဆည်ဧရိယာစိုက်ပျိုးမြေကောင်းများ အစဉ်သဖြင့် ရေလွှမ်းခံရခြင်း၊ ဆည်ရေဖောက်ချရသည့်အခါ ပတ်ဝန်းကျင်မြေပြန့်များ ရေလွှမ်းခံရခြင်း၊ ဂေဟစနစ်ပျက်ယွင်းခြင်း၊ ဆည်အတွင်း အနည်ထိုင်မှုမြင့်တက်လာပြီး ရေထုအတွင်း အောက်ဆီဂျင်အာနိသင်လျော့ကျခြင်း၊ငါးမျိုးစုံအတက်အဆင်းလမ်းကြောင်းများ ပိတ်ဆို့စေခြင်း၊ ငှက်ဖျားစသည့်ရောဂါဘယဖြစ်စေသည့်ပိုးမွှားများ ပေါက်ပွားခြင်း၊ မြစ်အလှ (Scenic Beauty)နှင့် သမိုင်းကြောင်းတန်ဖိုး (Historic Value)များဆုံးရှုံးရခြင်း၊ မြစ်ရိုးတစ်လျှောက် မြစ်၏ ဥပမိရုပ်ရွေ့လျားခြင်း စသည့်ဆိုးကျိုးများကိုလည်းဖော်ပြထားပါသည်။ ထို့အပြင် အီဂျစ်နိုင်ငံမှ အက်စ်ဆွမ်(Aswan)ဆည်နှင့် အမေရိကန်ပြည်ထောင်စုတင်နီဆီပြည်နယ်မှ တယ်လီကို(Tellico)ဆည်များနှင့် ပတ်သက်သည့် ငြင်းခုံရမှု၊ ဖြေရှင်းရမှုများအကြောင်း ဖော်ပြထားသည်မှာလည်း စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။

စတုတ္ထအနေနှင့်တက္ကသိုလ်အဆင့် ပြဋ္ဌာန်းသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သင်ကြားလေ့လာမှု (Environment Studies) စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်ထဲတွင် နွေရာသီ၌ ဆည်၏ အညာဘက် မြစ်တစ်လျှောက်တွင် ရွှံ့ပြင်(Mud Flats) များဖြင့် အရုပ်ဆိုးစေခြင်း၊ ငါးစသည့်သတ္တဝါများ ရှင်သန်ရေးအတွက် ကောင်းမွန်သောရေထုမရနိုင်ခြင်း၊ မျှော်လင့်မထားသောအကြောင်းတစ်ခုခုကြောင့် ဆည်ရေကျိုးပေါက်လာမည့်အန္တရာယ်ကို ကြောင့်ကြပူပန်ရခြင်း စသည့် ဆိုးကျိုးအချို့ကို ဖော်ပြထားပါသည်။ ထို့အပြင် လူ့ပယောဂကြောင့် ဖြစ်ပေါ်တတ်သော မြေငလျင်လှုပ်မှု(Induced Seismicity) အကြောင်းပါရှိသည်။ မြေအောက်နျူကလီးယားဖောက်ခွဲမှု၊ ညစ်ညမ်းရေဆိုးများ မြေအောက်သို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်မှုနှင့် ဆည်ကြီးများ တည်ဆောက်မှုသည် မြေငလျင်များကို ဖြစ်စေကြောင်း ဖော်ပြသည်။

ပဉ္စမအနေနှင့် တွမ်တီးတင်ဘာ့ခ်(Tom Tietenberg) ပြုစုသည့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဆိုင်ရာစီးပွားရေးပညာ(Environmental and Natural Resource Economics) စာအုပ်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်နှင့် အမေရိကန်တက္ကသိုလ်များမှ ပညာရှင် ၈၀ ခန့်အကူအညီဖြင့် ပြုစုထားသောစာအုပ်ဖြစ်ပြီး အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေရပါသည်။ ယင်းစာအုပ်တွင် ရေကုန်လျှင် ထပ်မံဖြည့်တင်းပေးနိုင်သည်ဟုဆိုသော်လည်း လျော့ပါးကုန်ခန်းတတ်သည့် ရေအရင်းအမြစ် (Replenishable but Depletable Resources) အကြောင်းကို အခန်းတစ်ခုအနေနှင့်ရေးသားထားပါသည်။ ယင်းအခန်းတွင် မြေပေါ်မြေအောက်ရေအကြောင်း၊ ရေရှားပါးမှုအန္တရာယ်အကြောင်း၊ အမေရိကတွင် မြစ်အတွင်း စီးနေသောရေကိုလွှဲယူသည့် ရေလွှဲတူးမြောင်းကိစ္စ၊ ရေထုတ်ယူခွင့်ပါမစ်ကိစ္စများနှင့် ပတ်သက်၍ ရေအရင်းအမြစ်ချင်းဆက်စပ်ရာ ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ရေငြင်းခုံပွဲ(Water Fights)များ၊ ရေအခွင့်အရေးများ (Water Rights)များအကြောင်းကိုလည်း သင်ခန်းစာယူနိုင်အောင်ရေးသားထားပါသည်။

ဆဋ္ဌမအနေနှင့် ဆည်ကြီးများက သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် အကျိုးသက်ရောက်စေမှု အကျဉ်းချုပ်အစီရင်ခံစာ ပထမတွဲ (The Social and Enviornmental Effects of Large Dams by Edward Goldsmith and Nicholas Hildyard, Vol. One, Overview, U.K. 1984)ဖြစ်ပါသည်။ ယင်းအစီရင်ခံမှာ ပြင်သစ်နိုင်ငံအခြေစိုက် ဥရောပတိုက် ဂေဟဗေဒဆိုင်ရာလှုပ်ရှားစည်းရုံးရေးအဖွဲ့ (The European Ecological Action Group)အတွက် ပြုစုခြင်းဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်တစ်ဝိုက်က တစ်ကမ္ဘာလုံးရှိမီတာ ၁၀၀ နှင့်အထက် မြင့်သောဆည်ကြီးများအပေါ် ဆိုးကျိုးကောင်းကျိုး ဆန်းစစ်ချက်၊ တွေ့ရှိချက်၊ အကြံပြုချက်များပါရှိပါသည်။ ထို ခေတ်က ဆည်ကြီးများ တည်ဆောက်ရာတွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ပြင်သစ်၊ အီတလီ၊ စပိန်၊ ဩစတြီးယား၊ ဆွစ်ဇာလန်၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်၊ အိန္ဒိယ၊ အီရန်၊ ဩစတြေးလျ၊ ဂျပန် စသည့်နိုင်ငံများမှာ ထိပ်တန်းစာရင်းဝင်နိုင်ငံများဖြစ်ကြပြီး၊ ကြီးမားသောဆည်များ တည်ဆောက်နိုင်မည့်နိုင်ငံများမှာ အီဂျစ်၊ ကနေဒါ၊ တရုတ်၊ ရုရှားနိုင်ငံများဖြစ်ကြောင်းတွေ့ရပါသည်။ ဆိုဗီယက်နိုင်ငံ၏ ၃၁၇ မီတာမြင့်သော ညူးရက်(Nurek) ဆည်မှာ အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ယင်းအစီရင်ခံစာထဲတွင် ကမ္ဘာ့လူဦးရေတိုးတက်မှုကို ရိက္ခာထုတ်လုပ်မှုက အမီလိုက်နိုင်ရေး၊ ရေအားလျှပ်စစ်နှင့် စိုက်ပျိုးရေး တစ်ဟုန်ထိုး တိုးတက်ပြီး လူနေမှုဘဝမြှင့်တင်နိုင်ရေး စသည့်ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် ဆည်များ အပြိုင်အဆိုင်တည်ဆောက်ခဲ့ပုံနှင့် ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဆည်များဆိုင်ရာ နှစ်ပေါင်း ၃၀ အတွေ့အကြုံများကို ပြုစုထားပါသည်။ အချို့ကိစ္စများတွင် ကိန်းဂဏန်းတွက်ချက်ရရှိမှုများဖြင့် သင်ခန်းစာ ရယူထားပါသည်။ အထူးသဖြင့် ဆည်တည်ဆောက်ရာမြစ်နှင့် သစ်တော၊ မိုးရေ၊ ဆည်ရေကိစ္စများဖြစ်ပါသည်။ ဥပမာ-ရေအားလျှပ်စစ်တစ်ကီလိုဝပ်၏ ထုတ်လုပ်မှုစရိတ်သည် ၁၉၇၃ ခုနှစ်က အမေရိကန်ဒေါ်လာ ၃၅၀ ခန့်ရှိပြီး၊ ၁၉၈၄ ခုနှစ်အရောက်တွင် ဒေါ်လာ ၁,၀၀၀ ရှိခဲ့သော်လည်း သမားရိုးကျ အပူစွမ်းအင်ထုတ်လုပ်စရိတ်ထက် သက်သာဆဲဖြစ်ကြောင်း၊ ဆည်ရေသောက်လယ်များမှာလည်း ၁၉၀၀ ပြည့်နှစ်က ဟက်တာသန်းပေါင်း ၄၀ ရှိခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင်ဟက်တာသန်း ၂၂၀ အထိတိုးတက်ခဲ့ကြောင်း၊ဆည်ရေလုံလောက်စွာ ရရှိရေးမှာလည်း ရာသီဥတုမှန်ကန်ကောင်းမွန်မှုအပေါ် များစွာတည်နေကြောင်း၊ ဆည်၏ အထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် ရေဝေရေလဲဧရိယာနှင့် သစ်တောများ ကောင်းစွာရှိလျှင် မိုးရွာသည့်အခါ မိုးရေ၏ ၁ မှ ၃ ရာခိုင်နှုန်းအထိသာ မြစ်ထဲသို့ စီးဝင်ပြီး မဟုတ်လျှင် မိုးရေ၏ ၉၇ ရာခိုင်နှုန်းအထိ မြစ်ထဲသို့ စီးဝင်သည်ဟုဖော်ပြထားသည်။ မြစ်ဝှမ်းတစ်လျှောက် သဘာဝ သစ်တောများ ကောင်းစွာဖြစ်ထွန်းနေပါက မိုးရေတိုက်စားမှုကြောင့် မြေဆီလွှာဆုံးရှုံးမှုမှာ တစ်ဟက်တာလျှင် တစ်တန်နှုန်းမျှ နှစ်စဉ်ဆုံးရှုံးကြောင်း၊ အကယ်၍ သဘာဝသစ်တောကိုခုတ်ထွင်ပြီးမှ စိုက်ပျိုးပါက တစ်ဟက်တာလျှင် တစ်နှစ်တန် ၂၀ မှ ၃၀ အထိဆုံးရှုံးနိုင်ကြောင်း၊ သစ်တောခုတ်ထွင်စိုက်ပျိုးမြေသည် တောင်စောင်းဖြစ်ပါက မြေဆီလွှာဆုံးရှုံးမှု တန် ၉၀ အထိရှိကြောင်း၊ စိုက်ပျိုးမြေ တစ်ဟက်တာပေါ်သို့ ဆည်ရေကုဗမီတာ ၁၀,၀၀၀ ရောက်တိုင်း မြေဆီလွှာအတွင်း ဆားငန်ဓာတ်အနည်ထိုင်မှု ၂ တန်မှ ၅ တန်အထိရှိနိုင်ပြီး၊ အပူပိုင်းဒေသဖြစ်လျှင် ထို့ထက်ပိုမိုနိုင်ကြောင်း၊ ဆည်အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင်မြစ်ကြောင်း တိမ်ကောမှု၊ မြေအောက်ရေကျဆင်းသွားမှုကြောင့် ပင်လယ်ရေသည် ကုန်းတွင်းပိုင်းသို့ မိုင် ၆၀ ကျော်အထိ ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း၊ ဆည်ကြီးများတည်ဆောက်သင့် မသင့်ကို ဘေးဒုက္ခကျရောက်နိုင်မှု အကဲဖြတ်ချက် (Disaster Impact Assessments) အပေါ် ကျေလည်မှုနှင့် မဲဆန္ဒရှင်များ (Electorate)၏ ဆန္ဒသဘောထားအပေါ် စဉ်းစားပြီးမှ ဆုံးဖြတ်သင့်ကြောင်း စသည့် အချက်များပါရှိပါသည်။

သတ္တမအနေနှင့် ၂၀၀၀ ပြည့်နှစ် ဧပြီ၊ မေထုတ် တိုင်း(မ်)မဂ္ဂဇင်း၊ Earth Day 2000 Special Edition ပါ အထူးဆောင်းပါးကိုပြန်ကြည့်သင့်ပါသည်။ နိုင်ငံတကာပညာရှင်ပေါင်း ၁၇၅ ယောက်မျှပါသော ကမ္ဘာ့ဂေဟဝန်းကျင်ဆိုင်ရာ ရှေးဦးလေ့လာမှု (Pilot Analysis of Global Ecosystems) တစ်ခုကို ကမ္ဘာ့အဖွဲ့အစည်းများက ပြုလုပ်ခဲ့ကြောင်း၊ ထောင်စုနှစ် ဂေဟဝန်းကျင် လေ့လာဆန်းစစ်မှု (Millennium Ecosystem Assessment)ကို ထပ်မံပြုလုပ်ရန်ရှိကြောင်းဖော်ပြထားပါသည်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# တော်တဲ့ကျောင်းသားဆိုတာ...

ဒေါ်ရယ်လီနန်းဟွမ်လိတ်

ဒီတစ်ခါကျွန်မရေးမယ့်ဆောင်းပါးဟာခါတိုင်းလိုဖြစ်စေချင်တဲ့စေတနာနဲ့ဟိုဟာလေးလုပ်ရင်ကောင်းမယ်၊ ဒီလိုလေး ပြင်လိုက်ရင် ကောင်းမယ်ဆိုတာမျိုး မဟုတ်ဘဲ ကျွန်မကိုယ်တိုင်ဝေခွဲမရလို့ စာဖတ်ပရိသတ်များကို အကူအညီတောင်းပြီး စဉ်းစားခိုင်းပါရစေ။

အပတ်စဉ်ထုတ် သတင်းဂျာနယ်များနဲ့ မဂ္ဂဇင်းတွေမှာပါလေ့ရှိတဲ့ ထူးချွန်ကျောင်းသားများနဲ့ တွေ့ဆုံခန်းတွေ အင်တာဗျူးတွေကို ကျွန်မအမြဲဖတ်လေ့ရှိပါတယ်။ ဘာသာစုံ ဂုဏ်ထူးရကျောင်းသားတွေမြန်မာတစ်နိုင်ငံလုံး အဆင့်တစ်မှ တစ်ဆယ်ရကျောင်းသားတွေအကြောင်း၊ သူတို့စာကျက်မှတ်ပုံ၊ သူတို့ကြိုးစားခဲ့ကြပုံ၊ သင်ကြားပေးတဲ့ ဝိုင်းကျူရှင်တွေ၊ ပုဂ္ဂလိကကျောင်းတွေအကြောင်းကို ဖတ်ရ၊ မှတ်ရတာအားကျစရာကောင်းလိုက်တာ။ ချီးမွမ်းဖို့ကောင်းလိုက်တာ။ အချိန်နဲ့လူအားနဲ့ စိုက်ထုတ်ခဲ့ပုံတွေဟာရင်သပ်ရှုမောဖွယ်ရာပါပဲ။ ပြဋ္ဌာန်းထားတဲ့ သင်ရိုးကို ဆရာ၊ ဆရာမတွေကလည်း ကျကျနန သင်ထားပေးနိုင်တယ်။ သင်ရိုးကုန်စာကျက်ထားပြီး မေးခွန်းဟောင်းတွေကိုလည်း အထပ်ထပ်၊ အခါခါ လေ့ကျင့်ထားပြီးသား ဖြစ်တာမို့ ဘယ်အပုဒ်ပဲ လာလာ၊ အကုန်လေ့ကျင့်ဖူးပြီးသားပဲတဲ့။ သူတို့လေးတွေရဲ့ စာကျက်အားနဲ့ မှတ်ဉာဏ်စွမ်းအားက အံ့ဘနန်းပါပဲ။ စာကျက်ဝိုင်း၊ သင်ကြားလေ့ကျင့်ပေးတဲ့ guide ၊ ပုဂ္ဂလိကဘော်ဒါကျူရှင်တွေကလည်း Camp သွင်းတန်သွင်း၊ အချိန်ပိုသင်သင့်ရင်လည်းသင်ဆိုတော့ ဒီတော်သော၊ ကြိုးစားသော ကျောင်းသူ၊ ကျောင်းသားလေးတွေဟာ ရှိသမျှဘာသာစုံဂုဏ်ထူးတွေ ဒီတွေတသီတတန်းကြီးနဲ့ အောင်ပန်းတွေ ဆင်မြန်းကြတာပေါ့။ ဒါဒီခေတ်ရဲ့ တော်တဲ့ ထူးချွန်တဲ့ ကျောင်းသားဆိုတာ ဒီလိုပါလို့ပြောနိုင်တာပေါ့နော်။

ဒီလိုအခြေအနေဒီလိုကျောင်းသားတွေကနေ ကျွန်မတို့ တစ်ခေတ်တစ်ခါက ကျောင်းသားတွေရဲ့ သင်ယူသင်ကြားမှု အခြေအနေကို ပြန်ပြောင်းကြည့်လိုက်မယ်ဆိုရင်တော့ တော်တော်လေးကွဲပြားခြားနားပါတယ်။ တော်ခြင်း၊ ထူးချွန်ခြင်း၊ အောင်မြင်ခြင်းကို ဂုဏ်ထူးများနဲ့ တိုင်းတာမယ် ဆိုရင်တော့ အရင်ခေတ်ကျောင်းသားတွေဟာ ဒီခေတ်ကျောင်းသားတွေလောက် မတော်ဘူးလို့တောင် သတ်မှတ်ရမလိုဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်ခေတ်က ဘာသာစုံဂုဏ်ထူးထွက်တယ်ဆိုတာ မရှိသလောက်နည်းပါတယ်။ ဒီစာမေးပွဲတွေကိုကြီးကြပ်တဲ့ ဆရာ၊ ဆရာမကြီးများ ပါမောက္ခများရဲ့ “ဂုဏ်ထူးပေးလောက်တဲ့“စံ”သတ်မှတ်ချက်က မြင့်မားပါတယ်။ သင်ကြားဖြေဆိုရတဲ့ အခြေအနေတွေမတူ ဘဲကွဲပြားလို့လား၊ ပင်ကိုအရည်အချင်းကွာလို့လားဆိုတာနှိုင်းယှဉ်စဉ်းစားနိုင်အောင် အရင်ခေတ်ကို မမီလိုက်သူတွေလည်းသိမြင်သွားအောင် သိမီလိုက်တဲ့သူတွေရဲ့ အတွေးတွေလည်းပြန်လည်လန်းဆန်းသွားအောင် Refresh လုပ်ပေးပါရစေ။

ပထမဆုံး သင်ယူရတဲ့ပုံစံကို တင်ပြပါမယ်။ သင်ခန်းစာရဲ့ သင်ရိုးကို ဆရာ၊ ဆရာမတွေက အတန်းထဲမှာ သင်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားများကလည်း အာရုံစိုက်ပြီး လိုက်မှတ်၊ လိုက်လေ့လာပါတယ်။ ကျွန်မတို့ရဲ့ ဆရာ၊ ဆရာမတွေ သင်ကြားပေးတဲ့ ပုံစံကိုလည်း အနည်းငယ်ပြောပြချင်ပါတယ်။

အင်္ဂလိပ်စာသင်ပြပေးတဲ့ ဆရာမဆိုရင် သဒ္ဒါကိုသင်ပြပေးပြီးရင် ကျောင်းသားများက နားလည် တတ်မြောက်ကြောင်းကို ကိုယ်တိုင်ဝါကျတည်ဆောက်ပြရပါတယ်။ စာစီစာကုံးများရေးတဲ့အခါဆိုရင်လည်း စာမေးပွဲမှာ မေးမယ့်ခေါင်းစဉ်တွေကိုပဲ အမှားကင်းကင်းနဲ့ ရေးတတ်အောင် လေ့ကျင့်ခိုင်းတာ မဟုတ်ပါဘူး။ စိတ်ကူးထဲပေါ်လာသမျှ ဘာခေါင်းစဉ်မျိုးပဲဖြစ်ဖြစ် ရေးတတ်၊ စိတ်ကူးကွန့်မြူးတတ်အောင် ဆရာ၊ ဆရာမတွေက လေ့ကျင့်ပေးပါတယ်။ အမှားရေးမိမှာကို မစိုးရိမ်ဘဲ Express လုပ်တတ်တဲ့ စွမ်းရည်ကိုပဲ အားပေးအားမြောက်ပြုပါတယ်။ အဲဒါကြောင့်ပဲထင်ပါရဲ့။ အရင်ခေတ်က ကျောင်းသားများဟာ ဆယ်တန်းတောင် မအောင်ဘဲနဲ့ အင်္ဂလိပ်ဂျာနယ်၊ မဂ္ဂဇင်း ဖတ်တတ်နေပါပြီ။ ရေးတယ်ဆိုရင်လည်း သာမန်ပေးစာ၊ ပြန်စာ လောက်ကတော့ အင်္ဂလိပ်လိုရေးဖို့လည်း



အပန်းမကြီးကြပါဘူး။ ဒါက အင်္ဂလိပ်စာသင်ပုံပါ။

သင်္ချာဆိုရင်လည်း အတန်းထဲမှာ တစ်ပုဒ်လောက်သဘောတရားနားလည်အောင် ဆရာကတွက်ပြလိုက်ပြီးရင် သုံးပုဒ်လောက်လေ့ကျင့်လိုက်ပါတယ်။ သဘောတရားနားလည်ပြီး သွားရင်ပြီးပါပြီ။ စာမေးပွဲကျရင် ဆရာမေးတဲ့ မေးခွန်းထဲမှာ တွက်ဖူးပြီးသား ပုစ္ဆာဟောင်းတွေထဲက မမေးဘဲ။ ကိန်းဂဏန်းတွေပြောင်းထားပါတယ်။ တွက်ဖူးတဲ့ ပုစ္ဆာတိုက်ရိုက်တိုးတာ မရှိပေမယ့် သဘောတရားသိထားတော့ မခက်ပါဘူး။ ဒါပေမဲ့ မေးခွန်းထဲမှာ ဉာဏ်စမ်းတစ်ပုဒ်လောက်ကတော့ အမြဲပါတယ်။ တစ်ခါမှ မတွက်ဖူးတော့ ဒါက သင်္ချာတော်ပြီး ဉာဏ်ကွန့်တတ်တဲ့ကျောင်းသားတွေအတွက်ပါ။ ဒီအပုဒ်ကို တွက်နိုင် မှန်နိုင်ရင်သင်္ချာမှာ အမှတ်များပြီပေါ့။ မေးခွန်းကိုက အဆင့်ခွဲ Grade လုပ်ပြီးသားဖြစ်နေတော့ လေ့ကျင့်တာတို့၊ မေးခွန်းတိုးတာတို့နဲ့ မဆိုင်ဘဲဂုဏ်ထူးရသင့်တဲ့ အဆင့်ကခွဲပြီးသားဖြစ်သွားပါတယ်။

အဲဒီခေတ်က ကျောင်းသားတွေက အခုခေတ်မှာလိုပါမောက္ခတွေ၊ အမှတ်ခြစ်တဲ့ ဆရာတွေက မေးခွန်းပုံစံတွေရှင်းပြဆောင်ရန် ရှောင်ရန်တွေကြိုပြောပြတာတွေ ဝေးလို့ ဘယ်ဘာသာရဲ့ ပါမောက္ခဟာဘယ်သူဆိုတာလည်း မသိဘူး။ အမျိုးသမီး၊ အမျိုးသားမှန်းလည်းမသိဘူး။ အဲဒီဆရာ၊ ဆရာမရဲ့အထာ ဘာကြိုက်တတ်တယ်။ ဘာမေးတတ်တယ်ဆိုတာလည်း မသိဘူး။ ယုတ်စွအဆုံး ဘယ်သင်ခန်းစာကို မေးခွန်းတိုမေးမယ်။ ဘယ်ဟာကို အရှည်မေးမယ်ဆိုတာကိုတောင် ကြိုပြီးသိမထားပါဘူး။ သင်ပေးတဲ့ ဆရာ၊ ဆရာမတွေကလည်း ဘယ်လိုမေးရင် ဘယ်လိုဖြေဆိုတာတောင် သင်တာမဟုတ်ပါဘူး။ သဘောတရား Concept ကို ရအောင်သင်ပေးလိုက်တော့ မေးခွန်းတို မေးမေး၊ အရှည်မေးမေး၊ နှစ်မှတ်တန်မေးမေး၊ အမှတ်နှစ်ဆယ်တန်မေးမေး၊ ချုံ့သင့်ရင်ချုံ့လိုက်တယ်။ ချဲ့စရာရှိရင် ချဲ့လိုက်တာပဲ။ ဘယ်ကမေးမေး၊ ညာကမေးမေး ဖြေနိုင်ကြပါတယ်။ သင်ယူသင်ကြားပေးတဲ့ပုံစံကဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုတော့ ဆရာ၊ ဆရာမတွေက ကိုယ်ခံပညာအစုံ၊ လက်နက်အစုံတော့ တပ်ဆင်ပေးလိုက်ပြီ။ တိုက်ပွဲဝင်တဲ့အခါ ဘယ်နေရာမှာ ဘာရန်သူလာမယ်၊ ဘယ်လိုခလုတ်ကန်သင်းတွေ့မယ်၊ ဘာလက်နက်လိုမယ်။ ဘယ်နေရာမှာဘာကိုသုံးလို့ အသေးစိတ်မသင်ပါဘူး။ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ တပ်ဆင်ပေးလိုက်တဲ့ လက်နက်နဲ့ ခုခံကာကွယ်တိုက်ထုတ်ပြီး တိုက်ပွဲမှာ အနိုင်ရစေဆိုတဲ့သဘောပါပဲ။

ဒီလိုအခြေအနေမျိုးမှာစာမေးပွဲအောင်ခဲ့ပြီး ဂုဏ်ထူးနဲ့တောင် အောင်တယ်ဆိုရင်တော့ဆန်ကာချပြီးသား ဒေါင်ဒေါင်မြည်တွေလို့ဆိုရမှာပေါ့။ ကျွန်မဒါတွေကို ရေးပြနေရခြင်းက အကြောင်းရှိလို့ပါ။ အရေးလည်းကြီးလို့ပါ။ အထူးသဖြင့် ဒီခေတ်ပြောင်းစနစ်ပြောင်းကြီးမှာပေါ့။ ဘယ်လိုတော်သောလူငယ်များကို ပုံစံသွင်းပြီး မွေးထုတ်ပေးချင်သလဲ။ မွေးထုတ်ပေးသင့်သလဲ ပေါ်မူတည်ပြီး ပြောင်းလဲရမယ့် အဆင့်တွေကအများကြီးမို့လို့ပါ။

တကယ်လို့ အခုခေတ်လိုတိုင်းတာတဲ့ စံကိုဂုဏ်ထူးတွေနဲ့ဆိုရင်တော့ လူငယ်တွေကို အတန်းတိုင်း ဘွဲ့ရတဲ့အထိ မေးမယ့်မေးခွန်းပုံစံတွေနဲ့ သင်ကြားပြင်ဆင်ပေးပြီး အကူအညီလိုရင် ကျူရှင်တွေ၊ ဂိုက်တွေကို လက်လွှတ်လို့မရပါဘူး။ လောကကြီးထဲ ခြေချတဲ့အခါလည်း အစစအရာရာအဆင်ပြေဖို့ ကြိုတင်စီမံပံ့ပိုးတဲ့ မိဘအသိုင်းအဝိုင်းရှိဖို့ လိုတာပေါ့။ အခက်အခဲတွေ့ရင် ကြိုမသင်ထားမိလို့ အသိုင်းအဝိုင်းအကူအညီနဲ့ ဖြေရှင်းပေးနိုင်ရမယ်လေ။ ဒီလို ရလဒ်ကို ကြိုက်ရင် ဒီလမ်းအတိုင်းသာ ဆက်သွားရလိမ့်မယ်ထင်တယ်။ မှတ်ဉာဏ်ကိုအလေးထားပြီး လေ့ကျင့်မှုကို အသားပေးရမယ်။ အားကစားတို့၊ အနုပညာတို့၊ တခြားဝါသနာလိုက်စားဖို့အချိန်အကန့်အသတ်ရှိသွားတာပေါ့။

တကယ်လို့ မှတ်ဉာဏ်စမ်းတာမဟုတ်ဘူး။ ဂုဏ်ထူးတွေကို အဓိကမထားဘူး။ Concept ခြုံငုံတတ်မြောက်မှုကိုပဲ အဓိကထားမယ်ဆိုရင် ပြစရာဂုဏ်ထူးတွေတော့ ထင်သလောက် မများနိုင်ဘူး။ ဒါပေမဲ့ ကျောင်းသားတွေ စာသင်ယူကျက်မှတ်အားထုတ်ပုံပြောင်းတာကြောင့် အချိန်ရင်းနှီးရမှုသက်သာမယ်။ အားလပ်ချိန်လေးထွက်လာတာမို့ အားကစားဝါသနာပါရင် ကစား၊ စာပေဝါသနာပါရင် စာဖတ်ဝိုင်းတို့၊ နံရံကပ်စာစောင်တို့မှာ လက်ရည်သွေးနိုင်ပါမယ်။ လက်မှုပညာဝါသနာပါရင် တီထွင်ကြံဆပြီး လက်ရာအမျိုးမျိုးလုပ်ပြနိုင်တယ်။ ဒါတွေကြောင့် တီထွင်မှုစွမ်းအား Creativity တိုးလာမှာပါ။ အဓိကကတော့ အားလပ်ချိန်လေးတွေမှာ မိဘ၊ မောင်ဘွားများနဲ့ လက်ပွန်းတတီးနေပြီး ယုယမှု၊ ဆုံးမမှုခံနိုင်တာပေါ့။ တိုတိုပြောရရင် Quality Life အနှစ်သာရပြည့်ဝသော မိသားစုဘဝတွေ တည်ဆောက်နိုင်လာပါလိမ့်မယ်။ ဒါတွေဟာ အနာဂတ်နိုင်ငံတော်အတွက် အရေးပါ၊ မပါဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။

ဒါကြောင့် ကျွန်မရဲ့ မေးခွန်းကိုပြန်ပြီးမေးပါရစေ။ ဘယ်လိုကျောင်းသားဟာ တကယ်တော်တဲ့ကျောင်းသားလဲ။ ဒီအဖြေပေါ်မူတည်ပြီး ဘယ်လိုပညာသင်ကြားရေးစစ်ဆေးရေးလမ်းကြောင်းကို ရွေးချယ်ကြမလဲ။ ။

## ရန်ကုန်စည်ပင်က ဆောက်လုပ်မည့် ပလက်ဖောင်းများတွင် ဗိုးချဲလျှောက်လမ်းများ ထည့်သွင်းမည်ဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆက်လက်တည်ဆောက်သွားမည့် လမ်းဘေးပလက်ဖောင်းများတွင် မသန်စွမ်းသူများ သွားလာရေးအဆင်ပြေစေမည့် ဗိုးချဲလျှောက်လမ်းများ ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

“အခုလည်း ဗိုးချဲလျှောက်လမ်းတွေ ထည့်သွင်းဆောက်လုပ်နေပါတယ်။ နောက်ပိုင်းလည်း ထည့်ဆောက်သွားဖို့ ရှိတယ်။ မသန်စွမ်းသူတွေကလည်း ကျွန်တော်တို့ဌာနကို အကြံပြုစာ တွေ ပို့နိုင်ပါတယ်။ နောက်ပိုင်းမှာ အဆောက်အအုံဌာန(ယာ/အုံ)ကိုလည်း အဆောက်အအုံဒီဇိုင်းတွေမှာ ထည့်ဆောက်ဖို့ အကြံပြုပါမယ်”ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှဒုတိယဌာနမှူး ဦးစည်သူလွင်က ပြောသည်။

ရန်ကုန်မြို့တွင်း ဧရိယာရှိ မြို့နယ်အချို့၌ ယခုနောက်ပိုင်း အသစ်ဆောက်လုပ်သော ပလက်ဖောင်းများတွင် ဗိုးချဲလျှောက်လမ်းများ ထည့်သွင်းတည်ဆောက်လာသည်ကို တွေ့ရသော်လည်း၊ ပလက်ဖောင်းအများစုမှာ ကွန်ကရစ်တုံးများကြောင့် သွားလာရခက်ခဲနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ အတွင်းရေးမှူးဦးအေးကိုကိုက ပြောသည်။

“အခုလုပ်ပေးထားတာတွေက ဗိုးချဲ တစ်စီးစာလေးပဲ ဖြတ်လုပ်ထားတာ။ တချို့နေရာတွေမှာ ကွန်ကရစ်တုံးတွေကြောင့် သွားလို့မရဘူး။ တကယ်လို့ ပလက်ဖောင်းပေါ် ကိုတက်တဲ့တစ်ပြင်လုံးကို အလျှောလေးလုပ်လိုက်ရင် ပိုအဆင်ပြေမယ်။ ကွန်ကရစ်တုံးတွေတောင်သက်သာတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“လက်ရှိ ရှိနေတဲ့လျှောက်လမ်းတွေက တစ်မြို့နယ်နဲ့ တစ်မြို့နယ်မတူဘူး။ အထက်လူကြီးတစ်ယောက်က မြို့နယ်မှူးတွေကို ညွှန်ကြားချက်ပေးထားမယ်ဆိုရင် တညီတည်းဖြစ်သွားမယ်” ဟု ၎င်းကဆက်လက်ပြောကြားသည်။

ထို့ပြင် အများပြည်သူ ဝင်ထွက်သွားလာသည့် အဆောက်အအုံများ၊ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်ချထားပေးရာတွင် မသန်စွမ်းသူများသွားလာရ အဆင်ပြေစေမည့် အဆောက်အအုံဒီဇိုင်းပါဝင်စေရန် ညွှန်ကြားချက်နှင့်အတူ လိုင်စင်ပြန်ချထားပေးခြင်းများလည်း ဌာနမှ လုပ်ဆောင်ပေးသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရန်ကုန်မြို့တော်စည်ပင်သာယာသို့ အကြံပြုပြောကြားသည်။

7Day News Journal

# Current Affairs

Vol.10, No.31 • OCTOBER 20, 2011

# အလုပ်သမားအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းနိုင်ပြီ

**သတင်းအဖွဲ့**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းလိုက်ပြီဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းနိုင်ပြီဖြစ်သည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေကို နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုး၍ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင်ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၄ နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်ရန်၊ အလုပ်သမားအချင်းချင်းအကြား၊ အလုပ်ရှင်နှင့်အလုပ်သမားအကြားဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းသည်ဟု ဥပဒေပြဋ္ဌာန်းရည်ရွယ်ချက်ကိုဖော်ပြထားသည်။ အဆိုပါဥပဒေကို အခန်း ၁၄ ခန်း၊ ပုဒ်မ ၅၈ ခုဖြင့် ဖော်ပြထားသည်။

ထို့ကြောင့် အလုပ်သမားများမှာ မိမိတို့နှင့်သက်ဆိုင်သည့် အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ပြီး၊အဆိုပါ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိပြီဖြစ်သည်။

"ရှိသင့်ရှိထိုက်တာ ရှိလာတော့ ကောင်းတာပေါ့"ဟုမြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမြင့်စိုးကပြောသည်။

"လူ့အဖွဲ့အစည်းမှာ အပြန်အလှန်ညှိနှိုင်းနေထိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတစ်ခုထွက်ပေါ်လာတာပါ။ အလုပ်သမားတွေမှာဘာအဖွဲ့အစည်းမှမရှိရင် သူတို့ရဲ့အခွင့်အရေးတွေနဲ့ပတ်သက်ပြီးတော့ညှိနှိုင်းဆောင်ရွက်ဖို့အခက်အခဲရှိနိုင်ပါတယ်။ ဒီလိုအဖွဲ့အစည်းတွေပေါ်ပေါက်လာတဲ့အတွက် ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်နေတာနဲ့အညီ အပြန်အလှန်ထိန်းကျောင်းနိုင်မယ်။ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် လမ်းပွင့်သွားတယ်လို့မြင်ပါတယ်။ ဒီ့အတွက် အရမ်းဝမ်းသာပါတယ်"ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှဗဟိုအလုပ်အမှုဆောင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

သို့သော်ထိုဥပဒေပြဋ္ဌာန်းပြီးနောက် ပြည်တွင်းလုပ်ငန်းရှင်အချို့မှာ စိုးရိမ်မှုများရှိနေသည်။ "ဒီဥပဒေထွက်လာတော့ ကျွန်တော်တို့ဘက်ကတော့ စိုးရိမ်စရာတွေဖြစ်လာတယ်။ နားလည်မှုကတော့ အခုထက်ပိုလိုအပ်တယ်"ဟုပြည်တွင်းအထည်ချုပ်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

အထည်ချုပ်စက်ရုံများသည် ယခင်ကတည်းက လုပ်ခ၊ လခနှင့်ပတ်သက်၍ အလုပ်ရှင်နှင့်အလုပ်သမား မကြာခဏ ပြဿနာများဖြစ်ပွားလေ့ရှိသည်။ထို့ကြောင့်အလုပ်သမားများက အဖွဲ့အစည်းများ ဖွဲ့စည်းလာပါက ယခင်ကထက် နားလည်မှုရှိရန် လိုအပ်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးကဆိုသည်။

ဥပဒေအရ အခြေခံအလုပ်သမားအဖွဲ့အစည်းကို သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသူ အနည်းဆုံး ၃၀ ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ ထိုသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်း စုစုပေါင်းအလုပ်သမား၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများကထောက်ခံရန်လိုသည်။

မြို့နယ်အလုပ်သမားအဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အလုပ်သမား ၁၀ ရာခိုင်နှုန်းအောက် မနည်းသောအလုပ်သမားအဖွဲ့အစည်းများကထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အလုပ်သမား အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အတွင်းရှိ အလုပ်သမား အဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

အလုပ်သမားအဖွဲ့ချုပ်ကို လုပ်ငန်း(သို့မဟုတ်)လုပ်ဆောင်မှုအမျိုးအစားအလိုက် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ် အလုပ်သမားအဖွဲ့အစည်းစုစုပေါင်း ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။ ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း(သို့မဟုတ်) လုပ်ဆောင်မှုအမျိုးအစားအလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ်စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့ချုပ်များက ထောက်ခံလျှင်ဖွဲ့စည်းနိုင်သည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ထို့အပြင် အလုပ်သမား အဖွဲ့အစည်းများမှာ ကိုယ်ပိုင် အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။ အဆိုပါအဖွဲ့အစည်းများမှာ နိုင်ငံတကာ အလုပ်သမား အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်သည်။

အဆိုပါအဖွဲ့အစည်းများမှာ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်ထားသော မှတ်ပုံတင်အရာရှိချုပ်ကတစ်ဆင့် တာဝန်ပေးသော မြို့နယ်မှတ်ပုံတင်အရာရှိများထံတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ရမည်ဖြစ်သည်။

"ရတဲ့အခွင့်အရေးပေါ်မှာ အားလုံးအကျိုးရှိအောင် လုပ်သင့်တယ်လို့ အကြံပြုချင်တယ်။ ဒီဥပဒေကြောင့် လွတ်လပ်တဲ့ အလုပ်သမားအဖွဲ့အစည်းတွေ အများကြီး ပေါ်လာမယ်လို့ မျှော်လင့်တယ်" ဟု ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အဖွဲ့တို့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးလှမောင်ရွှေကပြောသည်။

အလုပ်သမားအဖွဲ့အစည်းများမှာ အလုပ်ပိတ်ခြင်းနှင့်သပိတ်မှောက်ခြင်းများကိုလည်း တရားဝင်ပြုလုပ်နိုင်ကြောင်း ဥပဒေ၌ပြဋ္ဌာန်းထားသည်။ အဆိုပါဥပဒေတွင် အလုပ်သမားဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကိုဆိုသည်။ ယင်းစကားရပ်၌တပ်မတော်သား၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိလက်နက်ကိုင်အဖွဲ့အစည်းဝင်တို့ မပါဝင်ဟု ဖော်ပြထားသည်။

ယခု ပြဋ္ဌာန်းပေးသော အလုပ်သမားအဖွဲ့အစည်းဥပဒေသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)ပြဋ္ဌာန်းချက်အမှတ်(၈၇)ဖြစ်သော လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခွင့်ကို သဘောတူကာ အတည်ပြုပေးလိုက်ခြင်းဖြစ်ကြောင်း အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးအရာရှိ စတိဗ်မာရှယ်လ်က ပြောသည်။

"ပြီးခဲ့တဲ့လက နိုင်ငံတော်က အစိုးရအဆင့်မြင့် အဖွဲ့နဲ့သွားရောက်ဆွေးနွေးခဲ့ပါတယ်။ ယခင်ကရှိရင်းစွဲ ကောင်းမွန်တဲ့ပုံစံနဲ့ ဆက်ဆံသွားဖို့ သဘောတူခဲ့ပါတယ်။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့် ဥပဒေပြဋ္ဌာန်းပေးဖို့ကိုလည်း လက်မှတ်ထိုးခဲ့ပါတယ်"ဟု အောက်တိုဘာ ၇ ရက်တွင်သတင်းထောက်များနှင့် တွေ့ဆုံစဉ် ၎င်းကပြောသည်။

အထက်ပါ ဥပဒေသစ်အရ ယခင် ၁၉၂၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော The Trade Union Act, 1926 ကို ယခုဥပဒေဖြင့် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - အောင်အောင်

## အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေ ရေးဆွဲလျက်ရှိ

**အောင်သူရ၊ ပြည့်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ - ၁၆**

အလုပ်သမားအဖွဲ့အစည်း နည်းဥပဒေကို အလုပ်သမားဝန်ကြီးဌာနက ရေးဆွဲလျက်ရှိပြီး၊ လအနည်းငယ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်က ပြောကြားသည်။

ထိုကဲ့သို့နည်း ဥပဒေထုတ်ပြန်ပြီးသည့်အခါ အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေ စတင်အာဏာတည်မည့် နေ့ရက်အား နိုင်ငံတော်သမ္မတက အမိန့်ကြေညာစာထုတ်ပြန်ပြီး သမ္မတကပင် မှတ်ပုံတင်အရာရှိချုပ်ကို ခန့်အပ်မည်ဖြစ်သည်။

ထိုကဲ့သို့ တာဝန်ခန့်အပ်ပြီးမှသာ အောက်တိုဘာ ၁၁ ရက်က ပြဋ္ဌာန်းခဲ့သော ဥပဒေပြဋ္ဌာန်းချက်များ၊နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်သမား အဖွဲ့အစည်းများ စတင်ဖွဲ့စည်းနိုင်ကြောင်း ဦးချစ်ရှိန်ကပြောကြားသည်။

ဥပဒေများ မထုတ်ပြန်မီနှင့် မှတ်ပုံတင်အရာရှိချုပ်မခန့်အပ်မီ ယာယီ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့်မရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်က ထပ်လောင်းပြောကြားသည်။

အဖွဲ့အစည်းများဖွဲ့စည်းရာတွင်လည်း အခြေခံမှ စတင်ဖွဲ့စည်းပြီးနောက် မြို့နယ်အဆင့်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ဆင့် ဖွဲ့စည်းပြီးမှသက်ဆိုင်ရာအဖွဲ့ချုပ်များ ဖွဲ့စည်းနိုင်ကြောင်းနှင့် အများဆန္ဒအရ အောက်ခြေအဆင့် အခြေခံအလုပ်သမားအဖွဲ့အစည်းများမှစ၍ အဆင့်ဖွဲ့စည်းပြီးမှသာ အလုပ်သမားအဖွဲ့ချုပ်ကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ထို့အပြင်အဆိုပါဥပဒေကြောင့်မီဒီယာလုပ်ငန်းတွင်လုပ်ကိုင်နေသူများပါ အလုပ်သမား အဖွဲ့အစည်း ဖွဲ့စည်းနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

အလုပ်သမားအဖွဲ့အစည်းနည်းဥပဒေတွင် အလုပ်သမားဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေး အလုပ်သမား၊ အိမ်အကူအလုပ် သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြုလုပ်ကိုင်နေသူကိုဆိုသည်ဟု ဖော်ပြထားသည်။

ထိုကဲ့သို့ ဖော်ပြထားသဖြင့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိလက်နက် ကိုင်အဖွဲ့အစည်းမှလွဲ၍ မည်သည့်အဖွဲ့အစည်းမဆို ဖွဲ့စည်းနိုင်ကြောင်း ဦးချစ်ရှိန်ကရှင်းပြသည်။

သို့သော် ထိုကဲ့သို့ဖွဲ့စည်းရာတွင် အလုပ်ရှင်နှင့် အလုပ်သမား ကွဲပြားဖို့လိုကြောင်းနှင့် အလုပ်ရှင်က အလုပ်ရှင်အဖွဲ့အစည်းဖွဲ့၍ရကြောင်း ဦးချစ်ရှိန်က ဆက်လက် ရှင်းပြသည်။

## ဗိုလ်ချုပ်ဆေထင် ပြန်လည်လွတ်မြောက်

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

အကျဉ်းသား ၆,၃၅၉ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုရာတွင် ထောင်ဒဏ်နှစ် ၁၀၀ ကျော်ချမှတ်ထား သော ရှမ်းပြည်နယ်တပ်မတော်(မြောက်ပိုင်း)နာယက ဗိုလ်ချုပ်ဆေထင်မှာလည်း ပြန်လည်လွတ်မြောက်လာကြောင်း သတင်းရရှိသည်။

ရှမ်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်ဆေထင်မှာ စစ်တွေအကျဉ်းထောင်မှ လွတ်မြောက်ပြီးနောက်အောက်တိုဘာ ၁၂ ရက်တွင်ရန်ကုန်မြို့သို့ရောက်ရှိပြီး၊ အောက်တိုဘာ ၁၄ ရက်တွင် ၎င်း၏ မိသားစုရှိရာ လားရှိုးမြို့သို့ ပြန်မည်ဖြစ်ကြောင်း ၎င်း၏မိတ်ဆွေများကပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက် ဒုတိယမြောက် လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းတွင် ဗိုလ်ချုပ်ဆေထင် ပြန်လည်လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူ ၂၈၀ ဦးခန့် လွတ်မြောက်

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

အစိုးရသစ်လက်ထက် ဒုတိယအကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် တစ်နိုင်ငံလုံးရှိ ထောင်အသီးသီး၌ အကျဉ်းကျခံနေရသူ ခြောက်ထောင်ကျော်အနက် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၈၀ ဦးခန့်လွတ်မြောက်လာကြောင်း သတင်းရရှိသည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ထောင်မှ လွတ်မြောက်သူ အရေအတွက် ၆၀၀ ကျော်ရှိပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံရသူ ၇ ဦးပါဝင်ကြောင်း အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယနေ့ လွတ်မြောက်လာသူများတွင် ထောင်ဒဏ် ၆၇ နှစ်ချမှတ်ခြင်းခံခဲ့ရသော ဟာသသရုပ်ဆောင်ဇာဂနာ၊ စစ်တွေအကျဉ်းထောင်မှ SSA အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဆေထင်၊ ခန္တီး အကျဉ်းထောင်မှ မစုစုနွေး၊ သီပေါအကျဉ်းထောင်မှ ကိုသိုက်မင်း၊ ကိုဌေးကြွယ် စသည့်နယ်ဒေသရှိအကျဉ်းထောင်များမှ အကျဉ်းသားများ အများစုပါဝင်သည်။

## ဆိုက်ရောက်ဗီဇာ ထုတ်ပေးသည့်နိုင်ငံ တိုးမြင့်မည်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် နိုင်ငံများမှလာသော နိုင်ငံခြားသားများကို ဆိုက်ရောက်ဗီဇာထုတ်ပေးရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ ထိုနိုင်ငံသုံးနိုင်ငံမှလာရောက်မည့်နိုင်ငံခြားသားများကို ရန်ကုန်၊ မန္တလေးလေဆိပ်နှင့်တာချီလိတ်နယ်စပ်ဝင်ပေါက်တို့တွင် ဆိုက်ရောက်ဗီဇာထုတ်ပေးရန်စီစဉ်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့သော အစည်းအဝေးတွင်ပြောကြားခဲ့သည်။

ထို့အပြင်ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံသားများ အပါအဝင် အဆိုပါနိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့လာရောက်မည့် တတိယနိုင်ငံသားများကိုပါ ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးရန် စီစဉ်နေကြောင်းလည်း မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်ထွန်းကပြောသည်။ "ဘယ်နေ့က စပေးမယ်လို့တော့မပြောဘူး"ဟု ၎င်းကပြောသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံမှတစ်ဆင့် MAI လေယာဉ်ဖြင့် လာရောက်သူများကို ဆိုက်ရောက်ဗီဇာထုတ်ပေးသည်။




## မျက်နှာဖုံး-တောင်သမန်အင်းဝန်းကျင်ရှိ ရေမြုပ်လယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးရန် ဒေသခံတောင်သူများလိုလား မှ

တောင်သမန်အင်းကို ငါးမွေးမြူရေးပြုလုပ်ရန်အတွက် ၁၉၉၅ ခုနှစ်ဝန်းကျင်မှစတင်၍ ရေများ ရာသီမပြတ်ထည့်သွင်းထားမှုကြောင့် ကေထောင်ဂဏန်းဝန်းကျင်ရှိသောလယ်ယာမြေများမှာ ရေမြုပ်နေပြီး သီးနှံများမစိုက်ပျိုးနိုင်သည်မှာ ၁၅ နှစ်ခန့်ရှိပြီဖြစ်ကြောင်း ဒေသခံတောင်သူများကပြောသည်။ ယခင်တောင်သမန်အင်းကို သဘာဝရေဝင်ရေလဲစနစ်အသုံးပြုစဉ်က မိုးတွင်းကာလတွင် ဝါဆိုလမှစတင်ကာ တန်ဆောင်မုန်းလအထိ ရေဝင်လေ့ရှိသည်။ ကျန်ရှစ်လတွင် ခြောက်သွေ့အေးမြနေပြီး ထိုကာလ၌ လယ်ယာမြေများတွင် စပါး၊ မြေပဲ၊ နှမ်းနှင့်အခြားသီးနှံတို့ကို စိုက်ပျိုးလေ့ရှိသည်။ ယခုအခါ တောင်သမန်အင်းကိုရေများ မပြတ်ထည့်သွင်းထားမှုကြောင့် လယ်ယာမြေအများစု ပျောက်ကွယ်နေသည့်အတွက် မိမိတို့စားဝတ်နေရေးကျပ်တည်းနေသည်မှာ ကြာပြီဖြစ်သောကြောင့် ယင်းလယ်ယာမြေများ ပြန်လည်ဖော်ထုတ်ပေးစေလိုကြောင်း ဒေသခံတောင်သူများကပြောသည်။

ထို့အပြင် အင်းအတွင်း ရေများရာသီမပြတ် ထည့်သွင်းထားမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုများလည်းကြုံတွေ့လာကြောင်း ၎င်းတို့ကဆိုသည်။ တောင်သမန်အင်း၏ အထင်ကရနေရာတစ်ခုဖြစ်သော ဦးပိန်တံတား၏ အခြေတိုင်များပျက်စီးယိုယွင်းခြင်း၊ စက်မှုလုပ်ငန်းများ၏ စွန့်ပစ်ရေဆိုးများဝင်ရောက်ကာ အင်းရေများ သန့်ရှင်းမှုမရှိခြင်း၊ ယခင် သဘာဝအတိုင်း ရေဝင်ရေလဲစနစ်အသုံးပြုစဉ်က နေထိုင်ကျက်စားခဲ့သော အချို့ငှက်မျိုးစိတ်နှင့် သတ္တဝါများ မတွေ့ရတော့ခြင်း၊ ရာသီမပြတ် ရေများထည့်သွင်းထားမှုကြောင့် ခြင်များ ပေါက်ပွားမှုများလာခြင်း၊ စသည့်တို့ဖြစ်ပေါ် နေကြောင်း ဒေသခံ များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာသူများကပြောသည်။ ထို့ကြောင့် အင်းကို ရေဝင်ရေထွက်ချောင်းများနှင့် မြောင်းများ ပြန်လည်ဖော်ထုတ်၍ ယခင်ကကဲ့သို့သဘာဝအတိုင်းရေဝင်ရေလဲဒေသအဖြစ်ပြန် လည်ပြုလုပ်ပေးစေလိုကြောင်း၊ သို့မှသာတောင်သမန်အင်း၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာရောက်မည့်အပြင် တောင်သူလယ်သမားတို့၏ လယ်ယာမြေများပြန်လည်ပေါ် ထွက်လာမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်များက ပြောသည်။

အင်းအနီးရှိ တောင်လေးလုံးကျောင်းတိုက်တွင်နေထိုင်ကာ တောင်သမန်နှင့်ပတ်သက်ပြီး စာပေများရေးသားခဲ့ဖူးသော သုတရသစာရေးဆရာဖြစ်သူ သက်တော်၇၉နှစ်အရွယ်ရှိဆရာတော်ဦးပညာဇောတ(ခ)ကိုပညာ(အမရပူရ) က"ဆရာတော့်အမြင်ကတော့တောင်သမန်အင်းကိုသဘာဝအတိုင်းလေးပြန်ဖြစ်ချင်စေချင်ပါတယ်"ဟုမိန့်ကြားသည်။

တောင်သမန်အင်းကို ၁၉၉၅ ခုနှစ်ဝန်းကျင်မှ ယနေ့အချိန်ထိ လေလံဆွဲကာလုပ်ကိုင်နေသော ရွှေငါးမိသားစုလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက တောင်သမန်အင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းတွင် အကြီးဆုံးငါး ထုတ်လုပ်နိုင်သည့်အင်းအဖြစ်တည်ရှိသကဲ့သို့ မန္တလေးတိုင်းဒေသကြီးအတွက် လိုအပ်သောငါးထုတ်လုပ်မှု၏ငါးပုံတစ်ပုံခန့်ကိုလည်း ဖြည့်ဆည်းပေးသောအင်းဖြစ်ပြီး၊ အင်း၏ အောင်မြင်သောရေချိုငါးထုတ်လုပ်မှုကြောင့် ကျေးရွာ ၁၁ ရွာမှ ရေလုပ်သား ၈၀၀ ခန့်နှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည် ၅၀၀ ခန့်ကိုလည်း နေ့စဉ်ဝင်ငွေရရှိစေသည်ဟု ဆိုသည်။ ထို့အပြင် ရေလုပ်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများအတွက်လည်း ကုမ္ပဏီက လစဉ်ထောက်ပံ့ပေးနေပြီး အင်းပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက်လည်းပံ့ပိုးကူညီပေးနေသည်ဟုဆိုသည်။

ထို့ကြောင့် အင်းငါးလုပ်ငန်းသည် အင်းသူကြီးတစ်ဦးတည်း၏ အကျိုးကိုမျှော်ကိုးလုပ်ကိုင်နေခြင်းမဟုတ်ကြောင်း၊ ကျေးလက်နေပြည်သူ ရေလုပ်သားများနှင့် အင်းလုပ်ငန်းရှင်တို့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုလုပ်ငန်းဖြစ်ကြောင်း ပြောသည်။ တောင်သမန်အင်းကိုလေလံဆွဲ လုပ်ကိုင်နေသော ရွှေငါးမိသားစုလုပ်ငန်းပိုင်ရှင် ဦးမြင့်ဝေက "အင်းကို သဘာဝအတိုင်း ထားပြီးလုပ်မယ်ဆိုရင်လည်း ကျွန်တော်တို့ကတော့ ငါးမွေးတဲ့ပုံစံပြောင်းလုပ်ရုံပါပဲ။ တစ်ခုတော့ရှိတာပေ့ါ။ စပါးကလည်းအရေးကြီးသလို ငါးကလည်းအရေးကြီးတာပဲ။ ရေကြောင်းပြောင်းသွားရင် အရင်ကတစ်နှစ်ကိုလေးလလောက်ငါးဖမ်းလုပ်ငန်းနားရရင် အခုခြောက်လလောက်နားရလိမ့်မယ်။ အဲဒီအခါကျရင် ဒီငါးလုပ်ငန်းလုပ်ကိုင်နေတဲ့ အလုပ်သမား ၁,၃၀၀ လောက် ဒုက္ခရောက်မှာပေ့ါ" ဟုပြောသည်။

အမရပူရမြို့သားတစ်ဦးဖြစ်သူ မန္တလေးတက္ကသိုလ်မှ လက်ထောက်ကထိကဟောင်း ဆရာဦးဇော်မြင့်က "သဘာဝပတ်ဝန်းကျင်ကိုလည်း မထိခိုက်ဘဲ ငါးလုပ်တဲ့သူကလည်း ငါးလုပ်မယ်၊ သီးနှံ စိုက်တဲ့လူကလည်း သီးနှံစိုက်မယ်ဆိုရင်အကောင်းဆုံးပါပဲ"ဟုပြောသည်။

မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက "ဒီအင်းကို ဟိုးအရင်အစိုးရလက်ထက်ကတည်းက ရေအမြဲရှိအောင် လုပ်ထားခဲ့တာပါ။ ရေရှိတော့ အင်းသူကြီးကလည်း ငါးမွေးတာပေ့ါ။ ငါးမွေးတဲ့အတွက် ဒေသခံတွေလည်းအလုပ်အကိုင်တွေရစေခဲ့ပါတယ်။ ကျန်တာကိုတော့ ခုလက်ရှိလုပ်ကိုင်နေတဲ့ အင်းသူကြီးကိုမေးတာ ပိုပြီးကောင်းပါလိမ့်မယ်" ဟုပြောသည်။

တောင်သမန်အင်းသည်မြောက်အင်းနှင့် တောင်အင်းဟူ၍ တည်ရှိပြီး ၎င်းအင်းနှစ်ခုကို ဦးပိန်တံတားက ပိုင်းခြားထားသည်။ တောင်သမန်အင်းနှင့်နယ်နိမိတ်ချင်းထိစပ်နေသော ရပ်ကွက်ကျေးရွာများမှာ ပြည်ကြီးတံခွန်မြို့နယ်မှ တံခွန်တိုင်ရပ်ကွက်၊ အမရပူရမြို့နယ်မှ ရွှေဂွမ်းထုတ်ရပ်ကွက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ တောင်သမန်ကျေးရွာအုပ်စု၊ ခနုံးကျေးရွာအုပ်စု၊ ဘုံးအိုးကျေးရွာအုပ်စု၊ ပန်းချီကျေးရွာအုပ်စု၊ ဟသ်ာကျေးရွာအုပ်စုများအပြင် အခြားကျေးရွာအုပ်စုများနှင့်လည်း သွယ်ဝိုက်ကာဆက်စပ်လျက်ရှိသည်။

# ပို့ကုန်ခုနစ်မျိုးအတွက် လိုင်စင်များ ရန်ကုန်တွင် လျှောက်ထားနိုင်ပြီ

အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ - ၁၂**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် ပြည်ပတင်ပို့သောပို့ကုန်ခုနစ်မျိုးအတွက် လိုင်စင်လျှောက်ထားမှုအား ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် အောက်တိုဘာ ၁၀ရက်မှစ၍ လျှောက်ထားနိုင်ကြောင်းသတင်းရရှိသည်။ အဆိုပါပို့ကုန်ခုနစ်မျိုးမှာ ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ CMP (အထည်ချုပ်နှင့် လက်ခစားလုပ်ငန်းများ)နှင့် သစ်တောထွက်ပစ္စည်းများဖြစ်သည်ဟု သိရသည်။

"နေပြည်တော်မှာ လျှောက်ရတုန်းက တစ်ခါတလေ အချိန် ကြန့်ကြာမှုတွေရှိတယ်။ ဒီမှာကပိုမြန်တယ်။ အဲဒီ့ပြဿနာနည်း သွားတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဗဟိုအလုပ်အမှုဆောင်တစ်ဦးကဆိုသည်။ ထို့အပြင် နေပြည်တော်သို့ သွားရောက်လျှောက်ထားရာတွင် ကုန်ကျစရိတ်မှာ လိုင်စင်တစ်စောင်လျှင် ကျပ်ငါးသောင်းမှ ရှစ်သောင်းအထိ ကုန်ကျစရိတ်ရှိကြောင်း လိုင်စင်လျှောက်ထားသူများကပြောသည်။

ထို့ကြောင့် ကျန်ရှိနေသော ပို့ကုန်၊ သွင်းကုန်များကိုလည်း မကြာမီရန်ကုန်မြို့၌ လက်ခံဆောင်ရွက်ပေးသွားနိုင်ရန်စီစဉ်နေကြောင်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။



## လူငယ်ဖိတ်ခေါ်ဖလားပြိုင်ပွဲမြန်မာဗိုလ်စွဲ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ - ၁၆**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် BIDC Cup ဖိတ်ခေါ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ၌ မြန်မာ ယူ-၂၁အသင်းက ထိုင်း ယူ-၂၁ အသင်းအား အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သတင်းရရှိသည်။

ဗိုလ်လုပွဲစဉ်ကို ယခုလ ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန် မိနစ် ၉၀တွင် တစ်ဂိုးစီသရေကျနေခဲ့သည်။ အချိန်ပိုပွဲချိန် ၁၀၈မိနစ်တွင် မြန်မာအသင်းမှ သက်နိုင်က အနိုင်ဂိုးသွင်းကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

## မျက်နှာဖုံး- ၂၀၁၁ ခုနှစ်အတွက် အမေရိကန်နိုင်ငံတွင် အခြေချနေထိုင်ခွင့်ဗီဇာ မြန်မာ ၂၁၉ဦးရရှိမှ

အမေရိကန်နိုင်ငံတွင် အခြေချနေထိုင်ခွင့်ဗီဇာလျှောက်ထားရန်အတွက် အဓိကလိုအပ်ချက်မှာ အခြေခံအထက်တန်းအောင်မြင်ထားပြီးသူဖြစ်ရမည်ဖြစ်ပြီး၊ အထက်တန်းအောင်မြင်ထားခြင်းမရှိပါက လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၂နှစ်ရှိထားလျှင် မြန် မာနိုင်ငံသား မည်သူမဆိုလျှောက်ထားနိုင်ကြောင်း ထိုအရာရှိက ပင်ဆက်လက်ပြောကြားသည်။

ယခုအခါ ဒီဗွီဟုမြန်မာများသိထားကြသော အမေရိကန်နိုင်ငံ အခြေချနေထိုင်ခွင့်ဗီဇာနှင့်ပတ်သက်ကာ လိမ်လည်ငွေ တောင်းယူမှုများရှိနေသည့်အတွက် အမေရိကန်သံရုံးအနေနှင့်မကြာ ခဏဖြေရှင်းနေရကြောင်း သံရုံး တာဝန်ရှိသူတစ်ဦးကပြောသည်။

"မကြာခဏဖြေရှင်းရတယ်။ ကျွန်တော်တို့ဗီဇာအတွက် ဒေါ်လာ ၅၀၀ပေးပြီးပြီ၊ ဘာလို့ဗီဇာမရသေးတာလဲဆိုပြီး ခဏခဏ မေးတာခံရတယ်။ DV အတွက် ဘာမှပေးစရာမလိုပါဘူး။ ဗီဇာရသူစာရင်းမှာပါခဲ့ရင် အီးမေးလ်နဲ့အကြောင်းကြားပြီး လိုအပ်တာတွေပြောပါလိမ့်မယ်"ဟု သံရုံးတာဝန်ရှိသူကပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အခြေချနေထိုင်မှုဗီဇာနှင့်ပတ်သက်၍ အီးမေးလ်မှတစ်ဆင့် အကြောင်းကြားကာ ဝန်ဆောင်ခအဖြစ် ငွေကြေးတောင်းခံမှုများရှိပြီး၊ အမေရိကန်အစိုးရအနေနှင့် မည်သည့်အဖွဲ့အစည်းကိုမှ ကြားခံဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးထားခြင်းမရှိဘဲ ယင်းသို့တောင်းခံခြင်းမှာ လိမ်လည်မှုများဖြစ်ကြောင်း ယင်းဗီဇာနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက သံရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အမေရိကန်သံရုံးမှ ရှင်းလင်းပြောကြားခဲ့သည်။

# သစ်အခြေခံစက်ရုံများအတွက် သစ်များကို လစဉ် တင်ဒါစနစ်ဖြင့်ရောင်းချပေးမည်

အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ - ၁၃**

ပုဂ္ဂလိကလုပ်ငန်းရှင်များမပါဝင်ဘဲ ပြည်တွင်းသစ်အခြေခံစက်ရုံများအတွက် သီးသန့်အစီအစဉ်ဖြင့်မြန်မာ့သစ်လုပ်ငန်းမှ သစ်များကို လစဉ် တင်ဒါခေါ်ပြီး ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း(ရန်ကုန်)မှ သတင်းရရှိသည်။

ယခင်က မည်သည့်ပုဂ္ဂလိကလုပ်ငန်းရှင်မဆို တင်ဒါဝယ်ယူခွင့်ရှိသော်လည်း ယခုကျင်းပမည့် တင်ဒါတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဝင် သစ်အခြေခံစက်ရုံပိုင်ဆိုင်သည့် ကုမ္ပဏီများသာဝယ်ယူခွင့်ရှိသည်ဟုဆိုသည်။ တင်ဒါရောင်းချခြင်းကို ပထမဆုံးအကြိမ်ဖြင့် ယခုလ ၁၀ရက်တွင် ကျွန်းသစ်လုံး ၅၀၀ ကို ပြည်တွင်းသစ်အခြေခံစက်ရုံများကိုရောင်းချ ခဲ့သည်။

"သစ်အမျိုးအစားနှင့် တန်ချိန်ကတော့ အခြေအနေပေါ်မူတည်ပြီးတော့ အပြောင်းအလဲရှိနိုင်တယ်လို့ပြောတယ်။ ပထမဦးဆုံးခေါ်တဲ့ တင်ဒါမှာတော့ ကျွန်းကိုရောင်းသွားတယ်"ဟု သစ်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရောင်းချပြီး သစ်လုံးများကို ပြည်ပသို့ အလုံးလိုက် တင်ပို့ရောင်းချခွင့်မရှိကြောင်း ယခုကဲ့သို့ သီးသန့်ရောင်းချခြင်းမှာ သစ်အခြေခံစက်ရုံများအတွက် ကုန်ကြမ်း ပုံမှန်ရရှိရေးကိုရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ပထမဆုံးအကြိမ်အဖြစ် အောက်မြန်မာပြည် ရန်ကုန်တွင် တန် ၄၀၀နှင့် အထက်မြန်မာပြည်(မန္တလေး)တွင် တန်၁၀၀ ရောင်းချပေးခဲ့သည်။ ပြည်ပသို့သစ်အချောထည်များ တင်ပို့ရေးနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန်ကို ပယ်ဖျက်ပေးခဲ့သည်။

သစ်အချောထည်များ ထုတ်လုပ်တင်ပို့ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း မြန်မာ့သစ်လုပ်ငန်းမှ ဖြေလျှော့ခဲ့ပြီး ထပ်မံဖြေလျှော့သွားရန်လည်း ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းက သစ်အခြေခံစက်ရုံများအတွက် ယခင်ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် သစ်လုံးများ ရောင်းချပေးခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## စာ-၁၃၊ ဗီတာမင်ဆေးဝါးများ ကျန်းမာရေးအတွက် အမှန်တကယ် အထောက်အကူဖြစ်သလား မှ

နောက်ထပ်လေ့လာချက်တစ်ခုတွင် ဗီတာမင်-အီးကို ငါးနှစ်ကြာ အများအပြားစားသုံးသူယောကျ်ားများတွင် ဆီးကျိတ် ကင်ဆာဖြစ်နိုင်ခြေ အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိထားသည်။

အမေရိကန်နိုင်ငံတွင် လူဦးရေသုံးပုံတစ်ပုံခန့်သည် ဗီတာမင်များပုံမှန်မှီဝဲကြပြီး အသက်ငါးဆယ်နှင့်အထက် လူထက်ဝက်ခန့်က ဗီတာမင်စုံဆေးဝါးများအတွက် အသုံးပြုငွေကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံရှိသည်။

သို့သော် ၎င်းဗီတာမင်စုံဆေးဝါးများသည် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်သည်ဟူသော အထောက်အထားမရှိသလို အခြားနာတာရှည်ရောဂါများနှင့် နှလုံးရောဂါကိုလျှော့ချပေးနိုင်သည်ဟူသော အထောက်အထားလည်း မရှိပေ။ ယင်းဆေးဝါးများ သုံးစွဲရန် အစိုးရအေဂျင်စီများကလည်း ထောက်ခံချက်ပေးမထားပေ။ ထို့အပြင် ဗီတာမင်ဆေးလုံးများမှာ အခြားသတ်သတ်မှတ်မှတ်ရောဂါတစ်ခုကိုကုသသော ဆေးဝါးများကဲ့သို့ တင်းတင်းကျပ်ကျပ် စမ်းသပ်စစ်ဆေးထားမှုလည်း မရှိပါ။

အချို့သော စွဲလမ်းမှုများသည် အယူအဆအလွဲများ ဖြစ်နေတတ်ပါသည်။ ဥပမာအားဖြင့် ဓာတ်တိုးပစ္စည်းဆန့်ကျင်မှုအတွက် ဗီတာမင်အေ၊အီးနှင့် ဘီတာကာရိုတင်းတို့ကို အရှုံးအမူးဖြစ်ခဲ့ကြသော်လည်း ကျန်းမာရေးအတွက် အန္တရာယ်ရှိကြောင်း သုတေသနလေ့လာချက်များက တွေ့ရှိခဲ့သည်။ ဗီတာမင် တစ်မျိုးတလေ ချို့တဲ့နေသူများတွင် ရောဂါဖြစ်ပွားမှုများသည် ဆိုခြင်းမှာလည်း အယူအဆလွဲစေနိုင်ပါသည်။ နေ့စဉ်လိုအပ်သည့် ပမာဏအတွက် ဖြည့်စွက်စားသုံးရန် လိုအပ်သည်ထက် ကျော်လွန်သွားတတ်ပါသည်။ လိုအပ်သော ဗီတာမင်ဓာတ်များ ရရှိရန်အကောင်းဆုံးနည်းလမ်းမှာ ၎င်းဗီတာမင်များပါဝင်သော အစားအစာများ စားသုံးခြင်းဖြစ်ကြောင်း အစာအာဟာရပညာရှင်ဂျိုဒီအင်ဂျယ်လ်က ဆိုပါသည်။

"အစားအစာတွေမှာ ဗီတာမင်နဲ့ သတ္တုဓာတ်တွေအပြင် ကျန်းမာရေးအပေါ် အထောက်အကူဖြစ်စေတဲ့ ဥပမာအမျှင်ဓာတ်နဲ့ အခြားအာဟာရပစ္စည်းတွေပါဝင်ပါတယ်"ဟု ၎င်းက ပြောပြသည်။

အများအားဖြင့် ဗီတာမင်ဒီ တစ်မျိုးသာလျှင် ဖြည့်စွက်စားသုံးရန်လိုအပ်ခြင်းဖြစ်နိုင်ပါသည်။ အမေရိကန်အစိုးရကို အကြံပေးနေသော ဆေးပညာအင်စတီကျူဒ်မှ သိပ္ပံပညာရှင်များက ဗီတာမင်ဒီ ပမာဏကိုလက်ရှိထောက်ခံမှုပေးထားသည့် ပမာဏထက် ပိုမိုတိုးမြှင့်စားသုံးရန် ပြောကြားသည်။ တစ်ချိန်တည်းမှာပင် အလွန်အကျွံစားသုံးခြင်းအတွက်လည်းသတိပေးထားသည်။

ဗီတာမင်များ ဖြည့်စွက်စားသုံးရာတွင်လည်းသတိထားရမည်ဖြစ်သည်။ ဆေးတစ်မျိုးနှင့် တစ်မျိုးအရည်အသွေးကွဲပြားသည်။ ယင်းသို့ဖြည့်စွက်ဗီတာမင် ဆေးဝါးအမျိုးအစား ၃၀၀၀ ကိုစစ်ဆေးခဲ့သောကုမ္ပဏီတစ်ခု၏ အဆိုအရ ၎င်းဆေးဝါးများတွင်လည်းပြဿနာအများအပြားတွေ့ရသည်ဟု ဆိုသည်။

ဆေးလေးမျိုးတွင် တစ်မျိုးမှာကြော်ငြာထားသလို အာနိသင်များမပါဝင်ကြောင်း consut-merlab.com ကုမ္ပဏီမှ ဒေါက်တာ တော့ဒ်ကူးပါမန်းက ပြောကြားသည်။ထို့အပြင်အချို့ဆေးဝါးများမှာ အလွယ်တကူ မကြေညက်ခြင်းနှင့် ဓာတ်မတည့်ခြင်း ပြဿနာများလည်း ရှိကြောင်း ၎င်းကပြောပါသည်။

ထို့အတွက်ဗီတာမင်များ စားသုံးရာတွင် လိုက်နာရမည့် အချက်များကို ကျွမ်းကျင်သူများက အောက်ပါအတိုင်း အကြံပေးထားသည်။

- ရိုးရိုးရှင်းရှင်းဆေးကိုပဲ သောက်ပါ။ ဗီတာမင် အမျိုးအစားများများစားစား ပါဝင်လေလေ၊ အချို့ဗီတာမင်များမှာလိုအပ်သောပမာဏထက် လျော့နည်း(သို့မဟုတ်) ကျော်လွန်နေမည်သာ ဖြစ်သည်။
- သင်၏ အသက်နှင့် ကျား၊ မ အနေအထားကို ထည့်သွင်းစဉ်းစားထားသော ဆေးဝါးများကို ရွေးချယ်သင့်သည်။
- ဗီတာမင် ဒီ ဓာတ်ကို ညနေစာနှင့်အတူ စားသုံးပါ။ အစာအာဟာရအများဆုံး စားသုံးချိန်တွင် အဆီဓာတ်အများဆုံး ပါဝင်ကြောင်း သုတေသနတစ်ရပ်က တွေ့ရှိထားသည်။
- ဗီတာမင် ကေကို သတိထားစားသုံးပါ။ သွေးကြောပိတ်စေတတ်ပြီး နှလုံးရောဂါအတွက် သောက်သုံးသော ဆေးများနှင့် သွေးကျဲဆေးများကို အနှောင့်အယှက်ပေးတတ်သည်။
- လက်ရှိဆေးလိပ်သောက်နေသူများနှင့် ယခင်က ဆေးလိပ်သောက်ခဲ့သူများ ဗီတာမင်အေနှင့် ဘီတာကာရိုတင်းဓာတ်များပါဝင်သော Multivitamins များကိုရှောင်ရှားသင့်သည်။ အဆုတ်ကင်ဆာ ဖြစ်နိုင်ခြေကို မြင့်မားစေ၍ ဖြစ်သည်။
- ကင်ဆာဝေဒနာရှင်များအတွက် ဗီတာမင်စီနှင့် အီးများသည်ဓာတ်ကင်ကုသခြင်း၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေသည်။
- မည်သည့်ဖြည့်စွက်ဗီတာမင် စားသုံးသည်ဖြစ်စေ၊ ဆရာဝန်နှင့် တိုင်ပင်ပါ။


—Ref: AP

**TRADEMARK CAUTION**

COW BRAND SOAP KYOSHINSHA CO., LTD., a Company incorporated in Japan at 2-4-7, Imafuku-nishi, Jyoto-ku, Osaka, 536-8686 Japan is the Owner and Sole Proprietor of the following Trademarks:-

**COW**

Reg: 4/10126/2011



Reg: 4/10125/2011

In respect of : Int'l class 3 : " Soaps; body soaps; body washes; shower gels; cosmetics; hair care preparations; hair shampoos; body shampoos; hair rinses; hair conditioners; shaving preparations; cosmetic preparations for skin care; facial washes [cosmetics]."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 20th Oct.2011

**ဝန်ထမ်းအလိုရှိသည်**

HOTEL
SHWE PYI THAR
Mandalay, Myanmar

ရွှေပြည်သာကုမ္ပဏီနှင့် ရွှေသိန်းသန်းကမ္ဘာကုမ္ပဏီမှ မန္တလေးမြို့တွင် မကြာမီ ဖွင့်လှစ်တော့မည့် နိုင်ငံတကာကြယ်ငါးပွင့် အဆင့်ရှိဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဌာနများအတွက် ဝန်ထမ်းများအမြန်အလိုရှိသည်။

1) Accounts Department
2) Engineering Department
3) Events & Catering Department
4) Food & Beverage Department
5) Front Office Department
6) Guest Services Department
7) Housekeeping/Laundry Department
8) Human Resource Department
9) Purchasing Department
10) Sales and Marketing Department
11) Security Department

အောက်ဖော်ပြပါ ရာထူးများအတွက်လည်း လျှောက်ထားနိုင်ပါသည်။

1) Executive Chef
2) Sous Chef
3) Pool Attendants
4) Drivers
5) Gardeners

**လိုအပ်သည့်အရည်အချင်းများ** ။ အသက်(၂၂)နှစ်မှ (၃၀)နှစ်အတွင်း၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ၊ ကြယ်လေးပွင့်(သို့)ကြယ်ငါးပွင့် အဆင့်မြင့်ဟိုတယ်ကြီးများတွင် တာဝန်ထမ်းဆောင်ဖူးသူ (နိုင်ငံတကာဟိုတယ်ကြီးများတွင် တာဝန်ထမ်းဆောင်ဖူးသူ ဦးစားပေးမည်)။ ကျန်းမာရေးကောင်းမွန်ပြီး အင်္ဂလိပ်ဘာသာစကားအပြင် တစ်ခြားဘာသာစကားတစ်ခုခုပြောဆိုနိုင်သူ၊ ရုပ်ရည်ပြေပြစ်ပြီး ဆက်ဆံရေးကောင်းမွန်သူများကို ဦးစားပေး စိစစ်ရွေးချယ်ပါမည်။

လျှောက်ထားလိုသူများသည် CV Form ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်ထောက်ခံစာမူရင်း၊ လိုအပ်သော စာရွက်စာတမ်း အထောက်အထားအပြည့်အစုံတို့နှင့်အတူ အောက်ပါလိပ်စာသို့ (၄-၁၁-၂၀၁၁)ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

HOTEL SHWE PYI THAR
#B8, Pyin Oo Lwin Road, Between 31st & 32nd street, Chan Aye Tharzan Tsp; Mandalay, Myanmar.
Tel: 95-2-74401-5, FAX 95-2-74408 Email: hotelsptmdy@gmail.com, hotelshwepyithar@gmail.com

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# ကိုရွှေရှင်ဘုရင်နဲ့ မန်ကျည်းပင်ပေါ်က လူထု

■ မောင်သာချို ■

(တစ်)

စာရေးဆရာကြီး ဇေယျ မကြာခဏညွှန်းလေ့ရှိတတ်သော စာအုပ်လေးတစ်အုပ်ရှိပါသည်။ 'အတ္ထုပ္ပတ္တိထူး' ဟူသော စာအုပ်ကလေးပဲဖြစ်ပါ၏။ ထုတ်ဝေသောနှစ်ကို မြန်မာနှစ် ၁၂၆၈ ဟုဖော်ပြထားပြီး ရန်ကုန်မြို့ လမ်းမတော်ရပ် မြန်မာ့သြဘာစာအုပ်တိုက်က ထုတ်ဝေသည်ဟုဆိုသဖြင့် သည်စာအုပ်ကလေးကို ရှာဖွေတွေ့ရှိရန်မှာမူ အလွန်ပင်ခက်ခဲသွားပါပြီ။ စာအုပ်က ပါးစပ်ရာဇဝင်အမျိုးအစားဖြစ်ပါသည်။ တစ်ဆင့်စကား တစ်ဆင့်နား သူပြောငါပြော Oral History အမျိုးအစားဖြစ်သည့်အတွက် အကိုးအကားအထောက်အထားအားဖြင့် အလွန်တရာ အားနည်းလှသည့် အတွက် ဆရာကြီး ဒေါက်တာသန်းထွန်းတို့လို တကယ့်သမိုင်းပညာရှင်များကတော့ ခံတွင်းတွေ့လှမည်မဟုတ်ပါ။ သို့သော် လူတို့၏ စိတ်ကို ခံစားမှုပေး၍ ပြုပြင်နိုင်သော ရသစာပေသဘောမျိုးဖြင့် ဖတ်ကြည့်လျှင်ပင် မဆိုးလှဟူ၍ အောက်မေ့မိပါသည်။

သည်စာအုပ်ကလေးထဲ၌ ထူးခြားသည့်လူပုဂ္ဂိုလ် ၁၁ ဦး၏ အကြောင်းကို ဖော်ပြထားရာ 'ဗညားကျွန်းတော'လည်း ပါဝင်ပါသည်။ လူတူမရှားနာမည်တူမရှား ဟု အဆိုရှိသကဲ့သို့ မြန်မာ ရာဇဝင်အဆက်ဆက်၌ 'ဗညားကျွန်းတော'ဟူသောအမည်ကို မကြာခဏတွေ့ရတတ်လေ့ရှိရာ သည် 'ဗညားကျွန်းတော'က ညောင်ရမ်းခေတ် သာလွန်မင်းတရား၏ထံတွင် အမှုထမ်းသူ 'ဗညားကျွန်းတော' ကို ဆိုလိုခြင်းဖြစ်ပါသည်။ ခရစ်နှစ် ၁၅၉၇ မှသည် ၁၇၅၂ အထိ ကြာညောင်းသော ညောင်ရမ်းခေတ်တွင် အင်းဝထီးနန်း၌ စိုးစံသွားသည့် သာလွန်မင်းတရားထံ၌ အမှုထမ်းသည့် 'ဗညားကျွန်းတော'ပဲဖြစ်ပါသည်။

(နှစ်)

တစ်နေ့တွင် သာလွန်မင်းက စစ်ကိုင်းဘက်ကမ်းသို့ကူးရန် ကိစ္စပေါ်ပါသည်။ ဤခရီးတွင် ဝန်ကြီး ဗညားကျွန်းတောလည်း ပါဝင်ပါသည်။

သို့ဖြင့် မင်းနှင့်တကွ အမှုထမ်းများ အင်းဝနန်းတော်မှထွက် အင်းဝမြို့ကိုဖြတ်ကာ ဧရာဝတီမြစ်ကမ်းစပ်သို့ဆင်းပါသည်။ ထိုအခါ မန်ကျည်းပင်စုစုကလေးရှိရာ တောအုပ်ကိုဖြတ်သန်းကြရသည်။

ဤ၌ ညောင်ရမ်းခေတ် အင်းဝဘုရင် သာလွန်မင်းအစိုးရအဖွဲ့နှင့် မန်ကျည်းရွက်ခူးသူတို့ တည့်တည့်တိုးကြပါတော့သည်။

မန်ကျည်းရွက်တို့ ပင်လုံးကျွတ်မတတ် နုကြသည့်ရာသီဖြစ်ရာ အပင်တိုင်း အပင်တိုင်း၌ မန်ကျည်းရွက်တက်ခူးနေသူများနှင့် စည်ကားနေပါသည်။ သုပ်စားစား၊ ကြော်စားစား၊ ထောင်းစားစား၊ ဟင်းချိုလုပ်သောက်သောက်၊ ချဉ်ရည်ဟင်းချက်ချက် အသုံးတည့်လှသည့် မန်ကျည်းရွက်ဖြစ်ရာ မန်ကျည်းရွက်နုချိန်၌ မန်ကျည်းရွက်ခူးလေ့ရှိကြသည်မှာ ဘာမှမဆန်းကြယ်လှပါ။

ဤတွင် ဝန်ကြီးဗညားကျွန်းတောက ဘုရင်ကို ကိုယ်စားပြုလျက် မန်ကျည်းရွက်ခူးနေသူများကိုဟိန်းဟောက်မာန်မဲခြိမ်းခြောက်ပါတော့သည်။ သည်တော့ ဘုရင်ဆိုလျှင် ဘာပဲဖြစ်ဖြစ် ကြောက်ရွံ့ကြရမြဲ ဓမ္မတာ မန်ကျည်းပင်ပေါ်က မန်ကျည်းရွက်ခူးနေသူများ ခမျာ ဆင်းပြေးကြရှာပါသည်။ သို့သော် တစ်ယောက်. . .။ ဟုတ်ပါသည် တစ်ယောက်။ ထိုတစ်ယောက်ကဖြင့် ဆင်းမလာပါ။ မန်ကျည်းကိုင်းတစ်ကိုင်းပေါ်မှာ မတ်တပ်ရပ်လျက်က သူလက်လှမ်းမီရာ မန်ကျည်းရွက်တို့ကို ခူးဆွတ်မြဲခူးဆွတ်နေပါလေသည်။ သည်တော့ 'ထူးဆန်းသည့် လူတစ်ယောက်ပါလား' ဟုဆိုကာ ဝန်ကြီးဗညားကျွန်းတောက ထိုသူကို အောက်ဆင်းလာဖို့ခေါ်သည်။ မန်ကျည်းရွက်ခူးသူက အောက်သို့ ဆင်းလာကာ မထီမဲ့မြင်လည်း မဟုတ်၊ မျက်စိစုံမှိတ်ကာကြောက်နေခြင်းမျိုးလည်းမဟုတ်ဘဲ ပုံမှန်အနေအထားဖြင့် ဘုရင်နှင့် သူ့လူစုကို မျက်နှာချင်းဆိုင်ပါသည်။

ဝန်ကြီး ဗညားကျွန်းတောက "မင်းငါ့ကိုသိသလား"ဟုမေးပါသည်။ မန်ကျည်းရွက်ခူးသူက ဘုရင်သာလွန်မင်းနှင့်တကွ အားလုံးကိုသိကြောင်း လျှောက်တင်ပါသည်။ "အများသူငါတို့ ထွက်ပြေးပါလျက် မောင်မင်းကဘာကြောင့် ထွက်မပြေးတာလဲ၊ မကြောက်လို့လား"စသည့်မေးခွန်းများကိုလည်း ဗညားကျွန်းတောက ဆက်မေးပြန်ပါသည်။ မန်ကျည်းရွက်ခူးသူက တောသူတောင်သားတို့သဘာဝတစ်လုတ်တစ်ဆုပ်စားမှုသောက်မှုအတွက် မန်ကျည်းရွက် တက်ခူးနေကြခြင်းဖြစ်ကြောင်း၊ သည့်အတွက် မည်သူ့ကိုမှ ကြောက်စရာမလိုကြောင်း၊ ဘုရင်နှင့်ဝန်ကြီးတို့၏အလုပ်သည် တိုင်းပြည်ငြိမ်ဝပ်ပိပြား အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရန်သာ လိုကြောင်း၊ သာမန် လက်လုပ်လက်စားပြည်သူလူထုကို ခြောက်လှန့်ဖို့ မဟုတ်ကြောင်း စသည့် အဓိပ္ပာယ်သက်ရောက်သော စကားတို့ပင်ဖြစ်ပါသည်။

အံ့သြစရာကောင်းသည်က ဗညားကျွန်းတောဖြစ်ပါသည်။ မန်ကျည်းပင်ပေါ်က မဆင်းသော ထိုလူကို စိတ်မဆိုးခြင်းပင်ဖြစ်ပါသည်။ ပို၍ အံ့သြစရာကောင်းသည်မှာ စိတ်မဆိုး အမျက်မထွက်ရုံမျှမက နန်းတော်သို့ ခေါ်ယူ၍ မြှောက်စားလိုက်ခြင်းပင်ဖြစ်ပါသည်။

(သုံး)

မြန်မာ့လူ့အဖွဲ့အစည်းက လောကပါလတရားနှစ်ပါးနှင့် နီးစပ်ပါသည်။ ဟီရိနှင့် ဩတ္တပ္ပတဲ့။ ရှက်ခြင်းနှင့်ကြောက်ခြင်းဟု ကျွန်တော်တို့ ခပ်လွယ်လွယ် အနက်ဖွင့်ပါသည်။ တကယ့်တကယ်၌ 'မကောင်းမှုကို'ဟူသည့် ဝိသေသကလေး ရှေ့ကပါပါသေးသည်။ အလကားနေရင်း ရှက်နေကြဖို့ ကြောက်နေကြဖို့မဟုတ်။ မကောင်းမှုကိုပြုဖို့ ရှက်ရကြောက်ရမည်ဟူ၍သာ။ ကျန်တာ ရှက်စရာမလို။ ကြောက်စရာမလို။

အစိုးရနှင့် လူထုဆက်ဆံရေးကလည်း သည်အတိုင်းပဲဖြစ်ပါသည်။ အထူးသဖြင့် လူထုအတွက်လူထုက ရွေးချယ်တင်မြှောက်ထားသော လူထု၏အစိုးရ တစ်ရပ်ကို အပြစ်မရှိသူ လူထုက ဘာမှ ကြောက်ရွံ့နေစရာမလိုလှပါ။

ညောင်ရမ်းခေတ်က အင်းဝမြို့အစွန် မန်ကျည်းပင်စုစုအတွင်း၌ မန်ကျည်းရွက်ခူးနေသူ လူတစ်ယောက် သာလွန်မင်းနှင့် ဗညားကျွန်းတောကိုမြင်ပါလျက် မန်ကျည်းပင်ပေါ်က ဆင်းမလာခြင်းမှာ သည်သဘောထားပဲဖြစ်ပါသည်။ ဒါကို သည်တုန်းက ဝန်ကြီးဗညားကျွန်းတောကလည်း လက်ခံပါသည်။ သက်ဦးဆံပိုင်ဘုရင့်အုပ်စိုးမှုစနစ်အောက်၌ ရှားတောင့်ရှားပါး တွေ့မြင်ရခဲ့သည့် Freedom from Fear ဇာတ်ဝင်ခန်းပင်ဖြစ်ပါသည်။

**လူထု၌ ထိုမန်ကျည်းရွက်ခူးသူ၏ စိတ်ဓာတ်မျိုးရှိဖို့လိုပါသည်။ အစိုးရကလည်း သာလွန်မင်းနှင့် ဝန်ကြီးဗညားကျွန်းတောတို့လိုမန်ကျည်းပင်ပေါ်က မဆင်းသည့်လူ၏ စိတ်သတ္တိကို အသိအမှတ်ပြုဖို့လိုပါသည်။ အမြဲတမ်း အထိတ်ထိတ် အလန့်လန့် အကြောက်ကြောက်အရွံ့ရွံ့ဖြစ်အောင်လုပ်ပြီး မွေးမြူထိန်းကျောင်းတတ်သူ မိဘတို့၏ သားသမီးများ ဘယ်သောအခါမှ ထွန်းကားလေ့မရှိပါလေ။**



# ဒိုင်နာနှင့် ကန်တာယာဉ်များ တင်ဆောင်နိုင်သောကုန်ချိန် ထပ်မံလျှော့ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၁၀**

ဒိုင်နာ၊ ကန်တာယာဉ်များကို ယခုလလယ်မှစ၍ ယာဉ်နှင့်ကုန်အလေးချိန် ၅ဒသမ၅ တန်သာ တင်ဆောင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) ခွန်ထိန်း၊ ကျောက်ထုတ်ဦးစီးက အသစ်ပြင်ဆင်သတ်မှတ်ကြောင်းကို အောက်တိုဘာ ၇ ရက် ရက်စွဲဖြင့် ထပ်မံကြေညာထားသည်။

အဆိုပါယာဉ်များကို၅ဒသမ၅တန်ထက်ယာယီအပိုထပ်ဆောင်း ၂တန်ခွင့်ပြုသော်လည်း တင်ဆောင်လာပါက ၎င်း ၂တန်အတွက်ဒဏ်ကြေး ၃ ဆပေးဆောင်ရမည်ဖြစ်သည်။ အကယ်၍ ၎င်း ၂တန်အထက်ကျော်တင်ပါက ဒဏ်ကြေး ၁၀ ဆကောက်ခံသွားမည်ဖြစ်သည်။

ဒိုင်နာနှင့် ကန်တာကုန်တင်ယာဉ်များသည် ယခင်ကယာဉ်နှင့်ကုန်အလေးချိန် ၁၅တန်အထိ တင်ဆောင်နိုင်၍ အိတ်ရေ ၂၀၀ ခန့်တင်ဆောင်နိုင်ခဲ့သည်။ ပြီးခဲ့ သည့်စက်တင်ဘာလလယ်မှစ၍ ယာဉ်၊ ကုန် ၁၀ တန်သာ တင်ဆောင်ရန် လျှော့ချခဲ့၍ အိတ်ရေ ၁၀၀ ခန့်သာ တင်ဆောင်နိုင်တော့သည်။ အဆိုပါကားများသည် ယာဉ်အလေးချိန် ၄ တန်နီးပါးရှိသဖြင့် ကုန်တန်ချိန် ၂တန် (အိတ် ၄၀) သာတင်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ကုန်တင်ယာဉ်မောင်းများက တွက်ချက်ပြောသည်။ ယခုသတ်မှတ်ချက်အတိုင်းသာတင်ဆောင်ပါက လမ်းကြေးနှင့် တံတားကြေး ကုန်ကျစရိတ်များမှာထက်ဝက်နီးပါး လျော့ကျသွားသည်။ သို့သော် ယခင်တင်ဆောင်ခဲ့သော တန်ချိန်အထိ တင်ဆောင်ခြင်း မဟုတ်သည့်တိုင် ယာယီအပိုထပ်ဆောင်းတင်ဆောင်ခွင့်ပြုသော ၂ တန်တင်ခွင့်လျှင်ပင် တံတားအသုံးပြုခမှာ ယခင်ထက် ၃ ဆကျော်ပိုမို ကုန်ကျနိုင်ကြောင်း ကုန်တင်ယာဉ်မောင်းများက ပြောသည်။

"အခုတန်ချိန်သတ်မှတ်ချက်အရဆိုရင် ကားသမားတွေ တွက်ခြေမကိုက်တော့ ကားအချို့ကလတ်တလော နားနေတာတွေ ရှိတယ်။ ကုန်ချိန်က ဖြည်းဖြည်းလျှော့တင်ခိုင်းတော့ တန်ဆာခတွေလည်း တဖြည်းဖြည်းနဲ့တက်လာတယ်" ဟု ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များက ပြောသည်။ ဒိုင်နာ၊ ကန်တာယာဉ်များ တင်ဆောင်ရမည့် ကုန်အလေးချိန် တဖြည်းဖြည်းလျှော့ချသတ်မှတ်သော်လည်း ခရီးသည်တင် ဟိုင်းလပ်နှင့် လိုက်ထရပ်ကားများ၊ ထော်လာဂျီများမှာ ဒိုင်နာယာဉ်များထက်ပင် ပိုမိုတင်ဆောင်နိုင်၍ ၎င်းတို့ကို တန်ချိန်များ စိစစ် သတ်မှတ်သင့်ကြောင်း ယာဉ်မောင်းအချို့က သူ၏ အမြင်ကို ပြောသည်။

"လမ်းပျက်မှာစိုးလို့ဆိုရင် ဟိုင်းလပ်တို့ လိုက်ထရပ်တို့ တင်တာကိုလည်း စနစ်တကျသတ်မှတ်မှ တစ်ပြေးညီဖြစ်မှာပေါ့" ဟု ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

# ကိုရီးယားအနုပညာရှင်များနှင့် အနီးကပ်တွေ့ဆုံခွင့် စီးပွားရေးလုပ်ငန်းနှစ်ခုရရှိ

**ယုဇနကိုကို၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊အောက်တိုဘာ-၁၃**

မြန်မာပရိသတ်များက လီချယ်လင်းနှင့် ဒယ်ဂျိုယောင်းဟု လူသိများထားကြသော တောင်ကိုးရီးယားနိုင်ငံ၏ နာမည်ကျော် သရုပ်ဆောင်များနှင့် အနီးကပ်တွေ့ဆုံခွင့်များကို ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းနှစ်ခုက ရရှိထားကြောင်း သတင်းရရှိသည်။

အဆိုပါကုမ္ပဏီနှစ်ခုမှာ ဂျန်းရှင်းမော်တင် ရှော့ပင်းစင်တာကို တည်ထောင်ထားသည့် ရွှေတောင်ကုမ္ပဏီလီမိတက်နှင့် စီးတီးမတ်စူပါမားကက်တို့ဖြစ်ကြသည်။ ရွှေတောင်ကုမ္ပဏီ၏ အစီအစဉ်မှာ ယခုလ ၂၁ ရက်တွင် အဆိုပါ တောင်ကိုးရီးယားအနုပညာရှင်များနှင့် အမှတ်တရ ဓာတ်ပုံတွဲရိုက်ခွင့်ကို ဂျန်းရှင်းမော်တင် ရှော့ပင်းစင်တာရှိ Junction Cinep-lex ရုပ်ရှင်ရုံတွင် ဇောက်တိုဘာ ၃ ရက်မှ ၁၈ရက် အထိပြသမည့် မည်သည့်ရုပ်ရှင်ဇာတ်ကားကိုမဆို လက်မှတ်ဆယ် စောင်ဝယ်ယူခြင်းဖြင့်ရရှိမည်ဖြစ်သည်။

ထိုကဲ့သို့Junction Cineplex တွင် သတ်မှတ်ကာလအတွင်းပြသမည့် ရုပ်ရှင်ဇာတ်ကားများကို လက်မှတ်ဆယ်စောင် ဝယ်ယူပြီး သရုပ်ဆောင်များနှင့် အမှတ်တရဓာတ်ပုံတွဲရိုက်ခွင့်၊ အော်တိုလက်မှတ်များ ရယူခွင့်အတွက် ၅၅ ဦးသတ်မှတ်ထားကြောင်း သိရသည်။

စီးတီးမတ်ဟိုးဒင်းကုမ္ပဏီအနေဖြင့် ဓမ္မစေတီလမ်းမပေါ်ရှိ(လင့်လမ်းကားမှတ်တိုင်အနီး) City Mart Market Place တွင် ကိုရီးယားအစားအသောက်များကို သီးသန့်ခင်းကျင်းပြသရောင်းချမည့် Korea Dicovery Food Show သို့ ယင်းအနုပညာရှင်များကို ဖိတ်ကြားမည်ဖြစ်သည်။ ကိုရီးယားအစားအသောက်ပြပွဲတွင် သရုပ်ဆောင်လီချယ်လင်းက ၎င်းတို့၏ရိုးရာထမင်းသုပ်ကို ပရိသတ်ရှေ့၌ ချက်ပြုတ်ပြမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယင်းသရုပ်ဆောင်များနှင့်အတူတကွဓာတ်ပုံတွဲရိုက်ခွင့်ကိုပါရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယား အနုပညာရှင်များမှာ မြန်မာနိုင်ငံဆိုင်ရာ တောင်ကိုရီးယားသံရုံးမှ ယခုလ ၂၁ ရက်မှ ၂၄ရက်အထိကျင်းပမည့် ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ရန်လာခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# ထိတ်ထိတ်လန့်လန့် ညကလေးများ

နိုင်နိုင်ဇော်



ထို ခေါင်းစဉ်ပေးရသော ရည်ရွယ်ချက်ကို ဦးစွာရှင်းပြလိုပါသည်။ ညအချိန်မတော် ၁ နာရီ ၂ နာရီဝန်းကျင်ခန့်ဆိုလျှင် အိမ်တံခါးအား အားပြင်းပြင်းဖြင့် ထုခေါက်သံကို မြန်မာပြည်ရှိ အရပ်ဒေသအားလုံးနီးပါးတွင် ကြုံတွေ့ဖူးကြပေလိမ့်မည်။ ထိုအသံကိုကြားလိုက်ရပါက လွန်စွာထိတ်လန့်တကြားဖြင့် တံခါးဆီ ပြေးသွားပြီး ဖွင့်ပေးဖူးကြပေလိမ့်မည်။ ထိုအခါ ဧည့်စာရင်းစစ်မည်ဟူသော မျက်နှာထားတင်းတင်းဖြင့် ရပ်ကွက်လူကြီးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲဝန်ထမ်းများ ရပ်ကွက်ထဲမှ ဟိုနေရာ၊ သည်နေရာ ပါတတ်သူများကို တွေ့ရပေလိမ့်မည်။ ထိုသို့ နှလုံးခုန် ရင်တုန်ညကလေးများကို ထိတ်ထိတ်လန့်လန့် ညကလေးများဟု အမည်တပ်လိုပါသည်။

မည်သည့်အတွက်ကြောင့် ထိုကဲ့သို့ ဧည့်စာရင်း စစ်ရပါသနည်း။ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများအနေဖြင့် ထိုကဲ့သို့ထိတ်လန့်ဖွယ်အသံကို ကြောက်ရွံ့ကြမည်မှာ မလွဲပေ။ အေးချမ်းစွာ အိပ်စက်နေသူများ မနိုးမချင်းကြမ်းတမ်းစွာ ထုခေါက်မှုက အေးချမ်းမှုကို ဖျက်ဆီးရာ မရောက်ပါသလော။ နေထိုင်မကောင်း၊ ထိတ်လန့်တတ်သော သက်ကြီးရွယ်အိုများနှင့် ကြမ်းတမ်းမှုကို ကြောက်ရွံ့တတ်သော ကလေးငယ်များအတွက် ထိုကဲ့သို့ အသံများသည် လွန်စွာထိတ်လန့်ဖွယ်ဖြစ်မည်မှာမလွဲပါ။ ထို့ကြောင့် စဉ်းစားမိသည်မှာ အေးချမ်းစွာနေထိုင်ကြသည့်ပြည်သူလူထုအများစုနေထိုင်သော ရပ်ကွက်အတွင်း၌ ထိုသို့ လိုက်လံဧည့်စာရင်းစစ်ခြင်းသည် အမှန်တကယ် လိုအပ်ပါ၏လော။ အိမ်ပေါက်စေ့ လိုက်လံ တံခါးခေါက်၍ ဧည့်စာရင်းစစ်ခြင်းက ထိုလူကောင်း သူကောင်း အများစုကို သင်္ကာမရှင်းဖြစ်နေသကဲ့သို့ ကောင်းမွန်စွာ နေထိုင်နေသူများ၏ လွတ်လပ်ခွင့်ကို အနှောင့်အယှက်ပြုသကဲ့သို့ ဖြစ်မနေပါသလော။ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်လံစစ်ဆေးမှုက ရပ်ကွက်အတွင်းရှိ ပြည်သူလူထုကို ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်၌ လုံခြုံစိတ်ချမှုမရှိသကဲ့သို့ ဖြစ်စေနိုင်ပါသည်။ မသမာသောသူ၊ ဖျက်ဆီးနှောင့်ယှက်မည့်သူ အနည်းအကျဉ်းအတွက် ရပ်ကွက်တစ်ခုလုံးရှိ အေးချမ်းစွာနေထိုင်ကြသောပြည်သူလူထုကိုအနှောင့်အယှက်မဖြစ်စေသော နည်းလမ်းဖြင့်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ မရှိနိုင်၍လား။

မိမိဉာဏ်မီသလောက် စဉ်းစားရလျှင် ဧည့်စာရင်းစစ်ရသော ရည်ရွယ်ချက်သည် ရပ်ရွာလုံခြုံလို၍ဖြစ်သည်။ ရပ်ရွာလုံခြုံရန်မှာ ရပ်ကွက်တွင်းရှိ မည်သူ၊ မည်သည့် အိမ်သည် မည်သို့မည်ပုံဆိုသည်ကို ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများ၊ ရပ်ကွက်လူကြီးများနှင့် ရပ်ကွက်ဥက္ကဋ္ဌများအနေဖြင့် ၎င်းတို့ရပ်ရွာအတွင်းရှိ လူအဝင်အထွက်များကို အကဲခတ်ကြည့်ရှုခြင်းဖြင့် အနည်းအများဆိုသလို သိရှိနိုင်ပါသည်။ ထို့အပြင် ရပ်ကွက်အတွင်းရှိ ပြည်သူလူထုကိုလည်း အဖျက်အမှောင့်သမားများ စောင့်ကြည့်မှုတွင် ပိုမိုပူးပေါင်းပါဝင်လာအောင်၊ သတင်းပေးပို့နိုင်အောင် ဖန်တီးပေးခြင်းဖြင့်လည်း သိရှိနိုင်မည်။ အဆင့်ဆင့်စောင့်ကြည့်မှုရှိသော စနစ်ရှိပြီးသားဖြစ်သဖြင့် ပိုမိုအကင်းပါး စောင့်ကြပ်ထိန်းချုပ်နိုင်မှုက မသမာသောသူများ၊ အေးချမ်းသာယာမှုကို ဖျက်ဆီးလိုသူများကို အဟန့်အတားဖြစ်စေနိုင်သည်။ ပိုမိုထိရောက်စွာ ကာကွယ်နိုင်မည်။ စိတ်အေးချမ်းသာစွာ အိပ်စက်နေသော အများပြည်သူကို မလိုအပ်သော ညအချိန်မတော် အိမ်တိုင်းအိမ်တိုင်း တံခါးခေါက် ဧည့်စာရင်းစစ်ဆေးမှုကို လျှော့ချနိုင်မည်။

ထို့အပြင် ညဉ့်အခါ ဧည့်စာရင်းစစ်မှ ရပ်ကွက်လုံခြုံမည်လား။ နေ့အခါ ကျူးလွန်ကြသော ပြစ်မှုများစွာ ရပ်ကွက်အတွင်း၌ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့မြင်နေကြရသည်မဟုတ်ပါလော။ ဥပမာ ကလေးသူငယ်များ ခိုးယူမှုများ၊ လူဆိုးသူခိုး သောင်းကျန်းမှုများ၊ မိန်းမငယ်ကလေးများကို ဖြားယောင်းသွေးဆောင် လူကုန်ကူးမှုများကဲ့သို့ စသောပြစ်မှုများကို မသမာသူလူများသည် နေ့အခါတွင်လည်း ကျူးလွန်နေကြပါသည်။

ထိုကဲ့သို့ပြည်သူလူထုအနေဖြင့် စိတ်အေးချမ်းသာစွာ မနေနိုင်သောအဖြစ်အပျက်များကိုမည်သို့ထိန်းချုပ်မည်နည်း။ အထက်က ဆိုခဲ့ပြီးသည့်အတိုင်း ရပ်ကွက်အတွင်း တာဝန်ရှိသူများအနေနှင့် ညဘက်အခါမှသာ ၎င်းတို့တာဝန်ရှိသည်ဟု မမှတ်ဘဲ အချိန်တိုင်း ရပ်ကွက်အတွင်းရှိ ပြည်သူလူထုနှင့်ပူးပေါင်း၍ လူမသမာများကို စောင့်ကြည့်နိုင်မှုက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်မိပါသည်။


အိမ်နီးချင်းနိုင်ငံများ၌ ယခုကဲ့သို့ ဧည့်စာရင်းစစ်ရန်မလိုဘဲ ရပ်ရွာလုံခြုံရေးအတွက် လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ပမာဆိုရလျှင် စင်ကာပူနိုင်ငံသည် အစိုးရထိန်းချုပ်မှုအောက်၌ရှိသော အပြည့်အဝဒီမိုကရေစီမရှိသော နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံတွင်းသို့ နိုင်ငံခြားသား၊ လူမျိုးပေါင်းစုံ အဝင်အထွက်များသောနိုင်ငံလည်းဖြစ်သည်။ သို့သော် ၎င်းတို့နိုင်ငံ၏ လုံခြုံရေးကို မည်သို့မည်ပုံ စောင့်ကြည့်ထိန်းချုပ်ထားသည်ကို မသိပါသော်လည်း ဟိုတယ်များ၊ လူနေရပ်ကွက်များတွင် ဧည့်စာရင်းတိုင်ရမည်ဟု အသံမကြားရပါ။ ၎င်းတို့၏ မြို့တော်အုပ်ချုပ်ရေးမှ မြို့တော်လုံခြုံရေးအတွက် မည်သို့စီမံထားပုံကို မိမိတို့အနေနှင့် လေ့လာသုံးသပ်၍ လိုအပ်သလိုပြုပြင်အသုံးချနိုင်ပါသည်။ ကွာလာလမ်ပူ၊ ဂျကာတာ၊ ဘန်ကောက် စသည့် မြို့တော်များတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်နေပြီဖြစ်သော မိမိတို့နိုင်ငံအနေနှင့်လည်း အဖျက်အမှောင့်လုပ်ငန်းများ၊ ရာဇဝတ်မှုကျူးလွန်မှုများကို ထိန်းချုပ်နိုင်ဖို့အတွက် ပိုမိုကောင်းမွန်သည့်နည်းလမ်းများကို လေ့လာသုံးသပ် ဖော်ဆောင်သင့်ပြီဖြစ်ပါသည်။

ယခုလက်ရှိ ဧည့်စာရင်းစစ်ဆေးနိုင်ခွင့်အာဏာကို ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် အောက်ခြေရဲတပ်ဖွဲ့ဝင်များထံ အပ်နှင်းထားမှုသည်လည်း အငြင်းပွားဖွယ်ရာ ကိုယ်ကျိုးရှာမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အုပ်ချုပ်ရေးယန္တရားအောက်ခြေပိုင်းမှ လုပ်ပိုင်ခွင့်ကို လိုသည်ထက် ပိုမိုအသုံးချခြင်း၊ လိုအပ်မှုမရှိဘဲ ခြိမ်းခြောက်အကျပ်ကိုင်ကာ ကိုယ်ကျိုးရှာခြင်းတို့ကို ဖြစ်ပွားစေနိုင်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဤဧည့်စာရင်းတိုင်ရန် လိုအပ်ချက်သည် လူထုကို ခြိမ်းခြောက်နှောင့်ယှက်နိုင်သော၊ လက်ရှိတွင်လည်း ဧည့်စာရင်းကိုအကြောင်းပြလျက် အာဏာပြခြင်းခံနေရသော ကိစ္စဖြစ်ပေသည်။

ယခုကျင်းပဆဲလွှတ်တော်၌လည်း ဧည့်စာရင်းဥပဒေပြင်ဆင်ခြင်း၊ ဧည့်စာရင်းတိုင်ကြားသည့်အခါ အခကြေးငွေပေးဆောင်မှုပြုရန်မလိုခြင်း၊ ဧည့်စာရင်းမတိုင်ကြားမိခဲ့ပါကလည်း ဒဏ်ကြေးငွေဆောင်စေခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများမပြုလုပ်ရန် ဆွေးနွေးနေသည်ကို သတင်းစာများမှဖတ်ရှုခဲ့ရပါသည်။ သို့သော် နိုင်ငံတော်အစိုးရ၊ လွှတ်တော်အနေဖြင့် ထိုဥပဒေကို လိုအပ်သဖြင့် မဖျက်သိမ်းခြင်းဖြစ်ပေလိမ့်မည်။ သို့အတွက် ဧည့်စာရင်းဥပဒေကို ဖျက်သိမ်း၍ မဖြစ်နိုင်လျှင် ဧည့်စာရင်းစစ်ခြင်းကို ကြုံတွေ့နေရသော ပြည်သူလူထုအနေဖြင့် ဖြစ်သင့်ဖြစ်ထိုက်၊ ရှိသင့်ရှိထိုက်သော နိုင်ငံသားအခွင့်အရေးဘောင်အတွင်းမှ ဆက်ဆံခံရသင့်ပါသည်။ အေးချမ်းစွာနေထိုင်သူများအပေါ် ၌ ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် အခကြေးငွေပေးရခြင်း၊ ရပ်ကွက်အတွင်း အမြဲနေထိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းမရှိ၊ ဧည့်စာရင်းဖြင့် နေထိုင်နေသူများအနေဖြင့် အဆင်မသင့်၍ ဧည့်စာရင်း မတိုင်ကြားနိုင်သည့်အခါ (သို့မဟုတ်) အချို့သူများအနေနှင့် ကိုယ်ရေးကိုယ်တာအကြောင်းကိစ္စများပေါ်ပေါက်လာ၍ ဧည့်စာရင်းတိုင်ကြားဖို့ အချိန်မမီဖြစ်ခဲ့သည့်အခါများတွင်လည်း ဒဏ်ကြေးပေးဆောင်ရခြင်း၊ သို့မဟုတ် အလျှော်ငွေကောက်ခံခြင်း၊ ထိုသို့ ကောက်ခံရာတွင် ငွေကြေးမပေးနိုင်ပါကနောင် ဧည့်စာရင်းတိုင်ကြားရာ၌ အခက်အခဲတွေ့ရှိစေခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။ ရပ်ကွက်အတွင်း တာဝန်ရှိသူများအနေနှင့် မည်သည့်အိမ်သည်အမြဲနေထိုင်သူ၊ မည်သည့်အိမ်သည် အပြောင်းအရွှေ့များသူ စသည်ဖြင့် မှတ်သားထားပြီး လိုအပ်မှုရှိသည့် အချိန်တွင် မည်သည့်နေရာပတ်ဝန်းကျင်ကို ဦးစားပေးစစ်ဆေးရမည်ကို ဆုံးဖြတ်၍ အခြားနေထိုင်သူများကို အေးချမ်းစွာ နေထိုင်ခွင့်ပေးသင့်ပါသည်။

အကယ်၍ အမှန်တကယ် အရေးတကြီးလိုအပ်သော စစ်ဆေးမှုပြုလုပ်ရမည်ဆိုပါကလည်း ပါဝင်စစ်ဆေးသူ လူကြီးများအနေဖြင့် အေးချမ်းစွာ အိပ်စက်နေသူများ အထိတ်တလန့်ခံစားချက်ကို သက်သာလျော့ပါးစေမည့် သဘောထားမျိုးဖြင့် ဆောင်ရွက်နိုင်ပါက ပြည်သူလူထုအနေနှင့် ၎င်းတို့၏ အခွင့်အရေး၊ ၎င်းတို့၏ ဂုဏ်သိက္ခာကို အသိအမှတ်ပြုခံရသဖြင့် တာဝန်ရှိသူများနှင့် ပိုမိုလိုလိုလားလား ပူးပေါင်းပါဝင်မှုများပြုလုပ်လာပေမည်။ အချို့ရပ်ကွက်အတွင်း၌ ရပ်ရွာလုံခြုံရေးဟု အကြောင်းပြဧည့်စာရင်းစစ်၍ ၎င်းတို့ ရပ်ကွက်ရုံးများအတွက် ရန်ပုံငွေရှာခြင်းမျိုး အပြုအမူသည် ရပ်ကွက်နေပြည်သူများ၏ ယုံကြည်ကိုးစားမှုကို လျော့ပါးစေပါသည်။ ရပ်ရွာ၊ မြို့တော်၊ နိုင်ငံတော်ကို အနှောင့်အယှက်အဖျက်အဆီးဘေးအန္တရာယ်မှ ကာကွယ်ရန် ကောင်းမွန်စွာ အုပ်ချုပ်မှုကို ပုံဖော်လိုသော နိုင်ငံတော်အစိုးရအနေဖြင့် မကောင်းသူ တစ်ယောက် ဖမ်းဆီးနိုင်ဖို့ လူကောင်းများစွာ အနှောင့်အယှက် ဖြစ်စေမည့်နည်းလမ်းကိုပြုပြင်ပြီးပြည်သူလူထုအားလုံး ပိုမိုစိတ်အေးချမ်းသာမှုရရှိစေမည်ဖြစ်သော၊ ပိုမိုထိရောက်လုံခြုံမှုရှိသော နည်းလမ်းနှင့် ဆောင်ရွက်သင့်သည်ဟုထင်မြင်မိပါသည်။ နိုင်ငံတော်အစိုးရအနေနှင့် ယခုလို ဒီမိုကရေစီနိုင်ငံတော်ကိုပုံဖော်နေသော အချိန်ကာလတွင် အချို့သော အောက်ခြေမှ တာဝန်ရှိသူများ၏ မှားယွင်းစွာ နားလည်သဘောပေါက်ဆောင်ရွက်နေမှုများ၊ ကိုယ်ကျိုးရှာမှုများက အများပြည်သူကို လွဲမှားသောအမြင်များ ဖြစ်ပေါ်စေကာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်ကိုးစားမှုကို လျော့ပါးစေမှုများဖြစ်ပေါ်စေလာနိုင်ပါသည်။ ထိုသို့အထိတ်တလန့်ဖြစ်စေပြီး အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုအပေါ် သဘောထားတစ်မျိုးဖြစ်နေစေသော ထိုနည်းလမ်းကိုပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် အစားထိုးနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကိုးစားယုံကြည်မှုကို ရရှိစေနိုင်သော ရပ်ရွာ မြို့တော် နိုင်ငံ ဘေးကင်းလုံခြုံရေးနည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်နိုင်စေရန် အကြံပြုရေးသားလိုက်ရပါသည်။ ။

## JOKE



### ကျွမ်းကျင်ရာ

အလုပ်လုပ်တတ်တဲ့ လူတွေက အလုပ်လုပ်တယ်။ အလုပ်မလုပ်တတ်တဲ့ လူတွေက စာသင်တယ်။ စာမသင်တတ်တဲ့ လူက စီမံခန့်ခွဲတယ်။

### အထက်လူကြီး

- မင်းအလုပ်တစ်ခုလုပ်တာ အချိန်ကြာရင်၊ မင်းကနှေးကွေးတယ်။ မင်းရဲ့ အထက်လူကြီးလုပ်တာ နှေးရင် သူကစေ့စပ်သေချာတာ။
- အလုပ်တစ်ခုကို မင်းမလုပ်ဖြစ်ရင် မင်းကပျင်းတယ်။ အထက်လူကြီးမလုပ်ရင် သူက အလုပ်များလို့။
- မင်းအမှားတစ်ခုလုပ်ရင် မင်းဟာ တုံးလို့အလို့။ အထက်လူကြီးအမှားလုပ်ရင် လူဆိုတာမှားတတ်တယ်လို့မှတ်။
- မင်းကအလုပ်တစ်ခုကို မလုပ်ခိုင်းဘဲ လုပ်ရင် အခွင့်အာဏာကို ပိုသုံးတာ။ အထက်လူကြီးကပဲ အဲဒါကိုလုပ်ရင် ဦးဆောင်ဦးရွက်လုပ်တတ်တာ။
- မင်းကရပ်တည်ချက်တစ်ခုကို အလျှော့မပေးရင် ခေါင်းမာတာ။ အထက်လူကြီးဆိုရင်တော့ ဆုံးဖြတ်ချက်ခိုင်မာတာ။

**အယ်ဒီတာချုပ်**- သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ**- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ** - စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ**- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်**- မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်**- ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ**- လှထွဋ်ဦး။ **သတင်းထောက်များ**- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်**- ထူးသန့်။ **မန္တလေးသတင်းထောက်များ**- စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ**- မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု**- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ**- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်**- စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်**- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး**- သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း**- ကျောက်ဆည်။ **ဘဏ္ဍာရေး**- ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ**- မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ**- ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်**- သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်**- Sunn Colour Separation. **စောင်ရေ**- ၁,ဝဝဝ။ **ရောင်းဈေး**- ၄၅ဝကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁ဝ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃ဝ၆၄၅၉၊ ဝ၉ ၅ဝ၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

7Day News Hotline : 73032006

Business
7DAY NEWS JOURNAL
Vol.10, No.31 · OCTOBER 20, 2011

# ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းကိုအဆင့်မီလျှင် ခွင့်ပြုမည်

**ထူးသန့်**

**နေပြည်တော်၊အောက်တိုဘာ-၁၀**

လူသုံးဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဆင့်မီ ထုတ်လုပ်မည်ဆိုပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ခွင့်ပြုမည်ဖြစ်ကြောင်းကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက ယနေ့ကျင်းပပြုလုပ်သောစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီညှိနှိုင်းရေး အစည်းအဝေးတွင် ပြောကြားခဲ့သည်။

လက်ရှိ အခြေအနေတွင် ဆေးဝါးများမှာပြည်ပမှအမြောက်အမြားဝင်ရောက်လျက်ရှိကြောင်း ပြည်တွင်း၌လည်း ထုတ်လုပ်ရန် ခွင့်ပြုထားကြောင်း သိရသည်။ သို့သော်ပြည်သူလူထု၏ အသက်အန္တရာယ်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင်တာဝန်ရှိကြောင်း ဦးစိုးသိန်းက ဆက်လက်ပြောကြားသည်။

"ဆေးဝါးက ပြည်သူသန်း ၆၀ လုံးကို ဒုက္ခရောက်စေနိုင်တယ်။ BPI လိုဆေးမျိုး ထုတ်လုပ်နိုင်ရင် အားပေးမယ်။ တဲကြိုတဲကြားမှာ လုပ်မယ်ဆိုရင်တော့ အားမပေးနိုင်ဘူး" ဟု၍ ယင်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။ တိုင်းရင်းဆေးများကိုမူ ပြည်တွင်း၌ အမြောက်အမြား ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

# ကြက်သွန်နီဈေး အသင်းမှ ဝင်ထိန်းရသော ဈေးအထိ မရောက်နိုင်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**
**အောက်တိုဘာ-၁၄**

ကြက်သွန်နီ ပြည်ပတင်ပို့ခွင့်ပြုသည်ဟူသော သတင်းများထွက်ပေါ်ချိန်မှစ၍ ဆက်တိုက်မြင့်တက်လာသော ကြက်သွန်နီဈေးနှုန်းကို အသင်းမှဝင်ရောက်ထိန်းသိမ်းရန် လိုအပ်သည်ထိမြင့်တက်ခြင်းမရှိနိုင်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌက ပြောသည်။

"ဈေးနှုန်းဝင်ထိန်းဖို့ အစီအစဉ်မရှိသေးပါဘူး။ အရင်နှစ်က ဈေးမကျော်ရင် ထိန်းစရာမလိုလောက်ဘူး။ နောက်လဆိုရင် အသစ်ပေါ်နေပြီဆိုတော့ အသင်းက ဝင်ထိန်းရလောက်တဲ့ ဈေးအထိ မတက်နိုင်ပါဘူး။ လက်ကျန်လည်း ရှိနေသေးတယ်လေ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ကြက်သွန်နီဈေးနှုန်းသည် ပြီးခဲ့သည့်အောက်တိုဘာလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ၆၀၀ ကျပ်ဝန်းကျင်မှ ယခုအောက်တိုဘာ ၁၄ ရက်တွင် တစ်ပိဿာ ၉၇၅ ကျပ်ထိ ဆက်တိုက်မြင့်တက်လာသည်။

ပြီးခဲ့သည်နှစ်တွင်ကြက်သွန်နီအမြင့်ဆုံးဈေးမှာ တစ်ပိဿာ ၁,၁၀၀ ကျပ်စွန်းစွန်းထိရှိခဲ့သည်။



လက်ရှိတက်လာခဲ့သော ဈေးနှုန်းအရှိန်အတိုင်း ဆက်တက်မည်ဆိုပါက ယခုလကုန်ပိုင်းတွင် ယခင်နှစ် ဈေးဝန်းကျင်ထိမြင့်တက်မှုရှိနိုင်ကြောင်းကြက်သွန်ပွဲစားတစ်ဦးကပြောသည်။

"ကြက်သွန်က ပြည်ပတင်ပို့ဖို့ လိုင်စင် မရှိသေးတာတောင် ဒီလောက်ဈေးတွေ ဆက်တိုက်တက်နေရင် ဈေးအများကြီးတက်သွားနိုင်တယ်။ လက်တလောလိုင်စင်လျှောက်တာ မရှိသေးရင် နယ်စပ်ကို အသွားရှိနေလို့ ဈေးက ဒီလောက်ထိ တက်နေတာ" ဟု ကြက်သွန်ဈေးကွက်တွင် ဝယ်ရောင်းလုပ်နေသူတစ်ဦးကပြောသည်။

လတ်တလောတွင် ကြက်သွန်နီဈေးနှုန်းများ ဆက်တိုက်မြင့်တက်နေခြင်းမှာ ဘုရင့်နောင်ဈေးကွက်သို့ ကြက်သွန်အဝင်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက သုံးသပ်ပြောကြားသည်။

ယခင်အပတ်များတွင်ဘုရင့်နောင်ဝင်းသို့ ကြက်သွန်နီကားစီးရေ ၂၀-၂၅ စီး ပုံမှန်ဝင်ရောက်နေရာမှ ယခုရက်ပိုင်း ၁၃ စီးဝန်းကျင်သာ ဝင်ရောက်မှုရှိကြောင်း ၎င်းကပြောသည်။

လာမည့် နိုဝင်ဘာလတွင် မြစ်သားဘက်မှ ကြက်သွန်နီအသစ်များ ဝင်ရောက်လာတော့မည်ဖြစ်၍ ဈေးနှုန်းများပြန်လည်ကျဆင်းနိုင်ကြောင်း အသင်းဥက္ကဋ္ဌက ခန့်မှန်းပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၂၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၂၀ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၂၂ | ကျပ် |

**၂၀၁၁ အောက်တိုဘာ ၁၅ ရက် ပေါက်ဈေးနှုန်းများဖြစ်သည်။**

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၀၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၉. ၀၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၅၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၅၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၈၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၉၁. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၈ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၁. ၀၀၉၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၄၂၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၆၆၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၆၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၈၃. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၂၃၀ |
| ငွေ | ၁ အောင်စ | ၃၂. ၁၇၃ |
| ကြေးနီ | ပေါင် | ၃၄၀. ၈၅၀ |
| သဘာဝဓာတ်ငွေ့ mmbtu | | ၃. ၇၀၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

# မလေးရှားက ဈေးနိမ့်တဲ့ တ ု တ်သို့ ပြောင်းဆန် အဓိကတင်ပို့နေ

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

ပြည်ပသို့ ပြောင်းဆန်(ပြောင်းဖူးမှထုတ်ယူသောအဆန်) တင်ပို့ရာတွင်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးထက် နယ်စပ်ကုန်သွယ်ရေးကိုသာပိုမိုအားထားနေကြောင်း ပြည်ပသို့ ပြောင်းဆန်တင်ပို့နေသည့်လုပ်ငန်းအချို့က ပြောသည်။


ပင်လယ်ရေကြောင်းမှ ပြောင်းဆန်တင်ပို့ရာတွင် တစ်ဖက်နိုင်ငံမှ ဈေးနှိမ်ပြီး ဝယ်ယူသည့်အတွက် တင်ပို့မှုနည်းနေရခြင်းဖြစ်ကြောင်း ပြည်ပသို့ပြောင်း တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ပထမက မလေး(မလေးရှား) ကို ပို့တာ၊ အိန္ဒိယက လျှော့ဈေးနဲ့ဝင်လာတော့ ဒီကပြောင်းကို မဝယ်တော့ဘူး။ အခုဆို အိန္ဒိယ သိပ်မဝင်တဲ့ဖိလစ်ပိုင်ကိုပြောင်းပြီး ပို့ဖို့စီစဉ်နေတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။မလေးရှားနိုင်ငံကမြန်မာ့ပြောင်းကို ဝယ်ယူရာတွင် အိန္ဒိယဈေးကဲ့သို့ တစ်တန်ကိုFOBကန်ဒေါ်လာ ၂၆၅သာပေးပြီး၊ ဖိလစ်ပိုင်မှမြန်မာ့ပြောင်းကိုတစ်တန်လျှင် မလေးရှားထက် ၁၀ ဒေါ်လာပိုပေးသည်ဟုဆိုသည်။

*စာ(၃၄) သို့*



7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011



# ဝါကျွတ်ကာလတွင် ရွှေဝယ်သူများ

သိမ့်သိမ့်စိုး

**ရန်ကုန်၊**
**အောက်တိုဘာ-၁၄**

ဝါကျွတ်ကာလဖြစ်သော အောက်တိုဘာဒုတိယပတ်တွင် ရွှေဝယ်လိုအား ယခင်ထက်ထက်ဝက်နီးပါးမြင့်တက်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဒီရက်ပိုင်း ရောင်းအားကောင်းတယ်။ အထည်ဈေးကွက်မှာလည်း လုပ်တဲ့သူရော၊ ဝယ်တဲ့သူရော သိသိသာသာ များလာတယ်။ အပိုင်းဈေးကွက်ထဲမှာလည်း အရောင်းအဝယ်ကောင်းတယ်" ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

သီတင်းကျွတ်ကာလသည် ပုံမှန်အားဖြင့်လည်း အရောင်းအဝယ်ကောင်းလေ့ရှိပြီး လက်ရှိရွှေဈေးနှုန်းသည် ယခုနှစ်၏ အမြင့်ဈေးနှင့်ယှဉ်ပါက များစွာသက်သာနေခြင်းကလည်း ဈေးကွက်ရောင်းအားကောင်းစေသော အချက်ဖြစ်ကြောင်း လုပ်သက်ရင့်ရွှေလုပ်ငန်းရှင်တစ်ဦးကသုံးသပ်ပြောသည်။

အောက်တိုဘာ ၁၄ ရက်တွင် ပြည်တွင်းရွှေပေါက်ဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၁၇,၀၀၀ ကျပ်နှင့် ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၆၈၀,၀၀၀ ကျပ်ဝန်းကျင်ရှိနေသည်။

ကမ္ဘာ့ရွှေဈေးမှာ အောက်တိုဘာ ၁၄ ရက်တွင် တစ်အောင်စလျှင် ၁၆၆၅ ဒေါ်လာဝန်းကျင်တွင်ရှိနေပြီး အမေရိကန်ငွေဈေးမှာ တစ်ယူနစ်လျှင် ၇၉၅ ကျပ်ဝန်းကျင်ရှိနေခဲ့သည်။ ထို့ကြောင့် အဆိုပါ ရွှေပေါက်ဈေးများသည် ပြီးခဲ့သည့်လအတွင်း၌ ဖြစ်ခဲ့သော အမြင့်ဆုံးဈေးနှင့်ယှဉ်ပါက တစ်ကျပ်သားပေါ်တွင် ကျပ် ၅၀,၀၀၀ ကျော်ကွာခြားနေသေးသည်။

"ဒေါ်လာဈေးအရဆို ရွှေဈေးကကျရမှာ။ ကမ္ဘာ့ဈေးက အတက်အကျရှိနေတာရယ်၊ ပြည်တွင်းဝယ်လိုအား ကောင်းတာရယ်ကြောင့် ဈေးကမာနေတာ။ ဒီဈေးက အနိမ့်ဈေးလိုပြောလို့ရတော့ ဝယ်လက်ကြိုက်ဈေးဖြစ်တာကြောင့် ရောင်းအားကောင်းနေတာ။ ဈေးကတော့ ကမ္ဘာ့ဈေးပေါ် တည်ပြီး အတက်အကျရှိနေမှာပဲ" ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ဈေးကွက်အနေအထားကို သုံးသပ်ပြောသည်။




## ပဲမျိုးစုံ အရောင်းအဝယ်အေး

သိမ့်သိမ့်စိုး

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

ပဲမျိုးစုံအရောင်းအဝယ်ဈေးကွက်တွင် ဈေးနှုန်းနှင့် အရောင်းအဝယ်များပါ ယခုရက်ပိုင်း၌ ဆက်တိုက်အေးနေကြောင်း ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသော ကုန်သည်များက ပြောသည်။

ပဲဈေးနှုန်းနှင့် အရောင်းအဝယ်များ ဆက်လက်အေးနေခြင်းမှာ ဒေါ်လာတန်ဖိုးအနည်းငယ်ကျဆင်းနေခြင်းနှင့် သဘော်တင်ဝယ်လက်နည်းနေခြင်းများကြောင့်ဖြစ်ကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

"ဈေးနှုန်းတွေ အရောင်းအဝယ်အေးတာရော၊ ငွေဈေးကျတာရောကြောင့် ဆက်တိုက်အေးနေတာ။ အရောင်းအဝယ်ကတော့ ငွေဈေးကျလို့ အရောင်းအဝယ် သိပ်မလုပ်တဲ့အချိန်မှာ ပိတ်ရက်တွေ ဆက်တိုက်ဖြစ်နေတာကြောင့်လည်း ပါတယ်" ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ RCနှင့် ပဲစင်းငုံနှစ်မျိုးတည်းသာ ဈေးကွက်အရောင်းအဝယ်ဖြစ်လေ့ရှိကြောင်း သိရသည်။

ခရမ်းရွှေဝါ ပဲတီစိမ်းမှာ ပြီးခဲ့သည့်လကုန်ပိုင်းမှစ၍ အရောင်းအဝယ်ပါးနေခဲ့ခြင်းကြောင့် ဈေးနှုန်းပင်နေ့စဉ် ဖွင့်ခြင်းမရှိပေ။

"ပဲတွေက ဝယ်လက်နည်းလို့ အရောင်းအဝယ် အေးနေတာ။ RC နဲ့ ပဲစင်းငုံလောက်ပဲ အလုပ်ဖြစ်တယ်။ ပဲစင်းငုံဆို တရုတ်လိုင်းအဝယ်နည်းသွားလို့ ဈေးတောင်မဖွင့်တော့ဘူး" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ အရောင်းအဝယ်ဖြစ်နေသော မတ်ပဲ RC မှာ တစ်တန်လျှင် ၅၉၀၀၀၀ ကျပ်နှင့် ပဲစင်းငုံမှာ တစ်တန် ၄၄၅၀၀၀ ကျပ်ရှိသည်။ မတ်ပဲ Raw မှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၅၇၅၀၀ ကျပ်၊ SQRC မှာ ၆၄၅၀၀၀ ကျပ် နှင့် ခရမ်းရွှေဝါပဲတီစိမ်းမှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၆၂၀၀၀ ကျပ်ဖြစ်သည်။

နိုင်ငံခြားငွေလဲလှယ်နှုန်းများသည် အောက်တိုဘာ ၁ ရက်၌ ငွေလဲလှယ်ရေးကောင်တာများက စတင်လဲပေးချိန်တွင် အမေရိကန်တစ်ဒေါ်လာနှင့် အက်ဖ်အီးစီတစ်ယူနစ်လျှင် ၈၃၀ ကျပ်ရှိသည်။ ယင်းရက်ပိုင်း၌ ပို့ကုန်ရငွေတန်ဖိုးမှာ တစ်ယူနစ်လျှင် ၈၃၅ ကျပ်ဝန်းကျင်တွင် ရှိနေခဲ့သည်။

၎င်းရက်နောက်ပိုင်း၌ ငွေလဲလှယ်နှုန်းများသည် တဖြည်းဖြည်းကျဆင်းလာရာ ယခုအောက်တိုဘာ ၁၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာနှင့် အက်ဖ်အီးစီတစ်ယူနစ်တန်ဖိုးမှာ ၈၂၀ ကျပ်သို့ ကျဆင်းလာသကဲ့သို့ ပို့ကုန်ရငွေတန်ဖိုးမှာလည်း တစ်ယူနစ်လျှင် ၈၃၃ ကျပ်အောက်ကျဆင်းလာခဲ့သည်။

## စာ(၃၃) မလေးရှားက ဈေးနှိမ်   တ ုတ်သို့ ပြောင်းဆန် အဓိကတင်ပို့နေ မှ

တရုတ်နိုင်ငံတွင် ယူနန်ပြည်နယ်၌ လိုအပ်ချက်မြင့်မားလာသဖြင့် မြန်မာပြောင်းကိုဩဂုတ်လကုန်ပိုင်းတွင် တစ်ကီလိုလျှင် ၁၀၈ ယွမ်ထိဈေးပေး၍ ဝယ်ယူခဲ့သည်။ ယခုရက်ပိုင်းအတွင်း လားရှိုးမှ ပြောင်းအသစ်ထွက်လာပြီး တရုတ်ဈေးကွက်သို့ အဓိကသွားသဖြင့် တစ်ကီလိုလျှင် ၉၃ ယွမ်ထိ ဈေးကျလာသည်။ သို့သော် မန္တလေးတွင် ပြောင်းဈေးမှာ ရန်ကုန်ထက် ၅၄ ပိဿာတစ်အိတ်လျှင် ၂၀၀၀ ကျပ်ဈေးများသဖြင့် တရုတ်နယ်စပ်သို့သာ အဓိကသွားနေသည်။

"တစ်နေ့ကို ပြောင်းကားကအစီးရေ ၃၀၀ လောက်ပုံမှန်ဝင်နေတယ်။ တခြားကုန်ကတော့ သိပ်မတက်လာဘူး" ဟု မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ပြောင်းဆန် ၅၄ ပိဿာ တစ်အိတ်လျှင် ရန်ကုန်တွင်ကျပ် ၁၆၅၀၀ ဝန်းကျင်ရှိပြီး မန္တလေးတွင်ကျပ် ၁၅၀၀၀ ဝန်းကျင်သာရှိကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# 7DAY BOOK REVIEW

## ခင်မျိုးချစ်၏ စာ




အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ ကျွမ်းကျင်နှံ့စပ်သော သတင်းစာဆရာ၊ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ် အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည့် ဝတ္ထု၊ ဆောင်းပါးနှင့် အတ္ထုပ္ပတ္တိများကို သားဖြစ်သူ သချာ်ပညာရှင်ဒေါက်တာခင်မောင်ဝင်း က မြန်မာဘာသာပြန်ဆို ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။

စာအုပ်တွင် ဒေါ်ခင်မျိုးချစ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည့် ဝတ္ထုတို ၇ ပုဒ်၊ ဆောင်းပါး ၄ ပုဒ်နှင့် အတ္ထုပ္ပတ္တိ ၅ ပုဒ်တို့ကို မူရင်းအတိုင်း ဖော်ပြထားပြီး မြန်မာဘာသာ ပြန်ဆိုချက်ကိုလည်း ယှဉ်တွဲ၍ ဖတ်ရှုနိုင်အောင်စီစဉ်ထားပါသည်။ ဒေါ်ခင်မျိုးချစ်၏ နာမည်ကျော်ဝတ္ထုတစ်ပုဒ်ဖြစ်သော 13 Carat Diamond မှာ ၁၉၅၅ ခုနှစ်ကပင် ဂါးဒီယန်မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ဖူးပြီး အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ထုတ်ဝေသော 'အရှေ့တိုင်းမှ ဝတ္ထုငါးဆယ်' စာအုပ်တွင် ထည့်သွင်းဖော်ပြခြင်းခံရသည့် မြန်မာဝတ္ထုဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်ကာလက စားဝတ်နေရေးကျပ်တည်းစဉ်ဒေါ်ခင်မျိုးချစ်ကိုယ်တိုင် ကြုံခဲ့ရသော အဖြစ်အပျက်လေးကို ဝတ္ထုဟန်ဖြင့် သီကုံးထားခြင်းဖြစ်သည်။ Her Infinite Variety (သူမ၏ အနန္တအလှကျက်သရေ)ဝတ္ထုတိုတွင်မြန်မာရုပ်သေးဆရာကြီးတစ်ဦး၏ လွမ်းမောဖွယ်ရာ ဘဝအမှန်ကိုမြန်မာမှုအနုပညာစစ်စစ်ဟုဆိုအပ်သော ရုပ်စုံသဘင်၊ ရုပ်သေးပညာအကြောင်းနှင့် ယှဉ်တွဲဖတ်ရှုရမည်ဖြစ်သည်။ ထို့အတူ Electra Triumphs (အီလက်ထရာ အောင်မြင်သွားခြင်း) ဝတ္ထု၌ တက္ကသိုလ်ဘွဲ့ရ ပညာတတ် အမျိုးသမီးတစ်ဦး ဗုဒ္ဓဘာသာ၏ ဘဝကိုယုံကြည်သော စိတ်နှင့် သိပ္ပံပညာတို့ကြား ပဋိပက္ခဖြစ်ရပုံနှင့် နောက်ဆုံးတွင်ဘာအဖြေမှ မရရှိခဲ့ပုံကို ဖတ်ရှုရမည်ဖြစ်သလို Come Live With Me (နောင်ဘဝမှာ ဆုံကြမယ်) ဝတ္ထု၌ကလေးနှင့် လူကြီးဆက်ဆံမှု၊ မြန်မာလူမျိုးတို့၏ ဘဝအပေါ် ယုံကြည်မှုတို့ကို ဖတ်ရမည်ဖြစ်သည်။

အတ္ထုပ္ပတ္တိ ကဏ္ဍတွင် U Thu Kha (ဦးသုခ)၊ The Late Princess Mindat (မင်းတပ်ထိပ်ခေါင်တင်မင်းသမီး)နှင့် Shumawa U Kyaw (ရှုမဝ ဦးကျော်)တို့သည် စိတ်ဝင်စားဖွယ်ကောင်းသော အတ္ထုပ္ပတ္တိတိုများ ဖြစ်ကြသည်။ ကွယ်လွန်သူ စာရေးဆရာ၊ ရုပ်ရှင်ပညာရှင်ဦးသုခ ငယ်စဉ်က ဇာတ်နောက်လိုက်၍ ပညာသင်ယူခြင်း၊ နှစ်ပဲတန် ဝတ္ထုတိုလေးများရေးသားခြင်းနှင့် ဂျပန်ခေတ် စာဆိုတော်နေ့အထိမ်းအမှတ်ဝိဇယပြဇာတ်ကစဉ် အကြောင်းတို့ကို ဖတ်ရှုရမည်ဖြစ်သည်။

ထို့အတူ မင်းတပ်ထိပ်ခေါင်တင် မင်းသမီးကြီး အကြောင်း၌ ဒေါ်ခင်မျိုးချစ်ငယ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့ရသော မင်းတုန်းမင်းတရားကြီး၏သမီးတော် နေထိုင်မှု ဘဝပုံစံ၊ စကားအသုံးအနှုန်းနှင့် အကျင့်စရိုက်တို့ကို မှတ်သားသိရှိနိုင်သလို ရှုမဝဦးကျော် အတ္ထုပ္ပတ္တိ၌ ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ရှုမဝရုပ်ရှင်တို့ဖြင့် အောင်မြင်ထင်ရှားခဲ့သည့် ဦးကျော်၏အကြောင်း ဖတ်ရှုရမည် ဖြစ်ပါသည်။

ဆောင်းပါးများ၌ The Trouble With You and Me (ခင်ဗျားနဲ့ ကျွန်တော်၊ ရှင်နဲ့ကျွန်မတို့ကြား ပြဿနာ) ဆောင်းပါးနှင့် Let's call them Names (အမည်တွေ ခေါ်ကြည့်ရအောင်) ဆောင်းပါးသည် အင်္ဂလိပ်လူမျိုးနှင့် မြန်မာလူမျိုးတို့ကြား အခေါ် အဝေါ် ကိစ္စ၊ အသုံးအနှုန်း ကွဲပြားခြင်းကို ရေးထားပြီး The Art of Myanmar Zat-Pwe (မြန်မာဇာတ်ပွဲ၏အနုပညာ)နှင့် The Nativity of Bodhisatta on Zat -Pwe stage (ဖွားတော်မူခန်းကို မြန်မာဇာတ်ခုံပေါ်တွင် တင်ဆက်ပုံ) ဆောင်းပါးတို့သည်မြန်မာမှုအနုပညာကိုနိုင်ငံခြားသားများ ရင်းနှီးကျွမ်းဝင်စေရန် မိတ်ဆက်ဆောင်းပါးများဟုဆိုနိုင်သည်။ စိတ်ကူးချိုချိုစာအုပ်တိုက်မှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### မွေးလအလိုက်ဆောင်ထားရမယ့် ရတနာတွေကို သိသလား


တေရသမဂရေဂိုရီပုပ်ရဟန်းမင်း (၁၅၀၂-၈၅) စတင်အသုံးပြုသောကမ္ဘာသုံးပြက္ခဒိန်တွင်ပါရှိသည့်လများအလိုက် အဖိုးတန်ကျောက်မျက်ရတနာများကိုအဆောင်ဖြစ်အသုံးပြုသည့်အလေ့ရှိခဲ့ကြသည်။ မွေးလအဆောင်အဖြစ်သာမက နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ်လည်း ရတနာများကို ဆောင်ထားလေ့ရှိကြသည်။ ၁၉၁၂ခုနှစ်တွင် မွေးလအလိုက်ရတနာအဆောင်ထားခြင်းအလေ့ကို အမေရိကန်ပြည်ထောင်စုရှိကျောက်မျက်ကုန်သည်များအဖွဲ့အစည်းကလုပ်ဆောင်ခဲ့ပြီး ယနေ့ခေတ်တွင် အမေရိကန်ပြည်ထောင်စုနှင့်ဩစတြေးလျ၊ ထိုင်းနိုင်ငံတို့တွင်လည်း တွင်ကျယ်စွာလုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနှင့် ဘေဘီလုံရှိ အစောပိုင်းကာလယဉ်ကျေးမှုအရ အဖိုးတန်ရတနာများကို အဆောင်အယောင်တစ်ခုအဖြစ်တန်ဖိုးထားသုံးစွဲခဲ့ကြပြီး ဆယ့်နှစ်ရာသီခွင်စက်ဝန်းအရလည်း ရတနာများကိုအဆောင်ပြုလုပ်ခဲ့ကြသည်။ ဇန်နဝါရီလဖွားများက ဂေါ်မုတ်နီ၊ ဖေဖော်ဝါရီလဖွားများက နီလာခရမ်း၊ မတ်လဖွားများက မြပြာ၊ ဧပြီလဖွားများက စိန်၊ မေလဖွားများက မြ၊ ဇွန်လဖွားများက ပုလဲ၊ ဇူလိုင်လဖွားများက ပတ္တမြား၊ ဩဂုတ်လဖွားများက ပြောင်ဂေါင်းစိမ်း၊ စက်တင်ဘာလဖွားများကနီလာ၊ အောက်တိုဘာလဖွားများကမဟူရာ၊ နိုဝင်ဘာလဖွားများက အဝါရောင်ဥဿဖရား၊ ဒီဇင်ဘာလဖွားများက အပြာရောင်ဥဿဖရားနှင့် စိမ်းပြာရောင်တာကွိုက်ဇ်ကျောက်ကိုဆောင်ထားရမည်ဖြစ်သည်။

*—Source:birthstones.com*


## တစ်ပတ်တာကံကြမ္မာ

အောက် တို ဘာ ၁၉ ရက် မှ ၂၅ ရက် အထိ



### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အရပ်တစ်ပါးနှင့် ဆက်သွယ်၍ အကျိုးကောင်းများရရှိမည်။ ပညာအတတ်ကို အခြေတည်၍ ဆောင်ရွက်မှုများအောင်မြင်မည်။ အကြီးအကဲများထံမှ ကောင်းသော အထောက်အကူရမည်။ ကြာသပတေးနေ့၊ စနေနေ့မွေးသူများမှ အကူအညီပေး၍ အလုပ်အဆင်ပြေမည်။ ကျန်းမာရေးအညံ့ကြုံက ချက်ချင်းဆေးကုသမှု ခံယူပါ။ အမျက်ထွက်လွယ်သည်။ ဒေါသခိုက်ရန်ဖြစ်တတ်သည်။




### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

လက်ဝယ်ရရှိထားသော အခွင့်အရေးများအား လုယက်ယူသူရှိမည်။ မနာလိုသောသူများနှင့်တွေ့မည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။ အထင်မှားခံရမည်။ ဆောင်ရွက်နေဆဲလုပ်ငန်းများတွင် ပြဿနာဖြစ်တတ်သည်။ အပြိုင်အတိုက်အခံကြားမှ တိုးတက်မည်။ မိတ်ဆွေကောင်းအကူအညီရမည်။ လူမျိုးကွဲအကူအညီရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

မြေကိစ္စ၊ အမွေကိစ္စပြောဆိုရန် ရက်များဖြစ်သည်။ အရပ်တစ်ပါးနိုင်ငံခြားသို့ ပညာသင်ကြားရန်အတွက် ဆောင်ရွက်အောင်မြင်မည့်ကာလဖြစ်သည်။ ငွေကြေးကိစ္စစကားပြောဆိုရန် ကောင်း၏။ ခရီးကိစ္စဆောင်ရွက်မှုများ အဆင်ပြေမည်။ ပြဿနာများ ဖြေရှင်းနိုင်မည်။ ပြောဆိုဆောင်ရွက်မှုမှန်သမျှထွန်းထွန်းပေါက်ပေါက်နှင့် အောင်မြင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

လုပ်ငန်းဟောင်းများ ရပ်တန့်၍ အလုပ်သစ်ရည်ရွယ်ချက်သစ်များကို လက်တွေ့ဆောင်ရွက်နိုင်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ နေအိမ်အနီးအပါး ရေတွင်းပျက် (သို့မဟုတ်) ဖို့ထားသော ရေတွင်းရှိသောအိမ်တွင် သူခိုးသူဝှက်ကပ်လိမ့်မည်။ ထိုသို့ကြုံက မိမိအိမ်တွင်လည်း ခိုးဝှက်မှုဖြစ်တတ်သည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

တနင်္လာနေ့၊ သောကြာနေ့မွေးသူများနှင့် ပတ်သက်ဆက်နွယ်၍ စကားအတိုက်အခံပြောရတတ်သည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စိတ်အနှောင့်အယှက်ရှိမည်။ နေအိမ်ရှိ အသက်ကြီးအရွယ်ကြီးသူများ၏ ကျန်းမာရေးကိုလည်း ဂရုစိုက်ရမည်။ ကာလအတန်ကြာ တစ်ပိုင်းတစ်ဖ ဖရိုဖရဲဖြစ်သည်များကို ပြန်လည်စုစည်းသင့်သော ကာလဖြစ်သည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

နေအိမ်၊ ခြံ၊ ကား၊ အခန်း၊ အလဲအလှယ်အပြောင်းအလဲလုပ်ခြင်း၊ ရောင်းချခြင်းများတွင် ပါဝင်ပတ်သက်ကူညီရမည်။ ကိုယ်သက်သေပြု အာမခံသူဘက်မှ မရိုးသားမှုကြောင့် သိက္ခာထိခိုက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းကြုံမည်။ ကြာသပတေးနေ့၊ စနေနေ့ မွေးသူများထံသို့ သွားရောက်အကြံဉာဏ်တောင်းကာ ပြဿနာအလုံးစုံဖြေရှင်းနိုင်သည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ပညာအတတ်နှင့်ပတ်သက်သော ကိစ္စများဆောင်ရွက်အောင်မြင်မည်။ ကျောင်းအပြောင်းအရွှေ့ကိစ္စ ပြည်ပပညာကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ နိုင်ငံခြားသွားပြီး အဆင်မပြေပြန်ရောက်လာသူများ ယခုကာလအတွင်း ပြန်သွား၍ အဆင်ပြေမည်။ စိတ်သောကရောက်စရာများ ကြုံမည်။ ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့မည်။ စကားမှားတတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ပေးထားခံဖူးသော ကတိအပေါ် အနိုင်အထက်ပြုဒုက္ခပေးသောသူများနှင့် တွေ့မည်။ စာရွက်စာတမ်းများ သတိနှင့်ထိန်းပါ။ တစ်ပါးသူ၏ အရေးကြီးသော စာရွက်စာတမ်းများအား လက်ခံခြင်း၊ ထိန်းသိမ်းပေးခြင်းမပြုရ။ ရန်ပေါ်၍ အမှုပြဿနာများဖြစ်တတ်သည်။ လူငယ်များအသွားအလာ ဆင်ခြင်ပါ။ ငွေကြေးကိစ္စစကားပြောဆို အဆင်ပြေမည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ချက်ချင်းဆုံးဖြတ်ပြီး လတ်တလောဆောင်ရွက်ခြင်းဖြင့် အလုံးစုံအောင်မြင်မည်။ ပြည်ပနိုင်ငံရပ်ခြားကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ စနေနံ၊ ကြာသပတေးနံလုပ်ငန်းများ အကျိုးပေးမည်။ ဒုက္ခရောက်နေသောဗုဒ္ဓဟူးနေ့ မွေးသူတစ်ဦး၏ ကိစ္စအား လိုက်ခံကူညီပေးရမည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များ ဆောင်ရွက်အဆင်ပြေမည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

မတင်မကျဖြစ်နေသော ကိစ္စများအား ယတိပြတ်ဆုံးဖြတ်နိုင်သော ကာလဖြစ်သည်။ မသွားဘူးသော အရပ်ဒေသများသို့ ခရီးသွားရမည်။ မူလစိတ်ကူးထားသည်နှင့် မတူသော ခရီးကိစ္စများဖြစ်မည်။ လုပ်ငန်းခွင်မှသူများအဖို့ မပြောင်းလိုသော နေရာသို့ပြောင်းရခြင်း၊ တာဝန်သူကိုင်တွယ်လိုခြင်းမရှိသော အလုပ်ကိစ္စများ တာဝန်ယူရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

လူငယ်လူရွယ်များအဖို့ မိမိထက်အသက်အရွယ်ကြီး၍ အတွေ့အကြုံရင့်ကျက်ပြီး နာမည်ကြီးသော အမျိုးသမီးများနှင့်ဆုံစည်းကာ ကိုယ့်အတွက်မိသားစုတွင် စိတ်အနှောင့်အယှက်ဖြစ်စရာ၊ ဂုဏ်သိက္ခာကျစရာများဖြစ်တတ်သည်။ အိမ်တွင် ရန်အတိုက်အခံစကားများရခြင်းများကြုံက ကိုယ်သို့ဖြစ်ရခြင်းများ၏ အကြောင်းအရင်းသည် အိမ်တွင် သေတ္တာပျက်သော ပျက်ရှိ၍ဖြစ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အရာရာ သတိနှင့်ဆောင်ရွက်ပါ။ အခက်အခဲမှား၊ အမှားအယွင်းများကြုံမည်။ ကာလအတန်ကြာတာဝန်ယူလုပ်ကိုင်ရသည့်ကိစ္စများကို တစ်ပါးသူမှ လုယက်ယူခြင်းမျိုးကြုံမည်။ ငွေချေးက ဆုံးမည်။ ရပ်တန့်ထားသည့် လုပ်ငန်းများပြန်လည် ဆောင်ရွက်အဆင်ပြေမည်။ ဝေးလံသော အရပ်မှ လုပ်ငန်းများမှ ကောင်းသော အကျိုးဆက်ရမည်။

7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011




# ဝေါလ်စထရိလှုပ်ရှားမှုကို စိတ်ဝင်စားနေသည့် ကမ္ဘာကြီး

■ ကြည်နေဝင်းမင်း ■

ကိုင်ရိုမြို့တွင်တာရာရင်ပြင်၊ ထရီပိုလီမြို့တွင် အစိမ်းရောင်ရင်ပြင်၊ အေသင်မြို့တွင် ဆင်တက်မာရင်ပြင်၊နယူးယောက်မြို့တွင်ဇူကော့တီပန်းခြံ။ အာဏာအခိုင်အမာ ရယူထားသော ရေပေါ်ဆီများအပေါ် လူထု၏ အမျက်ဒေါသထွက်မှုမှာ ကမ္ဘာတစ်ဝန်းပျံ့နှံ့လာနေသည်။

နယူးယောက်မြို့ပန်းခြံတစ်ခုတွင်စတင်ခဲ့ပြီး အမေရိကန်နိုင်ငံတစ်ဝန်း ဖလော်ရီဒါမှ အိုရီဂွန်ပြည်နယ်၊ လော့စ်အန်ဂျလိစ်မြို့မှသည် ချီကာဂိုအထိ ပျံ့နှံ့လာသောဘဏ္ဍာရေးမညီမျှမှုကို ဆန့်ကျင်သည့်“ဝေါလ်စထရိကို သိမ်းပိုက်ကြ”(Occupy Wall Street) လှုပ်ရှားမှုကိုကမ္ဘာ့နိုင်ငံအများအပြားက စိတ်ဝင်တစားရှိနေကြသည်။

လွန်ခဲ့သောတစ်လကဝေါလ်စထရိမှ လမ်းနှစ်လမ်းသာခြားသော မန်ဟက်တန်ရပ်ကွက် ပန်းခြံတွင် ရာနှင့်ချီသောတက်ကြွလှုပ်ရှားသူများသည်နယူးယောက်ဘဏ္ဍာရေးသမားများ၏ အလွန်အကျွံလုပ်ရပ်များဟု ၎င်းတို့မြင်သော ကိစ္စများကို ဒေါသ ပေါက်ကွဲပြရန် စုဝေးခဲ့ကြသည်။ မရေမတွက်နိုင်သော အမေရိကန်များကိုထိခိုက်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးတွင်ပဲ့တင်ထပ်ခဲ့သည့် စီးပွားရေးအကျပ်အတည်းမှာ ၎င်းနယူးယောက် ဘဏ္ဍာရေးသမားများကြောင့်ဟု တက်ကြွလှုပ်ရှားသူများက အပြစ်တင်ကြသည်။

အမေရိကန်၏ လှုပ်ရှားမှုတွင်အာရပ်နွေဦး၏ ခြေရာလက်ရာများတွေ့ရသည်ဟု အာရပ်နိုင်ငံများက ရှုမြင်ကြသည်။ စပိန်နှင့် အီတလီနိုင်ငံတို့ကလည်း ၎င်းတို့၏မကျေမချမ်းဖြစ်သူများနှင့် အမေရိကန်လှုပ်ရှားသူများမှာ ထပ်တူကျသည်ဟု မြင်သည်။ တစ်ချိန်တည်းမှာပင် အမေရိကန်ဆန့်ကျင်ရေး ၎င်းတို့၏ ကိုယ်ပိုင်အစီအစဉ်များရှိသည့်ဘောဂျင်းနှင့် တီဟီရန်မှ လာသော အသံများကလည်း ယခုလှုပ်ရှားမှုကို အမေရိကန် အရည်ပျော်ကျမှု ရှေ့ပြေးဖြစ်နိုင်သည်ဟု ဆိုကြသည်။

လူနည်းနည်းဖြင့် စတင်ခဲ့သော်လည်း ယခုအခါ နိုင်ငံရေးအချေအတင် ဆွေးနွေးပွဲများ၏ အစိတ်အပိုင်းဖြစ်လာသည့် အမေရိကန်၏ လှုပ်ရှားမှုကို အားကျသောကြောင့်လည်း လန်ဒန်မှ တက်ကြွလှုပ်ရှားသူများသည်လန်ဒန်စတော့အိတ်ချိန်းတွင် ချီတက်ကန့်ကွက်ကြရန် စီစဉ်ထားပြီး ယင်းနေ့မှာပင် စပိန်နိုင်ငံမှ ဆန္ဒပြသူများသည်လည်း မက်ဒရစ်မြို့ ပွာတာဒယ်ဆိုးလ် ရင်ပြင်တွင် စုရုံးကြရန် စီစဉ်ထားကြသည်။

“အမေရိကန်ပြည်သူတွေဟာ အာရပ်ကမ္ဘာက ပြည်သူတွေ ရွေးချယ်ခဲ့တဲ့လမ်းကြောင်းကို ပိုပြီးလိုက်လာကြတယ်”ဟုအီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့အရာရှိ မာဆွတ်ဂျာဇာယီရီအားကိုးကား၍ အီရန်ကျောင်းသားသတင်းအေဂျင်စီ ISNA ကပြောကြားသည်။ “နေရာတကာ လွှမ်းမိုးနေတဲ့ အမေရိကန်အစိုးရဟာ တူနီးရှားနဲ့ အီဂျစ်နိုင်ငံက လူထုအုံကြွမှုမျိုးတွေ ကြုံတွေ့ရလိမ့်မယ်” ဟု အီရန်အရာရှိကဆက်ပြောသည်။

တရုတ်သတင်းစာများကလည်း “ဝေါလ်စထရိကိုသိမ်းပိုက်ကြ” သတင်းများကို ဖော်ပြရင်းခေါင်းကြီးပိုင်းများက အမေရိကန်နိုင်ငံရေး စနစ်ကို ပြစ်တင်ပြောကြားပြီး ကန့်ကွက်ဆန္ဒပြမှုများကိုလျှော့လျှော့ပေါ့ပေါ့သာ ဖော်ပြသည်ဟု အနောက်နိုင်ငံမီဒီယာများအား ရှုတ်ချသည်။

“အမေရိကန်ရဲ့ အနာဂတ်ဟာ လမ်းဆုံလမ်းခွမှာ ရပ်တည်နေပါတယ်။ လူမှုရေးခံစားချက်တွေကို သက်သာရာရစေပြီး တရားမျှတမှုကို ပြန်လည်တည်ဆောက်နိုင်မယ့် ထိရောက်တဲ့အတိုင်းအတာတွေ ရှာဖွေမတွေ့ဘူးလို့ ယူဆရင် Occupy Wall Street လှုပ်ရှားမှုဟာ အမေရိကန်ပြိုလဲသွားမယ့်နောက်ဆုံးကောက်ရိုးမျှင်မဖြစ်နိုင်တာ မဟုတ်ပါဘူး” ဟုဂလိုဘယ်တိုင်းမ်တွင် ထင်မြင်ချက်တစ်ခုက ရေးသားသည်။ ဂလိုဘယ်တိုင်းမ်အား ပြည်သူ့နေ့စဉ်သတင်းစာက ပိုင်ဆိုင်သည်။

ကိုင်ရိုမြို့တွင်မူ ကိုယ်မင်းကိုယ်ချင်းအုပ်ချုပ်သူ ဟို့စနီမူဘာရက်ကို ကူညီဖြုတ်ချခဲ့သည့် ဖေဖော်ဝါရီ ၆ လူငယ်လှုပ်ရှားမှုကို ထူထောင်ခဲ့သူ အာမက်မေဟာက ဝေါလ်စထရိဆန့်ကျင်ရေး ဆန္ဒပြပွဲများကို စည်းရုံးလှုပ်ရှားသည့် အုပ်စုအများအပြားနှင့် အဆက်အသွယ်ရှိကြောင်း ပြောပါသည်။

“လွန်ခဲ့တဲ့ ရက်အနည်းငယ်ကနယူးယောက်မြို့ ဆန္ဒပြပွဲစာတမ်းတစ်ခုမှာ ‘ဒါဟာ တာရာရင်ပြင်ပဲ’ ဆိုတဲ့စာတန်းကိုတွေ့လိုက်မိတယ်” ဟူ၍ အီဂျစ်တော်လှန်ရေး၏ ဗဟိုချက်နေရာကို ရည်ညွှန်းရင်း မစ္စတာမေဟာက ပြောပါသည်။ “အာရပ်နွေဦးဟာ အမေရိကန်နိုင်ငံနဲ့ ဥရောပမှာ ကန့်ကွက်မှုတွေ ပွင့်ထွက်လာစေဖို့ အမှန်တကယ်ပဲ စေစားခဲ့တယ်” ဟု ၎င်းကဆက်ပြောပါသည်။

အချို့ကလည်း အာရပ်ဆန္ဒပြသူများနှင့် အမေရိကန်ဆန္ဒပြသူများအကြားက ကွဲပြားခြားနားမှုကို ထောက်ပြကြသည်။ (အမေရိကန် ဆန္ဒပြပွဲများသည် အမေရိကန်မဆန်ကြောင်းနှင့် ဆန္ဒပြသူများသည် မနာလိုမှုများတင်းကြမ်းနှင့်အခြားလူတစ်ယောက်၏ cadillac ကားကို ရယူချင်နေကြကြောင်း အမေရိကန်သမ္မတ ရွေးကောက်ပွဲ လောင်းလျာတစ်ဦးက ပြောဆိုခဲ့သည်။)

“အာရပ်ကန့်ကွက်ဆန္ဒပြပွဲတွေဟာ ပြုပြင်ပြောင်းလဲရေး တောင်းဆိုမှုတွေနဲ့ စတင်ခဲ့ပြီး အလျင်အမြန်ပဲ အစိုးရတွေ ဒါမှမဟုတ်ခေါင်းဆောင်တွေ ထွက်ပေးဖို့တောင်းဆိုမှုတွေအဖြစ်ပြောင်းလဲသွားခဲ့ပါတယ်” ဟုဆော်ဒီအာရေးဗီးယား အယ်လ်ဝါတန် နေ့စဉ်သတင်းစာ ပင်တိုင်ကော်လံရေးသူ အဗ္ဗဒူအဇစ်အယ်လ်အူဝါအီရှက်ဂ်က ရေးသားသည်။ “အမေရိကန်ရဲ့ ကန့်ကွက်မှုတွေကတော့ သတ်သတ်မှတ်မှတ်ပေါ်လစီတွေကိုဆန့်ကျင်ကြတာ၊ အစိုးရပြောင်းလဲဖို့မတောင်းဆိုဘူး” ဟု ၎င်းက ဆက်လက်ရေးသားသည်။

စပိန်နိုင်ငံတွင်မူ မီဒီယာများက Occupy Wall Street အကြောင်း နေ့စဉ် သစ္စာရှိရှိဖော်ပြကြသည်။ အမေရိကန်ဆန္ဒပြသူများကို “မန်ဟက်တန်မှ မကျေမချမ်းဖြစ်နေသူများ” ဟုကင်ပွန်းတပ်ပြီး လက်ဝဲယိမ်းသတင်းစာများက အမေရိကန်ကန့်ကွက်ဆန္ဒပြသူများမှာစပိန်နိုင်ငံမှ အလိုမကျသော လူငယ်များဦးဆောင်သည့် အဖွဲ့များထံမှ ဆန္ဒပြရန်စိတ်ကူးစိတ်သန်းများ ရရှိခဲ့သည်ဟု ညွှန်းဆိုကြသည်။ “ဝေါလ်စထရိကို သိမ်းပိုက်ကြ” လှုပ်ရှားမှုဟာကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်” ဟု စပိန်ဆန္ဒပြပွဲများကို ဦးဆောင်သူ အသက် ၄၀ အရွယ်ရှေ့နေ ဗီရိုနီကာဂါစီယာက ပြောပါသည်။


စပိန်နိုင်ငံမှ မကျေမချမ်းဖြစ်နေသူများသည် ယခုအချိန်အထိ ၎င်းတို့၏ ဒေါသကို နိုင်ငံရေးသမားများအပေါ် ပုံအောထားသော်လည်း ရှေ့လာမည့် လှုပ်ရှားမှုများတွင် ဘဏ်လုပ်ငန်းရှင်များကို အာရုံစိုက်သွားဖွယ်ရှိသည်။ ဩဂုတ်လ အစောပိုင်းတွင် လူငယ်များ၏ မကျေမနပ်မှုများနှင့် အဓိကရုဏ်းများကြုံတွေ့ခဲ့ရာ လန်ဒန်မြို့တွင်လည်း ကန့်ကွက်ဆန္ဒပြသူများကလန်ဒန်စတော့အိတ်ချိန်းကို ပစ်မှတ်ထားရန်ဆိုရှယ်မီဒီယာများကို အသုံးပြုစည်းရုံးနေကြသည်။ “Occupy London” ကန့်ကွက်မှုများသည် ကမ္ဘာတစ်ဝန်း ဆိုးဆိုးဝါးဝါးတရားမမျှတမှုများ ဖြစ်ပေါ်စေခဲ့သည့် စီးပွားရေး စနစ်များအကြောင်းကို အာရုံစိုက်မိလာစေရန် ရည်ရွယ်ကြောင်း ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ “ဒီနိုင်ငံကလူတွေဟာ သူတို့ဖန်တီးခဲ့တာ မဟုတ်တဲ့ အကျပ်အတည်းအတွက်ဒဏ်ခတ်ခံနေရချိန်မှာ ဘဏ်လုပ်ငန်းရှင်တွေကတော့ ဒီဒဏ်တွေကနေ လွတ်ကင်းနေတယ်” ဟူ၍ ဝက်ဘ်ဆိုက်ထုတ်ပြန်ချက်တစ်ခုက ဆိုထားသည်။

လည်ပင်းအထိ ကြွေးနွံထဲနစ်နေသည့် ဂရိနိုင်ငံတွင်ခြိုးခြံချွေတာရေး အစီအစဉ်များကိုကန့်ကွက်နေသည့်သမဂ္ဂများကလည်း နယူးယောက် ကန့်ကွက်ဆန္ဒပြမှုများကို ကြိုဆိုကြသည်။ “အရင်တုန်းက ဒီလိုကန့်ကွက်မှုတွေ မမြင်တွေ့ခဲ့ရလို့ ငါတို့ အားတက်လာတယ်” ဟု အစိုးရအလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဖြစ်သူ ဒက်စ်ပီနာစပါနူးက ပြောပါသည်။

အာရပ်နွေဦးမှသည် ဂရိ၊ စပိန်၊ အီတလီ၊ အင်္ဂလန်၊ အမေရိကန် ကမ္ဘာပတ်လာသော ဆန္ဒပြမှုများ၏ လားရာ မည်သို့ရှိမည်ဆိုသည်မှာ . . . ။

—Ref: World Intrigued by "Occupy wall Street" movement; Reuters








SWEETY HOME
5~10% OFF
15~31.Oct.2011
Special Promotion & Lucky Draw
Bed Room Set
Sofa Set
Spring Divan Set
THE BEST
Single Set
Spring Mattress
YANGON : 01-535694,205224
MANDALAY : 02-65938,60810,66373,34021


BOT လမ်းပိုင်းတွင်အသုံးပြုနိုင်သော
မော်တော်ယာဉ်ချိန်ကတ္တား
Distributed by
VERTEX
Traffic Safety
Ph : 09.430.222.25 ,09.730.170.76


NEW COMET TRADING CO., LTD
ZEYA TRADING CO., LTD
NC
Email: newcomet@myanmar.com.mm

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တိပိ[illegible]အဘိဓာန်** | 160,000 |

Technoland ဆိုင်မှအောက်တိုဘာ(၁၅)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1" | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၁၃) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၇ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ (၁၃) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀-၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ငရုတ်သီး(ပိန္နဲ) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ (၁၅) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၅၀-၁,၂၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဇမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၄,၈၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၂,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၆၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၀,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၅၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၈၀၀ |

အောက်တိုဘာ(၁၃)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၀၀,၁၂၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၉ခ | ၁၇၅ |
| တောင်းအေ့ပစ်ကပ်(ပုစဉ်းခေါင်း) | ၂၀၀၀ | စ/ဆ | ၂၀၀ |
| စူဇူကီး R- (2Way) | CNG | ၄ခ/၅ခ | ၁၀၀ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄ခ | ၂၃၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၆ | ၄ခ | ၃၄၀ |
| မတ်ခ်တူး(ခါတ်ဆီ) | ၉၂ | ၄ဂ | ၂၄၀ |
| ဆပ် | ၉၉ | ၄ဂ/၅ဂ | ၆၅၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၆၀၀ |

အောက်တိုဘာ (၁၅)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct (8) | Oct (9) | Oct (10) | Oct (11) | Oct (12) | Oct (13) | Oct (14) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

# စာ - ၂၅၊ စာပေထဲက ဆည်အကြောင်း မြစ်အကြောင်း မှ

ယင်းဆောင်းပါးထဲတွင် ကမ္ဘာ့မြစ်ချောင်းများ တိမ်ကောလာနေကြောင်း၊ မြေအောက်ရေကြောများ ဆုတ်ယုတ်လာနေကြောင်း၊ ဂေဟာဝန်းကျင်ပျက်ယွင်းမှုကြောင့် ၂၁ ရာစုအကုန်ပိုင်းလောက်တွင် လက်ရှိဇီဝမျိုးစိတ်များ ထက်ဝက်ခန့် ပျက်သုဉ်းသွားနိုင်ဖွယ်ရှိနေကြောင်း၊ ကမ္ဘာ့အထင်ကရ ဆည်ကြီး ၄၀,၀၀၀ ကျော် တည်ဆောက်ပြီးသည့်နောက်ပိုင်းတွင် ရေသံသရာလည်မှု (Water Cycle) ပြောင်းလဲလာကြောင်း၊ အမေရိကရှိ မစ္စစ္စပီမြစ်၊ ကော်လိုရာဒိုမြစ်၊ အီဂျစ်နိုင်ငံမှ နိုင်းလ်မြစ်၊ တရုတ်နိုင်ငံမှ မြစ်ဝါမြစ်၊ အိန္ဒိယနိုင်ငံမှ ဂင်္ဂါမြစ် စသည့်မြစ်ကြီးများမှာ ပင်လယ်သမုဒ္ဒရာအထိ ရေမရောက်ဘဲခန်းခြောက်သည့် ကာလများရှိနေကြောင်း၊ ရေရှားပါးမှု(Water Scarcity)ပြဿနာသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုတွင် အချုပ်အချယ် အကန့်အသတ်များဖြစ်လာစေနိုင်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ရေးသားထားပါသည်။

အဋ္ဌမအနေနှင့် သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးပညာ(Economic of Natural Resources and Environment) စာအုပ်ဖြစ်ပါသည်။ David W. Pearce နှင့် R. Kerry Turner တို့က ပြုစုပြီး ၁၉၉၀ ပြည့်နှစ်ကဗြိတိန်တွင်ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်ထဲတွင် ယခင် ဆိုဗီယက်ပြည်ထောင်စုခေတ်က သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့သည့် အာရယ်ပင်လယ် (Aral Sea)နှင့် ဘိုက်ကယ်ရေကန် (Lake Baikal)အကြောင်းများကို တစ်ကဏ္ဍရေးသားထားပါသည်။ အာရယ်ပင်လယ်ထဲသို့ စီးဝင်သည့် မြစ်နှစ်စင်းပေါ်တွင် ရေလွှဲဆည်များ တည်ဆောက်ခဲ့ရာမှ ပင်လယ်ရေ ၆၀ ရာခိုင်နှုန်း လျော့နည်းခဲ့ရပုံ၊ ရေကြောင်းပို့ဆောင်ရေးနှင့် ငါးဖမ်းလုပ်ငန်းများပျက်စီးရပုံ၊ ခြောက်သွေ့သွားသောပင်လယ်ကြမ်းခင်းတွင် ဆားငန်မြေကန္တာရဖြစ်သွားပြီး လေပြင်းမုန်တိုင်းများ ပတ်ဝန်းကျင်ဒေသသို့တိုက်ခတ်သဖြင့် လူ့ကျန်းမာရေးနှင့် သီးနှံများအပေါ် ဆိုးကျိုးသက်ရောက်ပုံ စသည်များပါရှိပါသည်။ ဤအာရယ်ပင်လယ်၏ ဆိုးကျိုးများသည် အာရှဒေသရာသီဥတုအပြောင်းအလဲကိုဖြစ်စေနိုင်သလို၊ အိန္ဒိယတိုက်ငယ်၏ မိုးရွာသွန်းမှု၊ သီးနှံထုတ်လုပ်မှုကို ပါထိပါးလာနိုင်ကြောင်း ဆိုဗီယက်ပညာရှင်များက ဝန်ခံပြောကြားခဲ့ကြောင်း တွေ့ရပါသည်။

နဝမအနေနှင့် ၂၀၀၇ ခုနှစ်ထုတ် ဂေဟာဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာအခြေခံ (Essentials of Ecology and Environment Science) စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်ထဲတွင် ၂၀၀၅ ခုနှစ်က ဖြစ်ပွားခဲ့သော ကက်ရှ်မီးယားငလျင်ဘေးအကြောင်း၊ ဟိမဝန္တာတောင်ခြေတွင် ဆည်တမံကြီး ၁၁ ခုရှိနေပြီး ဟိမဝန္တာဝန်းကျင်ဒေသများတွင် ငလျင်ပြင်းအားအဆင့် ၈ နှင့်အထက် လှုပ်နိုင်သည့်အန္တရာယ်ရှိလာနိုင်ကြောင်းများကို ဖော်ပြထားပါသည်။ ထို့အပြင် ရေချိုကိုအကြောင်းပြု၍ ကမ္ဘာတစ်ဝန်း စစ်ပွဲများ(Waters Wars)ဖြစ်နိုင်သောအခြေအနေများ၊ မျက်မှောက်ကာလမှာပင် ရပ်ရွာအတွင်း၊ ကျေးရွာအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ နိုင်ငံအချင်းချင်း ဖြစ်ပွားနေသည့် ရေအရင်းအမြစ်ဆိုင်ရာ ပြဿနာများရှိနေပုံကို ထောက်ပြထားကြောင်းတွေ့ရပါသည်။

ဒသမအနေနှင့် ဂျပန်နိုင်ငံ တစ်ကျော့ပြန် စိမ်းလန်းစိုပြည်ခြင်း (Japan's Green Comeback) စာအုပ်ဖြစ်ပါသည်။ Tadahiro Mitsuhashi က ပြုစုပြီး မလေးရှားနိုင်ငံ Pelanduk Publications က ၂၀၀၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပါသည်။ ၁၉၉၈-၉၉ ခုနှစ်က ဂျပန်နိုင်ငံ ခေးအိုးတက္ကသိုလ်(Keio University)တွင် ကျင်းပခဲ့သည့် စက်မှုကုမ္ပဏီကြီး ၁၈ ခု၏ သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများနှင့် ဂျပန်မျိုးဆက်သစ်များအတွက် ကောင်းကျိုးပြုသွားရန်သန္နိဋ္ဌာန်များကို ချပြဆွေးနွေးသည့်ကိစ္စများမှ ကောက်နုတ်စုစည်းထားသော စာအုပ်ဖြစ်ပါသည်။ ယင်းစာအုပ်တစ်နေရာတွင် တရုတ်နိုင်ငံနှင့် ပတ်သက်သည့် သင်ခန်းစာကို ယခုလိုဖော်ပြထားသည်။ One typical example is the Mesopotamian civilization about 5000 years ago that suffered from soil erosion caused by salinity in agricultural water, and take an example from ancient China. One of the challenges for all of the Chinese dynasties was to control the Yellow River. This illustrates that it has been a big challenge for civilized human beings to live in harmony with their natural environment. One Chinese saying goes. "The person who controls water will control the world". When serious floods hit China in 1998, President Jiang Zemin led his team in dealing with the situation. This shows that the handling of environment issues is the basis of politics.

“One typical . . . . . the basis of politics”(ဆိုလိုသည်မှာ လွန်ခဲ့သောနှစ်ငါးထောင်လောက်က မက်ဆာပတေးမီးယားလွင်ပြင်(ယခုခေတ် အီရတ်နယ်မြေ)တွင် ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်ကို သာဓကပြခြင်းဖြစ်ပါသည်။ ထိုစဉ်က သဘာဝပတ်ဝန်းကျင်ပျက်ယွင်းပြီး မြေဆီလွှာဆုတ်ယုတ်ခဲ့ရာမှ စိုက်ပျိုးရေထဲတွင် ဆားငန်ပေါက်ပြီး အငတ်ဘေးကြုံတွေ့ရပုံကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ နောက်ထပ်သာဓကမှာ ရှေးခေတ်တရုတ်ပြည်မင်းဆက်များအတွက် စွမ်းဆောင်ရည်အကဲစမ်းမှုများထဲတွင် မြစ်ဝါမြစ်ကြီးကို ချုပ်ကိုင်နိုင်ရေးသည် အခရာကျခဲ့ကြောင်း ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤရည်ညွှန်းချက်နှစ်ခုက ယဉ်ကျေးသော လူ့အဖွဲ့အစည်းတိုင်း သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်အောင်နေထိုင်တတ်ရေးသည် မည်မျှအရေးကြီးသော စိန်ခေါ်မှုဖြစ်သည်ကို သက်သေပြလျက်ရှိကြောင်း၊ တရုတ်တို့၏ ဆိုရိုးစကားတစ်ခုမှာ ‘ရေကို ချုပ်ကိုင်နိုင်သူသည် ကမ္ဘာကြီးကို ချုပ်ကိုင်နိုင်လိမ့်မည်’ ဟူ၍ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ်က ရေလွှမ်းမိုးမှုဒဏ်ကို တရုတ်ပြည်သူတို့ အပြင်းအထန်ခံစားရစဉ်က သမ္မတကျန်ဇီမင်းကိုယ်တိုင် အနီးကပ်ကွပ်ကဲဖြေရှင်းပေးခဲ့သည့် သာဓကကို ကြည့်ခြင်းအားဖြင့် သဘာဝကပ်ဘေးများ ကျရောက်စဉ် ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းသည်နိုင်ငံရေးအခြေခံဖြစ်ကြောင်း ဂျပန်ဘက်က ရှုမြင်သုံးသပ်ခဲ့ခြင်းဖြစ်ပါသည်။)

ယခုအခါ သမ္မတဟူကျင်တောင်းအဖွဲ့ ယန်ဇီမြစ်နှင့်‘Three Gorges Dam’ပြဿနာကို ရင်ဆိုင်ရလျက်ရှိပါပြီ။ ယန်ဇီမြစ်ကို ကုန်သေတ္တာသင်္ဘောကြီးများသွားလာနိုင်အောင် ပို့ဆောင်ရေးစီမံကိန်းလုပ်ပြီးခါမှ မဟာဆည်(Megadam) အဟန့်အတားနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပါသည်။ ငလျင်ဒဏ်နှင့် ရေလွှမ်းဒဏ်ကိုလည်း တရုတ်ပြည်သူတို့ ခံစားကြရလျက်ရှိပါသည်။

မြန်မာနိုင်ငံအနေနှင့်မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းထားပြီးနောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်ရဦးမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စများက တန်းစီလျက်ရှိနေပါသည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်လက်တက်ကြီးများတွင် တည်ဆောက်ခဲ့ပြီးဖြစ်သည့် ဆည်တမံများ၏ ကောင်းကျိုး၊ ဆိုးကျိုး ကွင်းဆက်များကိစ္စ၊ ချင်းတွင်း-ဧရာဝတီမြစ်များတွင် ‘ရွှေဖောင်’ခေါ် စက်ဖြင့် ရွှေတူးသည့် ကိစ္စ၊ စက်ယန္တရားဖြင့် ကျောက်စိမ်းတူးသည့်ကိစ္စနှင့် အလွန်အကျွံ သစ်တောခုတ်လှဲမှုကိစ္စများသည် ရှေ့တန်းအကျဆုံးဖြစ်မည်ထင်ပါသည်။ အလျဉ်းသင့်သဖြင့် ရွှေတူးသည့်ကိစ္စတွင် ပါဝင်သည့် ပြဒါးအဆိပ်သင့်ပုံကိုလည်းဖော်ပြလိုပါသည်။ တောင်အမေရိကတိုက် အမေဇုံမြစ်ဝှမ်းရှိ ရွှေတူးလုပ်ငန်းတွင် ရွှေတစ်ဂရမ်ရရှိအောင်ပြဒါးတစ်ဂရမ်အသုံးပြုရကြောင်းနှင့် ရေတွင် ရောက်ရှိသွားသောပြဒါးတစ်ဂရမ်သည် ငါးတစ်တန်ထိ အဆိပ်သင့်စေနိုင်ကြောင်းနှင့် ရေမြေကို ထိခိုက်စေနိုင်ကြောင်းတွေ့ရပါသည်။

အချုပ်အားဖြင့် ဧရာဝတီမြစ်ကျန်းမာရေး၊ ပြန်လည်နုပျိုသန်စွမ်းရေးကိစ္စသည် ဒေသန္တရကိစ္စမျိုးမဟုတ်တော့ဘဲ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူပါသဖြင့် အခြားနိုင်ငံကြီးများ၏ အတွေ့အကြုံများကိုအတုယူ၍ စေတနာအား၊ ငွေအား၊ လူအား၊ အတတ်ပညာအားတို့ကို အားပြု၍ တစ်မျိုးသားလုံး စည်းစည်းလုံးလုံး၊ ဖွဲ့ရှိရှိဖြင့် ဤအမျိုးသားရေးတာဝန်ကို တက်ညီလက်ညီထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**ကျမ်းကိုးစာရင်း**

(၁)မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၅၊ စာပေဗိမာန်-ရန်ကုန်
(၂) ဘူမိရုပ်သွင်ပညာ၊ ပထမတွဲ၊ စာပေဗိမာန်-ရန်ကုန်၊ ၁၉၆၄
(၃) Environmental Science, Third Edition, Merrill Publishing Company, USA, 1987
(၄) Environmental Studies, Merrill Publishing Company, USA, 1987
(၅) Environmental and Natural Resource Economics, Sixth Edition, by Tom Tietenberg, Pearson Education Inc., USA, 2003
(၆) The Social and Environmental Effects of Large Dams by Edward Goldsmith and Nicholas Hildyard, Vol. One, Overview, UK, 1984
(၇) Time, Earth Day 2000, Special Edition, April-May, 2000
(၈) Economics of Natural Resources and the Environmental, by David W. Pearce and R.Kerry Turner, Published by Harvester Wheatsheaf, Great Britain, 1990
(၉) Essentials of Ecology and Environmental Science Third Edition, by S.V.S Rana, Published by Prentice-Hall of India Private Limited, New Delhi, 2007
(၁၀) Japan's Green Comeback, Edited by Tadahiro Mitsuhashi, Pelanduk Publicaions, Malaysia, 2000

**အောင်ချမ်းမြေ**

(I) 07:30 am to 11:30 am (V) 11:30 am to 03:30 pm
(II) 08:30 am to 12:30 pm (VI) 12:30 pm to 04:30 pm
(III) 09:30 am to 01:30 pm (VII) 01:30 pm to 05:30 pm
(IV) 10:30 am to 02:30 pm (VIII) 03:30 pm to 07:30 pm

(I) 08:30 am to 12:30 pm, (III) 11:30 am to 03:30 pm
(II) 09:30 am to 01:30 pm (IV) 01:30 pm to 05:30 pm

(50% Discount)
(I) 08:30 am to 12:30 pm, (III) 11:30 am to 03:30 pm
(II) 09:30 am to 01:30 pm (IV) 12:30 pm to 04:30 pm

(Sat, Sun, Mon, Tue, Wed) 7:30 am to 11:30 am

(Open 6:00 am to 7:00 pm)

**TRADE MARK CAUTION**

HONDEN LIMITED, a company incorporated in Hong Kong, of room 5008, 5 Floor, CARDINAL INDUSTRIAL BUILDING, 17 ON LOK MUN STREET, FANLING, NT., Hong Kong, is the Owner of the following Trade Mark:

LAZULITE

Reg. No.4/9058/2011 in respect of " Bleaching preparations and other substances for laundry use; cleaning, polishing, scouring and abrasive preparations; soaps; perfumery, essential oils, cosmetics, hair lotions; dentifrices " in International Class 3 and 4.

Fraudulent imitation or unauthorised use of the said Trade Mark will be dealt according to law.

KHIN MAUNG CHO & ASSOCIATES
For HONDEN LIMITED
No.302, 1st floor, 40th Street, Kyauk-ta-da Township, Yangon.
Ph: +95-9-5128853
Dated: Oct. 20, 2011.

Environment
7 DAY NEWS JOURNAL
Vol.10, No.31 · OCTOBER 20, 2011

# အပူပိုင်းဇုန်ရှိ မြို့ငါးမြို့ စိမ်းလန်းရေးဆောင်ရွက်ရန် ယူအင်န်ဒီပီအဆိုပြု

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ - ၁၁**

ပူပြင်းခြောက်သွေ့ဇုန်အတွင်းရှိ မြို့ငါးမြို့ ပြန်လည်စိမ်းလန်းမှုရရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ဆောင်ရန် Adaptation Fund Boad သို့ ဒေါ်လာရှစ်သန်းချပေးရန်အဆိုပြုချက်တင်ပြထားကြောင်း ယူအင်န်ဒီပီမှ စီမံကိန်းမန်နေဂျာတာဝန်ခံတစ်ဦးက ပြောသည်။

ယင်းစီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ယူအင်န်ဒီပီတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရန်ပုံငွေရရှိပါက လေးနှစ်စီမံကိန်းသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ပြထားသော စီမံကိန်းသည် ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ရဖွယ်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

စီမံကိန်းလုပ်ဆောင်မည်ဖြစ်သော မြို့နယ်ငါးမြို့နယ်မှာ မုံရွာ၊ ရွှေဘို၊ ညောင်ဦး၊ မြင်းခြံ၊ ချောက်တို့ဖြစ်သည်။ ယင်းမြို့နယ်ငါးမြို့နယ်တွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် နွေရာသီသောက်သုံးရေပြတ်လပ်မှု ကြုံတွေ့နေရသောနေရာများ၌ ရေရရှိရေးများကိုဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

ရာသီဥတုပြောင်းလဲခြင်းကို လျော့နည်းအောင် ပြုလုပ်မည့် အစီအစဉ်များအရ Adaptation Fund Boad ရန်ပုံငွေများကို UNFCCC ၏ ကျိုတိုသဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော ဖွံ့ဖြိုးဆဲနိုင်ငံများကသာ လျှောက်ထားနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းအဖွဲ့မှ ရန်ပုံငွေလျှောက်ထားမှုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။




# မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်း ကနဦးအစီရင်ခံစာ မြန်မာဘာသာပြန်ဆိုမှု ECCDI က စိစစ်မည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်း ကနဦးအစီရင်ခံစာ၏ မြန်မာဘာသာပြန်ဆိုမှုကို ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း ECCDI မှ စိစစ်ခြင်းများပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းအသင်းသည် ရာသီဥတုပြောင်းလဲခြင်း ကနဦးအစီရင်ခံစာရေးဆွဲရေးတွင် မဟာဗျူဟာနည်းစနစ်များနှင့် မူဝါဒရေးရာများကို အပိုဒ် ၉ နှင့် ၁၄ အခန်းများ၌ ရေးဆွဲဆောင်ရွက်ခဲ့သည့် အသင်းဖြစ်သည်။ ယခုလက်ရှိတွင် INC အစီရင်ခံစာကို ဖြည့်စွက် ပြင်ဆင်နေသောကြောင့် မြန်မာဘာသာပြန်ဆိုမှုကို မည်သည့်အချိန်တွင်ပြီးစီးမည်ကိုပြော၍မရသေးကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာဘာသာပြန်ပြီး စာအုပ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း ဖြန့်ဝေရန် ဝန်ကြီးဌာနမှ အတည်ပြုချက်ရရှိပါက ဖြန့်ဝေသွားမည်ဖြစ်ကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။ INC အစီရင်ခံစာကို ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျွမ်းကျင်ပညာရှင်များ ပါဝင်ပြီး ကဏ္ဍအပိုင်းအလိုက်ရေးဆွဲခြင်းဖြစ်သည်။ INC အစီရင်ခံစာပြင်ဆင်သုံးသပ်ခြင်း ပထမအကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပြီး ထိုင်းနိုင်ငံအခြေစိုက် အကဲဖြတ်အဖွဲ့သို့ တင်ပြထားသည်။ စိစစ်မှုများတွင် ဖန်လုံအိမ်ဓာတ်ငွေ့နှင့်ပတ်သက်၍ ဖြည့်စွက်ပြင်ဆင်ရန် ပြန်လည်ပို့ခြင်းကြောင့် မြန်မာဘာသာပြန်မှုသည် ပြီးစီးရန် လိုအပ်နေသေးကြောင်း ECCDI မှ အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# ပဲခူးိုးမတောင်အချို့ တဖြည်းဖြည်း နိမ့်ဆင်းလာ

**မင်းနဂါး**

**တောင်တွင်းကြီး၊**


**အောက်တိုဘာ- ၁၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပဲခူးရိုးမတောင်ပေါ်ဒေသရှိ တောင်အချို့မှာ အောက်တိုဘာ ၆ ရက်နှင့် ၇ ရက်တွင် တဖြည်းဖြည်းနိမ့်ဆင်းလာကြောင်းဒေသခံများကပြောသည်။

ပဲခူးရိုးမတောင်ပေါ်ရှိ တိုက်ပွဲကျေးရွာ၏ အရှေ့တောင်ဘက် ၄ မိုင်ခန့်အကွာ ကျောက်မီးချောင်းသစ်တောကြိုးဝိုင်းအတွင်းရှိကရင်မြောင်နေရာဒေသဘန်းကုန်းဆည်အနီးအမြင့်ပေ ၁၀၀ ကျော်ခန့်ရှိသည့်တောင်သည်တောင်၏ထက်ဝက်သည် အောက်တိုဘာ ၆ ရက်နံနက် ၉ နာရီမှအောက်တိုဘာ ၇ ရက်နံနက် ၉ နာရီအထိ တောင်ထိပ်မှ အမြင့် ၂၅ ပေခန့်၊ အကျယ်တစ်ဧကကျော်ခန့်အထိ တဖြည်းဖြည်းနိမ့်ကျခဲ့ခြင်းဖြစ်သည်။

ဇင်းတောင်၏ အနီးဝန်းကျင်တောင်အချို့လည်း တဖြည်းဖြည်းနိမ့်ဆင်းသွားခဲ့ကြောင်း ဒေသခံများက ဆက်လက်ပြောသည်။ တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ဆည်ရေလယာကျူးမြောင်းအရပ် သပြေပင်ကျေးရွာ၏အရှေ့တောင်ဘက်တစ်မိုင်ခန့်အကွာရှိ တောင်အချို့လည်း နိမ့်ဆင်းသွားသည်ဟုဆိုသည်။ အဆိုပါတောင်များယခုကဲ့သို့ နိမ့်ဆင်းသွားရခြင်းမှာ မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့်ဖြစ်နိုင်ကြောင်း မြို့နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## Environment Cartoon









Tourism
7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011



# အဲကမ္ဘောဇ လေယာဉ်သစ်တစ်စီး ရောက်ရှိ

အောင်သူရ

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

စီစဉ်ထားသောခရီးစဉ်အတိုင်းပြေးဆွဲပေးနေသည့် အဲ KBZလေကြောင်းလိုင်းက မှာယူထားသော ATR-72-500 လေယာဉ်သစ်တစ်စီး အောက်တိုဘာလ ၁၃ ရက်ညနေ့လည်က ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာကြောင်းသတင်းရရှိသည်။ သုံးစီးမြောက်ရောက်ရှိလာသောအဆိုပါလေယာဉ်ဖြင့် ကျောက်ဖြူ၊ လားရှိုးနှင့် ကျိုင်းတုံမြို့များသို့မကြာမီတိုးချဲ့ပျံသန်းသွားမည်ဟု အဆိုပါလေကြောင်းလိုင်းမှ Commercial Department မှ လက်ထောက်အထွေထွေမန်နေဂျာဦးမြတ်သူကပြောသည်။

ယခုလက်ရှိတွင်လေယာဉ်နှစ်စီးဖြင့်ပြည်တွင်းခရီးစဉ်များအားပျံသန်းပေးနေပြီး အောက်တိုဘာလမှစတင်၍ အချို့သောခရီးစဉ်များအတွက် လက်မှတ် မှာသူများပြားနေပြီး အချို့ရက်များတွင် လက်မှတ်ရရှိရန်ပင်မလွယ်ကြောင်း လက်မှတ်ရောင်းကိုယ်စားလှယ်များကပြောသည်။ Air KBZ လေကြောင်းလိုင်းသည် ခုနှစ် ဧပြီလမှ စတင်ပျံသန်းခဲ့ပြီး ရန်ကုန်မြို့ကိုဗဟိုပြု ၍ မန္တလေး-ညောင်ဦး-ဟဲဟိုး-တာချီလိတ်-မြစ်ကြီးနား- ကလေး-ထားဝယ်-မြိတ်-ကော့သောင်း-သံတွဲနှင့် စစ်တွေမြို့များသို့ ပျံသန်းပေးလျက်ရှိသည်။

# တတိယဓညဝတီမြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်ဇုန်အဖြစ်သတ်မှတ်ရန်စီစဉ်

အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ-၁၀**



*ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့တော်မြောက်ဦး၏ လှပမှုကို မြင်တွေ့ရစဉ်*

တတိယဓညဝတီမြို့ဟောင်းသည် သမိုင်းဆိုင်ရာ အထောက်အထားများအရ အရေးပါသောကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်အဖြစ် သတ်မှတ်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယဉ်ကျေးမှုအမွေအနှစ်ဇုန်ကို ဧရိယာသတ်မှတ်ရန် စီစဉ်ရာတွင် မူလရှိသော ဓညဝတီမြို့ဟောင်းပတ်လည်အား ထိန်းသိမ်းရေးဇုန်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ ဓညဝတီခေတ်ကို ထိန်းသိမ်းရေးအဆင့်(၃)ဆင့်တွင် မည်သည့်အဆင့်နှင့် ကိုက်ညီမည်ကို စိစစ်နေကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

စန္ဒသူရိယမင်းတည်ထောင်ခဲ့သော တတိယ ဓညဝတီမြို့ဟောင်း၏မြို့ရိုးနှင့်အတွင်းမြို့ရိုး နေရာများ၊ မြို့ထောင်များ၊ အတွင်းနန်းတော်မာရအင်အုတ်ရိုးတန်းနေရာများ အပါအဝင် ၁၃ နေရာကို မြောက်ဦးရှေးဟောင်းသုတေသနဌာနခွဲမှ တူးဖော်မှုများ ပြုလုပ်ခဲ့သည်။ ဓညဝတီမြို့ဟောင်း၏ မြို့ရိုးအား သုံးထပ်ပုံစံဖြင့် တည်ဆောက်ထားပြီး ယင်းမြို့ရိုးသုံးထပ်ကိုအုတ်ဖြင့်တည်ဆောက်ထားကြောင်း သုတေသန အထောက်အထားများအရ သိရှိရသည်။

စန္ဒသူရိယမင်းသည်တတိယဓညဝတီမြို့ဟောင်းကို ဘီစီ ၅၈၀ ခန့်က တည်ထောင်ခဲ့ကြောင်း ရခိုင်ရာဇဝင်သမိုင်းများတွင် ဖော်ပြထားသည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုန်များကို အဆင့်(၃)ဆင့်ဖြင့် ခွဲခြားသတ်မှတ်ကာ သတ်မှတ်ထားသော အဆင့်အလိုက် စည်းကမ်းကြပ်မတ်မှုများရှိသည်။ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ သတ်မှတ်မည်ဆိုပါက ယင်းအဆောက်အအုံနှင့် ပေ ၅၀ အကွာတွင် မည်သည့်စီးပွားရေးလုပ်ငန်းကိုမှ လုပ်ကိုင်ခွင့်မပြုကြောင်း၊ ယဉ်ကျေးမှုနေရာအဖြစ် သတ်မှတ်မည်ဆိုပါက ဟိုတယ်ဆောက်ခွင့်များကို အနည်းငယ်ခွင့်ပြုကြောင်း ကာကွယ်ရေးဇုန်ဖြင့် သတ်မှတ်မည်ဆိုပါက လယ်ယာမြေလုပ်ကိုင်ခွင့်များကို အနည်းငယ်စိစစ်ခွင့်ပြုကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောပြသည်။

မြန်မာနိုင်ငံတွင်ရှေးဟောင်းယဉ်ကျေးမှုဇုန် ၃၇ ဇုန်ရှိပြီး အဆင့် (၃)ဆင့်ဖြင့် အကျုံးဝင်သတ်မှတ်ထားသော ရှေးဟောင်းယဉ်ကျေးမှုဇုန် ၇ ဇုန်ရှိသည်။

ယင်းတို့မှာ ပုဂံ-ညောင်ဦး၊ တကောင်းမြို့ဟောင်းဒေသ၊ ဟန်လင်းမြို့ဟောင်း၊ အင်းဝမြို့ဟောင်း၊ မြင်စိုင်းမြို့ဟောင်းဒေသ၊ ပလိပ်ဒေသ၊ မြောက်ဦးမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဇုန်တို့ဖြစ်ကြသည်။

# အောက်တိုဘာ ၂၇ ရက်ကို အင်းသား ဆုံဆည်းရာနေ့အဖြစ် သတ်မှတ်ရန်စီစဉ်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အိဖြူမွန်

**ရန်ကုန်၊ အောက်တိုဘာ - ၁၄**

အင်းသူ၊ အင်းသားများ တစ်ပေါင်းတစ်စည်းတည်းပါဝင်လာရန် ရည်ရွယ်၍ နှစ်စဉ်အောက်တိုဘာ ၂၇ ရက်ကို အင်းသားဆုံဆည်းရာနေ့ အဖြစ် သတ်မှတ်ပြီး အင်းရိုးရာ ယဉ်ကျေးမှုအကများ၊ ရိုးရာဓလေ့များကိုကျင်းပပြုလုပ်သွားမည်ဟု အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

ယင်းကဲ့သို့ သတ်မှတ်ဆောင်ရွက်ခြင်းဖြင့် အင်းရိုးရာယဉ်ကျေးမှုများ ပြန်လည်ဆန်းသစ်၍ မပျောက်အောင် ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ ယင်းပွဲကိုအစဉ်မပြတ် ကျင်းပနိုင်ပါကနိုင်ငံခြားသားများစိတ်ဝင်တစားရှိလာပြီး ခရီးသွားလုပ်ငန်းများအတွက် ဖွံ့ဖြိုးကောင်းမွန်နိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ဒီနှစ်မှာ ပထမဆုံးကျင်းပမယ်။ ဖောင်တော်ဦးဘုရားပွဲနဲ့လည်း ကိုက်မယ်ဆိုတော့ ဒီရက်ကိုရွေးဖြစ်သွားတာပါ။ နောက်နှစ်တွေလည်း ကျင်းပမှာပါ။ ပွဲတော်နေ့မှာ အင်းသားတွေ စုစည်းပျော်ရွှင်မယ်။ တိမ်မြုပ်နေတဲ့ ရိုးရာယဉ်ကျေးမှုတွေ ဆန်းသစ်မယ်။ ပွဲတော်နေ့တိုင်း ရိုးရာဓလေ့ဖျော်ဖြေမှုတွေရှိတော့ မပျောက်ပျက်တော့ဘူးပေါ့" ဟုအဆိုပါဝန်ကြီးက ပြောသည်။


ယခုနှစ်တွင် အင်းသားဆုံဆည်းရာနေ့ကို အင်းလေးကန် အလယ်ဗိုလ်တဲ၌ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့တွင် အင်းသားကူးတို့ ညီစေတေးဂီတအဖွဲ့မှ အင်းရိုးရာအကများ၊ အင်းသားသီချင်းများဖြင့် ဖျော်ဖြေမည်ဖြစ်ပြီး ရိုးရာလှေအစီး ၇၀ စီးဖြင့် ကန်ရေပြင်၌ လှော်ခတ်ပြသမည်ဖြစ်ကြောင်း ပွဲစီစဉ်သူကပြောသည်။






7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

# Cartoon






















# တရုတ်နိုင်ငံတွင် သယံဇာတအခွန် တိုးချဲ့ကောက်ခံသွားမည်

**ဘေဂျင်း၊ အောက်တိုဘာ - ၁၀**

တရုတ်နိုင်ငံတွင် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ ရောင်းချခြင်းအပေါ် ယခင်က အချို့ဒေသများတွင်သာ အခွန်ကောက်ခံနေရာမှယခုအခါတစ်နိုင်ငံလုံးတွင်တိုးချဲ့ကောက်ခံတော့မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်မှစ၍ သယံဇာတထုတ်ကုန်များအပေါ် အခွန်ကောက်ခံသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော် ကောင်စီက ကြေညာလိုက်သည်။

ပြန်လည်ပြင်ဆင်လိုက်သော သံယံဇာတအခွန်စည်းမျဉ်းစည်းကမ်းများအရ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့အပြင် အခြားသယံဇာတပစ္စည်းများ ဖြစ်သော ကျောက်မီးသွေး၊ ရှားပါးမြေ၊ ဆားနှင့် သတ္တုပစ္စည်းများအပေါ်တွင်လည်းအခွန်ကောက်ခံသွားမည် ဖြစ်သည်။

သံယံဇာတအခွန်တိုးချဲ့ကောက်ခံရခြင်းမှာ စွမ်းအင်ချွေတာရေးနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနည်းပါးရေး တရုတ်နိုင်ငံ၏ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

ပြန်လည်ပြင်ဆင်လိုက်သော စည်းမျဉ်းစည်းကမ်းများအရ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များအပေါ် ရောင်းချရသော တန်ဖိုး၏ ငါးရာခိုင်နှုန်းမှ ဆယ်ရာခိုင်နှုန်းအထိ အခွန်ကောက်ခံသွားမည်ဖြစ်သည်။ ချက်ပြုတ်ရာတွင်သုံးသော ကျောက်မီးသွေးအပေါ် အခွန်နှုန်းထားမှာ တစ်တန်လျှင် ရှစ်ယွမ်မှ နှစ်ဆယ်ယွမ်ကြားဖြစ်ပြီး ရှားပါးမြေရိုင်းတစ်တန်အပေါ် ဒသမ၄မှ၆ဝယွမ်အထိအခွန်ကောက်ခံမည်ဖြစ်သည်။ အခြားသတ္တုများအပေါ်တွင်လည်း ဒသမ ၄ယွမ်မှ ၃ဝ ယွမ်အထိ သတ်မှတ်ကာ အသီးသီးအခွန်ကောက်ခံသွားမည်ဖြစ်သည်။ —Ref: Xinhua






## အင်ဒိုနီးရှားနိုင်ငံတွင် ကိုယ်ပိုင်ကားပိုင်ရှင်များအား အစိုးရဈေးဖြင့် ဆီရောင်းမှု ရပ်တန့်ရန် ပြင်ဆင်

**ဂျကာတာ၊ အောက်တိုဘာ - ၁၁**

အင်ဒိုနီးရှားအစိုးရသည် လာမည့်နှစ်တွင် အစိုးရ၏ ဘတ်ဂျက်ထောက်ပံ့ငွေ ခွဲတမ်းကိုလျှော့ချနိုင်ရန်အတွက် ကိုယ်ပိုင်ကားပိုင်ရှင်များအား အစိုးရဈေးဖြင့် လောင်စာဆီရောင်းချမှုကို ရပ်တန့်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါအစီအစဉ်ကို လာမည့်နှစ်ဆန်းပိုင်းတွင် စတင် ရန်ရှိပြီး ဂျာဗားနှင့် ဘာလီကျွန်းစုများ၌ စတင်စမ်းသပ်သွား မည်ဟု သိရသည်။ ထိုဒေသများမှာ အစိုးရဈေးဖြင့် ရောင်းပေးသောဆီများကို ၅၉ ရာခိုင်နှုန်း(သို့မဟုတ်) ကီလိုလီတာ ၂၄သန်းပမာဏ ဖြုန်းအားရှိသော နေရာများဖြစ်သည်။

အစိုးရ၏ ထုတ်ပြန်ချက်အရ အင်ဒိုနီးရှားရှိ အဓိကကျွန်းစုဒေသကြီးနှစ်ခုတွင် ကိုယ်ပိုင်ကားပိုင်ရှင်များအတွက် အစိုးရလောင်စာဆီခွဲတမ်းမှ ၅၃ရာခိုင်နှုန်းကို ခွဲပေးနေရကြောင်း သိရသည်။ ဘဏ္ဍာရေးဝန်ကြီးကလည်း အစိုးရသည် လောင်စာဆီခွဲတမ်းကို ကီလိုလီတာ ၃၇ ဒသမ ၈သန်းအထိ လျှော့ချနိုင်ပါက ရူပီးယား ၄ဒသမ ၉ထရီလီယံ(ဒေါ်လာ ၅၄၈ ဒသမ ၅ သန်း) သက်သာမည်ဟု ဆိုထားသည်။ နိုင်ငံ တကာအဖွဲ့အစည်းများကလည်း အင်ဒိုနီးရှားတွင် အစိုးရဈေးဖြင့် ရောင်းပေးသော လောင်စာဆီများအတွက် ဘတ်ဂျက်ခွဲဝေမှုကို လျှော့ချကာ စီးပွားရေးတိုးတက်နှုန်းပိုမြင့်အောင် လုပ်ဆောင်သင့်ကြောင်း အကြံပြုထားသည်။ —Ref: Xinhua

## အင်ဒိုနီးရှား အိမ်အကူလုပ်သားများ မလေးရှားသို့စေလွှတ်မှု ဆက်လက်ပိတ်ပင်ထားမည်

**ကွာလာလမ်ပူ၊ အောက်တိုဘာ - ၁၂**

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတွင်းမှ မလေးရှားသို့ သွားရောက်လုပ်ကိုင်မည့် အိမ်အကူလုပ်သားများစေလွှတ်မှုကို ယာယီပိတ်ပင်ထားသည့်ကာလမပြီးမချင်း လုပ်သားများအတွက် သင့်တော်မည့် ကာကွယ်မှုနှင့် ဥပဒေများချမှတ် မပြီးမချင်း ပိတ်ပင်မှုဆက်လက်ထားရှိမည်ဟု ပြောကြားလိုက်သည်။ အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာမာတီနတ်တယ်လီဂါဝါကဒင်း၏တိုင်းပြည်သည် မလေးရှားနှင့်ပြီးခဲ့သည့် မေလတွင် လက်မှတ်ထိုးခဲ့သော နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ၏ အရေးပါပုံကိုသိရှိကြောင်း၊ ၂၀၀၉ ဇွန်လမှစတင်သည့်လုပ်သားစေလွှတ်မှုယာယီပိတ်ပင်သည့် ၂၈လတာကာလ (၂နှစ်၄လ)ပြီးဆုံးလျှင်မူ လုပ်သားစေလွှတ်မှုများ အဆင့်သင့်ပြင်ဆင်လိုကြောင်း ပြောကြားသည်။

မလေးနှင့် အင်ဒိုနှစ်နိုင်ငံသည် မကြာမီရက်ပိုင်းက ၁၁ ကြိမ်မြောက်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကို ကျင်းပခဲ့ပြီး မလေးရှိ အင်ဒိုလုပ်သားများကို ကာကွယ်စောင့်ရှောက်ရေးနှင့်၎င်းတို့၏ကလေးများအတွက်ပညာရေးအခွင့်အလမ်းများရရှိရေး အတွက်ဆွေးနွေးခဲ့သည်။ အင်ဒိုနိုင်ငံခြားရေးဝန်ကြီးကအိမ်အကူများကို အင်ဒိုမှ တိုက်ရိုက်ငှားရမ်းခြင်းများသည် လုပ်သားများ၏ အခွင့်အရေးနှင့် အကျိုးအမြတ်များကို မကာကွယ်နိုင်ကြောင်း၊ နှစ်နိုင်ငံ လက်မှတ်ထိုးထားသည့် နားလည်မှုစာချွန်လွှာ အသက်ဝင်မှသာ ပြေလည်နိုင်ကြောင်းပြောကြားထားသည်။ —Ref: The Star

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011



## နောက်ကျောဖုံး - ကမာလုံးဆိုင်ရာဆန္ဒပြပွဲများ ငြိမ်းချမ်းမှုရှိခဲ့ပြီး ပြ နာအချို့သာ အီတလီ ဖြစ်ပွား မှ

"လူတွေက တော်လောက်ပြီလို့ပြောနေတယ်။ ကျွန်တော်တို့ ဒီမိုကရေစီအစစ်လိုချင်တယ်။ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ဘဏ်လုပ်ငန်းကြီးတွေပေါ်မှာပဲ အခြေခံထားတဲ့ဒီမိုကရေစီမဟုတ်ဘူး" ဟု လန်ဒန်မှ ဆန္ဒပြသူ ဂျိမ်းမက်အင်တိုင်ယာကပြောသည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဟေ့ဂ်က ဆန္ဒပြမှုအပေါ် ကိုယ်ချင်းစာမိကြောင်း ပြောကြားသည်။

"အနောက်ကမ္ဘာမှာ ရင်ဆိုင်ဖြေရှင်းစရာတွေ အများကြီးရှိတယ်ဆိုတာအမှန်ပါပဲ။ နိုင်ငံတော်ကြွေးမြီတွေ အရမ်းများနေတယ်။ ဘဏ်စနစ်မှာ လွဲမှားမှုတွေအများကြီးရှိတာလည်း ထင်ရှားပါတယ်"ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။

အီတလီနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြမှုများမှာ ကြမ်းတမ်းခဲ့သည်။ မျက်နှာကိုအုပ်ထားသော ဆန္ဒပြသူများက ကျောက်ခဲများ၊ ခါတ်ဆီပုလင်းများနှင့် ပစ်ပေါက်ခဲ့၍ မီးလောင်မှုများဖြစ်ပေါ်ခဲ့ပြီး ဈေးဆိုင်များနှင့် ဘဏ်များ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ လူပေါင်း ၇၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ —Ref: Reuters/VOA

## နောက်ကျောဖုံး - အာရပ်အဖွဲ့ချုပ်က ဆီးရီးယားနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ဖွယ်မရှိဟုဆို မှ

အာရပ်အဖွဲ့ချုပ် အဖွဲ့ဝင် ၂၂ နိုင်ငံကြားတွင် သုံးပုံနှစ်ပုံ ထောက်ခံမှသာ ဆီးရီးယားအား အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ထားနိုင်သည်။ ယင်းအစည်းအဝေးတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံ အပါအဝင် ပင်လယ်ကွေ့နိုင်ငံခြောက်နိုင်ငံက ဆီးရီးယားအတိုက်အခံအမျိုးသားကောင်စီအားအသိအမှတ်ပြုရန်တိုက်တွန်းခဲ့ကြောင်း အာရပ်သံတမန်တစ်ဦးက ပြောကြားသည်။

သို့သော် ဆူဒန်၊ အယ်ဂျီးရီးယား၊ လက်ဘနွန်နှင့် ယီမင်အပါအဝင် နိုင်ငံအများအပြားက ဆီးရီးယားကိစ္စကို ဆန့်ကျင်ခဲ့ကြကြောင်း ၎င်းသံတမန်ကပြောကြားသည်။ ထို့အပြင် အာရပ်အဖွဲ့ချုပ်တွင် ဩဇာကြီးမားသော အီဂျစ်နိုင်ငံကလည်း မည်သည့်ဘက်တွင်ရပ်တည်မည်ကို ရှင်းလင်းစွာမပြသသေးကြောင်း အမည်မဖော်လိုသော သံတမန်များက ပြောကြားသည်။

အာရပ်အဖွဲ့ချုပ်ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအား အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်းမှာ ရှားပါးပြီး မွမ်မာကဒါဖီ၏တပ်ဖွဲ့များက ရက်စက်စွာနှိမ်နင်းခဲ့ခြင်းအတွက် လစ်ဗျားနိုင်ငံကိုသာ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ ဆိုင်းငံ့ခဲ့ဖူးသည်။

—Ref: PTI

## နောက်ကျောဖုံး - ဆိုမာလီယာသို့ ကင်ညာတပ်ဖွဲ့ဝင်များ စေလွှတ် မှ

ဥပဒေမဲ့ဆိုမာလီယာမှ သေနတ်သမားများက အနောက်နိုင်ငံသားများအား တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပြီးနောက် ကင်ညာအစိုးရအနေဖြင့် နယ်စပ်ဒေသတွင် တင်းကျပ်မှုများပိုမိုပြုလုပ်ရန် ပြည်တွင်း၌ ဖိအားပေးခံနေရသည်။

အက်ဖ်မာဒေါဒေသ အယ်လ်ရှာဘတ်စခန်းများအနီးတွင် လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ ယခုအခါ ယင်းမြို့သို့ ၎င်းတို့တပ်ဖွဲ့များ ချီတက်နေကြောင်း ဆိုမာလီယာအစိုးရတပ်ဦးစီးမှူး ယူဆွတ်အက်ဘ်ဒီကရိုက်တာသတင်းဌာနအားပြောကြားသည်။ အယ်လ်ရှာဘတ်စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် ကင်ညာတပ်ဖွဲ့များကလည်း ၎င်းတို့ကိုအကူအညီပေးနေကြောင်း ဆိုမာလီယာတပ်မှူးကပြောသည်။ —Ref: Reuters



Leader's Profile

# Oracle ဆော့ဖ်ဝဲကုမ္ပဏီပူးတွဲတည်ထောင်သူ လယ်ရီအယ်လစ်ဆင်

ရဲမင်း

လော့ရင့်စ်ဂျိုးဆက် 'လယ်ရီ' အယ်လစ်ဆင်သည် အမေရိကန်စီးပွားရေး လုပ်ငန်းရှင်ကြီးဖြစ်ပြီး ကွန်ပျူတာဆော့ဖ်ဝဲ ကုမ္ပဏီ Oracle အားပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ တစ်ဦးတည်းပိုင်ကြွယ်ဝချမ်းသာမှုမှာ ကန်ဒေါ်လာ ၃၃ ဘီလီယံရှိပြီး အမေရိကန်နိုင်ငံ၏ တတိယအချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်သည်။

လယ်ရီအား ၁၉၄၄ ခုနှစ်တွင်နယူးယောက်မြို့ ဘရောင့်စ်ဒေသ၌ မွေးဖွားခဲ့သည်။ ၎င်းကိုးလသားအရွယ်တွင် နမိုးနီးယားရောဂါ ရရှိခဲ့ရာ လက်မထပ်ရသေးသော ၁၉ နှစ် အရွယ်မိခင်က လယ်ရီအား သူမ၏အဒေါ်နှင့် ဦးလေးဆီသို့မွေးစားရန်ပေးအပ်ခဲ့သည်။ သို့သော်ကိုယ်တိုင်ကမူ အသက် ၁၂ နှစ်အရွယ်အထိ မွေးစားခံရကြောင်း မသိခဲ့ပေ။

လယ်ရီသည် ချီကာဂိုမြို့တွင်ကြီးပြင်းခဲ့ပြီး အခြေခံပညာရေးကို ချီကာဂိုမြို့မှာပင် သင်ယူခဲ့သည်။ ငယ်စဉ်ကပင် သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို အထူးစိတ်ဝင်စားခဲ့သည်။ အီလီနွိုက်တက္ကသိုလ်တက်ရောက်ချိန်တွင်လည်း တစ်နှစ်တာအတွက် အထူးချွန်ဆုံးသိပ္ပံကျောင်းသားဆု ရရှိခဲ့သည်။ သို့သော် အီလီနွိုက်တက္ကသိုလ်ဒုတိယနှစ် အတန်းတင်စာမေးပွဲများ ကျင်းပချိန်တွင် လယ်ရီ၏ မွေးစားမိခင်သေဆုံးခဲ့ရာ လယ်ရီမှာကျောင်းမှထွက်ခဲ့သည်။ နောက်တစ်နှစ်တွင် ချီကာဂိုတက္ကသိုလ်၌တက်ရောက်ခဲ့သော်လည်း ပထမနှစ်ဝက်မှာပင် ကျောင်းမှထွက်ခဲ့ရပြန်သည်။ သို့သော် ထိုအချိန်မှာပင် လယ်ရီအယ်လစ်ဆင်သည် ကွန်ပျူတာပရိုဂရမ်ရေးဆွဲခြင်း အခြေခံများကို သိရှိနေပြီဖြစ်သည်။

အသက် ၂၀ အရွယ် ၁၉၆၄ ခုနှစ်တွင် လယ်ရီအယ်လစ်ဆင်သည် ကယ်လီဖိုးနီးယားပြည်နယ်သို့ပြောင်းရွှေ့လာသည်။ ကယ်လီဖိုးနီးယားသို့ရောက်ရှိပြီး ပထမရှစ်နှစ်တွင် လယ်ရီသည် အလုပ်တစ်ခုမှ တစ်ခုသို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ Amdaht ကော်ပိုရေးရှင်းတွင် ပရိုဂရမ်မာအဖြစ် လုပ်ကိုင်နေစဉ် IBM ကွန်ပျူတာများနှင့် တွဲဖက်သုံးစွဲနိုင်သည့်မိန်းဖရိမ်စနစ်တစ်ခုတည်ဆောက်ရာတွင် ပါဝင်ခဲ့သည်။

၁၉၇၇ ခုနှစ်တွင် လယ်ရီအယ်လစ်ဆင်နှင့်၎င်း၏လုပ်ဖော်ကိုင်ဖက်နှစ်ဦးသည် ၎င်းတို့၏ကိုယ်ပိုင် ကုမ္ပဏီကို ထူထောင်ခဲ့ပြီး လယ်ရီက အမှုဆောင်အရာရှိချုပ်တာဝန်ထမ်းဆောင်ခဲ့သည်။ IBM ကုမ္ပဏီမှ ပညာရှင်တစ်ဦးဖြစ်သူ အီအာအက်ဖ်တော့ဒ် ရေးသားသော "Relational Model of Data for Large Shared Data Banks" ဟူသောစာတမ်းကို ဖတ်ရှုပြီးနောက် လယ်ရီတို့အဖွဲ့သည် ဒေတာအချက်အလက်စုဆောင်းသိမ်းဆည်းရေး ကွန်ပျူတာဘာသာရပ်များတွင် စိတ်ဝင်စားလာခဲ့သည်။

ယင်းနောက် လယ်ရီတို့အဖွဲ့သည် အမေရိကန်ထောက်လှမ်းရေး CIA အဖွဲ့အတွက် အချက်အလက်စီမံခန့်ခွဲရေးစနစ်တစ်ရပ် (RDBMS) ကိုတည်ဆောက်ပေးရန်အခွင့်အရေးရလာသည်။ လျှို့ဝှက်စီမံချက်၏ အမည်မှာ Oracle ဟူ၍ဖြစ်သည်။ ယင်းပရောဂျက်အား သတ်မှတ်ချိန်မတိုင်မီ တစ်နှစ်စော၍ ပြီးစီးခဲ့ပြီး နောက် လယ်ရီတို့အဖွဲ့သည် ၎င်းပရောဂျက်မှရရှိ သောနည်းပညာများကို အခြားပြင်ပစီးပွားရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် ပြင်ဆင်နေခဲ့ပြီဖြစ်သည်။

နောက်ပိုင်းတွင် Oracle ၏ စနစ်များကို IBM ကုမ္ပဏီကြီးက ပါရယူသုံးစွဲလာခဲ့ရာ Oracle ကော်ပိုရေးရှင်းမှာ အဆများစွာကြီးထွားလာသည်။ ၁၉၈၆ ခုနှစ်တွင် ရှယ်ယာများလူထုသို့ ရောင်းချခဲ့ပြီး စီးပွားရေးလုပ်ငန်းကြီး ဖြစ်လာခဲ့သော်လည်း ဝင်ငွေစာရင်းများလိမ်လည်ပြသမှုများ ဖြစ်ပေါ်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် Oracle မှာဒေဝါလီခံရလုနီးပါး ဖြစ်ရသည်။ သို့သော်နောက်ပိုင်းတွင် ဘဏ်များ၊ လေကြောင်းလိုင်းများ၊ ကားကုမ္ပဏီများနှင့် လက်လီအရောင်းဆိုင်ကြီးများက Oracle ၏ Database စနစ်များကို အသုံးပြုလာခဲ့ကြ၍ ကုမ္ပဏီကြီး ဖြစ်လာခဲ့သည်။

ယခုဆိုလျှင် Oracle ကော်ပိုရေးရှင်းမှာ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးလုပ်ငန်းသုံး ဆော့ဖ်ဝဲကုမ္ပဏီကြီးဖြစ်ပြီး ကုမ္ပဏီကိုပူးတွဲတည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်မှာလည်း အမေရိကန်နိုင်ငံ၏ တတိယအချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာသည်။

လက်ရီအယ်လစ်ဆင်သည် ရွက်တိုက်ခြင်း၊ တောင်တက်စက်ဘီးစီးခြင်းကဲ့သို့ အားစိုက်စွန့်စားရသော အားကစားနည်းများကို ဝါသနာပါသူဖြစ်ပြီး အိမ်ထောင်လေးဆက်ကျခဲ့ကာ ဘီလ်ဂိတ်ကို ကျော်လွန်၍ ကမ္ဘာ့အချမ်းသာဆုံး လုပ်ငန်းရှင်ကြီးဖြစ်ရန် ရည်မှန်းထားသူဖြစ်သည်။

—Ref: Wikipedia

# ဗြိတိန်စုံတွဲတစ်တွဲ ပေါင်သန်း ၁၀၀ ကျော် ထီဆုကြီးဆွတ်ခူး

**လန်ဒန်၊ အောက်တိုဘာ-၁၃**

ဗြိတိန်နိုင်ငံကန်းဗရစ်ရှိုင်းယားအရပ်မှ စုံတွဲတစ်တွဲသည် မကြာသေးမီက ယူရိုမီလီယံထီဆုမှ ဆုကြေးပေါင်သန်း ၁၀၀ ကျော်ခန့် ဆွတ်ခူးခဲ့ရာ ၎င်းတို့သည် ဗြိတိန်၏ တတိယအများဆုံး ထီဆုကြေးရရှိသူများဖြစ်ခဲ့ကြောင်း သိရသည်။

ကန်းဘရစ်ချ်မြို့အနီး ဝစ်ဘက်အရပ်မှ ဒေ့ဗ်ဒါဝက်စ် (၄၇ နှစ်) နှင့် အင်ဂျလာဒါဝက်စ် (၄၃ နှစ်)စုံတွဲသည် ယခုအခါ ထီဆုကြေးများကို လာမည့်နှစ်တွင် ပြုလုပ်မည့်၎င်းတို့၏မင်္ဂလာဆောင် အပါအဝင် မိတ်ဆွေများ၊ မိသားစုဆွေမျိုးများကို ကူညီရာ၌အသုံးပြုရန်ပြင်ဆင်နေသည်။

ထီမပေါက်ခင်က အိပ်ခန်းတစ်ခန်းသာပါဝင်သည့်တိုက်ခန်းတစ်ခန်းတွင်နေထိုင်ခဲ့သည့် ထိုစုံတွဲသည် ယခုအခါ လန်ဒန်မြို့နှင့် အခြားနေရာများ၌ အိမ်ခြံမြေများဝယ်ယူရန်စီစဉ်လျက်ရှိသည်။ ဗြိတိန်နိုင်ငံတွင် ယူရိုမီလီယံထီဆုကြီးမှဆုကြေးအများဆုံးပေါက်ခဲ့သူများမှာ ကောလင်းနှင့် ခရစ်ဝိုင်ဟာ ဟုခေါ်သည့် စုံတွဲဖြစ်ပြီး ယခုနှစ် ဇူလိုင်လက ဆုကြေးပေါင် ၁၆၂ သန်းဆွတ်ခူးခဲ့သည်။

ဒုတိယအများဆုံး ဆုကြေးရထားသူများမှာမူ ယမန်နှစ်အောက်တိုဘာက အမည်မဖော်လိုသူများဖြစ်ပြီး ၎င်းတို့ဆုကြေးပမာဏမှာ ပေါင် ၁၁၃ သန်းရှိခဲ့သည်။ ယခုဒေ့ဗ်ဒါဝက်စ်နှင့် အင်ဂျလာဒါဝက်စ်စုံတွဲသည် ယခင်က ထီနှစ်ကြိမ်ပေါက်ခဲ့ဖူးပြီး ယခုထီဆုမှာ ၎င်းတို့၏ ပထမဆုံးဝယ်ယူသော ယူရိုမီလီယံ ထီလက်မှတ်များမှ ပေါက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ထီလက်မှတ်များကို ဝစ်ဘက်အရပ်ရှိ ထီဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။

—Ref: Reuters

## နောက်ကျောဖုံး - စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်ခြင်းနှင့် မြေယာရယူခြင်းကိစ္စများ ကုလသမဂ္ဂဆွေးနွေးပွဲတွင် အဓိကဆွေးနွေးမည် မှ

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုများအား မြေယာလုယူခြင်း (Land Grabbing)ဟု ယေဘုယျအားဖြင့် ရည်ညွှန်းကြပြီး ၎င်းရင်းနှီးမြှုပ်နှံမှုများကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လယ်သမားငယ်များ၏ စားဝတ်နေရေးအလုပ်အကိုင်များ ဆုံးရှုံးကာ ကမ္ဘာတစ်ဝန်းစားနပ်ရိက္ခာဈေးနှုန်းများကို မြင့်တက်လာစေကြောင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများက သတိပေးထားသည်။ ဆင်းရဲသောနိုင်ငံများတွင် အရန်စားနပ်ရိက္ခာသိုလှောင်မှုတိုးမြှင့်ခြင်း၊ ကုန်ပစ္စည်း



စတော့ဈေးကွက်များကိုစည်းမျဉ်းစည်းကမ်းများဖြင့်ထိန်းချုပ်ခြင်းနှင့် စားနပ်ရိက္ခာများအား လောင်းစာအဖြစ်ပြောင်းလဲခြင်းအတွက် ထောက်ပံ့ကြေးပေးခြင်းများကို ဖျက်သိမ်းစေခြင်းဖြင့် CFS အဖွဲ့က ဈေးနှုန်းများ အတက်အကျမြန်ခြင်းကို ထိန်းသိမ်းသင့်ကြောင်း နိုင်ငံတကာအကူအညီပေးရေးအဖွဲ့ (Oxfam)က တိုက်တွန်းပြောကြားသည်။

—Ref: AFP

7DAY NEWS JOURNAL
Vol.10, No.31 · OCTOBER 20, 2011

## ယူကရိန်းတရားရုံးကဝန်ကြီးချုပ်ဟောင်းမစ္စတိုင်မိုရှန်ကိုအား ထောင်ဒဏ်၇နှစ်ချမှတ်

**ကိဗ်၊ အောက်တိုဘာ - ၁၂**

၂၀၀၉ ခုနှစ်က သူမကိုင်တွယ်ခဲ့သောရုရှားနှင့် သဘာဝဓာတ်ငွေ့ရောင်းဝယ်ရေး သဘောတူညီချက်တွင် ဝန်ကြီးချုပ်ဟောင်း မစ္စတိုင်မိုရှန်ကိုသည် ဝန်ကြီးချုပ်ရုံးအာဏာကို အလွဲသုံးစားပြုလုပ်ခဲ့ကြောင်းတွေ့ရှိခဲ့၍ ယူကရိန်းတရားရုံးက ၎င်းအား ထောင်ဒဏ် ၇ နှစ်ချမှတ်လိုက်သည်။ မစ္စတိုင်မိုရှန်ကို၏ အမှုမှာ နိုင်ငံရေးလှုံ့ဆော်မှုရှိခဲ့သည်ဟု အနောက်နိုင်ငံများက ရှုမြင်ကြသည်။

သုံးလကြာ ရုံးတင်စစ်ဆေးမှုရှိခဲ့ပြီးနောက် တရားသူကြီး ရိုဒီယွန်ကီရီယက်ဖ်က အစိုးရရှေ့နေများ တောင်းဆိုသည့် အမြင့်ဆုံးထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည်။ “မစ္စတိုင်မိုရှန်ကိုမှာ အပြစ်ရှိတယ်လို့ တရားရုံးကတွေ့ရှိခဲ့ပြီး ထောင်ဒဏ် ၇ နှစ်ချမှတ်လိုက်ပါတယ်” ဟု တရားသူကြီး ကီရီယက်ဖ်က ပြောကြားသည်။ မစ္စတိုင်မိုရှန်ကို၏ ရှေ့နေများကမူ ပြစ်ဒဏ်ကို အယူခံဝင်သွားမည်ဖြစ်ကြောင်း ပြောသည်။



သို့သော် ယင်းတရားရုံးဆုံးဖြတ်ချက်အား ယူကရိန်း၏ အဓိကကုန်သွယ်ဖက် ဥရောပသမဂ္ဂကချက်ချင်းလက်ငင်းရှုတ်ချလိုက်ပြီးဆုံးဖြတ်ချက်မှာ နိုင်ငံရေးအရလှုံ့ဆော်မှုရှိပြီး နှစ်ဖက်ဆက်ဆံရေးကို ဆိုးရွားစွာ ထိခိုက်နိုင်ကြောင်း ပြောဆိုသည်။

“ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးတွေနဲ့ ဥပဒေစိုးမိုးမှုကို လေးစားသလား၊ အဲဒီကိစ္စတွေကို သူတို့ဘယ်လိုကိုင်တွယ်မှာလဲဆိုတာ ယူကရိန်းအာဏာပိုင်တွေမှာမူတည်ပြီး အီးယူ-ယူကရိန်းနှစ်ဖက်ဆက်ဆံရေးမှာ သိမ်မွေ့တဲ့ ပတ်သက်မှုတွေရှိနိုင်ပါတယ်” ဟု အီးယူနိုင်ငံခြားပေါ်လစီအကြီးအကဲ မစ္စကက်သရင်းအက်ရှ်တန်က ဘရပ်ဆဲလ်မြို့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

—Ref: Reuters

## ချီကာဂိုဆန္ဒပြသူများ ဘဏ္ဍာရေးလုပ်ငန်းများကိုပစ်မှတ်ထား

**ချီကာဂို၊ အောက်တိုဘာ - ၁၂**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဘဏ္ဍာရေးလုပ်ငန်း အစည်းအဝေးနှစ်ရပ် ကျင်းပနေစဉ်မှာပင် ကျောင်းဆရာ၊ ဆရာမများ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင်ထောင်နှင့်ချီသောကန့်ကွက်ဆန္ဒပြသူများသည် စီးပွားရေးမညီမမျှမှုများအပေါ် ဆန့်ကျင်ဆန္ဒပြရန် ချီကာဂိုမြို့လယ်၌ စုဝေးခဲ့ကြကြောင်း သိရသည်။

အချို့ဆန္ဒပြသူများက အိမ်ရာအပေါင်ခံချေးငွေထုတ်ပေးရေးဘဏ်လုပ်ငန်း အစည်းအရုံးရှေ့တွင် စုရုံးဆန္ဒပြခဲ့ကြပြီး အချို့ဆန္ဒပြသူများက ရှယ်ယာရောင်းဝယ်ရေးလုပ်ငန်းများ အစည်းအဝေးတစ်ရပ် ကျင်းပနေရာ ဇိမ်ခံဟိုတယ်တစ်လုံးရှေ့၌ စုရုံးခဲ့ကြသည်။ ယင်းဆန္ဒပြမှုများမှာ ပြီးခဲ့သည့်လကနယူးယောက်မြို့တွင်စတင်ခဲ့သည့်ဆန္ဒပြမှုများနှင့်တရားဝင်ဆက်သွယ်မှုမရှိသော်လည်း ယင်းဆန္ဒပြမှုများ၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဆန္ဒပြချီတက်မှုများကို “Stand Up Chicago” “မားမားရပ်ပါ ချီကာဂို” အဖွဲ့က စည်းရုံးလှုပ်ရှားခဲ့ပြီး လူပေါင်း ၃၀၀၀ ခန့်ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ခန့်မှန်းထားသည်။ ၎င်းအဖွဲ့တွင်ကျောင်းဆရာ၊ ဆရာမများ၊ ကုန်သွယ်ရေးသမဂ္ဂအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်ကြောင်း သိရသည်။ ၎င်းတို့အုပ်စု၏ ရည်မှန်းချက်မှာ မိမိတို့၏အလုပ်များ၊ အိမ်ရာများ၊ ကျောင်းများ ပြန်လည်တောင်းဆိုရေး ဖြစ်ကြောင်း ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသား တစ်ရာခိုင်နှုန်းက နိုင်ငံ၏ စီးပွားရေး ၄၀ ရာခိုင်နှုန်းအား ထိန်းချုပ်ထားသည်ဟုဆိုခြင်းကို ရည်ညွှန်း၍ “We are the 99 percent” “ငါတို့က ကိုးဆယ့်ကိုးရာခိုင်နှုန်းပါ” ဟုကြွေးကြော်ရင်း ဆန္ဒပြသူများသည် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့ရုံးနှင့် ချီကာဂိုဗဟိုဘဏ်ရှေ့တွင်ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

—Ref: Reuters

## ရေကြီးစဉ်အတွင်း လွတ်မြောက်သွားသည့် မိကျောင်းကောင်ရေ ၁၀၀ ခန့် ထိုင်းအာဏာပိုင်များ ရှာဖွေနေ

**ဘန်ကောက်၊ အောက်တိုဘာ - ၁၁**

ထိုင်းအာဏာပိုင်များသည် နိုင်ငံအလယ်ပိုင်း ယူထိုင်းသန်နီပြည်နယ်ရှိမိကျောင်းမွေးမြူရေးစခန်းတစ်ခုမှ ရေကြီးစဉ်အတွင်း လွတ်မြောက်သွားခဲ့သည့်မိကျောင်းအကောင် ၁၀၀ ခန့်ကို ရှာဖွေလျက်ရှိကြောင်း ဘန်ကောက်ပို့စ်အွန်လိုင်းသတင်းက ဖော်ပြသည်။ ထိုင်းနိုင်ငံ၏ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ထိန်းသိမ်းရေးဌာနတာဝန်ရှိသူများက မိကျောင်းများလွတ်မြောက်နေသည့်အတွက် စိတ်ပူခြင်းမရှိစေရန်နှင့်ပြန်လည်ဖမ်းဆီးရမိသော မိကျောင်းအချို့မှာလည်း လူသားများကို တိုက်ခိုက်တတ်သည့် ဗီဇမရှိကြောင်း ဆိုထားသည်။

ထိုဌာန၏ လက်ထောက်အကြီးအကဲ သီရာပတ်ပရာယွန်းဆစ်ကလည်း လွတ်မြောက်သွားသောမိကျောင်းအများစုမှာ အရွယ်ငယ်ပြီး ခန္ဓာကိုယ်အရှည် တစ်မီတာအောက်သာရှိကြောင်း၊ ၎င်းတို့သည်ရေထဲတွင်နေထိုင်ရသည်ကိုပိုမိုနှစ်သက်ပြီး ရေစီးသည့်နေရာများကိုရှောင်ကြဉ်နေထိုင်လေ့ရှိကြောင်း ဆိုသည်။ ယခုအခါ ၎င်းဌာနသည်မိကျောင်းများပြန်လည်ဖမ်းမိရေးအတွက် ထိုင်းငါးလုပ်ငန်းဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

မိကျောင်းမွေးမြူရေးစခန်းများကလည်းလွတ်မြောက်သွားသောမိကျောင်းများကို ပြန်ဖမ်းမိပါကတစ်ကောင်လျှင်ဘတ် ၃,၀၀၀ စီပေးသွားမည်ဟု ကြေညာထားသည်။ ထိုင်းနိုင်ငံတွင် မိကျောင်းမွေးမြူရေးစခန်း ၃၀ ခန့်ရှိပြီး မိကျောင်းသားဖောက်သည့် လုပ်ငန်း ၉၀၀ ခန့်လည်း ရှိနေသည်။ ထိုင်းသည် ကမ္ဘာ့အကြီးဆုံး မိကျောင်း မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် နိုင်ငံဖြစ်ပြီး နိုင်ငံတစ်ဝန်း ထိန်းသိမ်းမွေးမြူထားသောမိကျောင်းကောင်ရေ ၂၀၀,၀၀၀ ခန့်ရှိသည်ဟုဆိုသည်။ —Ref: AFP

**CORRIGENDUM**
Re:Trademark Caution of 'TRISARA' appearing on page 40 of 7DAY NEWS journal dated Sept.22,2011,please read Rajvithee 4 Road'in stead of 'Rajavithee 4 Road'. We regret the error.
KhinMaung Cho& Associates
Dated:Oct.20,2011.

## ကိုယ့်ကိုယ်ကိုယ် သတ်သေသူများအား ကူညီခဲ့သည့် ]မရဏာစက်} လေလံတင်မည်

**လန်ဒန်၊ အောက်တိုဘာ - ၁၃**

ကွယ်လွန်သူဒေါက်တာဂျက်ကီဗော်ကီယန်က တီထွင်ခဲ့ပြီး“မရဏာစက်” ဟုအမည်ရသည့်ကိုယ့်ကိုယ်ကိုယ်သတ်သေသူများအားကူညီပေးနိုင်သည့်စက်ကိုယခုလကုန်ပိုင်းတွင် နယူးယောက်လေလံပွဲတစ်ခု၌ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ ဒေါက်တာ‘မရဏ’ ဟုလူသိများ သည့် အဆိုပါဆရာဝန်ကီဗော်ကီယန်သည် အသက် ၈၃ နှစ်အရွယ်ပြီးခဲ့သည့် ဇွန်လကကွယ်လွန်ခဲ့သည်။ ၎င်း၏ မရဏာစက်သည် လူပေါင်း ၁၀၀ ကျော်အား ကိုယ့်ကိုယ်ကိုယ် သတ်သေရာတွင် ကူညီပေးခဲ့သည်။

၎င်း၏ ထိုစက်ကို နယူးယောက်ရှိနယူးယောက်နည်းပညာအင်စတီကျူဒ်တွင် အောက်တိုဘာ ၂၈ ၌ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားအနုပညာလက်ရာများနှင့် အနုပညာရှင်အမှတ်တရပစ္စည်း လေလံဝက်ဘ်ဆိုက်မှ တာဝန်ရှိသူဒေးဗစ်ဒဗလျူစထရိက ပြောသည်။ အဆိုပါလေလံပွဲတွင် ဒေါက်တာကီဗော်ကီယန်၏ ဆွယ်တာအင်္ကျီတစ်ထည်၊ စာရွက်များ၊ ပန်းချီကား ၁၃ ချပ်နှင့် အခြားတစ်ကိုယ်ရေသုံးပစ္စည်းများ ပါဝင်မည်ဟု ဆိုသည်။ ဒေါက်တာကီဗော်ကီယန်သည် ၁၉၉၉ ခုနှစ်တွင် ဝေဒနာခံစားနေရပြီး သေချင်နေသည့် ၅၂ နှစ်အရွယ်အမျိုးသားတစ်ဦးအား သေစေနိုင်သည့် ဆေးဝါးများ ထိုးသွင်းပေးမှုဖြင့် ထောင်ဒဏ်ရှစ်နှစ်ချမှတ်ခံခဲ့ရသည်။ ထိုစဉ်မှစ၍ ၎င်းသည်ကိုယ့်ကိုယ်ကိုယ်သတ်သေသူများကိုမည်သည့်နည်းနှင့်မှ အကူအညီမပေးရန် တရားရုံး၌ကတိပြုခဲ့ရသည်။

—Ref: Reuters

## လိုက်ဘေးရီးယား ရွေးကောက်ပွဲများ ငြိမ်းချမ်းစွာပြီးဆုံး

**မွန်ရိုဗီးယား၊ အောက်တိုဘာ - ၁၂**



လိုက်ဘေးရီးယားသမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော် ရွေးကောက်ပွဲများသည် မဲရုံများတွင် ငြိမ်းချမ်းစွာကျင်းပပြီးစီးခဲ့ကြောင်း လိုက်ဘေးရီးယားရွေးကောက်ပွဲကော်မရှင်ကကြေညာသည်။

လိုက်ဘေးရီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ နိုင်ငံသားများသည် အောက်တိုဘာလ ၁၁ ရက် (အင်္ဂါနေ့)က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲနှင့် အမတ်နေရာ ၈၈ နေရာအတွက် လွှတ်တော်ရွေးကောက်ပွဲများတွင် ဒေသစံတော်ချိန် နံနက် ၈ နာရီမှစ၍ မဲပေးခဲ့ကြပြီး ညနေ ၆ နာရီတွင်အားလုံးငြိမ်းချမ်းစွာ ပြီးဆုံးခဲ့သည်။

လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်များ၏အဆိုအရလည်း အင်္ဂါနေ့ ရွေးကောက်ပွဲများသည် ၎င်းတို့ကြုံဖူးသမျှ ရွေးကောက်ပွဲများတွင် ငြိမ်းချမ်းမှုအရှိဆုံးဖြစ်ခဲ့ကြောင်းဆိုသည်။

လိုက်ဘေးရီးယား ရွေးကောက်ပွဲတွင် လက်ရှိ သမ္မတအယ်လ်ဂျွန်ဆင်ဆာလိဖ်သည် ပြိုင်ဘက် သမ္မတလောင်း ၁၅ ဦးနှင့်အတူ ဒုတိယသက်တမ်းခြောက်နှစ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လက်ရှိတွင်မဲပုံးများကို မဲရေတွက်မှုများစတင်နေပြီး အပြီးသတ်ရလဒ်များကို လာမည့်အောက်တိုဘာ ၂၆ရက် တွင် ထုတ်ပြန်သွားမည်ဟုသိရသည်။

—Ref: Xinhua

7Day News Journal

# Entertainment

Vol.10, No.31 • OCTOBER 20, 2011

## သမီးလေးနဲ့ ဇနီးနားမှာနေဖို့ ိုက်ကူးရေး ရပ်နားထားတဲ့ ပြေတီဦး

အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ - ၁၄**

ဇနီးဖြစ်သူ အိန္ဒြာကျော်ဇင်က သမီးဦးလေးကို အောက်တိုဘာ ၁၄ရက် နံနက် ခြောက်နာရီရှစ်မိနစ်တွင် မွေးဖွားပေးခဲ့သည့်အတွက် ပြေတီဦးမှာ ဝမ်းသာကြည်နူးနေပြီး ဇနီးနှင့် သမီးလေးနား အချိန်ပြည့်နေနိုင်ရန် ရိုက်ကူးရေးကို ဆယ်ရက်ကြာရပ်နားထားကြောင်း ပြေတီဦးကပြောသည်။


"အူဝဲမွေးနေတဲ့တစ်ချိန်လုံး မွေးခန်းထဲမှာ တောက်လျှောက်ရှိနေပါတယ်။ အူဝဲကို မီးဖွားနေတဲ့ အချိန်မှာစိတ်တော့လှုပ်ရှားတယ်။ ဒါပေမဲ့ စိုးရိမ်ပူပန်တာတော့သိပ်မဖြစ်ဘူး။ သမီးလေးကို မြင်လိုက်ရချင်းမှာပဲ အရမ်းကို ပီတိဖြစ်တယ်။ ဝမ်းသာတယ်။ ကြည်နူးတယ်။ ခုလို ကျန်းကျန်းမာမာနဲ့ ကိုယ်အင်္ဂါစုံစုံလင်လင်နဲ့ ချောချောမောမောမွေးဖွားလာနိုင်တဲ့အတွက်လည်းဝမ်းသာတယ်။ သမီးလေးရဲ့မျက်နှာလေးက အူဝဲနဲ့ ပိုတူတယ်လို့ခံစားရတယ်"ဟု ပြေတီဦးကပြောသည်။



ဓာတ်ပုံ - ဝိတိုရိယ

အိန္ဒြာကျော်ဇင်သည် သမီးဦးလေးကို ဝိတိုရိယဆေးရုံကြီးတွင် ဒေါက်တာ ဒေါ်မေသူမျိုးညွန့်၏ ခွဲစိတ်မှုဖြင့်မွေးဖွားခဲ့ပြီး ကိုယ်အလေးချိန် ခုနစ်ပေါင်ငါးအောင်စ ရှိကြောင်းသိရသည်။ မိခင်ရောကလေးပါ ကျန်းမာရေးကောင်းမွန် ပြီး သမီးလေးကို နာမည် မပေးရသေးကြောင်းပြောသည်။

"သမီးကို နာမည်တော့ မပေးရသေးဘူး။ အိမ်ခေါ် နာမည်လည်း မပေးရသေးပါဘူး။ ဒီရက်မှာခွဲမွေးဖို့လည်း ကြိုတင်စဉ်းစားထားတာမရှိပါဘူး။ မွေးရက်စေ့လို့မွေးဖြစ်သွားတာပါ။ ခု လောလောဆယ်တော့ ရိုက်ကူးရေးတွေနားထားတယ်။ မိန်းမနဲ့ ကလေးနားမှာနေချင်လို့လေ" ဟု ပြေတီဦးကပြောသည်။



## စစ်ထဲဝင်မယ့် ရိန်းကို ပရိသတ်ထောင်ချီနှုတ်ဆက်

**ဆိုးလ်၊ အောက်တိုဘာ-၁၁**

စစ်မှုထမ်းဥပဒေအရ မကြာသေးမီက စစ်မှုထမ်းရန် ဆင့်ခေါ်ခံခဲ့ရသည့် ကိုရီးယားပေါ့ပ်စူပါစတားမင်းသား ရိန်းသည် ဂျွန်ဂျီးပြည်နယ်မှ စစ်သင်တန်းကျောင်းသို့ရောက်ရှိချိန်တွင် ၎င်းကို ပရိသတ်ပေါင်း ၁၂၀၀ခန့်က လာရောက်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုတော်၊မင်းသားရိန်းသည်ကိုရီးယားဥပဒေအရ အသက် ၃၁ နှစ်မပြည့်ခင် ၂နှစ် စစ်မှုထမ်းရန် သတ်မှတ်ချက်အရ စစ်သင်တန်းကျောင်းတက်ခဲ့ရခြင်းဖြစ်သည်။ အောက်တိုဘာ ၁၁ရက်က ဂျွန်ဂျီးပြည်နယ် စစ်သင်တန်းကျောင်းရှေ့တွင် ပရိသတ်အမြောက်အမြားက ရိန်းအားလာရောက်နှုတ်ဆက်ခဲ့ရာ ၎င်းကလည်းစခန်းရှေ့ထွက်၍ ပြန်လည်နှုတ်ဆက်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ်ရှိရိန်းက ပရိသတ်များအား "ပြီးခဲ့တဲ့ ၁၀နှစ်အတွင်း ကျွန်တော့်ကို ဂရုစိုက်ခဲ့ကြတဲ့ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်သွားမှာပါ" ဟု ပြောသည်။ ရိန်းသည် မင်းသားယွန်ဘင်းစစ်ထဲဝင်ပြီးနောက် မီဒီယာများ၏ အာရုံစိုက်မှုကို ဒုတိယအကြိမ်အများဆုံးရသော မင်းသားဖြစ်သည်။ ယွန်ဘင်းစစ်ထဲဝင်စဉ်ကမူ ကိုရီးယားမီဒီယာအချို့သည် ၎င်းစစ်ထဲဝင်ပုံကို ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ဖူးသည်။ - CNA


## အောန်ဆိုင်း ပြောပြတဲ့ ပန်းချီအကြောင်း

ချမ်းခိုက်ခိုက်

မော်ဒယ် အော်န်ဆိုင်းရဲ့အိမ်မှာ ပန်းချီကားတွေချိတ်ဆွဲထားတာမနည်းပါဘူး။ ချိတ်ဆွဲဖို့နေရာမရှိတဲ့အတွက် နံရံမှာ ကပ်ထောင်ထားတဲ့ စက္ကူပါကင်ထုပ်နဲ့ထုပ်ထားတဲ့ပန်းချီကားတွေလည်း ကျန်ပါသေးတယ်။ ရုတ်တရက်ဆို ပန်းချီပြခန်းအသေးစားလေးလို့ထင်ရလောက်တဲ့ သူမရဲ့အိမ်ဧည့်ခန်းအပြင်အဆင်ဟာ အရောင်စုံအသွေးစုံပန်းချီကားလေးတွေနဲ့လှပသက်ဝင်နေပါတယ်။ တခြားမိန်းကလေးများလို ဈေးဝယ်ထွက်ရတာ ဝါသနာမပါတဲ့သူမက ပန်းချီတွေကိုတော့ မြတ်မြတ်နိုးနိုးစုဆောင်းတတ်ပါတယ်။ မော်ဒန်ပန်းချီကားတွေကို ပိုနှစ်သက်တယ်ဆိုတဲ့ အော်န်ဆိုင်းက ပန်းချီကားတွေအပေါ် ထားတဲ့ သူမရဲ့သက်ဝင်ခံစားမှုတွေကို ဒီကဏ္ဍကနေ ယခုလိုပြောပြခဲ့တာပါ။



ဓာတ်ပုံ - စောပြည့်စုံ



အောန်ဆိုင်းက ပန်းချီ အကြောင်းအရင်က သိပ်နားမလည်ပါဘူး။ နောက်တော့အောန်ဆိုင်းရဲ့ သူငယ်ချင်းတွေက ပန်းချီဆွဲတော့ ပန်းချီနဲ့နီးစပ်သွားတယ်။ တချို့ပန်းချီပြပွဲတွေသွားရင်း၊ ပန်းချီကားတွေ ခံစားရင်းနဲ့ ပန်းချီက ကိုယ့်ကို ဆွဲခေါ် သွားတယ်။ ပန်းချီကိုတဖြည်းဖြည်း စိတ်ဝင်စားလာတယ်။

ပန်းချီအမျိုးအစားတွေ အများကြီးရှိတဲ့အထဲမှ အောန်ဆိုင်းက မော်ဒန်ပန်းချီကို စိတ်ဝင်စားတယ်။ မော်ဒန်ပန်းချီက ခံစားမှုအမျိုးမျိုးကိုပေးစွမ်းနိုင်တယ်။ ဘယ်တော့မှလည်း မရိုးဘူးလို့ထင်တယ်။ မော်ဒန်ပန်းချီရဲ့ကာလာနဲ့စိတ်ကူးဖွဲ့စည်းပုံက ထူးခြားဆန်းသစ်တယ်။

ပန်းချီအကြောင်းက အရမ်းကျယ်ပြန့်ပါတယ်။ အောန်ဆိုင်း အများကြီးနားမလည်ဘူး။ ကိုယ်တိုင်လည်း မဖန်တီးတတ်ဘူး။ ဒါပေမဲ့ ဖန်တီးထားတဲ့လူတွေရဲ့ လက်ရာကို တန်ဖိုးထားတယ်။ ပြီးတော့ ဝါသနာအရ စုတယ်။

**စာ(၄၉)သို့**



## ပထမဆုံးတရုတ်ဇာတ်ကားမှာ အသစ်တစ်ဦးလို ခံစားရတဲ့ ဆောင်းဟေကျို

**ဘူဆန်၊ အောက်တိုဘာ - ၁၀**

တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကျိုက သူမသည် မကြာသေးမီက ပထမဆုံးတရုတ်ရုပ်ရှင်ကားကို တရုတ်ပြည်မကြီးတွင် ရိုက်ကူးခဲ့ရာ ရုပ်ရှင်စတင်ရိုက်ခါစ မင်းသမီးတစ်ဦးကဲ့သို့ခံစားခဲ့ရကြောင်း ပြောကြားလိုက်သည်။ ဘူဆန်ရုပ်ရှင်ပွဲတော်တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ မင်းသမီးဆောင်းဟေကျိုက "ကျွန်မဟာ ကိုယ့်ရဲ့ပထမဆုံး တရုတ်ရုပ်ရှင်ကားကို ရိုက်ကူးခဲ့တာပါ။ တောင်ကိုရီးယားမှာ အလုပ်လုပ်ရတာနဲ့ ကွာခြားမှုတွေ အများကြီးရှိခဲ့ပါတယ်။ တရုတ်စကားပြောရာမှာလည်း အခက်အခဲတချို့ရှိခဲ့တယ်။

**စာ(၄၉)သို့**

7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011




**ရန်ကုန်၊ အောက်တိုဘာ-၁၃**
ရဲတိုက်သည် ဗီဒီယိုဇာတ်ကားများတွင် ပရိသတ်အားပေးမှုကို ရရှိနေသည့်ဈေးကွက်ဝင် မင်းသားတစ်ဦး ဖြစ်နေသော်လည်း ရုပ်ရှင်ပိတ်ကားပေါ်တွင် မြင်တွေ့ရခြင်းမရှိသေးသည့်အတွက် ပရိသတ်များ မချင့်မရဲဖြစ်နေသည့်အပေါ် ရဲတိုက်က ယခုကဲ့သို့ပြောသည်။

"ကျွန်တော့်အနေနဲ့ အခု ဒီဗီဒီကားရုံတင်တာတောင် စိုးရိမ်တယ်။ ကျွန်တော့်စိတ်ထဲမှာ ကွင်းဆင်းရတာမဝသေးဘူး။ ဗီဒီယိုကားတွေမှာ သရုပ်ဆောင်ချင်သေးတယ်။ လေ့ကျင့်ချင်သေးတယ်။ တစ်ကားနဲ့တစ်ကား ကိုယ့်ရဲ့မတူကွဲပြားခြားနားတဲ့ သရုပ်ဆောင်ချက်တွေကိုဝေဖန်ချင်သေးတယ်။ ကိုယ့်အဆိုးတွေကိုရှာချင်သေးတယ်။ ပရိသတ်အတွက် ကြည့်ရတာတန်ပြီဆိုမှ ပိတ်ကားပေါ်တက်ချင်တာ။ လတ်တလောကတော့ ကျွန်တော်အရင်ကထက်ပိုပြီးစိတ်နှစ်သရုပ်ဆောင်မယ်လို့ စိန်ခေါ်ပြီး လာသမျှကားကိုရိုက်နေတာပဲ။ ဇာတ်ညွှန်းတွေထဲမှာတော့ သိပ်အားရပါးရဖြစ်တဲ့ ဇာတ်ညွှန်းမပါသေးဘူး" ဟု ရဲတိုက်က ပြောသည်။

ရဲတိုက်သည် ဆာတိုရီထုတ်လုပ်ရေးအတွက် ဇာတ်ကားများ ရိုက်ကူးရာတွင် ၄င်းအတွက် ကိုယ်ပိုင်ဇာတ်လမ်းရှာ၊ ဇာတ်ညွှန်းရေးပေးသူများရှိပြီး အခြားထုတ်လုပ်ရေးနှင့်ရိုက်ကူးပါက မိမိလိုချင်သည့်ဇာတ်ပုံစံနှင့်အနီးစပ်ဆုံးတူအောင်ညှိနှိုင်းလုပ်ဆောင်သည်ဟု သိရသည်။



"တခြားတိုက်တွေနဲ့ ရိုက်ရင် ကိုယ့်အတွက် ဇာတ်ရွေးပေးတဲ့သူတွေနဲ့လည်းညှိဖြစ်တယ်။ ကျွန်တော်က သရုပ်ဆောင်ဖို့ပဲစိတ်ကသန်တော့ ဇာတ်ရွေးချယ်မှုမှာ အားနည်းတယ်။ တစ်ခါတလေတော့လည်း ညှိနှိုင်းမှုမလုပ်ဘဲရိုက်လိုက်ရတာတွေလည်းရှိပါတယ်" ဟု ရဲတိုက်ကပြောသည်။

အနုပညာအလုပ်တစ်ဖက်နှင့်လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်နေသူ ရဲတိုက်သည် သီတင်းကျွတ်လပြည့်နေ့က ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ကလေးများအတွက် စောင်နှင့်အသုံးအဆောင်ပစ္စည်းများကို ဒုတိယအကြိမ်မြောက်သွားရောက်လှူဒါန်းခဲ့သည်။



7DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## စာ – ၄၇၊ အောန်ဆိုင်းပြောပြတဲ့ ပန်းချီအကြောင်း မှ

ပန်းချီဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ လူနေမှုစရိုက်၊ လူမျိုးတစ်စုရဲ့ တန်ဖိုးထားတဲ့အရာပါ။ လူတွေရဲ့ ကွဲပြားတဲ့ပုံစံတွေ၊ ပုံစံမတူတဲ့သူတွေရဲ့ ချစ်ခြင်းမေတ္တာတွေကို ပန်းချီကားတစ်ကားကို ကြည့်တဲ့အချိန်မှာမြင်ရတယ်။ အော်န်ဆိုင်းကတော့ ပန်းချီကားတစ်ကားကိုကြည့်တဲ့အချိန်မှာ စကားပြောတာထက်ပိုပြီးအဓိပ္ပာယ်ရှိတယ်၊ တချို့ပန်းချီကားတွေဆို အသက်ပါတယ်လို့ခံစားရတယ်။ ဂီတနဲ့စာအုပ်တွေအပြင်ပန်းချီကလည်း အောန်ဆိုင်းနှစ်သက်တဲ့ အဖော်တစ်ခုဖြစ်တယ်။ တချို့ ပန်းချီကားတွေက ပျော်ရွှင်မှုပေးတယ်။ တချို့ ပန်းချီကားတွေက တွေးစရာတွေပေးတယ်။ ပန်းချီကားတွေကို ကြည့်ပြီး တွေးရတာကို အော်န်ဆိုင်းကြိုက်တယ်။ အောန်ဆိုင်းက ရှော့ပင်းထွက်တာလည်း သိပ်ဝါသနာမပါဘူး။ အပိုသုံးစရာလည်းသိပ်မရှိဘူး။ ထွေထွေထူးထူးလည်း ဘာမှမမက်မောဘူး။ ကိုယ်တကယ်ဝါသနာကြီးကြီးနဲ့ စုဖြစ်နေတာက ပန်းချီကားတွေ ဖြစ်နေတယ်။ ကိုယ့်မှာပိုက်ဆံနည်းနည်းစုမိပြီဆိုရင် ပန်းချီကားသွားဝယ်ဖြစ်တယ်။

သူများအိမ်တွေ သွားလည်လို့ပန်းချီကားတွေကို တန်ဖိုးထားချိတ်ဆွဲထားတာတွေ့ရင် တကယ်ပဲဝမ်းသာတယ်။ အဲဒီအိမ်ရဲ့ နွေးထွေးမှုနဲ့ကြိုဆိုမှုကိုခံစားရတယ်။

အောန်ဆိုင်း ပန်းချီတွေ စုရင်းနဲ့ သိလာရတာက နောက်ကွယ်က ပန်းချီဆရာတွေရဲ့ဘဝက ပိုပြီး စိတ်ဝင်စားဖို့ကောင်းတယ်။ သူတို့ရဲ့ဘဝက ရိုးရှင်းတယ်။ လွတ်လပ်တယ်။ အေးချမ်းတယ်။ အားရကျေနပ်ဖို့ကောင်းတယ်။ ကိုယ်မစဉ်းစားနိုင်တဲ့အကြောင်းအရာကို သူတို့စဉ်းစားနိုင်တယ်။ တွေးခေါ်နိုင်တယ်။ ဖန်တီးနိုင်တယ်။ သူတို့နဲ့ စကားပြောကြည့်တဲ့အချိန်မှာ တကယ်အားရကျေနပ်တယ်။

အောန်ဆိုင်းပထမဆုံးဝယ်ယူခဲ့တဲ့ပန်းချီကားဆိုရင် အညာဒေသ ရှုခင်းလေးကိုဆွဲထားတာ။ ဆွဲတဲ့သူကိုတော့ မမှတ်မိတော့ဘူး။ လက်ရာကို ကြည့်ပြီး ဝယ်ခဲ့တာ။ ခု မြစ်ကြီးနားအိမ်မှာ ချိတ်ထားတယ်။

အောန်ဆိုင်းဆီမှာ အခုဆို ပန်းချီကား ၃၀ ကျော်ပြီ။ ပန်းချီဆရာကြီးတွေနဲ့လည်း ရင်းနှီးနေပြီ။ သူတို့နဲ့စကားပြောရင်းနဲ့ ပန်းချီကို ပိုစိတ်ဝင်စားလာတယ်။ ပိုခံစားလို့ရတယ်။ ပန်းချီအမြင်တွေ ပိုပွင့်လာတယ်။ ပန်းချီကိုပိုနားလည်လာတယ်။

အောန်ဆိုင်းက ပန်းချီဆရာဦးကြီးမြင့်စော၊ ဦးခင်မောင်ရင်ကားတွေစုတယ်။ ဝင်းဖေမြင့်၊ မောင်မောင်ဘနဲ့ တခြားပန်းချီဆရာတွေရဲ့ကားတွေလည်းရှိပါတယ်။ ပန်းချီဆရာ အစွဲရယ်တော့ မရှိပေမယ့် ပုံမှန်အားဖြင့် ဒီဆရာတွေရဲ့ကားတွေ ဝယ်ဖြစ်တယ်။ ပြပွဲတွေက ပုံမှန်မသွားဖြစ်ပေမယ့် သူတို့အိမ်တွေသွားပြီး ကိုယ်ကြိုက်တဲ့ကားတွေ ဝယ်တယ်။ တချို့ပန်းချီတွေက နားလည်ခံစားလို့ရတဲ့ကား တွေရှိပေမယ့် တချို့ ကားတွေကျတော့ ခံစားလို့မရတဲ့ကားတွေရှိတယ်။

အောန်ဆိုင်းကို ဆရာတစ်ယောက်ကပြောဖူးတယ်။ မင်းပန်းချီကားတစ်ချပ်ကိုဝယ်မယ်ဆိုရင် ဓာတ်ပုံအရင်ရိုက်ကြည့်ပါ။ ပြီးရင် ပန်းချီကားကို ရှုထောင့်မျိုးစုံကနေကြည့်ပါ။ အဲဒီအထိကြိုက်နေသေးတယ်ဆိုရင် ဒီနေ့မဝယ်နဲ့ဦး။ နောက်နေ့မိုးလင်းတဲ့အထိ ဆက်ကြိုက်နေသေးတယ်ဆိုရင် ဝယ်လိုက်ပါတဲ့။ ဘာဖြစ်လို့လဲဆိုကိုယ့်ဆီမှာပန်းချီကားတွေအရမ်းများနေပြီး ကိုယ်တကယ်ကြိုက်တဲ့ တန်ဖိုးထားတဲ့ပန်းချီမဖြစ်နေရင် အလကားပဲတဲ့။

ပန်းချီစာအုပ်တွေကိုမြန်မာနိုင်ငံက ပန်းချီဆရာတွေရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေ၊ ရင်းနှီးတဲ့ ပန်းချီ ဆရာတွေက ညွှန်းတဲ့ စာအုပ်တွေ ဖတ်တယ်။ ပန်းချီဆရာအများကြီးနဲ့တော့ မကြုံဖူးပေမယ့် ကြုံရတဲ့ဆရာတွေကတော့တကယ်လေးစားဖို့ကောင်းတယ်။ သူတို့က အော်န်ဆိုင်းကို ပန်းချီဆွဲချင်လားလို့မေးတယ်။ အခုထိတော့ ကိုယ်တိုင်ဖန်တီးချင်တဲ့ထိမဖြစ်သေးဘူး။ သူများဖန်တီးထားတာကိုပဲခံစားမိတယ်။

ကိုယ်အရမ်းကြိုက်ပေမယ့် လက်လွှတ်လိုက်ရတဲ့ပန်းချီကားလေးတွေရှိပါတယ်။ ပြပွဲတွေမှာ ကိုယ်ကြိုက်တဲ့ ကားက သူများဝယ်ပြီးသားဖြစ်နေတာ၊ ရောင်းရန်မဟုတ်ကပ်ထားတာတွေပေါ့။ နောက် သူများအိမ်တွေသွားလည်ရင် တွေ့ရတဲ့ပန်းချီကားတွေကိုကြိုက်မိတတ်တာမျိုးပေါ့။ အဲဒီအခါကျရင် ကိုယ်ကြိုက်မိတဲ့ ပန်းချီကားလေးကို ဓာတ်ပုံရိုက်ယူခဲ့တယ်။

ကိုယ့်ဆီမှာ ပန်းချီကားတွေ များနေပြီဆိုပေမယ့် ဝါသနာအရ အပဲစုဖြစ်တာပါ။ နောင်တစ်ချိန်မှာ ပြခန်းတွေဘာတွေ ပြန်လုပ်ဖြစ်မလားကတော့ ရည်ရွယ်ချက်က အရမ်းကောင်းပေမယ့် တကယ်တမ်း ကိုယ့်မှာ ငွေကြေးလည်း အများကြီးရှိရမယ်။ ပန်းချီကားတွေကိုစုဆောင်းတတ်တဲ့သူဖြစ်ရဦးမယ်။ အော်န်ဆိုင်းကတော့ ကြည့်တယ်။ ခံစားတယ်။ ဝါသနာအရစုတယ်။ ဒီလောက်ပဲ။

မှတ်မှတ်ရရ ပန်းချီကားနှစ်ချပ်ရှိတယ်။ ဆရာကြီးမြင့်စောက သူပထမဆုံးရေးတဲ့ ရေဆေးပန်းချီကားလေး 'ရန်ကုန်ညများ' ကို အောန်ဆိုင်းကို လက်ဆောင်ပေးတယ်။ နောက်တစ်ကားက သူငယ်ချင်းက သူကိုယ်တိုင်ဆွဲထားတဲ့ သူ့အကြိုက်ဆုံးပန်းချီကားကို လက်ဆောင်ပေးတယ်။

တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားပုံချင်းတော့မတူဘူးပေါ့။ မြန်မာနိုင်ငံမှာ တန်ဖိုးထားရမယ့် ပန်းချီတွေ အများကြီးရှိပါတယ်။ အစကတော့ မြန်မာပန်းချီဆရာတွေရဲ့ အရည်အချင်းတွေကို မသိခဲ့ဘူး။ ခုနောက်ပိုင်းစာတွေဖတ်လာရတော့ သူတို့ရဲ့ ပညာအဆင့်ဟာ နိုင်ငံတကာအဆင့်နဲ့ ရင်ပေါင်တန်းနိုင်တယ်။ အနုပညာ လက်ရာမြောက်ပြီး တန်ဖိုးရှိတဲ့ ပန်းချီကားတွေကို ဖန်တီးနိုင်တယ်ဆိုတာ သိရလို့ သူတို့အစား ဝမ်းသာလေးစားဂုဏ်ယူမိပါတယ်။

### စာ-၄၇၊ ပထမဆုံးတ ုတ်ဇာတ်ကားမှာ အသစ်တစ်ဦးလို ခံစားရတဲ့ ဆောင်းပေးဂျို မှ

အဲဒါတွေအားလုံးကကျွန်မကို ရုပ်ရှင်စရိုက်ခါစ အသစ်တစ်ယောက်လို ခံစားရစေပါတယ်' ဟုပြောသည်။

ဆောင်းပေးဂျိုသည် လက်ရှိတွင် ဟောင်ကောင်မှ ဒါရိုက်တာ ဝမ်ကားဝေနှင့် Legend of Yip Man ရုပ်ရှင် ရိုက်ကူးနေခြင်းဖြစ်သည်။ သူမသည် ဘူဆန် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ သူမ၏ ကိုရီးယားရုပ်ရှင်သစ် A Reason to Live ကိုပြသရန်တက်ရောက်လာခြင်းဖြစ်သည်။ သူမ၏ ပထမဆုံး တရုတ်ရုပ်ရှင်ကို လာမည့်နှစ်တွင် ရုံတင်ပြသဖွယ်ရှိကြောင်း သိရသည်။ —Ref: Xinhua




## မီရှဲလ်ယိုးနှင့် The Lady

**ကျော်မျိုး**

ဟောင်ကောင်မှာအခြေစိုက်နေထိုင်တဲ့ မလေးရှားရုပ်ရှင်မင်းသမီး မီရှဲလ်ယိုးဟာ ၁၉၉၀နှစ်ကစလို့ အာရှရုပ်ရှင်လောကမှာ နာမည်ကြီး လာခဲ့တဲ့ မင်းသမီးတစ်လက်ဖြစ်ပါတယ်။ မစ္စယိုးဟာ ဟောင်ကောင်ရုပ်ရှင်လောကမှာ ၁၉၈၅က Yes, Madam ဇာတ်ကားနဲ့ပွဲထွက်ခဲ့ပြီး ၁၉၉၇ တုန်းကလည်း ဂျိမ်းစ်ဘွန်းရုပ်ရှင် Tomorrow Never Dies မှာပါဝင်ခဲ့ပါတယ်။

ဒီနောက်သူမဟာ မြန်မာပရိသတ်များ အသိများကြတဲ့ Crouching Tiger, Hidden Dragon ဇာတ်ကားနဲ့ တရုတ်မင်းသမီးကျန်းဇီယီနဲ့အတူ သရုပ်ဆောင်ခဲ့တဲ့Memoirs of a Geishaဇာတ်ကားမှာပါဝင်ခဲ့သလိုဘရန်ဒင်ဖရေဆာ၊ ဂျက်လီတို့နဲ့အတူ The Mummy: Tomb of the Dragon Emperorနဲ့ပြီးခဲ့တဲ့ ၂၀၁၀မှာ Reign of Assassins တို့မှာလည်း ပါဝင်ခဲ့ပါတယ်။ ဒီလိုနဲ့ မီရှဲလ်ယိုးဟာ ၂၀၁၀နှစ်စမှာ ဒေါ်အောင်ဆန်းစုကြည် အကြောင်း ရိုက်ကူးမယ့် အတ္ထုပ္ပတ္တိရုပ်ရှင် The Lady ဇာတ်ကားမှာ ဒေါ်အောင်ဆန်းစုကြည်နေရာက ပါဝင်သရုပ်ဆောင်ဖို့အကြောင်း ဖန်လာခဲ့ပါတယ်။ ဒ့ါကြောင့် ဒေါ်စုနေရာ သရုပ်ဆောင်နိုင်ဖို့ ဝိတ်လျှော့ခဲ့ပြီး ပြင်ဆင်မှုတွေအများကြီးလုပ်ခဲ့ရတယ်လို့ မီရှဲလ်ယိုးက နယူးဝိခ်မဂ္ဂဇင်းကိုပြောခဲ့ပါတယ်။

**The Lady ရုပ်ရှင်အချက်အလက် အချို့**

ဒါရိုက်တာ – လက်ဘင်ဆင် Luc Besson
ဇာတ်လမ်း/ဇာတ်ညွှန်း – ရီဘက်ကာဖရင်း
သရုပ်ဆောင်များ – မီရှဲလ်ယိုး (အောင်ဆန်းစုကြည်)၊ ဒေးဗစ်သ ယူးလစ် (မိုက်ကယ်အဲရစ်)၊ ဂျိုနသန်ရတ်ဂတ် (ကင်မ်အဲရစ်)
ဂျိုနသန်ဝုဒ်ဟောက်စ် (အလက်ဇန္ဒားအဲရစ်)
ဖြန့်ချိရေး – Europa Corp (ပြင်သစ်)၊ Entertaiment Film Distributors UK, Conhen Media Group (US)
ဖြန့်ချိမည့်နေ့ – ၃၀ နိုဝင်ဘာ ၂၀၁၁
ပြသချိန် – ၁၃၅ မိနစ်
ဇာတ်ကားအမျိုးအစား – ဒရာမာ၊ ရိုးမန့်စ်၊ အတ္ထုပ္ပတ္တိရုပ်ရှင်
မှတ်ချက်။ ဤဇာတ်ကားကို ပြီးခဲ့သည့် စက်တင်ဘာ ၁၂ တွင် (၃၆) ကြိမ်မြောက်တိုရွန်တိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ အထူးပွဲပြသခဲ့ပြီးဖြစ်သည်။


—Ref: Q&A: Michelle Yeoh/ - Newsweek:

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Real Steel | DreamWorks | ၂၇,၃၁၉,၆၇၇ | ၁ |
| ၂။ | The Ides of March | Sony Picture | ၁၀,၄၇၀,၁၄၃ | ၁ |
| ၃။ | Dolphin Tale | Warner Bros. | ၄၉,၀၄၀,၇၃၆ | ၃ |
| ၄။ | Moneyball | Sony Pictures | ၄၉,၂၀၇,၁၆၇ | ၃ |
| ၅။ | 50/50 | N/A | ၁၇,၄၈၂,၅၂၁ | ၂ |
| ၆။ | Courageous | TriStar Pic: | ၁၆,၁၆၀,၀၃၂ | ၂ |
| ၇။ | The Lion King | Walt Disney | ၈၆,၀၀၈,၅၉၅ | ၄ |
| ၈။ | Dream House | Universal Pic: | ၁၄,၄၆၇,၄၉၀ | ၂ |
| ၉။ | What's Your Number? | 20th Century Fox | ၁၀,၃၈၂,၈၀၀ | ၂ |
| ၁၀။ | Contagion | Warner Bros: | ၆၉,၀၂၆,၅၄၃ | ၅ |

## Movie Review
## Johnny English Reborn



သူ၏ နောက်ဆုံးစွန့်စားခန်းတွင် ဗြိတိန်ဘုရင်မကြီး၏ အထူးစုံထောက်ဂျော်နီတစ်ယောက် နိုင်ငံတကာလုပ်ကြံရေးသမားများက ကမ္ဘာ့ခေါင်းဆောင်တစ်ဦးအား လုပ်ကြံမည့်အရေးကို ကာကွယ်ရမည်ဖြစ်သည်။ MI.7 ၏ထိပ်တန်းစုံထောက်မှာ ၎င်း၏ နောက်ဆုံးအထူးတာဝန်ပြီးဆုံးသည့်နောက် ဝေးလံသော အာရှဒေသတွင် နေထိုင်နေရာမှ ကမ္ဘာကြီးက သူ့ကိုလိုအပ်လာသောအခါ ပြန်လည်လှုပ်ရှားရပြီး အဆင့်မြင့်ကိရိယာများကို အသုံးပြုရင် KGB, CIA နှင့် MI7 ပင်ပါဝင်ပတ်သက်နေသော အဖွဲ့ကြီးကို ဖြိုခွင်းရမည်ဖြစ်သည်။ အမှားအယွင်းရှိနိုင်သော်လည်း ကျရှုံး၍ မဖြစ်သော တာဝန်ကို ဂျော်နီဘယ်လိုထမ်းဆောင်မလဲဆိုတာ. . .။

Mr.Bean ဇာတ်ကောင် Rowan Atkinson, Gillian Anderson, Pierce Brosnan တို့ပါဝင်သရုပ်ဆောင်ထားသည့် အက်ရှင်၊ စွန့်စားခန်း၊ ဟာသ ဇာတ်ကားအား Oliver Parker ကရိုက်ကူးထားပြီး Universal Pictures ကအောက်တိုဘာ ၂၁ တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7 DAY NEWS JOURNAL

Vol.10, No.31 • OCTOBER 20, 2011




* အားကစားကြယ်ပွင့် *

## စံချိန်သစ်များဖြင့် ရှူးမေကာလက်သစ် (or [w]) ဗတ်တဲလ်

**ကိုအေးမြတ်**

ဂျာမန်လူမျိုးဖော်မြူလာဝမ်း ကားမောင်းချန်ပီယံဆီဘတ်စတီ ယန်ဗတ်တဲလ်ကို လက်ရှိကမ္ဘာ့ကားမောင်းပြိုင်ပွဲလောကရဲ့ ဘုရင်တစ်ပါးအဖြစ် သတ်မှတ်ကြပါတယ်။ဗတ်တဲလ်ဟာ Red Bull အသင်းရဲ့ ဒရိုင်ဘာတစ်ဦးဖြစ်ပြီး လက်ရှိမှာ ၂၀၁၀ နဲ့ ၂၀၁၁ နှစ်နှစ်ဆက်တိုက် ဖော်မြူလာဝမ်း ချန်ပီယံဘွဲ့ကို ရထားတာမို့ ယခင် ဂျာမန်ကားမောင်း ချန်ပီယံကြီး မိုက်ကယ်ရှူးမေကာနဲ့ နှိုင်းယှဉ်ကာ ရှူးမေကာလက်သစ်ရယ်လို့လည်း တင်စားခံရပါတယ်။

**ကြိုးစားခဲ့တဲ့ ဗက်တဲလ်**

ဆီဘတ်စတီယန်ဗတ်တဲလ်ကို ၁၉၈၇ ဇူလိုင် ၃ ရက်မှာမွေးခဲ့ပြီး ထိုစဉ်က အနောက်ဂျာမနီနိုင်ငံဟမ်ဖင်ဟိုင်းမ်ဇာတိမြို့ဖွားဖြစ်ပါတယ်။ ဗတ်တဲလ်ဟာ ငယ်စဉ်ဘဝကတည်းက ဂျူနီယာကားမောင်းပြိုင်ပွဲအမျိုးမျိုးမှာ ဝင်ပြိုင်ပြီး အောင်မြင်မှုရခဲ့တာပါ။ သူဟာ ၂၀၀၁ ခုနှစ်အသက် ၁၄ နှစ် အရွယ်မှာပဲ Junior Monaco Kort Cup ဝင်ပြိုင်ကာ အနိုင်ရခဲ့ပြီး ၂၀၀၄ မှာတော့ Formula BMW ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပြိုင်ပွဲ ၂၀ ကစားပြီး ၁၈ ပွဲဗိုလ်စွဲကာချန်ပီယံဖြစ်ခဲ့တယ်။

ဗတ်တဲလ်ဟာ ဂျူနီယာပြိုင်ပွဲတွေမှာ အဆင့်ဆင့်အောင်မြင် မှုရပြီးနောက် ဖော်မြူလာဝမ်းပြိုင်ပွဲကို ၂၀၀၆ မှာ BMW Sauber အသင်းနဲ့ ဝင်ပြိုင်ခဲ့ပြီး တူရကီ၊ ဟန်ဂေရီနဲ့ အီတာလျံ ဂရင်းပရီပြိုင်ပွဲတွေမှာဝင်ပြိုင်ခဲ့ပါတယ်။ ဒီလိုနဲ့နောက်နှစ် ၂၀၀၇ မှာတော့ ဗတ်တဲလ်ဟာ BMW ရဲ့ပုံမှန်ဒရိုင်ဘာ ကူဘီကာနေရာအစားဝင်ပြီး ယူအက်စ်ဂရင်းပရီပြိုင်ပွဲကစပြိုင်ကာ ဖော်မြူလာဝမ်းပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံးနဲ့ ကမ္ဘာ့ချန်ပီယံရှစ်ရမှတ်ရတဲ့ ဒရိုင်ဘာဖြစ်လာခဲ့ပါတယ်။ ထိုစဉ်က ဗတ်တဲလ်ရဲ့ အသက်က ၁၉ နှစ်နဲ့ ၃၄၉ ရက်သာရှိပါသေးတယ်။ ဒီလိုနဲ့ ၂၀၀၇ မှာတော့ဗတ်တဲလ်ဟာ BMW အသင်းကနေ Red Bull အသင်းကိုပြောင်းရွှေ့ခဲ့ပြီး ဟန်ဂေရီဂရင်းပရီပြိုင်ပွဲကစလို့ဝင်ပြိုင်ခဲ့ပါတယ်။ ၎င်းဟာ Red Bull ရဲ့ Toro Rosso အသင်းမှာ ထိုနှစ်ပြိုင်ပွဲ ရာသီကဝင်ငွေဒေါ်လာ ၁၆၅,၀၀၀ အထိရခဲ့ပြီး အောင်မြင်ခဲ့ပါတယ်။ ဒါ့ကြောင့် Red Bull အသင်းပိုင်ရှင် ဒီယားထရစ်မတ်တက်စ်ချစ်ကဗတ်တဲလ်ဟာ နောင်အနာဂတ်မှာ ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ အောင်မြင်မှုအရှိဆုံး ဒရိုင်ဘာတစ်ဦးဖြစ်လာမယ်လို့ ဟောကိန်းထုတ်ခဲ့ပါတယ်။

**စာ(၅၁) သို့**

## ဂရင်းရှိုင်ရယ်က ၂၀၁၂ တွင် မြန်မာနေရှင်နယ်လိဂ်ကို စပွန်ဆာမပေးတော့

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

၂၀၀၉ ခုနှစ်မှစတင်၍ မြန်မာနေရှင်နယ်လိပ်ပြိုင်ပွဲအား အဓိကစပွန်ဆာအဖြစ် ပံ့ပိုးကူညီပေးခဲ့သည့် ဂရင်းရှိုင်ရယ်အနေဖြင့် လာမည့် ၂၀၁၂ ဘောလုံးရာသီတွင် ဆက်လက်စပွန်ဆာပေးမည် မဟုတ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့အနေနဲ့ သုံးနှစ်တာကာလအတွက် တာဝန်ယူကူညီဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခြား Brand တွေအတွက် နေရာပေးလိုက်ခြင်းဖြစ်ပါတယ်။ အခြားအကြောင်းအရာ မရှိပါဘူး။ နောက်တစ်ချိန်မှာ ကျွန်တော်တို့ စပွန်ဆာပြန်ပေးဖြစ်လာရင်လည်း ဖြစ်လာမှာပါ" ဟု အောက်တိုဘာ ၂ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ IBTC Group ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်မိုးကျော်က ပြောကြားခဲ့သည်။




**မြန်မာနေရှင်နယ်လိဂ်တွင် ရန်ကုန်နှင့်ဧရာဝတီယူနိုက်တက်တို့ယှဉ်ပြိုင်စဉ်** ဓာတ်ပုံ-အောင်အောင်

IBTC ကုမ္ပဏီသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား ၂၀၀၉ မှ ၂၀၁၁ ခုနှစ် အထိ Title Sponser အဖြစ် ပထမနှစ် ကျပ်သိန်းသုံးထောင်၊ ဒုတိယနှစ်ကျပ်သိန်းလေးထောင်၊ တတိယနှစ် ကျပ်သိန်းငါးထောင်ကို သုံးနှစ်စာချုပ်ဖြင့် စပွန်ဆာပေးခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ၎င်းကုမ္ပဏီသည် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ဉဿာယူနိုက်တက်အသင်းအား အထောက်အပံ့ပြုနေသည့်ကုမ္ပဏီ ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲအတွက် အခြားစပွန်ဆာများကို ရှာဖွေလျက်ရှိကြောင်း သိရှိရသည်။

## မြန်မာနေရှင်နယ်လိဂ်တွင် အသင်းနှစ်သင်းတိုးလာတော့မည်


**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ အောက်တိုဘာ-၁၄**

လာမည့် ၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၄ သင်းရှိလာတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာ ၂ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဦးဇော်ဇော်က လာမည့်နှစ်ပြိုင်ပွဲတွင် ချင်းပြည်နယ်ကိုယ်စားပြုအသင်းတစ်သင်းဝင်ရောက်ယှဉ်ပြိုင် မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ထို့အပြင်ပြည်နယ်နှင့်တိုင်းဒေသကြီး ကိုယ်စားပြု ၁၄ သင်းဖြစ်ပေါ်လာရန်ဆန္ဒရှိကြောင်းလည်း၎င်းကဆက်လက်ပြောသည်။ ယခုအခါ ကျန်ရှိနေသေးသည့် ကယားပြည်နယ်ကိုယ်စားပြုဘောလုံးအသင်းတစ်သင်းသည်လည်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် ဆွေးနွေးလျက်ရှိပြီး နောက်ဆုံးအဆင့်၌ ရောက်ရှိနေပြီဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"လာမည့်နှစ်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် အသင်းပေါင်း ၁၄ သင်းဖြစ်တော့မှာပါ။ ကယားပြည်နယ်ကိုယ်စားပြု အသင်းကလည်း ဥက္ကဋ္ဌနဲ့ ဆွေးနွေးတာနောက်ဆုံးအဆင့် ရောက်ရှိနေပါပြီ။ အဖွဲ့ချုပ်ကလည်း အသင်းပေါင်း ၁၄ သင်းနဲ့ပွဲစဉ်ဇယားရေးဆွဲဖို့စီစဉ်နေပါပြီ" ဟု ယခုလ ၁၄ ရက်တွင် အထက်ပါတာဝန်ရှိသူက ပြောကြားခဲ့သည်။ ၂၀၀၉ ခုနှစ်က အစပြုခဲ့သော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲသည် ပြိုင်ပွဲဝင်အသင်းပေါင်း ၈ သင်းဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။



# မြန်မာဘတ်စကက်ဘောအသင်း တရုတ် – အာဆီယံပြိုင်ပွဲဝင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

၂၀၁၁ ခုနှစ် တရုတ်-အာဆီယံ အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲသို့ မြန်မာအမျိုးသားဘတ်စကက်ဘောလက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပိုင်ဆဲ့မြို့တွင်အောက်တိုဘာ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မြန်မာအပါအဝင် အာဆီယံနိုင်ငံများနှင့် ကွမ်ချီးပြည်နယ် အသင်း(တရုတ်)တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"၂၀၀၈ ခုနှစ်က စတင်ပြီး နှစ်စဉ်ပြုလုပ်တဲ့ ဒီပြိုင်ပွဲကို အရင်နှစ်တွေကမြန်မာဝင်ရောက်ယှဉ်ပြိုင်ဖူးပေမယ့် ဆုမရခဲ့ဖူးပါဘူး။ လာမယ့်အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲအကြိုလက်ရည်သွေးတဲ့အနေနဲ့ ဒီပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်"ဟုမြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြိုင်ပွဲတွင် အဆင့်(၁)မှ (၆) အထိ အသင်းများကို ဆုကြေးငွေများချီးမြှင့်သွားမည်ဖြစ်ပြီး မြန်မာဘတ်စကက်ဘောအသင်းတွင်လူငယ်အများစုကို အခြေခံထားကြောင်း အဆိုပါတာဝန်ရှိသူကဆိုသည်။ လာမည့်အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ(အမျိုးသား၊ အမျိုးသမီး) ဘတ်စကက်ဘောအသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး တရုတ်နည်းပြဆရာနှင့်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ-၁၁**

စစ်တုရင်ပြိုင်ပွဲ အမျိုးအစားပေါင်းစုံပါဝင်မည့်(၃၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကိုအောက်တိုဘာ ၂၈ ရက်မှနိုဝင်ဘာ ၇ ရက်အထိအောင်ဆန်းအားကစားပြိုင်ဝင်း၊မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အလွတ်တန်း(အသင်းလိုက်)နှင့် လူငယ်(အသင်းလိုက်) စစ်တုရင်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ(အသင်းလိုက်)နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"စစ်တုရင်အားကစားနည်းမှာ ထူးချွန်ထက်မြက်တဲ့ အားကစားသမားများ၊ နိုင်ငံတစ်ဝန်းလုံးက ကစားသမားတွေ ပါဝင်ယှဉ်ပြိုင်ကြမယ့် ဒီပြိုင်ပွဲမှာစောင့်ကြည့်ရွေးချယ်သွားမှာပါ"ဟုမြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အထက်ပါပြိုင်ပွဲနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၇၅၅၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

## စာ(၅၀) အားကစားကြယ်ပွင့် မှ



၂၀၀၉ မှာတော့ ဗတ်တဲလ်ဟာ Red Bull Racing အသင်းကြီးမှာ အနားယူသွားတဲ့ ဒေးဗစ်ဘော့တ်ပတ်နေရာ အစားဝင်ခဲ့ပြီးဩစတေးလျန်း ဂရင်းပရီကစလို့ ဝင်ပြိုင်ခဲ့တယ်။ ၎င်းဟာ ထိုပွဲမှာဒုတိယရခဲ့ပြီး ဘာရိန်းဂရင်းပရီမှာလည်း ဒုတိယ ရခဲ့ပါတယ်။ ဒါပေမဲ့ ယူရိုပီယန်ဂရင်းပရီပြိုင်ပွဲမှာတော့ ကားအင်ဂျင်ပြဿနာကြောင့် အနားယူခဲ့ရတယ်။ ဒါပေမဲ့ ဗတ်တဲလ်ဟာ ၂၀၀၉ တစ်နှစ်လုံး ခြုံကြည့်ရင် Red Bull အသင်းနဲ့အတူ ကမ္ဘာ့အဆင့်နှစ်ရခဲ့ကာ 2009 DHL Fastest Lap Award ဆုကိုလည်း ရခဲ့ပါတယ်။

**အောင်မြင်မှုများနှင့် ၂၀၁၀၊ ၂၀၁၁**

ပြီးခဲ့တဲ့ ၂၀၁၀ နဲ့ ၂၀၁၁ နှစ်တွေကတော့ ဗတ်တဲလ်အတွက် ကမ္ဘာ့အဆင့်နှစ်ကနေ အဆင့်တစ်ထပ်ဖြစ်ခဲ့တဲ့ နှစ်တွေပါပဲ။ ဗတ်တဲလ်ဟာ ၂၀၁၀ ရာသီအတွင်း ပြိုင်ပွဲ ၁၉ ပွဲမှာ ငါးကြိမ်နိုင်ခဲ့သလို ပြိုင်ပွဲတစ်လျှောက် စုစုပေါင်းရမှတ် ၂၅၆ မှတ်နဲ့အမှတ်အများဆုံးရကာ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့တယ်။ ဒီ ၂၀၁၁ မှာတော့ပြိုင်ပွဲအနိုင်ရမှု ကိုးကြိမ်အထိရှိခဲ့ကာ စုစုပေါင်းရမှတ်ပေါင်းမှာလည်း ၎င်းရဲ့ သက်တမ်းတစ်လျှောက်အများဆုံးအဖြစ် ၃၂၄ မှတ်အထိရခဲ့ကာ ထပ်မံဗိုလ်စွဲပြီး စံချိန်သစ်ရခဲ့တယ်။ ဒါ့ကြောင့် ၎င်းဟာဖော်မြူလာဝမ်း ပြိုင်ပွဲသမိုင်းမှာ အသက်အငယ်ဆုံး နှစ်ထပ်ကွမ်းချန်ပီယံဖြစ်ခဲ့သလို ၂ နှစ်ဆက်တိုက်ချန်ပီယံဆုရခဲ့တဲ့ ဒရိုင်ဘာတစ်ဦးအဖြစ်လည်းစာရင်းဝင်ခဲ့တယ်။

**ရှူးမေကာနဲ့ နှိုင်းယှဉ်ချက်**

ဗတ်တဲလ်ဟာ ဖော်မြူလာဝမ်းပြိုင်ပွဲမှာစတင်အောင်မြင်လာချိန်ကတည်းက တစ်နိုင်ငံတည်းသားရှူးမေကာနဲ့ မီဒီယာတွေမှာ နှိုင်းယှဉ်ခြင်းခံခဲ့ရပါတယ်။ ဒါပေမဲ့ သူ့ရဲ့ပြိုင်ကားမောင်းဟန်က ရှူးမေကာနဲ့ ကွာခြားပါတယ်။ ဗတ်တဲလ်ဟာ လျင်မြန်မှု၊ အာရုံစူးစိုက်မှုအပြည့်နဲ့ မောင်းနှင်တတ်ပြီး ပြိုင်ကားရဲ့ နည်းပညာပိုင်းကိုပါ အထူးစိတ်ဝင်စားလေ့လာတတ်တာမို့ လူနဲ့ကားနဲ့တစ်ထပ်တည်းကျအောင် အမြန်မောင်းနှင်နိုင်တယ်လိုဆိုစမှတ်ပြုကြပါတယ်။

ရှူးမေကာနဲ့ သူနဲ့ကြားက ကွာခြားချက် နောက်တစ်ခုကလည်းဗတ်တဲလ်ဟာ သူ့ရဲ့ ပြိုင်ပွဲဝင်ကားတွေကို ဂျူလီ၊ ကိတ်၊ ရန်ဒီမန်ဒီစသဖြင့် အမည်အမျိုးမျိုးပေးထားကာ ပြိုင်ပွဲဝင်တတ်ခြင်းပါပဲ။ ရှူးမေကာနဲ့ ဗတ်တဲလ်ရဲ့ တူညီမှုတွေထဲက အထင်ရှားဆုံးကတော့ သူတို့နှစ်ဦးစလုံး အသက်ငယ်ငယ်နဲ့ကမ္ဘာ့ချန်ပီယံဘွဲ့ကို ၂နှစ်ဆက်တိုက်ရဖူးတာဖြစ်ပါတယ်။

**ဗတ်တဲလ်ရဲ့ ပုဂ္ဂိုလ်ရေးဘဝ**

ဆီဘတ်စတီယန်ဗတ်တဲလ်ဟာငယ်စဉ်က ကျောင်းမှာဆိုးသွမ်းကျောင်းသားလေးတစ်ဦး ဖြစ်ခဲ့ဖူးပေမယ့် အထက်တန်းကျောင်းထွက်လက်မှတ်ကိုတော့ အဆင့်မြင့်မြင့်နဲ့ အောင်မြင်စွာရခဲ့သူဖြစ်တယ်လို့ သူ့အင်တာဗျူး တစ်ခုမှာပြောဖူးပါတယ်။ ၎င်းရဲ့ငယ်ဘဝသူရဲကောင်း သုံးဦးကတော့ 'မိုက်ကယ်သုံးဦး' လို့ခေါ်ရမယ့် မိုက်ကယ်ရှူးမေကာ၊ မိုက်ကယ်ဂျက်ဆင်နဲ့ မိုက်ကယ်ဂျော်ဒန်တို့ပဲဖြစ်တယ်လို့ ဆိုတယ်။

ဗတ်တဲလ်ဟာ ဆွစ်ဇာလန်မှာ အခြေစိုက် နေထိုင်သူဖြစ်ကာ ဂျာမန် ဘောလုံးအသင်းအိန်ထရက် ဖရန့်ဖွတ်ကလပ်ကို အားပေးသူဖြစ်တယ်။ ။



7DAY NEWS JOURNAL
Vol.10 · OCTOBER 20, 2011

# မန်ယူ – မန်စီးတီး မန်ချက်စတာဒါဘီပွဲနဲ့ စောင့်ကြည့်ရမယ့်



**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၉) မှာတော့ လီဗာပူး၊ အာဆင်နယ်၊ ဗီလာတို့အိမ်ကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး ချယ်လ်ဆီး၊ စပါး၊ မန်စီးတီး၊ အဲဗာတန်တို့ကတော့ အဝေးကွင်းပွဲတွေ ကစားရမှာပါ။ ဒီထဲကမှ တနင်္ဂနွေပွဲကြီးပွဲကောင်းအဖြစ် မန်ယူနဲ့ မန်စီးတီးတို့ရဲ့ မန်ချက်စတာဒါဘီပွဲကို ရှုစားရမှာမို့ စိတ်ဝင်စားစရာ ရက်သတ္တပတ်ဖြစ်လာမှာပါ။

*၂၂ အောက်တိုဘာ (စနေ)*

**ဝုလ် – ဆွမ်းဆီး**

ညနေ ၆ နာရီ ၁၅ မိနစ်

ယမန်နှစ်ရလဒ် – မရှိ

ဒီနှစ်သင်းနောက်ဆုံးတွေ့ဖူးတာ ၂၀၀၈ ချန်ပီယံရှစ်ပြိုင်ပွဲမှာဖြစ်ပြီး ထိုစဉ်က နှစ်သင်းစလုံး အိမ်ကွင်းနိုင်ပွဲတစ်ပွဲစီ ရခဲ့တယ်။ လက်ရှိမှာ ဝုလ်တို့ အိမ်ကွင်းမှာ ကစားရမှာမို့အခြေအနေပိုကောင်းနိုင်ပြီး အိမ်ရှင်ကိုပဲ အားပေးရမှာပါ။ နှစ်သင်းပေါင်းသွင်းဂိုးနည်းမယ့်ပွဲဖြစ်ပါတယ်။

**ဗီလာ – ဝက်စ်ဘရွန်း**

ည ၈ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် ၂–၁

နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဗီလာက သုံးကြိမ်နိုင်ပြီး ဝက်စ်ဘရွန်းက တစ်ကြိမ်နိုင်၊ တစ်ကြိမ်သရေကျထားတယ်။ မှတ်တမ်းတွေအရ ဗီလာဟာ ဝက်စ်ဘရွန်းနဲ့ နောက်ဆုံးအိမ်ကွင်းသုံးပွဲ ရှုံးပွဲမရှိသေးဘူး။ အဘွန်လဟော်ပါဝင်တဲ့ ဗီလာတိုက်စစ်ကို ယုံကြည်ရမှာပါ။ ဝက်စ်ဘရွန်း အများဆုံးရရင် သရေပါပဲ။

**ဘော်လ်တန် – ဆန်းဒါးလန်း**

ည ၈ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် ၁–၂

ဘော်လတန်တို့ အိမ်ကွင်းမှာမကျောတဲ့ ဆန်းဒါးလန်းကို ယှဉ်ဖို့မလွယ်ပါဘူး။ နောက်ဆုံးတွေ့ဆုံထားမှု ငါးကြိမ်မှာ ဆန်းဒါးလန်းလေးကြိမ်နိုင်၊ တစ်ကြိမ်သရေကျထားတယ်။ အဝေးကွင်းနိုင်ပွဲရှာမယ့် ဆန်းဒါးလန်းကိုရွေးချယ်ရမှာပါ။

**နယူးကာဆယ် – ဝီဂန်**

ည ၈ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် ၂–၂

နယူးကာဆယ်တို့ ဒီရာသီအစမှာ တောက်လျှောက်ခြေစွမ်းတည်ငြိမ်နေပြီး အိမ်ကွင်းရလဒ်ပိုင်းလည်း ကောင်းမွန်နေတယ်။ ဝီဂန်ဟာ ယခင်က နယူးကာဆယ်နဲ့တွေ့တိုင်း အကြိတ်အနယ်ကစားနိုင်ပေမယ့် ဒီပွဲမှာ ခြေတက်နေတဲ့ အိမ်ရှင်နယူးကာဆယ်ကပဲ ဦးဆောင်သွားမှာပါ။ သွင်းဂိုးနည်းနိုင်တယ်။

**လီဗာပူး – နော့ဝစ်ချ်**

ည ၈ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် – မရှိ

လီဗာပူးအတွက် ဂျရတ်ပြန်လည်ပါဝင်လာနိုင်သလို ဆွာရက်ဇ်၊ ဒေါ့ကုချ်တို့ရဲ့ တိုက်စစ်ပိုင်းကလည်း အချိတ်အဆက်မိနေတာကြောင့် အိမ်ရှင်ဘက်က နိုင်ခြေများနေတာအမှန်ပါပဲ။ နော့ဝစ်ချ်အတွက် ခက်ခဲတဲ့ အဝေးကွင်းပွဲပါ။

*၂၃ အောက်တိုဘာ (တနင်္ဂနွေ)*

**အာဆင်နယ် – စတုတ်စီးတီး**

ည ၇ နာရီ

ယမန်နှစ်ရလဒ် ၁–၀

အာဆင်နယ်တို့ အိမ်ကွင်းဆိုပေမယ့် မန်ယူကို အကြိတ်အနယ်ကစားခဲ့တဲ့ စတုတ်ကို ပေါ့ပေါ့ဆဆကစားလို့မရပါဘူး။ အာရှာဗင်၊ ဗန်ပါစီတို့ရဲ့ အာဆင်နယ်ရှေ့တန်းဟာ ကွင်းလယ်ပံ့ပိုးမှု သိပ်မကောင်းတာကြောင့် ဂိုးသွင်းခြေကျနေတယ်။ အာဆင်နယ် ဂိုးနည်းနည်းနဲ့ပဲ နိုင်ဖို့ရှိပြီး မထင်မှတ်ဘဲ သရေပွဲ ဖြစ်နိုင်တဲ့အနေအထားပါ။

**ဖူလ်ဟမ် – အဲဗာတန်**

ည ၇ နာရီ

ယမန်နှစ်ရလဒ် ၀–၀

ဖူလ်ဟမ်တို့ အိမ်ကွင်းပွဲမှာ မကျောတဲ့ အဲဗာတန်ကို ယှဉ်ပြိုင်ရမှာမို့ နိုင်ခြေအများကြီး မရှိပါဘူး။ အဲဗာတန်ရဲ့ ကွင်းလယ်နဲ့ ခံစစ်ပိုင်း ကစားပုံဟာအဝေးကွင်းမှာတိုးတက်လာနိုင်ပြီး ဖူလ်ဟမ်ကိုအခက်တွေ့စေနိုင်ပါတယ်။ အဲဗာတန် အနိမ့်ဆုံးသရေ တစ်မှတ်ရနိုင်ပြီး ဂိုးနည်းနည်းနဲ့ နိုင်ခြေလည်းရှိနေတယ်။

**မန်ယူ – မန်စီးတီး**

ည ၇ နာရီ

ယမန်နှစ်ရလဒ် ၂–၁

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ပြီးခဲ့တဲ့ဧပြီက အက်ဖ်အေဖလားပွဲ တစ်ကြိမ်သာ မန်စီးတီးက အလဲထိုးနိုင်ခဲ့တယ်။ မန်ယူက သုံးကြိမ်နိုင်၊ မန်စီးတီး တစ်ကြိမ်နိုင်ပြီး တစ်ကြိမ် ဂိုးမရှိသရေကျဖူးတယ်။ ဒါပေမဲ့ မန်စီးတီးတို့ဒီနှစ်မှာ ရှေ့တန်းနဲ့ အလယ်တန်းတိုက်စစ်အား အကောင်းဆုံးဖြစ်နေတာမို့ မန်ယူတို့ အိမ်ကွင်းမှာနိုင်ခြေမများနိုင်ဘူး။ မန်ယူရဲ့ ခံစစ်က မန်စီးတီးရဲ့ အဂူရို၊ တီဗက်ဇ်၊ ဘာလော့တယ်လီတို့ကို တောင့်ခံနိုင်မလား စောင့်ကြည့်ရမယ်။ မန်စီးတီးကို ပိုကြိုက်ပါတယ်။ သရေဆိုလည်း မျှတတဲ့အဖြေပါပဲ။

**ဘလက်ဘန်း – တော့တင်ဟမ်စပါး**

ည ၈ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် ၀–၁

ဘလက်ဘန်းဟာ ဒီရာသီမှာ ခြေစွမ်းအကောင်းဆုံး မရှိသေးပေမယ့် အိမ်ကွင်းမှာတော့ စပါးကို အကြိတ်အနယ် ကစားမှာ သေချာတယ်။ စပါးရဲ့ တိုက်စစ်အဝေးကွင်းမှာ ခြေစွမ်းပြနိုင်မလား စောင့်ကြည့်ရမယ်။ ညှော့သည် စပါးတို့ အနည်းငယ်သာပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ စပါးနိုင်မယ်ထင်တယ်။

**ကျူပီအာ – ချယ်လ်ဆီး**

ည ၉ နာရီ ၃၀ မိနစ်

ယမန်နှစ်ရလဒ် – မရှိ

အိမ်ရှင်ကျူပီအာတို့ ချယ်လ်ဆီးကို ခံစစ်ကစားရမယ့် ပွဲပါ။ ချယ်လ်ဆီးရဲ့ အလယ်တန်းမှာ လမ်းပတ်ခြေပြန်တက်လာနေပြီး အနယ်ကာ၊ ရာမီရက်စ်၊ မာတာတို့ရဲ့ ကွင်းလယ်ပိုင်းက သမ္မာနဲ့ ထိန်းကစားနိုင်တယ်။ တောရက်စ် ဂိုးသွင်းနိုင်ဖွယ်ရှိပြီး ညှော့သည် ချယ်လ်ဆီးတို့ အနိုင်ရမယ့် ပွဲပါ။ နှစ်ဂိုးလောက်ရနိုင်ပါတယ်။





# နိုင်ငံ၏ ရေဝယ်သုံးပုံတစ်ပုံအား ဘေးအန္တရာယ်ရေဝယ်အဖြစ် ထိုင်းအစိုးရ ကြေညာ

**ဘန်ကောက်၊ အောက်တိုဘာ - ၁၂**

နိုင်ငံ၏ ခရိုင်ဒေသကြီး သုံးပုံတစ်ပုံမှာ ဘေးအန္တရာယ်ဇုန်များ ဖြစ်ကြောင်းထိုင်းနိုင်ငံက အောက်တိုဘာလ ၁၂ ရက်တွင်ကြေညာလိုက်သည်။ ဆယ်စုနှစ်များစွာအတွင်း အဆိုးဝါးဆုံး ကြုံတွေ့နေရသည့် ရေကြီးမှုကြောင့်လည်း ကားထုတ်လုပ်မှုများ ရပ်တန့်ထားရန် တိုယိုတာကုမ္ပဏီကြီးက ပြောကြားခဲ့သည်။

နှစ်လကျော်ကာလအတွင်း လူသန်းပေါင်းများစွာ၏ နေအိမ်များ၊ လုပ်ငန်းများ ပျက်စီးခဲ့ပြီး လူပေါင်း ၂၈၁ ဦးလည်း အသက်ဆုံးရှုံးခဲ့ရာ အစိုးရကကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရန် စီစဉ်ခဲ့ရသည်။

"ရေကြီးတဲ့ နေရာတွေအကုန်လုံးကို ဘေးအန္တရာယ်ရေဝယာတွေ အဖြစ် အစိုးရက ကြေညာလိုက်တာဟာ အုပ်ချုပ်ရေးမှူးတွေ အနေနဲ့လုပ်ပိုင်ခွင့်အာဏာတွေပိုမိုကျင့်သုံးခွင့်ရပြီး ပစ္စည်းပစ္စယတွေ၊ ဘတ်ဂျက်တွေ ပိုပြီးထုတ်ပေးနိုင်ဖို့ပါ" ဟုဒုတိယဝန်ကြီးချုပ်ယောင်ယွတ်ဝီချိုင်ဒစ်က ပြောကြားသည်။

လောလောဆယ်တွင် ခရိုင်ဒေသကြီး ၇၇ ခုအနက်မှ ၂၆ ခုတွင်ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေပြီး ၎င်းဒေသများမှ လျှံထွက်စီးဆင်းလာသော ရေများအောက်တိုဘာလလယ်ခန့်တွင် မြို့တော်ဘန်ကောက်သို့ရောက်ရှိလာမည်ဟုခန့်မှန်းပြီး တားဆီးရန် ပြင်ဆင်မှုများပြုလုပ်နေကြသည်။ အဓိကလေဆိပ်တွင်ရေကြီးမှု ကာကွယ်ရေးလုပ်ငန်းများ မြှင့်တင်ထားပြီး လူဦးရေ ၁၂ သန်းရှိသော မြို့တော်၌ နေထိုင်သူများကလည်း သဲအိတ်များ၊ တာရှည်ခံ အစားအသောက်များ၊ အခြားလိုအပ်သောပစ္စည်းများကို စုဆောင်းထားကြကြောင်း သိရသည်။

—Ref: UPI

# ကဒါဖီ၏ စတုတ္ထသားကို ဖမ်းဆီးရမိ

**ဘေဂျင်း၊ အောက်တိုဘာ - ၁၂**

ရာထူးမှဖြုတ်ချခံခဲ့ရသောလစ်ဗျားခေါင်းဆောင် ကဒါဖီ၏ စတုတ္ထသား မူတက်ဆင်အား အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ တိုက်ခိုက်ရေးသမားများကဆာတီမြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း NTC စစ်ဘက်အရာရှိတစ်ဦးက ပြောကြားသည်။

ကဒါဖီလက်ထက်တွင် အမျိုးသားလုံခြုံရေးအကြံပေးတစ်ဦးဖြစ်သော မူတက်ဆင်သည် ဆာတီမြို့၌ ပုန်းအောင်းနေနိုင်ပြီး ကဒါဖီ၏ အခြားသားတစ်ဦးဖြစ်သူဆာအစ်အစ္စလာမ်သည် ဘာနီဝါလစ်မြို့တွင် ရှိနေနိုင်ကြောင်း စက်တင်ဘာလ နှောင်းပိုင်းက NTC ကဟောကိန်းထုတ်ခဲ့သည်။ ဆာတီနှင့် ဘာနီဝါလစ်မြို့တို့မှာ လစ်ဗျားခေါင်းဆောင်ဟောင်းအတွက်နောက်ဆုံးခုခံတိုက်ခိုက်နေသောမြို့များ ဖြစ်သည်။

ယခုအခါဆာတီမြို့အား အပြည့်အဝထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း NTCကာကွယ်ရေးအရာရှိ မိုဟာမက်တေနက်ဇ်ကဆင်ဟွာသတင်းဌာနအားပြောကြားသည်။ "ဆာတီမြို့လွတ်မြောက်ပြီဖြစ်ကြောင်း ကြေညာချက်ကို နောက် ၂၄ နာရီအတွင်း ကြေညာနိုင်ပါလိမ့်မယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကဒါဖီ၏သားအားမဖမ်းဆီးနိုင်ခင်တစ်ရက်က အမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ ဥက္ကဋ္ဌမူဆာဖာအဗ္ဗဒီဂျာလီလ်သည် ဆာတီမြို့သို့လာရောက်ခဲ့ပြီး ဆာတီမြို့အား အပြည့်အဝ ထိန်းချုပ်နိုင်ရန် အချိန်နှစ်ရက်ခန့်ယူရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ထိုအတောအတွင်း တောင်ကုန်းများကြားတည်ရှိသော ဘာနီဝါလစ်မြို့အား အပြီးသတ်ထိုးစစ်များဆင်နွှဲသွားမည်ဖြစ်ကြောင်း NTC အရာရှိကပြောသည်။

—Ref: Xinhua

# စားနပ်ရိက္ခာဈေးနှုန်းများ ဆက်လက်မြင့်တက်နေဖွယ်ရှိကြောင်း ကုလသမဂ္ဂဆို

**ကုလသမဂ္ဂ၊ အောက်တိုဘာ - ၁၁**


ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ ဆက်လက်မြင့်မားနိုင်ပြီး အပြောင်းအလဲလည်းများနိုင်ကြောင်းနှင့် ထို့အတွက်ကြောင့် လယ်သမားများ၊ စားသုံးသူများနှင့် ဆင်းရဲသောနိုင်ငံများသည် ဆင်းရဲမွဲတေခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်းတို့ကို ပိုမိုကြုံတွေ့ရဖွယ်ရှိကြောင်း ကုလသမဂ္ဂပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ နိုင်ငံတကာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအဖွဲ့တို့မှ ထုတ်ပြန်သည့် နှစ်စဉ်အစီရင်ခံစာတွင် ယင်းအချက်ကို ဖော်ပြထားကြောင်းကုလသမဂ္ဂလက်ထောက်ပြောရေးဆိုခွင့်ရှိသူ အက်ကွာဒိုဒယ်ဘွေးက ပြောကြားသည်။

အာဖရိက ဦးချိုဒေသအပါအဝင်ကမ္ဘာတစ်ဝန်းတွင်ကြုံတွေ့နေရသော စားနပ်ရိက္ခာအကျပ်အတည်းကြောင့် ၂၀၁၅ ခုနှစ်၌ကမ္ဘာပေါ်တွင် ငတ်မွတ်မှုရင်ဆိုင်နေရသော လူဦးရေထက်ဝက်လျှော့ချရေး ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ကို စိန်ခေါ်နေကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာဆိုင်ရာအဖွဲ့အကြီးအကဲများက ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင်ကုလသမဂ္ဂ၏ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီခဲ့လျှင်ပင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူပေါင်း သန်း ၆၀၀ သည် အာဟာရချို့တဲ့နေဦးမည်ဖြစ်ကြောင်း၊ နေ့စဉ်လူပေါင်းသန်း ၆၀ ခန့်မှာငတ်မွတ်မှုရင်ဆိုင်နေရခြင်းသည်လက်ခံနိုင်စရာမရှိကြောင်း ကုလအရာရှိက ဆက်လက်ပြောသည်။ ထို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းတစ်ရပ်လုံးက ယင်းကိစ္စကို ချက်ချင်းလက်ငင်းကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

—Ref: Xinhua






7 DAY NEWS JOURNAL
Vol.10, No.31 • OCTOBER 20, 2011

## နယူးဇီလန်နိုင်ငံအနီး သောင်တင် ဆီယိုနေသောသင်္ဘော ထက်ပိုင်းကျိုးနိုင်

**တူရန်ဂါ၊ အောက်တိုဘာ - ၁၂**

နယူးဇီလန်နိုင်ငံအနီး သန္တာကျောက်တန်းများပေါ်တွင် သောင်တင်၍ ဆီများယိုဖိတ်နေသော သင်္ဘောသည် ထက်ပိုင်းကျိုးနိုင်ပြီး ဆီအမြောက်အမြား ထပ်မံယိုစိမ့်မည့်အပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် ၎င်းသင်္ဘောကပ္ပတိန်အား နယူးဇီးလန်နိုင်ငံတွင် တရားစွဲထားကြောင်း သိရသည်။


Photo- Reuters

ကြံ့ခိုင်မှုနည်းနေပြီဖြစ်သော ကုန်သေတ္တာတင်သင်္ဘော 'ရီနာ'၏ဝမ်းဗိုက်ပိုင်း၌ အက်ကြောင်းများတွေ့ရှိလာရကြောင်း၊ သင်္ဘောမှာလည်းမုန်တိုင်းထန်နေသော ပင်လယ်ပြင်တွင် တစ်ဖက်စောင်းနေကြောင်း နယူးဇီလန်ဝန်ကြီးချုပ်ဂျွန်ကီးကပြောသည်။

လိုက်ဘေးရီးယားနိုင်ငံအလံလွှင့်တင်ထားသောကုန်သေတ္တာတင်သင်္ဘောသည်အောက်တိုဘာ ၅ရက်တွင်နယူးဇီလန်နိုင်ငံမြောက်ကျွန်းကမ်းခြေမှ ၁၅ မိုင်အကွာ Astrolabe သန္တာကျောက်တန်း၌သောင်တင်ခဲ့ပြီး ရေနံတန် ၃၀၀ ခန့်ယိုစိမ့်ခဲ့ကာ နယူးဇီလန်၏ သဘာဝ အလှပဆုံး ပင်လယ်ပြင်ကို ညစ်ညမ်းစေခဲ့သည်။ အကယ်၍သာ သင်္ဘောထက်ပိုင်းကျိုးသွားပြီး ရေနံတန်ပေါင်း ၁၇၀၀ လုံးအန်ထွက်လာပါက နယူးဇီလန်နိုင်ငံအနေဖြင့် ပိုမိုဆိုးဝါးသော ဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။

၎င်းသင်္ဘောပေါ်တွင် ကုန်သေတ္တာတင်အလုံးရေ ၁၃၆၈ ခန့်တင်ဆောင်ထားပြီး အလုံးရေ ၇၀ ခန့်ရေထဲကျသွားပြီဖြစ်သည်။ အသက် ၄၄ နှစ်အရွယ် ဖိလစ်ပိုင်ကပ္ပတိန်အားလည်း အန္တရာယ်ကျရောက်အောင် ခုတ်မောင်းမှုဖြင့် တရားစွဲဆိုထားသည်။

—*Ref: AFP*


## ဘလက်ဘယ်ရီဖုန်းပြဿနာ အမေရိကန်ထိတိုင်ပျံ့နှံ့လာ

**အိုတာဝါ၊ အောက်တိုဘာ - ၁၃**

ဘလက်ဘယ်ရီ စမတ်ဖုန်းစနစ်ပြဿနာများသည် ဥရောပမှနေ၍ အမေရိကန်နိုင်ငံအထိပါ ပျံ့နှံ့လာကြောင်း သိရသည်။ အောက်တိုဘာလ ၁၂ ရက်မှစ၍ ဝန်ဆောင်မှု ပြတ်တောက်ခြင်းများ ကြုံတွေ့နေရကြောင်း ဖုန်းအသုံးပြုသူများက ပြောကြားပြီး ၎င်းတို့က တွစ်တာစာမျက်နှာပေါ်တွင် ယင်းကိစ္စများကို ရေးသားခဲ့ကြသည်။

ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိက ဒေသများတွင်လည်း လွန်ခဲ့သော နှစ်ရက်အတွင်း ဘလက်ဘယ်ရီဖုန်းဝန်ဆောင်မှုများ ပြတ်တောင်းပြတ်တောင်းသာရရှိခဲ့သည်။

ဘလက်ဘယ်ရီပိုင်ရှင်ကုမ္ပဏီ RIM (Research in Motion) ကမူ အာရှနှင့် အမေရိကန်ဒေသများမှ ဥရောပသို့ ပေးပို့သော အီးမေးလ်များ စုပြုံနေ၍ ယခုကဲ့သို့ ဝန်ဆောင်မှု ပြတ်တောက်ရခြင်းဖြစ်ကြောင်း ပြောသည်။


Photo- AP

"ဒါဟာ အီးမေးလ်တွေစုပြုံနေတဲ့ ပြဿနာဖြစ်ပါတယ်" ဟု RIM ၏ဆော့ဖ်ဝဲဌာန ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ယက်က ကနေဒါနိုင်ငံအိုတာဝါမြို့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။ "အချိန်ကြာလာတာနဲ့အမျှပေးပို့ဖို့ကျန်တဲ့ အီးမေးလ်တွေ စုပြုံလာပြီး ကျွန်တော်တို့ရဲ့ အခြားစနစ်တွေကိုပါ ထိခိုက်ခဲ့ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ဖုန်းဝန်ဆောင်မှုပြတ်တောက်ခြင်းသတင်းများပျံ့နှံ့နေစဉ်မှာပင် ဖုန်းအသုံးပြုသူတစ်ဦးက "အမေရိကန်မှာရော အခြေအနေကဘယ်လိုလဲ၊ ကျွန်တော် နယူးယောက်မှာ ရောက်နေတယ်။ အီးမေးလ်ဝန်ဆောင်မှု မရရှိတဲ့ပုံပေါ်နေတယ်" ဟုတွစ်တာစာမျက်နှာတွင် ဘလက်ဘယ်ရီဖုန်းအသုံးပြုသူတစ်ဦးက ရေးသားခဲ့သည်။

—*Ref: BBC*

## ပြင်သစ်နှင့် ဆွစ်အမျိုးသားများ နေ့စဉ် ခြေအိတ်လဲလှယ်မှု အနည်းဆုံးဟု စစ်တမ်းကဆို

**ဇူးရစ်၊ အောက်တိုဘာ-၁၂**

ဆွစ်ခြေအိတ်ထုတ်လုပ်ရေးကုမ္ပဏီ Blacksocks ၏ မကြာသေးမီက လေ့လာမှုတစ်ခုအရ ပြင်သစ်နှင့် ဆွစ်အမျိုးသားများသည် ဥရောပသားများထဲတွင် နေ့စဉ်ခြေအိတ်လဲလှယ်ဝတ်ဆင်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။ စစ်တမ်းအရ ပြင်သစ်အမျိုးသား ၆၆ ရာခိုင်နှုန်းသာ နေ့စဉ်ခြေအိတ်အသစ် လဲလှယ်ဝတ်ဆင်လေ့ရှိပြီး ဆွစ်အမျိုးသားဆယ်ဦးလျှင် ခုနစ်ဦးခန့်သာ နေ့စဉ်သန့်ရှင်းသော ခြေအိတ်တစ်စုံ လဲလှယ်လေ့ရှိကြောင်း ဆိုသည်။

ထိုကြောင့် ၎င်းတို့မှာ နေ့စဉ်ခြေအိတ်သစ်လဲလှယ်ဝတ်ဆင်လေ့ရှိသည်ဆိုသော ဂျာမန်နှင့် ဗြိတိန်အမျိုးသား ၇၈ ရာခိုင်နှုန်းထက်အရေအတွက် ပိုမိုနည်းပါးနေသည်။ ယခုစစ်တမ်းမှာ ဥရောပခြောက်နိုင်ငံမှ လူပေါင်း ၃၀၀၀ ခန့်ကို မေးမြန်းလေ့လာကောက်ယူခဲ့ခြင်းဖြစ်သည်။

စစ်တမ်းတစ်ရပ်လုံးအရ မေးမြန်းခံရသူ အမျိုးသားနှင့် အမျိုးသမီး ၇၇ ရာခိုင်နှုန်းက ၎င်းတို့၏ ခြေအိတ်များကိုနေ့စဉ်လဲဝတ်လေ့ရှိသည်ဟု ဖြေဆိုခဲ့ပြီး ၁၁ ရာ ခိုင်နှုန်းကမူ နှစ်ရက်လျှင် တစ်ကြိမ်သာ လဲလှယ်လေ့ရှိသည်ဟု ဖြေခဲ့သည်။

ကျန်လေးရာခိုင်နှုန်းကမူ သုံးရက်တစ်ကြိမ်သာ ခြေအိတ်လဲလေ့ရှိပြီး တစ်ရာခိုင်နှုန်းကမူတစ်ပတ်တစ်ကြိမ်သာလဲလေ့ရှိကြောင်း ဆိုခဲ့သည်။

စစ်တမ်းက ထိုသို့ ခြေအိတ်လဲလှယ်ဝတ်ဆင်မှုဓလေ့မှာ တစ်ဦးချင်း ခြေအိတ်အရေအတွက် များများပိုင်ဆိုင်မှုနှင့် သက်ဆိုင်ကြောင်းဆိုသည်။ စစ်တမ်းတွင် ဂျာမန်အမျိုးသားများမှာ ခြေအိတ်အများဆုံးပိုင်ဆိုင်သူများဖြစ်ပြီး တစ်ဦးလျှင် ပျမ်းမျှခြေအိတ် ၂၄ စုံခန့်ပိုင်ကာ ဩစတြေးလျအမျိုးသားများမှာ ၂၃ စုံခန့်ပိုင်၍ ဆွစ်အမျိုးသားများမှာ ၂၂စုံခန့်ပိုင်ဆိုင်ကြောင်း သိရသည်။ စစ်တမ်းအရ ခြေအိတ်ပိုင်ဆိုင်မှု အနည်းဆုံးမှာ ပြင်သစ်အမျိုးသားများဖြစ်ပြီး တစ်ဦးလျှင် ခြေအိတ် ၁၇ စုံခန့်သာပိုင်ဆိုင်ကြောင်း သိရသည်။

—*Ref: Korea Herald*





## အိုဘားမား၏ အလုပ်အကိုင်ဥပဒေမူကြမ်း လွှတ်တော်တွင်ပယ်ချခံရ

**ဝါရှင်တန်၊ အောက်တိုဘာ - ၁၂**
၂၀၁၂ ခုနှစ် ရွေးကောက်ပွဲမတိုင်မီအလုပ်အကိုင်များ ပေါများလာရေးလုပ်ဆောင်ရာတွင် ဝါရှင်တန်အနေဖြင့် ကြီးကြီးမားမား လုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း လက္ခဏာအဖြစ် အမေရိကန်အထက်လွှတ်တော်က သမ္မတအိုဘားမား၏ အလုပ်အကိုင်ဖန်တီးရေးဥပဒေမူကြမ်းကို ပယ်ချလိုက်ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၄၄၇ ဘီလီယံအစီအစဉ်အား အထက်လွှတ်တော်အမတ်များက ၅၀-၄၉ မဲပေးခဲ့ရာ လိုအပ်သော ထောက်ခံမဲ ၆၀ မရရှိခဲ့ပေ။ သို့သော် ယခုမဲခွဲမှုမှာ ၎င်း၏ တိုက်ပွဲအတွက် လမ်းဆုံးမဟုတ်သေးကြောင်း ဖလော်ရီဒါပြည်နယ်တွင် မဲဆွယ်စည်းရုံးနေသော အိုဘားမားက ပြောသည်။

မဲခွဲဆုံးဖြတ်ပြီးနောက် ထုတ်ပြန်သော ကြေညာချက်တွင် သမ္မတအိုဘားမားက ရီပက်ဘလေကန်များ ပိတ်ဆို့တားဆီးမှုပြုလုပ်နေသည်ဟု စွပ်စွဲပြောကြားပြီး အထက်လွှတ်တော် လူများစုခေါင်းဆောင် ဒီမိုကရက် တစ်အမတ် ဟယ်ရီရိဒ်နှင့် ပူးပေါင်းအလုပ်လုပ်သွားမည်ဟု ပြောကြားသည်။

"နောက်ဆုံးမှာတော့ အမေရိကန်ပြည်သူတွေက "နိုး" ဆိုတဲ့အဖြေကို လက်ခံမှာမဟုတ်ပါဘူး။ ကွန်ဂရက်ဟာ ကိုယ့်တာဝန်ကိုယ်ယူရမယ့် အချိန်ဖြစ်ပါတယ်။ ပါတီနိုင်ငံရေးတွေကို ဘေးဖယ်ထားပြီး အလုပ်အကိုင်နဲ့ ပတ်သက်လို့ အရေးယူလုပ်ဆောင်ရပါမယ်" ဟုအိုဘားမားက ပြောကြားသည်။

အိုဘားမားသည် ၎င်း၏အလုပ်အကိုင်ဥပဒေကို အတည်ပြုပေးရေး ရီပက်ဘလေကန်အမတ်များအား ဖိအားပေးရန် နိုင်ငံတစ်ဝန်းလှည့်လည်၍ မဲဆွယ်တရားဟောခဲ့သော်လည်း ဒီမိုကရက်တို့ ထိန်းချုပ်ထားသည့် အထက်လွှတ်တော်မှ ရီပက်ဘလေကန်အမတ် တစ်ဦးတလေ၏ ဆန္ဒမဲကို မရရှိခဲ့ကြောင်း သိရသည်။ ယင်းအပြင် ဒီမိုကရက်ပါတီ၏ အမတ်နှစ်ဦးကပါ အလုပ်အကိုင် ဥပဒေကို ဆန့်ကျင်မဲပေးခဲ့သည်။

—Ref: Reuters

## ရွှေတြိဂံဒေသ မဲခေါင်မြစ်အတွင်း သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရပြီးနောက် သင်္ဘောသွားလာမှုကို တ ုတ်ပိတ်ပင်

**ဘေဂျင်း၊ အောက်တိုဘာ - ၁၁**
တရုတ်အာဏာပိုင်များသည် ပြီးခဲ့သည့်အပတ်က ရွှေတြိဂံဒေသ မဲခေါင်မြစ်ပေါ်တွင် ရေနံတင်သင်္ဘောနှစ်စင်းတိုက်ခိုက်ခံရကာ သင်္ဘောသား ၁၁ဦး သေဆုံးပြီးနောက်မြစ်အတွင်းတရုတ်သင်္ဘောများ သွားလာမှုများကိုပိတ်ပင်လိုက်ကြောင်း သိရသည်။ တရုတ်လှေများသွားလာမှုပိတ်ပင်ခြင်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့ပြီး ယူနန်ပြည်နယ် ရေကြောင်းအာဏာပိုင်များ၏ တည်ပြုချက်ကို ကိုးကားကာ ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အောက်တိုဘာ ၅ ရက်က "ဟွာပင်း" နှင့် "ယူရှင်း-၈" သင်္ဘောနှစ်စီး တိုက်ခိုက်ခံရပြီးနောက် သင်္ဘောသားနှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ ရွှေတြိဂံဒေသ အနီးထိုင်းအာဏာပိုင်များကမူ လူသတ်သမားများမှာ မဲခေါင်မြစ်ပေါ်တွင် မူးယစ်ဆေးရောင်းဝယ်နေသော လူဆိုးအဖွဲ့တစ်ဖွဲ့မှဖြစ်ကြောင်း ဖော်ထုတ်ပြောဆိုထားသည်။

—Ref: Xinhua



## ဆော်ဒီသံအမတ်ကြီးအား သတ်ဖြတ်ရန်ကြံစည်မှုနှင့်ပတ်သက်၍ အီရန်၊ အမေရိကန်နှင့် ဆော်ဒီအာရေးဗီးယားတို့ အပြန်အလှန် စွပ်စွဲ

**ဝါရှင်တန်၊ အောက်တိုဘာ - ၁၃**
အမေရိကန်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယား သံအမတ်ကြီးအား သတ်ဖြတ်ရန် ကြံစည်မှုစွပ်စွဲချက်နှင့်ပတ်သက်၍ ဆော်ဒီအာရေးဗီးယား၊ အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား အပြန်အလှန်စွပ်စွဲခဲ့ကြကြောင်းသိရသည်။ အမေရိကန်အရာရှိများက ထုတ်ဖော်ပြောကြားသည့် ၎င်းတို့၏ သံအမတ်ကြီးအားလုပ်ကြံသတ်ဖြတ်ရန် အကြံအစည်အတွက် အီရန်နိုင်ငံက ပေးဆပ်ရမည်ဖြစ်ကြောင်း ဆော်ဒီအာရေးဗီးယားက ပြောသည်။ အီရန်နိုင်ငံအပေါ် နောက်ထပ်ပိတ်ဆို့ တားဆီးမှုများချမှတ်မည်ဟုလည်း အမေရိကန်နိုင်ငံက ခြိမ်းခြောက်ထားသည်။ အီရန်နိုင်ငံကမူ ယင်းစွပ်စွဲချက်များမှာ ပင်လယ်ကွေ့ဒေသတွင် စိတ်ဝမ်းကွဲပြားမှုဖြစ်ပေါ်စေရန် ပုံဖော်ထားသည့် လုပ်ကြံပြောဆိုမှုဟု ပြောကြားသည်။

ယင်းအကြံအစည်ကို အီရန်ထိပ်သီးခေါင်းဆောင် အယာတိုလာအလီခါမေနီနှင့် Quds အထူးတပ်ဖွဲ့ခေါင်းဆောင်တို့ သိရှိသည်ဆိုခြင်းမှာ ဖြစ်နိုင်ခြေထက်ပိုမိုကြောင်း အမေရိကန်အရာရှိများကဝါရှင်တန်တွင် ပြောကြားသည်။ သို့သော်ယင်းသို့ပြောဆိုခြင်းအတွက် ၎င်းတို့တွင် ခိုင်လုံသော အထောက်အထားမရှိကြောင်း ကန်အရာရှိများက ဝန်ခံသည်။

ယင်းကိစ္စကို အီရန်သမ္မတအာမက်ဒီနီဂျက် မသိရှိခဲ့ဆိုခြင်းမှာဖြစ်နိုင်ကြောင်း အမည်မဖော်လိုသော အမေရိကန်အရာရှိများကပြောသည်။ အမေရိကန်အရာရှိများက ရုပ်ရှင်ဇာတ်ညွှန်းတစ်ခုနှင့် နှိုင်းယှဉ်ပြောဆိုသည့်အကွက်စေ့သော ကြံစည်မှုအတွက် အီရန်နိုင်ငံအပေါ်ပိတ်ဆို့တားဆီးမှုများ ချမှတ်ရေးတိုက်တွန်းရန် တရားမျှတမှုရှိကြောင်း ကန်အရာရှိများက ပြောကြားသည်။

—Ref: Reuters



7 DAY NEWS JOURNAL

# International

Vol.10, No.31 · OCTOBER 20, 2011

# ကမ္ဘာလုံးဆိုင်ရာဆန္ဒပြပွဲများ ငြိမ်းချမ်းမှုရှိခဲ့ပြီး ပြဿနာအချို့သာ အီတလီ၌ဖြစ်ပွား

**နယူးယောက်၊ အောက်တိုဘာ - ၁၆**

ကမ္ဘာ့ဘဏ္ဍာရေးစနစ်အပေါ် ဆန့်ကျင်သည့် ကမ္ဘာလုံးဆိုင်ရာ 'အမျက်ဒေါသဆူသောနေ့'(Day of Rage)မှာ အီတလီနိုင်ငံမှလွဲ၍ ငြိမ်းချမ်းစွာဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များထံမှ ကိုယ်ချင်းစာနာမှုကို ကန့်သတ်မှုဖြင့် သာရရှိခဲ့သည်။

အောက်တိုဘာလ ၁၅ရက်က အရင်းရှင်စနစ်၊ ဆင်းရဲချမ်းသာမညီမျှမှုများနှင့် စီးပွားရေးအကျပ်အတည်းအပေါ် ကန့်ကွက်ဆန္ဒပြမှုများ အာရှ၊ ဥရောပနှင့် မြောက်အမေရိကမြို့ကြီးများတွင် ငြိမ်းချမ်းစွာဖြစ်ပေါ်ခဲ့သော်လည်း အီတလီနိုင်ငံ ရောမမြို့၌မူ အဓိကရုဏ်း ရဲများအလုပ်ရှုပ်ခဲ့ရသည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့နှင့်စပိန်နိုင်ငံ မက်ဒရစ်မြို့တို့တွင် လူထောင်ပေါင်းများစွာ ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ စပိန်နိုင်ငံတွင် အလုပ်လက်မဲ့မြင့်မားမှုနှင့် အစိုးရအသုံးစရိတ်လျှော့ချခြင်း အများ




အပြားရှိနေချိန်၌ ကျရှုံးခဲ့သော ဘဏ်များ၏ ထိပ်တန်းအရာရှိများအား ယူရိုငွေသန်းနှင့်ချီ၍ ပေးချေခြင်းများကြောင့် လူထု၏ အမျက်ဒေါသကြီးထွားခဲ့ရသည်။ သို့သော် ကမ္ဘာတစ်ဝန်း ဆန္ဒပြမှုအများအပြားမှာ လူကျဲပါးခဲ့သည်။ "လူတွေက (ဆန္ဒပြပွဲတွေမှာ)မပါဝင် မပတ်သက်ချင်ကြဘူး။ တီဗီကနေပဲ ထိုင်ကြည့်ချင်ကြတယ်" ဟု နယူးယောက်မြို့တွင် ဆန္ဒပြနေသူ ထရိုင်ဆင်မွန် (၄၇ နှစ်)က ပြောသည်။ နယူးယောက်မြို့တွင် စတင်ခဲ့သော 'ဝေါလ်စထရိကို သိမ်းပိုက်ကြ' လှုပ်ရှားမှုမှစတင်၍ ကမ္ဘာတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။

နယူးယောက်မြို့တွင် ရဲတပ်ဖွဲ့က လူအချို့ကိုဖမ်းဆီးခဲ့သလို ချီကာဂိုမြို့တွင် ပြည်သူ့ပန်းခြံတစ်ခုမှ ထွက်ခွာရန် ငြင်းဆန်သောလူပေါင်း ၁၇၅ ဦးအား ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့သည်။ ဝါရှင်တန်မြို့တော်တွင် အမေရိကန်တရားရုံးချုပ်ရှေ့ လှေကားထစ်များပေါ်၌ ဆန္ဒပြနေသော လူ ၁၉ ဦးမှာလည်း ဖမ်းဆီးခံရပြီး အရီဇိုးနားပြည်နယ်တွင်လည်း လူပေါင်းတစ်ရာကျော်ဖမ်းဆီးခံရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်လည်း ဘဏ္ဍာရေးလုပ်ငန်းများရှိရာ ရပ်ကွက်နှင့်ကပ်လျက်တည်ရှိသော စိန့်ပေါလ်ဘုရားရှိခိုးကျောင်းအပြင်ဘက်၌ ရာပေါင်းများစွာသော ဆန္ဒပြသူများက စခန်းချဆန္ဒပြနေကြသည်။

စာ(၄၅)သို့



## ဆိုမာလီယာသို့ ကင်ညာတပ်ဖွဲ့ဝင်များ စေလွှတ်

**အီဆီအိုလို၊ အောက်တိုဘာ - ၁၇**

စပိန်အကူအညီပေးရေးလုပ်သားနှစ်ဦးအား ပြန်ပေးဆွဲခဲ့ကြောင်း မသင်္ကာမှုများရှိပြီးနောက် ကင်ညာနိုင်ငံသည် အိမ်နီးချင်း ဆိုမာလီယာနိုင်ငံသို့ စစ်ကြောင်းများ စေလွှတ်၍ အယ်လ်ရှာဘတ်စစ်သွေးကြွများအပေါ် ထိုးစစ်များ ဆင်နွှဲခဲ့ကြောင်းသိရသည်။ နယ်စပ်အနီးမှ အယ်လ်ရှာဘတ်တို့၏ အခြေစိုက်စခန်းနှစ်ခုကိုလည်း ရှင်းလင်းခဲ့သည်။

ဆိုမာလီယာနိုင်ငံတောင်ပိုင်းတွင် လေကြောင်းမှတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ဆိုမာလီစစ်ဦးစီးမှူးတစ်ဦးကပြောသည်။ နိုင်ငံတောင်ပိုင်း ဒေသအများအပြားကို အယ်လ်ရှာဘတ်စစ်သွေးကြွများက ထိန်းချုပ်ထားကြောင်း သိရသည်။

စာ(၄၅)သို့

## အာရပ်အဖွဲ့ချုပ်က ဆီးရီးယားနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ဖွယ်မရှိဟုဆို

**ကိုင်ရို၊ အောက်တိုဘာ - ၁၇**

အစိုးရဆန့်ကျင်ဆန္ဒပြသူများကို အစိုးရက မညှာမတာနှိမ်နင်းခဲ့သည့်အတွက် ဆီးရီးယားနိုင်ငံအား အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းထားရေးနှင့်ပတ်သက်၍ အာရပ်အဖွဲ့ချုပ်ကြီးတွင် နာရီပေါင်းများစွာ အချေအတင်ဆွေးနွေးခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံများကြား၌ နက်ရှိုင်းသောသဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စာ(၄၅)သို့

■ **NEWS ANALYSIS** PAGE-36



ဝေါလ်စထရိလှုပ်ရှားမှုကို စိတ်ဝင်စားနေသည့် ကမာကြီး

## စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်ခြင်းနှင့် မြေယာရယူခြင်းကိစ္စများ ကုလသမဂ္ဂဆွေးနွေးပွဲတွင် အဓိကဆွေးနွေးမည်

**ရောမ၊ အောက်တိုဘာ - ၁၇**

အီတလီနိုင်ငံရောမမြို့တွင်ပြုလုပ်မည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများတွင် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဈေးနှုန်းများ မတည်ငြိမ်မှုနှင့်ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာမြေအမြောက်အမြားဝယ်ယူခြင်းကိစ္စများကို အဓိကထားဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး(FAO)၏ ဆွေးနွေးပွဲများသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအေဂျင်စီ(CFS)၏ အစည်းအဝေးနှင့်တိုက်ဆိုင်နေပြီး ယင်းဆွေးနွေးမှုများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ အငြင်းပွားဖွယ်ရာရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ လိုက်နာရမည့် လမ်းညွှန်ချက်များကို ပထမဆုံးအကြိမ် ချမှတ်သွားဖွယ်ရှိသည်။

စာ(၄၅)သို့

